
www.burmeseclassic.com

# ခိုင်စင်သက်

မောင်နှင့်ကြောင်




Design Ye Minn Aung

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၄၇၀၅၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၅၅၀၅၀၄

တန်ဖိုး - ၂၃၀ကျပ်


အုပ်ရေ - ၅၀၀အုပ်

ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေသည့်ကာလ - ၂၀၀၅ခုနှစ်၊ ဧပြီလ

မျက်နှာဖုံးပုံနှိပ် ------- ဦးတိုးဝင်း
(နေလရောင်အော့ဖ်ဆက်)
(၀၂၄၃၁) အမှတ် (၉၆/ခ)
(၁၁) လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် -------- ဦးဝင်းအောင်
သန်းထိုက်ရတနာပုံနှိပ်တိုက်
(၀၅၁၃၁) အမှတ် (၈၄/၈၆)၊
လမ်း (၅၀)၊ ၁ ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## " ဆောင်း နှင်း ကြောင် "

### အပိုင်း (၁)

လှလိုက်တဲ့ည . . . သာလိုက်တဲ့ လ။

ဖိုးလမင်းကြောင့် ညက ပိုပြီးသာယာလှပလာပါလား . . .။ ဘေးအိမ်ရဲ့ သွပ်မိုးတွေကို လရောင်အောက်မှာ ထင်ထင် ထင်းထင်း မြင်နေရတယ် . . .။ ညက လှပေမယ့် ညဥ့်နက် နေခဲ့ပြီမို့ ညရဲ့အလှ လရဲ့အလှတို့ ခံစားသူ နည်းလွန်းစွာ တိတ်ဆိတ်နေပါပြီ . . .။

*ကျွန်မ အတွက်ကတော့ ညတွေက အဖော်ပါဘဲ။*

မီးဖွင့်လိုက်ရင် နော်နော် နိုးသွားမှာမို့လို့ မှောင်ထဲမှာ ခဏနေရင်း ပြတင်းကနေ ကြည့်နေမိတာ . . .။

www.burmeseclassic.com

www.burmeseclassic.com



" ခက်ဝေ . . . နှင်ပန်းချီဆွဲမှာဆို မီးဖွင့်နော် . . . နော်နော် နိုးနေတယ် . . . မီးရောင်မှာလဲ အိပ်လို့ရတယ် . . . "

" အင်းပါ . . . "

ပြောလည်းပြောအိပ်ယာကလည်း ထလာပြန်တယ်။

နော်နော် အိပ်မပျော်ဘူးလား . . . စာရင်းတွေ ပြန်စစ်ဦးမယ်ကွာ . . . မနေ့က ဧောင်တထည်စာရင်း ကွာတယ် . . . အခုမှ အသစ်ဝင်တဲ့ ရွှေဝါဆိုတဲ့ ကောင်မလေးက ရိုးသားပုံမရဘူး နှစ်ရက်ခြား သုံးရက်ခြားတစ်ခါဆိုသလို ပစ္စည်း တမျိုးမျိုးကွာနေတယ် . . .။

" စိတ်မချရရင်လည်း သူ့ကို ပိုဂရုစိုက်ပေါ့ . . . မင်းတာဝန်ခံနေရပြီ သည်စတိုးဆိုင်က မင်းနဲ့ ဝါဝါအောင် ရှယ်ယာဆိုတော့ ဝါဝါအောင် တစ်မျိုးမြင်ရင် မကောင်းဘူး . . .

" ခက်နေတယ် ခက်ဝေ . . . အဲသည့် ရွှေဝါက ဝါဝါအောင့်အမျိုးသားရဲ့ ညီမဝမ်းကွဲဆို ထည့်ထားတာ . . . ငါဘယ်လို ပြောရမှန်း မသိဘူး . . . "

" မပြောဘဲတော့ မနေနဲ့လေ . . . တနည်းနည်းတော့ ပြောမှ . . . "

" ကဲပါ . . . ခက်ဝေ အလုပ် ပျက်ပါတယ် . . . နော်လည်းစာရင်းတွေ စစ်ကြည့်ဦးမယ် . . . "

နော်နော်က သူ့အမွေရတဲ့ ငွေတွေကို သူ ငယ်သူငယ်ချင်း





ဝါဝါအောင်နဲ့ ပေါင်းပြီး မီနီမတ်ကက် စတိုးဆိုင်လေးတစ်ခု ဖွင့်ထားတယ်လေ. . .။

" တစ်ခါတစ်ခါ စီးပွားရှာရတာ ထင်တာထက် ပိုပင်ပန်း တာတွေ အများကြီး . . . ခက်ဝေလို ကြီးပေါ်ကြီး ပုံပေးခဲ့တဲ့ ငွေပုံစိန်ပုံကြီးပေါ် ထိုင် ဝါသနာပါတဲ့ ပန်းချီဘဲဆွဲ ပျော်သလို နေနေရရင် ကောင်းမှာ . . . "

" လူချင်းလဲမလား . . . လူချင်းလဲမယ်ဆိုရင်တော့ ချစ်သူပါပေးရမှာနော် "

ကျွန်မစကားကြောင့် နော်နော်ရယ်တယ်။

သူ့ချစ်သူ ကိုမိုးအောင်ဝင်းက ပုံနှိပ်တိုက် အလုပ်လုပ်ပြီး . . . သူတို့ တက္ကသိုလ်မှာတုံးကတည်းက ချစ်ကြတာ တဲ့လေ. . .။ ကျွန်မမှာက ချစ်သူမရှိတော့ ပြန်ပေးစရာ မရှိဘူးလေ. . .။

" ကိုမိုးကိုများ ခက်ဝေလိုချင်ပေးပါတယ် . . . ကိုမိုးကို ခက်ဝေ သည်းခံနိုင်မလား . . . ဆိုးတယ် "

" ခက်ဝေက ချစ်တတ်ပါတယ်. . . ချစ်သူ ဆိုးလည်း သည်းခံမှာပေါ့ . . . "

" ဒါဖြင့် ခက်ဝေမှာ ဘာလို့ ချစ်သူမရှိသလည်း . . . ဝါသနာလဲတူ သူငယ်ချင်းလဲဖြစ်တဲ့ ကိုနိုင်လွင်ကြတော့ရော . . . "

"နိုင်လွင်က ငယ်သူငယ်ချင်းလေ. . . "

www.burmeseclassic.com

www.burmeseclassic.com



" သူငယ်ချင်းအချစ်တာ ပိုလို့ရပါတယ် . . . "

" မရဘူး . . . မရဘူးနော်နော်ရေ့ . . နှလုံးသားအ တည်ငြိမ်နေတာဘဲ လှုပ်ရှားလို့ကိုမရဘူး . . , ဝ,ကယ်ပြောတာ . . . ကျွန်မဘဝမှာလေ . . ရန်ခုန်တယ်ဆိုတာ မရှိဘူး . . . ယောကျ်ားတစ်ယောက်ကို ရင်ခုန်ခံစားတယ် ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လားလို့တောင် သဘာဝတရားကို မယုံမကြည်ဖြစ်နေ သလိုဘဲ . . . "

" ဒါကတော့ ခက်ဝေ အချစ်ကိုမှ မတွေ့သေးတာ , . . အချစ်ကလည်း ထူးဆန်းတယ်။ တွေ့ချိန်မကျသေးဘူးဆိုရင် တွေ့ကိုမတွေ့ရဘူး . . . တွေ့ချိန်ရောက်ရင်တွေ့လာမှာပါ . . . "

" အချစ်ကိုလည်း မတွေ့ချင်ဘူး . . . ဘာကိုမှ မတွေ့ချင်ပါဘူး . . . ကံကောင်းခြင်းတွေဟာ ကျွန်မဆီကို ရောက်လာလေ့ မရှိပါဘူး . . . ကံဆိုးခြင်းနဲ့သာ ထာဝရ ယှဉ်တွဲနေသူကို ခက်ဝေသဇင်လို့ ခေါ်ပါသည်လို့တောင် ပြောရမလို ဖြစ်နေတယ် . . . "

ငွေပုံ စိန်ပုံကြီးပေါ်ထိုင်နေရတာဟာ . . . ကံကောင်း ခြင်းလား . . . ။ ခက်ဝေမွေးတဲ့နေ့ အဖေ ဆုံးတယ် အဖေဆုံးတာသိတော့ သုံးရက်မှာ အမေဆုံးတယ်။ အားလုံးက ဖိုးလ်တောင်မလေးဆိုပြီး ပစ်ပယ်ထားကြတာ။ သိပ်သနားကြင်နာစွာ မွေးခဲ့တဲ့ ကြီးဒေါ်ကြတော့ . . .





မွေးစားတဲ့နေ့မှာ ကားတိုက်လို့ ခြေထောက်တစ်ချောင်း ကျိုးတယ် . . . ။ ဆွေမျိုးတွေက ခက်ဝေသဇင်ဆိုရင် ရွံကြောက်ကြီးလိုလိုနှင့် အနားကပ်မခံချင်ကြပါဘူး . . . ။ မျက်ဝန်းမှ မျက်ရည်စတွေကို ပုတ်ခတ်ထုတ်လိုက်ပြီး ကြေကွဲ စိတ်ကို နော်နော် မမြင်စေချင်တာမို့ . . . ဝရံတာဖက် ထွက်လာ ခဲ့တယ် . . . ။

လရောင်ဟာ ပါတ်ဝန်းကျင်ကို လှပနေစေလိုက်တာ။ တဖက်ခန်းဝရံတာကို ကြည့်မိတယ်။ တလှုပ်လှုပ်နှင့် လှုပ်ရှား နေတာပါလား ။

" ဖွားတင် . . . "

" ဟဲ့ ဘယ်သူလဲ "

" ဖွားတင် မအိပ်ဘူးလား . . . "

" အိပ်မပျော်ဘူး ခက်လေးလား နော်လေးလား "

" ခက်ဝေပါ . . . "

" မင်းရော အိပ်လေ . . . အိပ်မပျော်လို့လား . . . "

" ပန်းချီဆွဲမလို့ပါ . . . "

" အေး . . . အေး . . . "

ဖွားတင်ကိုကြည့်ရင်း . . . တစ်နေ့မှာ ကျွန်မလည်း ဖွားတင်လိုတိုက်ခန်းတခန်း . . . ကြောင်တစ်ကောင်နှင့် အမေအို တစ်ယောက်အဖြစ် နေရလေမလား မှန်းဆနေမိတာ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



" နင့်ရုပ်ကလည်းဟာ ညတာဘယ်လောက်တောင် မှုးထားလည်းမသိ . . ခုမနက်တောင် ကြည့်ရဆိုးနေတယ်။ ဘာလည်း သော်စိုးတိုက်တာ မဟုတ်လား . . . သော်စိုး ကလဲလေ ပန်းချီကားရောင်းရရင် အိမ်က မိန်းမ မကျန်း မာတာလဲ အမှတ်မရ သောက်နေတာဘဲ . . . . "

နိုင်လွင်ရုပ်ကြည့်ပြီး ပြောနေမိတယ် . . . ။

နိုင်လွင်တို့ သော်စိုးတို့ဆိုတာ ကျွန်မရဲ့ အခင်မင်ရဆုံး အနုပညာသူငယ်ချင်းတွေပါ . . . ။ ဟုတ်နေလေတော့ စကား ပြန်မပြောဘဲရယ်နေတယ် . . . ။

" ငါကြပြောတယ် . . . နင်ရော ခုတလော ညတွေ မအိပ်ဘဲ ပန်းချီဆွဲသလား . . . ပိန်သွားတယ် "

" ငါဖက်လှည့်မလာပါနဲ့ . . . ငါညညမအိပ်ဘဲ ပန်းချီ ဆွဲတယ် . . . မနက်အိပ်တယ် ဒါဘာဆန်းလည်း . . . ဘာမှ မဆန်းဘူး . . . နင်တို့တွေရော ဘာထူးလဲ . . . "

" ခက်ဝေ နင့်ကားပါသလား . . . ပါရင် သော်စိုးအိမ် လိုက်ပို့ပေးပါလား ညကသည်ကောင်အပြန် အရမ်းမူးနေလို့ စိတ်မချဘူးလေ . . . "

" ဒါကြတော့ စိတ်မချဘူး . . . မသောက်ပါနဲ့လို့တော့ မပြောဘူးမဟုတ်လား . . . နင်တို့ဟာလေ . . . "

" ဟဲ့ နိုင်လွင် နောက်ခန်းကထိုင်လေ သိသိကြီးနဲ့ ရှေ့ခန်းလာမထိုင်နဲ့နော် . . . "





" နင်များ မေ့မလားလို့ပါ "

" ဘယ်တော့မှမမေ့ဘူး "

" နင်မောင်းတဲ့ ကားရှေ့ခန်းမှာ ဘယ်လိုလူထိုင်ရ မလဲဆိုတာ ငါကြည့်ချင်တယ် . . . "

" တစ်နေ့နေ့တော့ ကြည့်လို့ရမှာပါ . . . "

ကျွန်မကို နိုင်လွင်တို့က ရှုးတယ်လို့ ပြောတတ်ကြ ပါတယ် . . . ကားမောင်းနေတဲ့ဘေးမှာ ကျွန်မ ချစ်သူ၊ ကျွန်မ ခင်ပွန်းက လွဲပြီး ဘယ်ယောကျ်ားမှ မရှိရဘူးဆိုပြီး သူငယ်ချင်း ယောကျ်ားလေးတွေဆို နောက်ခန်းကဘဲ စီးခိုင်းတာ ကျွန်မရဲ့ အယူသည်းမှု တစ်ခုပါဘဲ။

" နင် ကားမောင်းတာ သိပ်မြန်တယ် အန္တရာယ် ရှိတယ်လို့ ငါခဏခဏပြောတယ် နားမထောင်ဘူး ခက်ဝေ . . "

" သည်လောက်တော့ မြန်မှာပေါ့ဟဲ့ . . . ငါကားမောင်း နေတာ လှည်းမောင်းတာ မဟုတ်ဘူး . . . "

" နင်ဟာလေ နင့်အတွက် စိုးရိမ်လို့ဆို . . . နားမလည်ဘူး . . . "

သော်စိုးတို့ အိမ်က ကားဝင်လို့မရတော့ လမ်းထိပ်မှာ ကားရပ်ထားခဲ့ရတယ်။ လူသွားလမ်းကျဉ်းလေးမှာ . . . ဗွက်တွေက ပြည့်လို့အုပ်နီခဲလေးတွေက ဟိုနားသည်နား မြုပ်နှံကျဲပြီး ရေညှိတွေနဲ့ ။

" နင် ကားပေါ်နေချင်နေခဲ့လေ . . . ငါသွားကြည့် လိုက်မယ် လမ်းကအရမ်းညစ်ပတ်နေတယ် "



www.burmeseclassic.com

www.burmeseclassic.com



" မသန်းအေးနဲ့ မတွေ့ရတာကြာပြီ နေရောကောင်းရဲ့လားမသိ . . . ငါလိုက်ပါမယ် . . . "

" ချော်လဲမှာစိုးရင် ငါ့လက်ကိုကိုင်ထားမလား "

" မကိုင်ပါဘူး . . "

" စေတနာနဲ့ပါဟာ "

" စေတနာဖြစ်ဖြစ် မေတ္တာဖြစ်ဖြစ် မကိုင်ဘူး ငါလျှောက်တတ်တယ် . . . "

နိုင်လွင် မျက်နှာပျက်သွားတာ ကျွန်မသိပါတယ်။

ဒါပေမယ့် အချစ်နဲ့ပါတ်သက်ရင် ကျွန်မက အားနာလို့မဖြစ်ဘူးလေ။ နိုင်လွင်က ကျွန်မကို ချစ်တယ်လို့ ဖွင့်ပြောထားပေမယ့် ကျွန်မက မချစ်ဘူး ခင်တာဘဲလို့ အတိအကျဖြေခဲ့ပါပြီ။

" ဟယ် . . . ကိုနိုင်လွင်နဲ့ မခက်လာတယ် . . . သမီးရေ ဆိုင်ခဏကြည့်ထားနော် . . . လာ . . . လာ "

အိမ်ကလေးက ယိုင်နဲ့နေပြီ။

သည်အိမ်ရဲ့ အိမ်ထောင်ဦးစီး သော်စိုးကတော့ ဒါတွေမြင်ရဲ့လား။ မမြင်ချင်ယောင် ဆောင်နေတာနေမှာပေါ့ . . . ။

"ရှင်တို့လူ မိုးလင်းကာနီးမှ မူးရူးပြန်လာပြီး အိပ်နေတာမထသေးဘူး . . . ခဏစောင့် နှိုးလိုက်ဦးမယ် "

" မသန်းအေးကိုရော . . . ပိုက်ဆံပေးရဲ့လား "





" ညကတော့ ထူးထူးဆန်းဆန်း ငွေတစ်သောင်းပေးတယ် . . . "

ခုတစ်ခါ သက်ပြင်းရှိုက်ရတာက ကျွန်မပါ . . ။

အိမ်ကိုပြန်ပေးတဲ့ ငွေကလည်း တစ်သောင်းထဲဆိုပါလား။ မလွယ်လိုက်တာ။ တလေးသုံးယောက်နှင့်ဘယ်လောက် ကြာကြာ သုံးနိုင်မှာမို့လည်း . . . ။ ကျွန်မ မျက်နှာ ရိပ်ကို နိုင်လွင် နားလည်ပုံရပါတယ်။

" နိုင်လွင်နဲ့ ခက်ဝေ ခဏလေးကွာ ငါရေချိုးလိုက်မယ်"

" နင် အိမ်ပြန်မရောက်ဘဲ လမ်းမှာ သေနေမှာစိုးလို့လာကြည့်တာ . . . "

" ခက်ဝေကတော့လေ. . . "

" နင်တို့သောက်တာလည်းသောက်ပေါ့ ဒါပေမယ့်သည်လောက် မူးရူးနေတာ ငါကြည့်မရဘူး . . . "

" ကြည့်ပြောပါဦး မခက်ရယ် ပိုက်ဆံမရလဲမူး ရလဲမူးပါဘဲ . . . "

သော်စိုးက မသန်းအေးကို လှမ်းကြည့်တာမြင်သားဘဲ။ ဟုတ်တာပြောတာကိုများ သူကဘဲ နာရတယ်ရှိသေး။

" နင် . . . ငါတို့နဲ့လိုက်မလို့လား "

" အေး လိုက်ခဲ့မယ် . . . "

မသန်းအေးက လက်ဖက်ရည်ဝယ်မယ်ဆိုလို့ မနည်းတားရတယ်။ သူ့ခမျာရှိတာမဟုတ်ပါဘူး။ သော်စိုးက အိမ်ကိုလဲ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ဂရုစိုက်တာမဟုတ်။ မသန်းအေးဖာသာ ဈေးရောင်း နေရှာတာ။ အပြန်လမ်းကားပေါ်ရောက်မှ သော်စိုးတို့ ဆုံမှုရတယ်။ ပြောလည်းပြောတာဘဲနေမှာပါ။ သူတို့ နှစ်ယောက်ကို ကိုကြီးထင်လင်းရဲ့ ရွှက်နုရိပ်အနုပညာ ပြခန်းလေးစီ ပို့ပေးခဲ့တယ်။

ကျွန်မ သူငယ်ချင်းတော်တော်များများဟာ ခုလိုချည်း ပါဘဲလေ . . .။ သူတို့ရဲ့ အရက်မဆင်မခြင်သောက်မှုတွေကို ကျွန်မ စိတ်ပျက်ပေမယ့် သူတို့ဟာ တခြားအချိန်မှာ ခင်မင်စရာ အလွန်ကောင်းတဲ့သူတွေဆိုတော့လည်း ကျွန်မ သည်ဝန်းကျင် လေးကို မစွန့်လွှတ်နိုင်ခဲ့ပါဘူး . . .။

ကျွန်မနိုးလာတော့ ညနေငါးနာရီကျော်နေပါပြီ။ ဗိုက်ဆာနေပေမယ့် ထမင်းမချက်ရသေးတော့ ပေါင်မုန့် တစ်ချပ်ကို ထောပတ် သုတ်ပြီးစားလိုက်တယ်။ ဝရံတာကို လှမ်းကြည့်တော့ မိုးတွေညိုနေပါလား . . .။ နော်နော် ပြန်မရောက်သေး။ ဝရံတာကနေ ထွက်ကြည့်မိတယ်။

" ခက်ဝေ . . . "

" ဩော် ဖွားတင် "

ရုတ်တရက် ဘေးခန်း ဝရံတာဖက် မကြည့်မိတော့ မမြင်လိုက်။ ခေါ်သံကြားမှ ကြည့်မိတယ်။ ပက်လက်



ကုလားထိုင်ပေါ်မှာ သနပ်ခါးအဖွေးသားနှင့်။ ပေါင်ပေါ် မှာလည်း အချစ်တော် ကြောင်ကြီးကို တင်ပြီးပွတ်သပ် ယုယနေပြန်တယ်။ ဖွားတင်ရဲ့ ကြောင်ကြီးကလည်း အဆီ အဆိမ့်တွေစားပြီး ယုယလွန်းတော့ ဝဝဖြိုးဖြိုးကြီးနဲ့ ချစ်စရာတော့ အကောင်းသား . . .။ ဒါပေမယ့် ကျွန်မက ခွေးတွေ ကြောင်တွေ မချစ်တတ်ပါဘူး . . .။

" အပြင်မှာ မိုးလေတွေရှိတယ် ဖွားတင် နေမကောင်း ဖြစ်နေဦးမယ် "

" ခုမှထွက်ထိုင်တာပါ . . . "

" ဘာဟင်းချက်စားလဲ ဖွားတင် "

" ထုံးစံအတိုင်းပေါ့ မကြည်ကြော်ပေးခဲ့တဲ့ အကြော် အလျော် အခြောက်အခြမ်းတွေပါဘဲ . . . "

" ဖွားတင် စားပြီးပြီလား "

" မစားရသေးပါဘူး "

" ဒါဆိုရင် ခဏစောင့်နော် နော်နော်ပြန်လာရင် အစိမ်း ကြော်ဝယ်ခဲ့ဖို့ ကျွန်မ ဖုန်းနဲ့ လှမ်းမှာဦးမယ် . . . "

" အေး . . . အေး . . . "

ချက်ခြင်းဘဲ နော်နော့်ဆီ ဖုန်းဆက်မှာလိုက်တယ် ဖွားတင်အတွက်ဆို တူမဝမ်းကွဲ ဒေါ်လေးကြည်က စနေ တနင်္ဂနွေ တရက်ရက်မှာ ငါးခြောက်ကြော် ငါးပိကြော်

www.burmeseclassic.com

www.burmeseclassic.com



ငါးကျည်းခြောက်ကြော် မြေပဲကြော်လိုမျိုး အခြောက် အခြမ်းအကြော်အလှော်တွေ လာလာကြော်ပေးပေမယ့် အတူတော့ ဘယ်သူမှမနေနိုင်ကြပါဘူး . . .॥ အခန်းချင်း ကပ်လျှက်နေတဲ့ . . . ကျွန်မတို့က ကြည့်ရှုပေးထားပါလို့ . . . ဒေါ်လေးကြည်ကလာတိုင်း မှာရှာပါတယ်။

ညက ဆွဲလက်စ ပန်းချီကားရှေ့ ရပ်ကြည့်နေမိပါတယ်။ ဘာလို့များ ကျွန်မရဲ့ ပန်းချီကားတွေကို စိတ်ကြိုက်ရေးဆွဲမိတိုင် မိုးကြောင့်သော်လည်းကောင်း၊ နှင်းကြောင့်သော်လည်းကောင် မှုံမှိုင်းနေတဲ့ ကားတွေဘဲ များပါတယ် . . .॥

ဘာလို့များ မှုံဝါးဝါးအခြေအနေတွေကိုမှ ကျွန်မ နှစ်သက်ရပါလိမ့် . . .॥

" ခက်ဝေ . . . အစိမ်းကြော်တစ်ပွဲကို ဖွားတင်အတွက် ဝင်ပြင်ပေးခဲ့ပြီ . . . "

" အေး ကောင်းတယ် . . . သူခမျာ အမြဲလို ငါးခြောက် တွေစားနေရတာ ဘယ်စားကောင်းပါ့မလဲ . . . "

" နော်နော်တို့ကလည်း အလုပ်တွေမအားကြလို့ပါ သေချာချက်ပြုတ်ကျွေးဖို့မအားဘူးလေ . . . "

" ကျွန်မကလည်း အဲလိုမျိုး ချက်ပြုတ်ပြီး အချိန်တွေ ကုန်မှာ နှမြောတတ်တယ် . . . မိန်းမ မပီသဘူးလို့ဘဲ ပြောရမလား . . . အိမ်ထောင်ပြုရင် ယောကျ်ားက စိတ်ပျက် မလားဘဲ . . . "



" အဲသည်ကြတော့လည်း အိမ်ရှင်မဖြစ်နေရင် မိမ်ထောင်တာဝန်တွေ မယူမနေ ယူရမှာပါဘဲ . . . ာ်ကတော့လေ . . . ခက်ဝေရဲ့ အမျိုးသား အဖြစ်ကို ည့်ချင်တာ ခက်ဝေတို့ အိမ်ထောင်ကလေးကို ကြည့်ချင်တယ် . ခက်ဝေ ဘယ်လိုလူကိုများ ချစ်မှာလည်း . . . ခက်ဝေရဲ့ ယ်သူနဲ့မှ မတူတဲ့ စရိုက်တွေကို သူဘယ်လိုနားလည်ပေး သဲပေါ့ . . . "

နော်နော်က ကျွန်မရဲ့ အိမ်ထောင်ကလေးကို စိတ်ဝင် တယ်ဆိုပါလား ॥

ကျွန်မကတော့ . . . ဘာကိုမှ စိတ်မဝင်စားချင်တော့ ဘူး . . .॥

စိတ်ပျက်စရာကောင်းတဲ့ အတွေ့အကြုံတွေက ျွန်မကို ခြောက်လှန့်နှိပ်စက်ခဲ့တာလည်း နှစ်များစွာပါဘဲလေ။

ညှာတာမှု စာနာမှုဆိုတာတွေ မရှိတဲ့ စိတ်ဓါတ် တွေကိုလည်း ကျွန်မတွေ့ခဲ့ဘူးပါပြီ။

" ကျွန်မ ချစ်ရောချစ်တတ်ရဲ့လား . . . ချစ်လည်းမချစ် င်တော့ပါဘူး နော်နော် . . . ကျွန်မက တစ်နေ့မှာ ာတင်ထက် သာတာတခုက ပန်းချီကားချပ်များစွာပိုင်ဆိုင်တဲ့ ဖွားကြီးတစ်ယောက် ဖြစ်လာမှာ . . . ဒါပေမယ့် ာတင်ထက် လျော့တာတစ်ခုက ကြောင်တစ်ကောင်တော့ရှိမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး . . . ကျွန်မက ကြောင်တွေကို မချစ်တတ်ဘူး . .

"ဖွားတင့်က အဲသည့်ကြောင်ကိုသိပ်ချစ်တာ . . . တိုက်ခန်းထဲမှာ ကြောင်ရဲ့ အညစ်အကြေးအနံ့အသက်ေ လှောင်ပြီး ညစ်ပါတ်ပါတယ် . . . ခက်ဝေက ပန်းချီကားတွေ နေရတာက ပိုကောင်းပါတယ် . . ."

မြတင်းတံခါးလေးဘေး ခြေထောက်က အလိုလို သွားပါတယ်။ ခုနကတော့ မိုးရိပ်တွေနှင့်။ ခုတော့လည ညနေခင်းရဲ့ နေခြည်တောက်တောက်က စူးစူးရှရှနဲ့။

"မိုးတွင်းမှာ ထွက်လာတတ်တဲ့ ညနေခင်းနေ ကျွန်မကြိုက်ဘူး . . . ကြည့်စမ်းပါဦး . . . အရောင်ကလည တောက်တောက်ပပနဲ့ မျက်စေ့ကျိန်းတယ် မိုးတွင်းဝါ တစ်ချိန်လုံးမိုးဘဲရွာနေ တောင်းတယ် ကြိုက်တယ်။ သည်း သလောက်သည်း . . . အကြိုက်ဘဲ . . ."

နေခြည် တောက် တောက်ကြီးက သွပ်မိုးေ ကျနေတယ်။ နှစ်သက်စရာမကောင်းဘူးလို့ ကျွန်မ ထင်ပါတ

"ဟယ် . . . လှလိုက်တာ . . . မိုးတွင်းမှာတွေ့ရခဲတ နေရောင်ကလေး . . . တောက်ပနေတာဘဲ . . . စိတ်ထဲ လန်းဆန်းသွားတာပါလား . . . မိုးတွေချည်း ဆက်တို ရွာနေတော့ စိတ်ပျက်စရာကောင်းလွန်းလို့ . . ."

ကြည့်စမ်း။



နော်နော့် အတွေး နော်နော့်ခံစားမှုနဲ့ ကျွန်မအတွေး ကျွန်မခံစားမှု တခြားစီပါလား။

နှစ်ယောက်ထဲရှိတဲ့ ကျွန်မတို့တောင် အတွေးမတူ ကြသေးတာ . . .။ ခံစားမှု မတူကြသေးတာ။

"ခက်ဇေ . . . နင့်ပန်းချီကားတို ကြည့်ရတာ ငါတောင် ချမ်းစိမ့်ပြီး ထုံထိုင်းလေးလံလာသလိုဘဲ . . . မိုးတွေ ရွာလိုက်တာ . . . ခက်ဝေ ဆွဲလိုက်တဲ့ကားတွေက အမြဲလို ငိုချင်စရာတွေချည်းဘဲ . . . ခက်ဝေ နော့်ကို မှန်မှန်ပြော . . . ခက်ဝေ ရင်ထဲမှာ ပျော်ရွှင်မှုရှိရဲ့လား . . . ခက်ဝေရင်ထဲမှာများ ငိုနေမလား . . ."

"မငိုပါဘူး . . . ဘာမှ ငိုစရာမရှိပါဘူး . . . အဲလိုမျိုး မှုံမှိုင်းနေတာကို ကြိုက်လို့ပါ . . ."

"မှုံမှိုင်းနေတာများ ကြိုက်ရတယ်လို့ဘဲ ခက်ဝေရယ်"

မိုးတိမ်တွေ အညိုညိုအမဲမဲနဲ့ တက်လာခဲ့ပါပြီ။ ခုနက ကျွန်မ မနှစ်သက်သော အရောင်တောက်တောက် နေရောင်လည်း မရှိတော့ပါဘူး။ သိပ်ကောင်းတယ်။ မိုးလေတွေတိုက်နေပြီလေ။

"ရွှေဝါဆိုတဲ့ ကောင်မလေးအကြောင်းကို ဝါဝါအောင် သိသွားပြီသိလား ခက်ဝေ . . . ကောင်မလေး ပစ္စည်းအညို နေတုံး သူကိုယ်တိုင်မိတာ . . . နော်နော် မပြောရတော့ဘူး . . . သူလူကို သူပြောပြီး အလုပ်ထုတ်လိုက်တာ . . ."

www.burmeseclassic.com

www.burmeseclassic.com



“ ကောင်းတာပေါ့ . . . ပြဿနာတစ်ခု ကိုယ်မရှင်းရ
ရှင်းသွားတာပေါ့ . . . အဲလိုမျိုး စေတနာနဲ့ အလုပ်ပေ
ထားလည်း မကောင်းတဲ့လူကရှိသေးတယ် . . . ”

ဒါကြောင့်မို့ ပန်းချီကားတွေနဲ့ အဖော်ပြုနေရတာ
ကောင်းပါတယ်။ အနားမှာရှိနေပြီး မကောင်းတဲ့လူတွေနဲ့
ပြဿနာတွေ ဖြေရှင်းနေရတာ စိတ်ပျက်စရာကြီးပါ
လေ. . .။

✿ ✿ ✿ ✿ ✿

“ နင့်ကိုသည်နေ့ မနက်စာကျွေးချင်လို့ စောင့်နေတာ”

“ နင့်ပန်းချီကား ရောင်းရလို့ မဟုတ်လား . . .
ကိုကြီးထင်လင်း ငါ့ကို ပြောပြီးပါပြီ . . . နင် ကျွေးရင်တော့
စားရမှာပေါ့ . . . နင့်မှာက စားမယ့်လူမှ မရှိတာ နိုင်လွင်ရဲ့
. . . သော်ဖိုးဆိုက မစားချင်ဘူး . . . ငါမစားလည်း သည်ကောင်က
အိမ်ပြန်ပေးချင်တာ မဟုတ်ဘူး မသန်းအေး သနားပါတယ်
. . . အိမ်ထောင်တစ်ခုမှာ မိန်းမကချည်း နားလည်ပေးနေရတာ
မကောင်းပါဘူးဟာ . . . နှစ်ဦးနှစ်ဖက် ညီညီမျှမျှပေါ့ . . . ”

“ စိတ်ချ . . . ငါတို့နှစ်ယောက်ကြရင် နှစ်ဦးနှစ်ဖက်
ညီညီမျှမျှဖြစ်ရမယ် . . . ”

“ စိတ်ကူးဆိုတာ လက်တွေ့ဖြစ်လာဖို့ ဖြစ်ချင်လည်း



ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူးဆိုပေမယ့် နိုင်လွင့်ကို ချစ်ဖို့ဆို
တာကတော့ မဖြစ်ချင်တာဘဲ များပါတယ်. . .။

ကျွန်မက ခါးသီးသော ဝန်းကျင်မှာ နေခဲ့ရပြီး တွေ့ခဲ့
ရသမျှ ချိုမြိန်မှု နည်းခဲ့လေတော့ . . , ဘာကိုမှ အကောင်းတွေ
မတွေးချင်တော့ပါဘူးလေ. . .။

“ သည်ဆိုင်လေးကို . . . တွေ့ရတော့ နင့်ကို
ကျွေးချင်တာ . . . ဟိုစကားလေးလိုပေါ့ဟာ . . . ကောင်းတာ
လေး စားရရင်ချစ်တဲ့သူကို သတိရတယ်ဆိုတာ . . . ”

“ နိုင်လွင်ရယ် . . . နင်ဘယ်လိုဖြစ်ပြီး အချစ်
အချစ်ဖြစ်နေရတာလည်း . . . ငါကတော့လေ ကြီးမေကြီးနဲ့
ဒေါ်လှလှခင်တို့ရဲ့ ရန်ပွဲကြီး မြင်ပြီးထဲက အားလုံး
စိတ်ကုန်ခမ်းသွားတယ် . . . ”

“ ဒါကတော့ ခက်ဝေရယ် . . . ဘဝဆိုတာ ခါးသီးတဲ့
အတွေ့အကြုံတွေ တွေ့ရသလို ချိုမြိန်တဲ့ အတွေ့အကြုံတွေလည်း
ရနိုင်ပါတယ် . . . နင်တဖက်စွန်းရောက်အောင် မတွေးပါနဲ့
. . . နင်သည်လို တစ်ယောက်တည်း အထီးကျန်အားငယ်
နေပြီး မကောင်းတာတွေချည်းတွေးနေမယ့်အစား စာနာ
နားလည်ခွင့်လွှတ်တတ်တဲ့ အိမ်ကလေးတစ်အိမ်ကိုရခဲ့ရင်
ပျော်ရွှင်ချမ်းမြေ့လာမှာပါ . . . ”

ကျွန်မ ပြုံးမိတယ်။

❀ ရန်ပိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



*ကျွန်မ စိတ်မှာအထီးကျန်အားငယ်နေသတဲ့လား ။*

ဟင့်အင်း . . .

မဟုတ်ဘူး

မဖြစ်နိုင်ဘူး . . . ။

ကျွန်မ . . . စိတ်မှာ အားလည်းမငယ်ပါဘူး . . . ။ အထီးကျန်လည်းမဟုတ်ပါဘူး။ ကျွန်မမှာ အဖော်ရှိတယ်။ အဖော်မှာ အင်မတန်ကောင်းတဲ့ အဖော်လေ။ ပန်းချီကားချပ်တွေဟာ ကျွန်မရဲ့ အဖော်ပေါ့ . . . ။

စာနာနားလည်ခွင့်လွှတ်တတ်တဲ့ အိမ်ကလေး တစ်အိမ်တဲ့

အဲသည့်အိမ်ကလေးမှာ စာနာနားလည်ခွင့်လွှတ်တတ်တဲ့ ခင်ပွန်းကောင်းက ကျွန်မကို အားပေးနှစ်သိမ့်နေမယ်ပေါ့ ဟုတ်လား . . . ။

အဲဒါဘယ်သူလည်း။

" အဲသည့်လူက နင်လို့ဆိုတာလား . . "

" သည်လိုလည်း မဟုတ်ပါဘူးဟာ . . . တစ်ယောက်ယောက်ပေါ့ . . . နင်ကလည်း ချစ်တယ်။ နင့်ကိုလဲ ချစ်တယ်ဆိုအကောင်းဆုံးပေါ့ . . . "

" အဲသည့် အကောင်းဆုံးကို ငါမရနိုင်ပါဘူး . . . အေးအေးနေပါရစေ . . . ငါ့ရဲ့ ဇရာအချိန်ကို ငါကိုယ်တိုင်





ဦးစား ကြည့်ပြီးပြီ . . . အဖွားကြီးတစ်ယောက်ရယ် တိုက်ခန်းတစ်ခန်းရယ် . . . ပန်းချီကားချပ်တွေရယ်လေ . . . အင်း . . . စိတ်ပုတီး တကုံးလည်းလိုချင်လိုလာနိုင်ပါတယ် . . . "

" နင်တလဲဟာ . . . ဒါနဲ့ခက်ဝေ နင် နောက်လှည့်ကြည့်နဲ့နော် . . . နောက်ဖက် စားပွဲမှာ ပုလဲတို့ လင်မယားရှိနေတယ်"

" ပုလဲတို့ လင်မယား . . . "

ဪ

ပုလဲနဲ့သီဟလား . . . ။ လှည့်မကြည့်ပါဘူး။ ဒါပေမယ့် ကျွန်မရဲ့ နောက်ကျောဖက် အနေအထားရယ် . . . ၊ နိုင်လွင်တိုယ်ရယ် မြင်တာနှင့်သိမှာပါ။ လာနှုတ်ဆက်လိမ့်မည်တော့မထင်။ ကျွန်မနှင့် ပါတ်သက်လာရင် ဆွေမျိုးတွေရဲ့ ပြောသမျှဆိုသမျှတို့ ကြံ့ကြံ့ခံရင်ဆိုင်နိုင်သော ကြီးမေကြီးကို သတိရရင်တော့ စိတ်မကောင်းဖြစ်ရပါတယ်။

" တွေ့လည်း တွေ့ပေါ့ နိုင်လွင်ရယ် သူတို့ကလည်း ငါ့ကိုခေါ်ကြတော့တာမှ မဟုတ်တာဘဲ . . . "

" ကြီးမေကြီးရှိနေစေချင် . . . ကြီးမေကြီးသာရှိရင် ဘယ်သူဘာပြောပြော နင့်ဖက်က ရှိနေတာဘဲ . . . "

" အဲသည့်ကြီးမေကြီးရဲ့ စေတနာတွေဟာ ငါ့ဘဝတစ်ခုလုံးကို အကောင်းအဆိုးတွေ ကြီးမားစွာ အနံ့တွဲ



www.burmeseclassic.com

www.burmeseclassic.com



စေတာကရော . . . ငါ့ဘဝကို နော်နော်ရာ အားကျသတဲ့ ကြီးမေထားခဲ့တဲ့ ရွှေပုံငွေပုံစိန်ပုံကြီးပေါ် ထိုင်ပြီး ဘာအလုပ်မှ မလုပ်ဘဲ ပန်းချီဆွဲပြီး နေနိုင်လို့တဲ့လေ . . . ဒါက အကောင်း တွေ မြင်တာပါ။

အဆိုးတွေကိုရော . . . သူယူချင်မလား . . . ငါလေ တကယ်ပြောတာ နိုင်လွင် . . . အဆိုးတွေကို ဖယ်ပေးမယ် . . . အဲသည့်ရွှေငွေစိန်တွေပါ မယူနဲ့ဆို မယူဘူး . . . ငါ့ဖာသာပင်ပန်းချင် ပင်ပန်း ရှာဖွေစားပါမယ် . . . ဒါပေမယ့် မရတော့ဘူး . . . ခါးသီးတဲ့ အတိတ်ဟာ ဖျက်ပစ်လို့မရတဲ့လား"

" ခက်ဝေ . . . နင့်ကို စာနာနားလည်တတ်ရင် ဒါက ဘာမှ အရေးမပါပါဘူး . . . "

" အဲဒါ နင်လား "

" အဲလိုလည်း မဟုတ်ပါဘူး ခက်ဝေရယ် . . . "

ဆိုင်ပြင်မှာ မိုးတွေရွာနေတယ်။ ကောင်းတယ်။ အေးချမ်းတာပေါ့ . . .။ မိုးဆိုသည်းလေတြိုက်လေဘဲ။

" သွားစို့ နိုင်လွင် . . . "

ဆိုင်ထဲက ထွက်လာတော့ ပုလဲတို့ရှိမနေတော့ပါဘူး။ ပုလဲက သူတို့ညီအစ်မတွေထဲမှာ အားလုံးထက်စာရင် အနည်းငယ်တော့ အေးချမ်းပါတယ်။ နီလာဆိုရင်တော့ တျွန်မကို နည်းနည်းလေး စောင်းပြောချင် ပြောနိုင်တယ်။





"နိုင်လွင် . . . ငါ့ကားကို နင်မောင်းသွားတော့ . . . ကိုကြီး ထင်လင်းဆိုင်မှာ စောင့်နေ . . . "

" နင်ကလည်းဟာ မိုးတွေရွာနေတယ်။ မိုးမိရင် နေမကောင်းဖြစ်မှာပေါ့ . . . "

" ရပါတယ် . . . ငါ့မှာ ထီးပါပါတယ် "

" နင် အရင်ဆုံး ပြင်ရမှာက . . . လုပ်ချင်ရာ မရရအောင်လုပ်တဲ့ ခေါင်းမာတဲ့ အကျင့်ဘဲ . . . "

နိုင်လွင်ကတော့ ပြောမရမှန်းသိလို့ ထင်ပါရဲ့။ ကားမောင်းယူသွားပြီး၊ မိုးသည်းချင်လိုက်တာ။ ခုထက် ပိုသည်းလေ ပိုကောင်းလေပါဘဲ။ မိုးတွေရွာနေတာကို စိတ်မှာခံစားနေမိတယ်။ ပန်းချီတွေဆွဲချင်နေသေးတယ် မိုးတွေထဲ ပျောက်သွားရတာ နှစ်သက်သမျှ . . .။

" ဟယ် . . . ခက်ဝေသဇင် . . . ခက်ဝေသဇင် မဟုတ်လား "

လက်ကို လှမ်းဆွဲလိုက်သေးတယ်။

မှတ်မိပါတယ်။

အရင်တုံးက ဘေးခြံမှာနေတာ။

ညိုညိုစိမ့်တဲ့ . . .။ မမှတ်မိစရာအကြောင်းမရှိ။ ဒါပေမယ့် ခက်ဝေသဇင် ခေါ်ပြီး ဘာတွေပြောဦးမှာလဲ

" မင်း ပုံစံပြောင်းသွားတော့ ဟုတ်မှဟုတ်ရဲ့လားလို့



www.burmeseclassic.com

www.burmeseclassic.com



. . . အရင်က သိပ်လှတဲ့ မှင်းဟာ အခုဘာလို့ သည်လိုပုံစံ ဖြစ်သွားရတာလည်း . . . "

မိုးသည်လောက်သည်းနေတာများ ရယ်စကားပြောချင်နေရတယ်လို့ဘဲ ။

" မင်း နန္ဒအကြောင်းကြားသေးလား သူ့မိန်းမဆုံးသွားတယ် . . . "

" ဟင် "

ဆုံးသွားတယ်တဲ့။

ထူးဆန်းသောစကားတစ်ခု ကြားရသလို ကြည့်နေမိတယ်။

" ကောင်းတယ်နော် ခက်ဝေသဇင် . . . မင်းသည်အကြောင်းကြားရတော့ ဝမ်းသာတယ်မဟုတ်လား . . . မင်းကိုဒုက္ခပေးခဲ့တဲ့ ဘဝပျက်စေခဲ့တဲ့ နန္ဒ အခုဝဋ်လည်ပြီ သူ့ဘဝပျက်ပြီး သူ့ဒုက္ခတွေဝေ . . . "

"တော်တော့ . . . တော်ပါတော့ . . . သူ့ဖာသာဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး . . . လူတစ်ယောက်သေဆုံးသွားတာဘာဝမ်းသာစရာမှ မရှိဘူး . . . ငါ့အတွက် သူတို့ဟာ ဝမ်းသာစရာလဲ မဟုတ်ဘူး . . . ဝမ်းနည်းစရာလည်း မဟုတ်ဘူး . . . "

လက်မောင်းကို ကိုင်ထားတဲ့လက်ကို ဆွဲဖြုတ်ပြီး ထွက်လာခဲ့တယ်။ မိုးတွေလဲ ရွှဲရွှဲစိုနေပြီ။ဒါပေမယ့် ခံစားချက်တွေက ထုံထိုင်းလေးလံနေသလိုပါဘဲလေ။





နှာတွေစေး ခေါင်းတွေအုံနေတယ်။

နော်နော်က ဆေးတွေကြိုတိုက်လို့ ဖျားတော့မဖျားပါဘူး။ နော်နော်ဆိုင်မသွားခင် မှာသွားတာက ဝရံတာမထွက်ရ ပြတင်း တံခါးမဖွင့်ရတဲ့လေ။ ဒါကြောင့် ပိတ်ထားတဲ့ပြတင်းပေါက်ရဲ့ မှန်ပြတင်းကနေ ကြည့်နေမိပါတယ်။

ခုနကမှ ရွာထားတဲ့မိုးတွေကြောင့် ပါတ်ဝန်းကျင်က စိုစွတ်နေပါတယ်။

အခန်းရဲ့ နံရံမှာချိတ်ထားတဲ့ ပန်းချီကားဆီမျက်ဝန်းရောက်ပါတယ်။

သော်စိုးဆွဲပေးထားတာပါ။

" နင့်အတွက် ငါဆွဲပေးထားတာ ခက်ဝေ . . . နင့်ကိုသွားထားရမဲ့နေရာလေ . . . နင်က အဲလိုနေရာမျိုးဘဲ နေဖို့ကောင်းတာ . . . "

ရေပါတ်လည်ဝိုင်းနေတဲ့ ကျွန်းကလေးပေါ်မှာ အုန်းပင်လေးတစ်ပင်ရှိပြီး အပင်ကိုမှီရင်း ကျွန်မထိုင်နေတယ်လေ . . .။ ရယ်မိတယ်။ ရယ်ရင်းပြန်ပြောမိတာက။

" အုန်းပင်ပါပါနေတာ မကောင်းဘူး သော်စိုး အုန်းလက်တစ်လက်နဲ့ ရိုက်ခတ်တဲ့ အသံတွေဟာ ငါ့အကြောင်းကို မကောင်းပြောနေသလိုဘဲ ခံစားရပါတယ် . . . နောက်တစ်ခါဆွဲရင် ဟင်းလင်းပြင်ကြီးတစ်ခုမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါတလွင့်နေတာအဲဆွဲ . . . ရေလှိုင်းတွေလဲမပါနဲ့ တိမ်စိုင်တွေလဲမပါနဲ့ . . . ဘာမှမပါနဲ့ . . . ရေတွေကလှိုင်းထရင်လဲ ငါ့အကြောင်းမကောင်းပြောတယ် . . . တိမ်စိုင်တွေရွေ့လျားနေရင်လည်း . . . ငါ့အကြောင်းမကောင်းပြောတယ်ဘဲ ထင်နေမှာ . . ”

“ နင့်အတွေးတွေက နင့်ကိုနှိပ်စက်နေတာပါ ခက်ဝေ လူတိုင်းမှာ ကောင်းတာလဲရှိ မကောင်းတာလဲရှိပေါ့ . . . ”

“ ငါ့မှာက မကောင်းတာတွေပိုများတယ် မိုးရွာလာပြန်ပြီရော . . ”

သည်တစ်ခါရွာတဲ့ မိုးပေါက်တွေက အစောင်းလိုက်ရွာနေတာ . . . ။ မိုးပေါက်တွေက မျဉ်းကြောင်းအစောင်းတွေလိုဖြစ်နေတယ်။ ခိုကလေး နှစ်ကောင်က အမိုးပေါ် ဟိုသည်သွားနေပါလား ။

မိုးရွာနေတယ်လေ။

မသိဘူးလား . . . ။

အတောင်တွေအမွေးတွေ မိုးစိုကုန်မှာကို မသိဘူးလား။

အင်းလေ။

တိရိစ္ဆာန်ဘဲ . . . ။ ဘယ်သိပါ့မလည်း . . . ။

တံခါးခေါက်သံကြားရတယ်။

သွားဖွင့်လိုက်တော့ နိုင်လွင်။



“နင်ဖျားနေပြီ မဟုတ်လား ”

“ မဖျားသေးဘူး ဆေးဦးနေပြီ ”

“ နင်ဟာလေ ပေပေတေတေ နိုင်လွန်းတယ် . . . ငါ့စိတ်ထဲ နင်နေမကောင်းများ ဖြစ်နေမလား စိတ်ပူလို့ လိုက်လာတာ . . . ”

“ ကျေးဇူးအများကြီးတင်ပါတယ် စိတ်ပူပေးဖော်ရတဲ့ နင့်ကို ငါကော်ဖီဖျော်တိုက်မယ် ”

“ ဖျော်တိုက်တော့လေ သောက်ရသေးတာပေါ့ . . . ”

ကြောင်အိမ်ထဲမှာ နော်နော်ဝယ်ထားတဲ့ ကိတ်မုန့်တွေလည်း တွေ့တာမို့ . . . အတော်ဘဲ။ ကော်ဖီနဲ့ ကိတ်မုန့်ပြင်လိုက်တယ်။

“ နင်ဘာရေးနေလဲ နိုင်လွင် . . . ”

“ နင် ခဲရာတုံးကတွေ့တဲ့ကား မပြီးသေးပါဘူးဟာ . . . ငါလည်းခုတလော ခေါင်းမကြည်တာများတယ် ”

“ ခေါင်းက ဘယ်ကြည်ပါတော့မလည်း ညတိုင်း ညတိုင်းမသောက်ရ မနေနိုင် ဖြစ်နေတယ် မဟုတ်လား . . . ”

“ ငါညတိုင်း မသောက်ပါဘူး . . . သူငယ်ချင်းတွေနဲ့တွေ့မှပါ . . ”

“ သူငယ်ချင်းတွေကို မတွေ့လည်းတွေ့အောင်ရှာတာဘဲ မဟုတ်လား . . . ”

www.burmeseclassic.com



" မဟုတ်ပါဘူးဟာ . . . နှင်ကလည်း "

" ကဲ စားပြီးရင် နှင်ပြန်တော့ နှင်ပြန်ပြီးရင် ငါတစ်ရေးအိပ်ဦးမယ် . . . ညက တစ်ညလုံးမအိပ်လိုက်ဘူး . . . ဒါပေမယ့် ကားကလည်းမပြီးသေးပါဘူး . . . ဘာတွေ စိတ်တိုင်းမကျတယ် ငါ့ဖာသာလဲ မသိဘူး . . . ငါတောက်ပတဲ့ အရောင်တွေ သုံးတိုင်း မနှစ်သက်သလို ခံစားရတယ် . . . သည်တော့ . . . ဘယ်လိုမှ စိတ်တိုင်း မကျနိုင်ပါဘူးဟာ . . . "

" နှင့် ရင်ထဲမှာကို မှုန်မှိုင်းနေလို့ဖြစ်မှာ . . . အတိတ်ကို ပြန်ပြင်ချင်လို့မရဘူးလေ ခက်စေ . . . ဒါကိုဘဲ နှင်စိတ် အနှောက် အယှက်ဖြစ်နေရင် နှင်ဘဲခံစားထိခိုက်လာမယ် . . . သည်အခါရောဂါတွေ ဝင်လာမှာ . . . "

"ငါဘာကိုမှ သတိမရပ္ပါဘူး . . . ဘာကိုမှလဲ မခံစား ပါဘူး "

" ဒါကနင့်ကို အသိစိတ်တိုင်း . . . နင့်မသိစိတ်ကို . . . နင် ဆုံးမရမယ် . . . "

" မသိစိတ်တွေသိစိတ်တွေ လာရှုပ်မနေနဲ့ နိုင်လွင် . . . ငါဘာမှ မစဉ်းစားပါဘူး . . . "

" အင်းလေ မစဉ်းစားဘူးဆိုရင်တော့ အကောင်းဆုံး ပါဘဲ . . . ဒါပေမယ့် နင်ဆွဲတဲ့ ပန်းချီကားတွေကို ကြည့်ရင် နင့်စိတ် ဘာတွေဖြစ်နေတယ် ခန့်မှန်းလို့ရပါတယ် . . . "



" နင်ပြန်တော့ဟာ . . . ငါအိပ်ချင်ပြီ . . . "

" အေးပါ ပြန်မယ် . . . "

နိုင်လွင် ပြန်သွားပြီ။ ဘာကိုမှသတိမရပါဘူးလို့ ကိုယ့်ကိုယ်အားပေးပြီး အိပ်လို့ရအောင် အိပ်မယ်။ ပန်းချီကား တစ်ချပ်ကိုဆက်ဆွဲလို့မရတိုင်း မကြည်လင်သော စိတ်ခံစား မှုတွေကလည်း ရှိစမြဲ။ အိပ်ယာပေါ်မှ အိပ်နေလည်း အိပ်လို့ မပျော် . . .။

" ကျွန်တော်မှ သူမချစ်တာ မယူနိုင်ပါဘူး ကျွန်တော် ယူမှာ . . . . "

ဟုတ်တာပေါ့။

ချစ်သူတို့သာ လက်ထပ်ချင်ကြတာ သဘာဝ ကျပါတယ်။ မှန်လည်း မှန်ပါတယ်။ အချစ်မရှိတဲ့ အိမ်ထောင်ရေးက အဓိပ္ပါယ် မရှိဘူးဆိုတာ ကျွန်မလည်း ခံယူချက်ရှိပါတယ်။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်း ပြောတယ်ဆို အချိန်လိုအပ်တယ်။ ပြောသင့်တဲ့ အချိန်မှာပြောရမှာ . . .။ စကားတခွန်း နောက်ကျတာ ဘဝတစ်ခု ပျက်တယ်ဆိုတာ . . .။

❀ ❀ ❀ ❀ ❀

တကယ်သေချာပေါက်ဖျားတဲ့လူက နေ့ခ်နေ့်ပါ . . .။

ကျွန်မကတော့ မိုးတွေထဲ ခဏခဏထွက်နေပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဖျားလေ့မရှိဘူးလေ။ နော်နော်က မိုးကြောက်လို့ဆို မိုးခိုလေ့ရှိပါလျှက် ဖျားပြီ။

“ ဆေးခန်းသွားမယ် နော်နော် ”

“ ဆေးသောက်ပါမယ်ကွာ ”

“ လုပ်မနေနဲ့ နော်နော် သွားအဝတ်လဲ အောက်မှာကားထုတ်ထားတယ် ”

နော်နော်က ဆေးကြောက်တယ်။ ခုလိုငြင်းမလုပ်လို့ကမရ။ ကားက အောက်ဆုံးထပ်မှာ ထားရတာ။ ကားထုတ်နေရင်း မိုးအုံ့နေတာကို မရွာပါစေနဲ့လို့ ဆုတောင်းတာ တစ်ခါထဲပါ။ နော်နော် မိုးမိပြီး ပိုအဖျားတက်လာမှာ ကြောက်တယ်. . .။

“ ခက်ဝေဟာလေ အတင်းအဓမ္မဘဲ . . . ဆရာဝန်ကို ဆေးမထိုးချင်ဘူး လို့ပြောပေးနော် . .

“ ကလေးလည်း မဟုတ်ဘူး . . . ဆေးမထိုးချင်ဘူးတဲ့ ဆရာဝန်ကလိုအပ်ရင် ဘာလုပ်လုပ်ပေါ့ နေကောင်းသွားဖို့က အရေးကြီးတာဘဲ မဟုတ်လား . . . ”

တကယ်ဆို နော်နော်အဖျားတော်တော် ပြင်းနေပါတယ်။ ကားပေါ်မှာတောင် နောက်မှီးလေးမှီလို့ မျက်ဝန်းတွေ စုံမှိတ်ပြီး ငြိမ်နေရှာတာ။ ဒါတောင် ဆေးခန်းက မသွားချင်သေးဘူး . . .။

ဆေးခန်းမှာလည်း မိုးတွင်းတုပ်ကွေးတွေ ဘယ်လောက်များသလည်းမသိ။ လူနာတွေက အများကြီး အလှည့်မရောက်



ခင်တော့ စောင့်ရမှာ။ နော်နော်တို့များ ခုတော့ ဟန်မဆောင်နိုင်။ ခက်ဝေ ပုခုံးမှာ မှီအိပ်နေရတယ် . . .။

“ မနော် မနော် မဟုတ်လား ”

အမေ့ထဲ

အသိတွေလာတွေ့နေရတယ် . . .။ မျက်ဝန်းတွေ မှိတ်ထားပါတယ်ဆို ဝမ်းသာအားရ လာနှုတ်ဆက်နေသေးတယ်။

“ ဩော် . . . နေလင်း . . . ဟယ် . . . မတွေ့ရတာ ကြာပြီ . . . သက်သက်ရော နေကောင်းလား ဘာတွေလုပ် နေကြလဲ နင်တို့ရော ဘယ်မှာနေလဲ . . . ”

အသိကတော်တော်ခင်မင်ပုံရတယ်။

နေမကောင်းနေတဲ့ ကြားက နော်နော် ဝမ်းသာသွားပုံ ရတာကိုး။

“ တစ်အိမ်လုံး ပြောင်းလာကြပြီ မနော် . . . အိမ်လာလည်ဦးလေ . . . လိပ်စာပေးခဲ့မယ် . . . ”

နော်နော့်ကို **လိပ်စာကတ်**ပေးခဲ့တယ်။

သူ့အစ်မလည်း ဖျားနေလို့ဆေးခန်းလာ**ပြတာတဲ့** . . .။ ကောင်လေး ထွက်သွားလို့ နော်နော့်လက်ထဲက ကဒ်ကို ယူကြည့်မိပါတယ်။

ဒေါက်တာ ထွန်းနိုင်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အဲသည့်ကောင်လေးလား။

" သူက ဒေါက်တာထွန်းနိုင်လား"

" မဟုတ်ဘူး ဒေါက်တာထွန်းနိုင်က သူ့ယောက်ဖပါ"

" ယောက်ဖ လိပ်စာကဒ် ပေးရတယ်လို့ ကိုယ့်လိပ်စာ
ကဒ် ကိုယ်ပေးရမှာ . . ."

" သူတို့တွေက တစ်အိမ်တည်းစုနေကြတယ် . . .
သူ့အစ်မ သက်သက်နဲ့ နော်က ငယ်သူငယ်ချင်းတွေပါ . . ."

" သူက ဘာလုပ်လဲ "

" နေလင်းလား . . . သင်္ဘောတစ်ခေါက်လိုက်သွား
တာဘဲနော်သိတယ် . . . ကျန်တာ မသိဘူး . . . မတွေ့တာ
ကြာပြီ . . ."

နော်နော့်ကို ဆေးထိုးပြီး ဆေးကောင်တာမှာ ဆေးသွား
ဝယ်မယ်ဆို ထွက်လာခဲ့တယ် . . .။

" မမ ဆေးဝယ်နေလား "

" ခြော် အင်း . . . "

သူလည်း ဆေးလာဝယ်တယ်။

အနားမှာရပ်နေတော့ မော့ကြည့်မိတာ။ ညိုစိမ့်နေတဲ့
အသားအရည်မှာ မျက်ခုံးနက်နက်လေးက ထူထူလေး . . .။
နှုတ်ခမ်းပါးလေးနဲ့ ရယ်လိုက်ရင် သွားလေးတွေအစီအရီနဲ့
ကောင်လေးက နုပျိုနေတာဘဲ . . .။ ရေမွှေးနံ့သင်းသင်း
လေးလည်း ရတယ် . . .။





"မမ မနော် သူငယ်ချင်းလား "

" ဟုတ်တယ် "

" ကျွန်တော့် နာမည် နေလင်းပါ . . . "

" အင်း . . . ကျွန်မနာမည် ခက်ဝေသဇင် "

" ခက်ဝေသဇင် . . . နာမည်နဲ့လူလိုက်တာဘဲ . . . မမ
. . . လှတယ် "

"ဟုတ်လား . . . ကျေးဇူးဘဲသွားမယ် နေလင်းရဲ့
မျက်ဝန်းတွေက အကြည့်တွေဟာ တောက်ပနေသလိုပါဘဲ . . .။

အို . . . ဘာတွေလည်း။

ဘာတွေကို ကျွန်မ စဉ်းစားမိပါလိမ့်။ သူ့ဖာသာ
ဘာဖြစ်ဖြစ်ပေါ့ . . .။ ဆေးတွေယူပြီးနော်နော် ကားပေါ်
တွဲခေါ်ခဲ့တယ်။

" ဟဲ့ နေလင်း . . . နင်တစ်ယောက်ထဲလား အစ်မ
ပါတယ်ဆို ဘယ်သူလဲ . . ."

" မမိုးကို သူ့အမျိုးသားခေါ်သွားပြီ ကျွန်တော်က
ကီစွတစ်ခုရှိလို့ မြို့ထဲသွားမှာ"

" ဒါဆို ငါတို့ကားနဲ့ လိုက်ခဲ့ပါလား . . . လမ်းကြုံတယ်
. . . ခက်ဝေ ခေါ်လာခဲ့မယ် "

" ခေါ်ခဲ့ပါ . . . "

" ဒါဆို ကားပိုင်ရှင်က မမခက်ဝေပေါ့ ဟုတ်လား "

www.burmeseclassic.com

www.burmeseclassic.com



" ငါက ကားတစ်စီးဝယ်နိုင်လောက်အောင် မချမ်းသာသေးဘူး နေလင်းရေ . . . "

ကျွန်မကားမောင်းနေပေမယ့် နောက်ကြည့်မှန်က ကြည့်နေတဲ့ မျက်ဝန်းနီလေးတစ်စုံကို မြင်ရတယ် . . .။

" ငါကအခု သိပ်ဟုတ်နေတာ . . . ခက်ဝေရဲ့ တိုက်ခန်းမှာကပ်နေတယ် . . . ခက်ဝေကားကို ကပ်စီးတယ်"

" ဟုတ်လား . . . မမနော်တို့ အိမ်ကရော . . . "

" အိမ်က လမ်းလေးဆယ်မှာပါ . . . "

" လာလည်လို့ရမလားဟင် . . . မမသက်ကိုလည်း ခေါ်လာမယ်လေ . . . "

"ကဲ အိမ်ရှင်ရေ . . . မေးနေတယ် "

" ရပါတယ် လာလည်ပါ နော်နော့်သူငယ်ချင်းကလည်း ခက်ဝေ သူငယ်ချင်းပါဘဲ . . . "

" ကျေးဇူးဘဲ မမ . . . "

စိန်ပေါ်ထောင့်မှာ နေလင်းကို ကားရပ်ပေးရတယ်။ မနော်သွားမယ်။ မမသွားမယ်ဆိုပြီး နှုတ်ဆက်သွားတယ်လေ ကား ထွက်ထွက်ချင်းမှာပဲ ပြောပါတယ်။

" သက်သက်တို့က မောင်နှမတွေများတယ် ဟိုးအရင်ငယ်တုံးကတော့ သူတို့မောင်နှမ အများကြီး ထမင်းဝိုင်းထဲ လဲနော် ဝင်စားတာပါဘဲ . . . ဆူညံဆူညံနဲ့ ပျော်တယ်လေ



. . . ခုချိန်ဆိုရင်တော့ ဘယ်လောက် စိတ်ရှုပ်လိုက်လေမလည်း"

" မောင်နှမအရင်းတွေဆိုရင်တော့ ကောင်းချင်ကောင်းမှာပါ . . . တစ်ဝမ်းကွဲတွေဆိုတော့ . . . မကောင်းဘူး ဒါကြောင့်လည်း မြိန်ရာဟင်းကောင်းခင်ရာဆွေမျိုးလို့ ပြောတာ . . . နော်နဲ့ ခက်ဝေ ဘာမှမတော်ဘူး . . . ညီအစ်မအရင်းလို ချစ်တယ် . . . သူတို့နဲ့သွေးသား စပ်တယ် . . . ရန်သူတွေလိုပါဘဲ . . . "

ဘာလို့ခုတလော အမှတ်ရစရာတွေပြန်ပြန် ဖြစ်နေရတာလည်း။ အမှတ်မရချင်တော့ဘူး မေ့လိုက်ပြီဆိုမှဘဲ . . .။

အတိတ်ဟာ အရိပ်တစ်ခုလို ကျွန်မ နောက်ကလိုက်နေမလား။ ဒါဆိုရင် မွန်းတည့်ချိန်တစ်ခုမှာ ကျွန်မရပ်တဲ့နေချင်ပါတယ်။

❀ ❀ ❀ ❀ ❀

" ကိုကြီးထင်လင်း . . . နိုင်လွင်တို့ သော်စိုးတို့ လာသေးလား "

" ဟဲ့ ခက်ဝေ . . . လာလေ . . . သည်ကောင် နှစ်ကောင်သည်နေ့ အရိပ်တောင် မမြင်ရသေးဘူး . . . နှင်းရဲ့ နှင်းတောထဲက ပန်းချီကားကို သီတာလာဝယ်သွားတယ် . . . သူ့ယောက်မတွေ နိုင်ငံခြားသွားမလို့ဆိုလား . . . "

www.burmeseclassic.com

www.burmeseclassic.com



" ကောင်းတာပေါ့ . . . ဦးဇင်းသုမနတို့ စာသင်ကျောင်းကို စာအုပ်တွေလှူမယ် ပြောထားတယ် ရတဲ့ငွေအကုန်လှူမယ် . . . "

" ကောင်းလိုက်တာ ခက်ဝေရယ် . . . နင်ကတော့ စားဝတ်နေရေးက ပိုလျှံနေတာ အမြဲလှူနေတာဘဲ . . . မလှူလို့ မရှိ မရှိလို့ မလှူ မဟုတ်ဘဲ လှူဖို့ရှိ ရှိလို့လှူဆိုတာ နင်ဘဲ . . . "

" စာအုပ်သွားဝယ်ဦးမယ် . . . နိုင်လွင်လာရင် ပြောထားပါကိုကြီးထင်လင်း ညနေဦးဇင်းကျောင်းကိုသွားမယ် လိုက်မယ်ဆို ညနေ ငါးနာရီ သည်ကဘဲ စောင့်လို့ . . . "

စာအုပ်တွေဝယ်မယ်ဆိုထွက်လာခဲ့တယ်။ ဦးဇင်းသုမနတို့ကျောင်းမှာ ကိုရင်လေးတွေလဲရှိ ရပ်ကွက်ထဲက ကလေးတွေလဲ ရှိလေ. . .။ သူတို့လေးတွေလိုသမျှ ကျွန်မ အမြဲလှူနေခဲ့တယ်။

စာအုပ်ထုပ်တွေကို ကားပေါ်ပို့မယ်လို့ ငွေချေနေတုံး မိုးကရွာတယ်. . .။

မိုးရယ် . . .။

ခဏနေမှ ရွာရောပေါ့။

စာအုပ်တွေ ရေမစိုချင်ပါဘူးဆိုမှ။ ထီးက တစ်ဖက် သည်စာအုပ်ထုတ်က လက်နှစ်ဘက်ဆွဲတောင် အပြည့်အလျှံ။



" အလုပ်သမားလိုမလား မမ . . . လုပ်အားခ ကော်ဖီတစ်ခွက်ဆိုရင် ရမယ် . . "

" ဩော် . . . နေလင်း ပါလား . . . "

" ခုနထဲက ကျွန်တော် ကြည့်နေတာ မမနဲ့ တူပါတယ်လို့လေ . . . သည်စာအုပ်ထုပ်တွေသယ်မလား မမ . . . "

" နေပါစေ . . . "

" အားနာလို့လား ကော်ဖီတစ်ခွက်ဘဲ တိုက်ပါ . . . "

" ဒါဆိုရင် ကျွန်မ ထီးမိုးပေးမယ် . . . "

စာအုပ်ထုပ်တွေကို လက်နှစ်ဖက်နှင့် သူဆွဲယူတော့ ကျွန်မထီးမိုးပေးရတာပေါ့. . .။ တားတံခါးဖွင့်ပြီး ကားပေါ် စာအုပ် ထုပ်တွေကို ပစ်တင်လိုက်တယ်လေ. . .။

" မမ ကော်ဖီတိုက်မှာလား . . . "

" တိုက်ပါတယ် . . . "

" ဒါဆိုရင် . . . ဂျော့ဒိုးနပ်နဲ့ နီးတယ် အဲသည့်မှာတိုက်နော် . . . "

" အင်း . . . သွားလေ . . . "

ဖျတ်ခနဲဆို ရှေ့ခန်းတံခါးကိုဖွင့်ပြီး ဝင်ထိုင်တယ်။

ကျွန်မ အံ့သြစွာ ကြည့်နေမိဆဲ. . .။

ကျွန်မမှာ စည်းကမ်းတစ်ခုရှိတယ်လေ။ နိုင်လွင်လို အခင်မင်ရဆုံး အကြောင်းသိသူငယ်ချင်းတောင်မှ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မောင်းတဲ့ ကားရဲ့ ရှေ့ခန်းမှာထိုင်ရတာ မဟုတ်ဘူး . . . ။ ကျွန်မ ချစ်သူသာ ထိုင်ခွင့်ရှိတာပါ. . .။

"မမ . . . သည်အရုပ်ကလေးက လှလိုက်တာ . . ."

မှန်မှာ ချိတ်ထားတဲ့

အရုပ်ကလေးကို လှည့်ပတ်ကြည့်နေတယ်။

ဘယ်လို နှုတ်ထုတ်ရမှာလည်း။

မင်း နောက်ခန်းပြောင်းထိုင်လို့ ပြောရမလား။

" မမ မောင်းလေ . . . "

မျက်ဝန်းတွေက နက်မှောင်နေတာပါဘဲ။

အညိုရောင် အသားအရည်က အဲသည့်မျက်လုံး နက်နက် မျက်ဝန်းနက်နက်လေးတွေကြောင့် ပိုပြီး တောက်ပလာတာလား. . .။

သက်ပြင်းတစ်ချက်ရှိုက်ပြီး မောင်းထွက်ခဲ့တယ်။ ဆိုင်ကို အမြန်ရောက်ဖို့လိုပြီ။

" မမ ထီးရိပ်အောက်ဝင်လေ . . . မိုးနည်းနည်း များတယ် . . . "

ကားပေါ်က ကျွန်မဆင်းမယ်ဆိုတာနှင့် တံခါးအပြင်မှာ ထီးလာမိုးပေးပြန်တယ်။ ဆိုင်ထဲဝင်သည့်ထိ သူ့ထီးမိုးပေးတယ်။

" ဘာသောက်မလဲ မင်းကြိုက်တာမှာ "

" ကော်ဖီအအေးတစ်ခွက် မုန့်တစ်ခုလေ "



" ခုန စာအုပ်သယ်တုံးက ကော်ဖီတစ်ခွက်ရရင် ပြီးရောဆိုအခု မုန့်ပါပါတာလား"

" မမက ကိုယ့်မောင်လေးတောင် မသဒ္ဓါတာလား . . "

ကျွန်မရဲ့ မျက်စောင်းလေးတွေက ကော်ဖီအအေး ဖန်ခွက်ထဲ ခုန်ချသွားသလိုပါလား . . .။ အံ့သြဖွယ်ရာ သိပ်မရင်းနှီးသော ကောင်လေး တစ်ယောက်နှင့် ရင်းနှီးခဲ့ရတယ်။

" နေလင်း . . . မင် ကလေးလဲ မဟုတ်ဘဲ ဘယ်နှယ့် ခုံကိုလှုပ်နေရတာလည်း . . . "

"ကျွန်တော်က မမထက် ငယ်တယ် ကလေးပေါ့ . . . ကလေးဆိုတာ ကိုယ့်အစ်မကို ကိုယ်ဆိုးလို့ရတယ်ဗျ"

" နော်နော့်ကိုဘာမှာမလဲ "

" မနော်နဲ့တွေ့တာ မမသက်ကို ပြောပြီးပြီ မသက်က အရမ်းဝမ်းသာတယ် သူ့ သူငယ်ချင်း သိပ်ချစ်တယ်လေ . . . "

" မသက်ဆိုတာ မင်း အစ်မ နံပါတ်ဘယ်လောက်လဲ"

ကျွန်မသည်လိုမေးတော့ သူရယ်တယ်။

မိနော်က ကျွန်တော်တို့ မောင်နှမတွေများတာကို ပြောတယ်ထင်တယ်တဲ့။ မသက်က နံပါတ်သုံးအစ်မ . . .။ ကျွန်တော် မောင်နှမ တစ်ဆယ့်နှစ်ယောက်ရှိတယ် မမ။ မိန်းကလေး ရှစ်ယောက် ယောကျ်ားလေး လေးယောက်တဲ့။

" ဘုရားရေ အဲလောက်များလား . . . နော်နော်က

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့မောင်နှမတွေများတယ်ဆိုတော့ ခုနှစ်ယောက်ရှစ်ယောက် ထင်တာ . . . ဆယ်နှစ်ယောက်တောင်လား . . . ”

“ မမရော မောင်နှမဘယ်နှစ်ယောက်လဲ ”

“ ကျွန်မ တစ်ယောက်တည်း ”

“ တစ်ယောက်တည်း . . . ကောင်းလိုက်တာ မျက်စေ့ နောက်သက်သာတာပေါ့ . . . ကျွန်မ ကျွန်မနဲ့ အသက် ငယ်တဲ့လူကို ပြောရလား . . . မမလို့ဘဲပြောပါလား”

“ မမ . . . တစ်ခါမှမပြောဘူးပါဘူး ”

“ မမရည်းစားကိုရော ဘယ်လိုပြောလဲ ”

“ ဟဲ့ ဩော် ဘယ်ကရည်းစားလဲ ကျွန်မမှာ ရည်းစား မရှိဘူး . . . စိတ်လဲမကူးဘူး စိတ်ပျက်စရာတွေ . . ”

“ ဒါဆို မမက အပျိုကြီးလုပ်မှာလား ”

“ ဟုတ်တယ် . . . ကဲပါ သွားကြပါစို့ နေလင်းရယ် သွားစရာရှိသေးတယ် ”

“ မမကို ကားပေါ်ထိ ထိုးမိုးပေးမယ် . . . ကျွန်တော် မလိုက်တော့ဘူး . . . သူငယ်ချင်းတစ်ယောက် စက်ဘူ ပြန်ထွက်မှာမို့ သွားပြောစရာရှိတာ ပြောရဦးမယ် . . . ”

ကားပေါ်ထိ ထီးမိုးပြီးလိုက်ပို့ပါတယ်။ ရယ်ရင်း လက်ပြတယ်။ ကျွန်မဟာ ဘာလို့များ သူ့အပြောတွေကို နားထောင်မိသလို သူ့အပြုံးကိုလည်း ငေးကြည့် နေမိတတ်



တာလည်း . . .။ အထူးသဖြင့် ကျွန်မ နှလုံးသားဟာ ကျောက်စာတိုင်ထက်တောင်မှ ခိုင်ခိုင် မတ်မတ် ဖြစ်ရဦးမှာပါ . . .။ တော်ပြီ တော်ပြီ နိုင်လွင်ကိုတောင်မှ ငယ်သူငယ်ချင်းမို့ ခင်မင်နေတာ။ ဘယ်ယောကျ်ားလေးကိုမှ မခင်မင်တာ အကောင်းဆုံး . . .။

တားရှေ့ခန်းထိုင်ခုံပေါ်မှာ ပန်းရောင်နှင့် မီးခိုးရောင် အစင်းကျား မွေးပွလက်ကိုင်ပုဝါလေး ကျန်နေရစ်ပါရောလား။

❀ ❀ ❀ ❀ ❀

နိုင်လွင်က ကားနောက်ခန်းတံခါးကိုဖွင့်ပြီး ဝင်ထိုင်တဲ့ အခါမှာ . . . ကျွန်မတစ်ယောက်ထဲ ကြိတ်ပြုံးလေး ပြုံးရပါတယ်။ နိုင်လွင်တို့ကို ခါးခါးသီးသီး ငြင်းဆန်ပြီးမထိုင်ခိုင်းခဲ့တဲ့ တားရှေ့ခန်းမှာ နေလင်းဆိုတဲ့ ကောင်လေးတစ်ယောက်ကို ထိုင်ခွင့်ပေး မိတာများသိရင် . . . ”

“ နောက်ဘဝကြရင် ခက်ဝေက ခုထက်ပိုလှမယ် . . . ပိုလည်းချမ်းသာမယ် . . . ”

“ ဟုတ်လား . . . ခုထက်ရော ဆိုးဝါးတဲ့ အခြေအနေတွေ တွေ့နိုင်ဦးမလား”

“ နင့်ကို ဘယ်နှစ်ခါ ပြောရမလည်း . . . ဘာလို့ မကောင်းတာတွေ တွေးနေရတာလည်း . . . မကောင်း

www.burmeseclassic.com

www.burmeseclassic.com



တာတွေဘဲ တွေးနေရင် ... မကောင်းတာတွေ အဖြစ်များမှာပေါ့ ...”

“ ခက်ဝေနဲ့တော့ ခက်နေပြီ ...”

မိုးရွာလာတော့ ကားတံခါးတွေ ဖွင့်ထားရာက ပိတ်လိုက်တယ် ...။ မိုးတော်တော်သည်းပါလား...။ ဘယ်သွားမလဲ နိုင်လွင်ဆိုတော့ ... တိုကြီးထင်လင်းဆိုင်တဲ့။ ကျွန်မလည်း ဆိုင်ထဲကို ဝင်ချင်တာမို့ ... ကားရပ်တဲ့နေရာရှာရတယ်။

နိုင်လွင်က သူ့ဖာသာသူမိုးရေထဲ ပြေးထွက်သွားတယ်။ ကျွန်မထီးကို ဖွင့်ရင်းမှ ... ထီးမိုးပေးရင်း ကြည့်နေတတ်တဲ့ မျက်ဝန်းလေးတွေ ။ မဟုတ်တာ ဘယ်လိုကောင်လေး တစ်ယောက်ကိုမှ ကျွန်မ သတိမရသင့်ပါဘူး ...။

“ နိုင်လွင်နဲ့ ခက်ဝေရောက်လာတာ အတော်ဘဲ သော်စိုး ဆေးရုံတင်ထားရတယ်လို့ သူမိန်းမလာပြောတယ် ငါလည်း ငွေငါးထောင်ဘဲပေးလိုက်နိုင်တယ် ”

“ ဟုတ်လား ဘယ်ဆေးရုံမှာလဲ ”

“ သယ်န်းကျွန်းဆေးရုံမှာတဲ့ ...”

“ ကဲ ... နိုင်လွင်ရေ ... အလှုလုပ်တယ် ဆိုရင်မသွားလို့ကောင်းတယ်။ ဆေးရုံတက်ရတာက မသွားမရဘူး နှင့်အပေါင်း အသင်းရောင်းရင်း အရက်သမား တစ်ယောက် ဆေးရုံပေါ်ရောက်ပြီ ...။



“ခက်ဝေကလည်းလေ ...”

သူတို့ကဖြင့် နေ့တိုင်းအရက်သောက်တယ် ။

အရက်သမား ခေါ်ရင် နည်းနည်းမှ မကြိုက်ဘူး။

“ တစ်ယောက် ဆေးရုံပေါ်ရောက်ပြီ ဘယ်တော့ နင့်အလှည့်ဖြစ်မလည်း သတိထား ”

“ ငါကသော်စိုးလို သေလုမျောပါး မသောက်ဘူး အရက်ကို လှယုံလေးသောက်တာ”

“ အမယ် အရက်သောက်တာတောင် လှယုံလေးတဲ့ ”

မိုးက ခုတော့ သူမဟုတ်သလို တိတ်နေပြန်ပါပြီ။ သယ်န်းကျွန်းဖက်တစ်ခေါက် ပြန်ထွက်ရတယ်။ အိပ်ရေး ပျက်ပါများလို့ ထင်ပါရဲ့ ကျွန်မကိုယ်တိုင်တောင် ခေါင်းတွေ အုံခဲနေတယ်။ ဆေးတစ်ခွက်သောက်ဦးမှပါ။

“ မသန်းအေး သနားပါတယ် ... သားသမီးတွေစားဖို့ ရှာရဖွေရတာတစ်ဖက် ယောကျ်ားဆေးရုံတက်လို့ စိတ်မောရတာ တစ်ဖက် ... လင်ဆိုးမယား တဖားဖားဆိုတာ တကယ်မှတ်တာ ...”

“ ခက်ဝေကလဲလေ ပြောလိုက်ရင် ...”

“ ဟုတ်တယ် နင်တို့ကတော့ ...”

“ ဟိတ် ဟိတ် နင်တို့လို ငါးလုံးနဲ့သိမ်းကြုံးမရှိနေတွာ ... ငါတို့ကသည်လိုမဟုတ်ဘူး။ အိမ်ထောင်ကျပြီး ကိုယ့်ဇနီး



www.burmeseclassic.com

www.burmeseclassic.com



တိုယ့်သားသမီးသာ နံပါတ်တစ်ဦးစားပေး ဖြစ်ရမယ် . . . ”

“ ပြောတာဘဲ . . . ”

“ မယုံရင် ယှူကြည့်လိုက် ”

“ ဟုတ်ကဲ့ ကိုရွှေလိပ် . . . ”

“ ငါဟတယ်ပြောတာ ခက်ဝေ . . . ခုနောက်ပိုင်း သုံးစရာရှိတာသုံးတယ် . . . မဖြုံးဘူး . . . ငါ ငွေစုပါတယ်။ အိမ်ထောင်ပြုရင် ငါက အိမ်ထောင်ဦးစီးလေ . . . ရှေ့ကသာ မားမားမတ်မတ်ရပ်ရမှာ . . . ”

“ အဲသည့်အတွေးတွေရှိရင် တော်သေးတာပေါ့ . . . ”

“ ရှိပါတယ်ဟာ . . . ”

သော်စိုးကို သိပ်မရှာရပါဘူး။ မသန်းအေးက အနားမှာ ငူငူငေါင်ငေါင်လေး ထိုင်လို့ . . . ။ ပုလင်းတွေ ပိုက်တွေနဲ့ ရှုပ်ပွပြီး မျက်လုံးတောင် မပွင့်နိုင်ပါလား။ မသန်းအေးက ဝရံတာထွက်လိုက်လာပြီး ပြောပါတယ်။

“ ကိုနိုင်လွင်တို့ သူငယ်ချင်းကို ပစ်မထားကြပါနဲ့နော် . . . ဆရာဝန်ကြီးကတော့ . . . သည်လိုသာ အရက်သောက်နေရင် ကြာကြာမခံတော့ဘူးပြောတယ် . . . အခုတောင် သတိရတာ မကြာသေးဘူး . . . ”

“ ကျွန်တော်တို့ ဝိုင်းဖြောင်းဖြရမှာပေါ့ ”

နိုင်လွင်ကသာပြောတာ။



သော်စိုးတို့က အသက်ပင်သေသေဆို သောက်မဲ့လူစားမျိုးပါ။ ကိုယ့်မိသားစုလေး ဘဝပျက်ကျန်ခဲ့မှာကိုမှ သူမသနားရင် ဘေးလူတွေက ဘာလိုက်လုပ်ပေးနိုင်မှာတဲ့လည်း။ မသန်းအေးလက်ထဲကို ငွေတော်တော်များများ ထည့်ပေးခဲ့တယ်။ နေမကောင်းတဲ့ လူကိုလဲပစ်မထားနိုင်။ ငွေလဲရှာရဦးမယ်ဆို ဘယ်လောက်စိတ်ညစ်ရမလဲ။

“ မခက်ဝေ ကျေးဇူးတွေများနေပြီ . . . ကျွန်မတို့ . . . တဖြည်းဖြည်း ပြန်ဆပ်ပါမယ် ”

“ မသန်းအေးကို ခက်ဝေချေးတာမှမဟုတ်တာ ပေးတာဘဲ ပြန်ဆပ်စရာမလိုပါဘူး . . . နေမကောင်းတုံးသုံးပါ . . . ကျွန်မ လှူတာပါ . . . ”

မျက်ရည်ပြည့်လျှံနေတဲ့ မသန်းအေးမျက်ဝန်းတွေကို ကြည့်မိတယ်။ ငွေအတွက် လူတော်တော်များများ ဒုက္ခရောက်ကြ ရတယ်။ ကျွန်မဘဝမှာတော့ ငွေဆိုတာ ဘယ်တုံးကမှ ပူပန်စရာမဖြစ်ခဲ့ပါဘူး . . . ။

“ ငါ ဘယ်တုံးကမှ ငွေကြောင့် မပူခဲ့ရဘူး နိုင်လွင် ”

“ ဒါလဲ ကုသိုလ်တစ်မျိုးဘဲပေါ့ . . . ငွေကို နင်သုံးချင်ရာသုံးနိုင်တာ နည်းတဲ့ကုသိုလ်လား . . . ”

“ ငွေရှိတိုင်း စိတ်ချမ်းသာရောလား ”

“ သည်လိုတော့လဲ မဟုတ်ဘူးပေါ့ . . . ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သုံးချင်ရာလေးတွေ သုံးနိုင်တော့ . . . စိတ်အနှောက်အယှက် အနည်းငယ် ဖြေရှင်းနိုင်ပါတယ်။ ငွေနဲ့ တိုင်းတာမရတဲ့ အရာတွေလဲရှိတာပါဘဲ . . . "

"နိုင်လွင် . . . သော်စိုးက အခြေအနေကောင်းရဲ့လား"

" မပြောတတ်ဘူး . . . သေခြင်းတရားဆိုတာက ပြောရခက်ပါတယ်။ သေမယ်ထင်ပြီးတော့လဲ ရှင်ချင်ရှင်တာဘဲ။ ရှင်မယ် ထင်ပြီးတော့လဲ သေချင်သေတာဘဲ . . . ဘာမှ ပြောမရဘူး . . . သော်စိုးသေရင် မသန်းအေးတော့ ဒုက္ခပါဘဲ"

" ဒုက္ခ . . . ဒုက္ခမ ခံနိုင်ပါဘူး . . . ရှိလဲ အိမ်ပြန် ပိုက်ဆံမပေးဘဲ ။ ပိုက်ဆံကို အရည်ဖျော်ပစ်ေ ာဘဲလေ . . . မထူးပါဘူး . . . မူးပြီး ပြန်ရောက်မလာမချင်း မျှော်နေရတဲ့ အလုပ်တစ်ခုတောင် အေးသွားဦးမယ် . . ."

" ခက်ဝေကတော့လေ . . . ယောကျ်ား တစ်ယောက်ရှေ့က ရှိနေတာ မူးနေလဲ ကောင်းတာပေါ့ . . . "

" မကောင်းပါဘူး . . . "

အေးအတူပူအမျှဆိုတဲ့ အထဲမှာ အရက်သောက်ပြီး ပေးတဲ့အပူဆိုတာမျိုး မပါဘူး။ ကျွန်မကတော့ အဲလိုလူမျိုးဆို စိတ်ပျက် လွန်းလို့ပါ။

❀ ❀ ❀ ❀ ❀





ခက်ဝေလေး

ကိုမိုး အူအတက်ပေါက်တာ ခွဲရတယ်လို့ ပဲခူးက ဖုန်းလာလို့ လိုက်သွားတယ် . . . ဖုန်းဆက်မယ် . . . စိတ်ပူ မနေနဲ့ နော်နော် . . . "

ပိုက်ဘုတ်ပေါ်မှာ ရေးထားတဲ့ စာကြောင်းလေး ဖတ်ရတယ်။ နော်နော်ကလည်းလေ ကျွန်မ ပြန်လာတောင်မှား စောင့်ပါဦး တော့လား။ ပဲခူးကို ကျွန်မလိုက်ပို့မှာပေါ့ . . . ။ ကိုမိုးအောင်ဝင်း အူအတက်ပေါက်လို့တဲ့လား။ နေမကောင်းတဲ့ သတင်းတွေချည်း ကြားနေရတာပါလား။ တံခါးခေါက်သံကြောင့် ခွင့်ကြည့် မိပါတယ်။

" ဒေါ်လေးကြည် "

" ဖွားတင်ကို နည်းနည်းကြည့်လိုက်ပါ ခက်ဝေရယ် . . . ဖျားနေလို့ပါ။ ဒေါ်လေးကြည်က နေပေးချင်ပေမယ့် အိမ်မှာ သားက ဖျားနေပြန်တယ်"

" ရပါတယ် ဒေါ်လေးကြည် . . . ကျွန်မ ဂရုစိုက် လိုက်ပါမယ် "

" အခုတော့ ဆေးတိုက်ထားခဲ့ပြီ . . . ညဖက်ဆေး တစ်ခွက် အချိန်ကျရင် တိုက်ပေးပါလား . . . တော်ပီဖျော်ရော့ တာအစ အသင့်ရှိပါတယ်"

" ဟုတ်ကဲ့ "



www.burmeseclassic.com

www.burmeseclassic.com



ဆေးတိုက်ရမည့် အချိန်နှင့်ဆေးတစ်ခွက်အပ်သွား ပါတယ်။

ဖွားတင်ကမှ တံကောင်းပါသေးတယ်။

ဒေါ်လေးကြည် မနေနိုင်လည်း ကျွန်မနှင့် နော်နော့်ကို အပ်သွားလေ့ရှိပါတယ်။ တစ်ယောက်ထဲ ဘာစားရမလည်းလို့ ရေခဲသေတ္တာကို ဖွင့်ကြည့်တော့ ထုံးစံအတိုင်း ကြက်အူ ချောင်းရယ် ကြက်ဥရယ် ငါးသေတ္တာရယ်က အမြဲရှိတာဘဲ။ ထမင်းမစားချင် တော့ဘူး။ နော်နော်ဝယ်ထားတဲ့ ပေါင်မုန့်နဲ့ဘဲ စားလိုက်မယ် . . .။ ဖွားတင်ဘာစားချင်လဲ သတိရလို့ ဟိုဘက်ခန်းကိုလာခဲ့တယ်လေ။

" ဖွားတင် အိပ်နေလား "

" ဘယ်သူလဲ နော်လေးလား "

" ခက်ဝေပါ "

" ခက်လေးလား . . . ထိုင်လေ"

ဖွားတင် ကုတင်ဘေးဝင်ထိုင်လိုက်တယ်။ အခန်းက အခန်းဖွဲ့မရှိပါဘဲ တိုက်ခန်းတစ်ခုလုံးက အခန်းကျယ်ကြီးအတိုင်း မပြင်မဆင်ပါ။ ဖွားတင် ကုတင်ပေါ်မှာ . . . ဆေးဘူးတွေလဲရှိ စာအုပ်တွေလဲရှိ . . .။ ဖွားတင်ရဲ့ ကြောင်ကြီးကတော့ ကုတင်ခြေရင်း မွေ့ယာပေါ်မှာ အခန့်သား ခွေခွေကြီး အိပ်လို့။ ကျွန်မလှမ်းကြည့်လိုက်တော့ . . . အညောင်းဆန့် အပျင်း ထုနေလိုက်သေးတယ်။



"အခန်းက လှောင်လွန်းပါလား။

တံခါးအားလုံးပိတ်ထားပြီးတော့ . . . လေက မလတ်ဆတ်လိုက်တာ။ ကြောင်ရဲ့ အညစ်အကြေးနံ့တွေ လည်းရနေပါတယ်။ နော်နော်ကတော့ ဖွားတင်ဆီကို ပိုပြီးရောက်လေ့ရှိတော့ သည်အညစ်အကြေးတွေ လှောင်ပိတ် နေတဲ့ အကြောင်းပြောလေ့ရှိပါတယ်။ တံခါးတစ်ချပ် နှစ်ချပ်လောက် ဖွင့်ပေးချင်ပေမယ့်လို့ ဖျားနေတယ် ဆိုတော့လည်း . . . မဖြစ်မြန်ပါဘူး။

" ဖွားတင် ဘာစားချင်လဲလို့ လာမေးတာ "

" ဘာစားရမလဲ မကြည်ကတော့ ဖျားနေတယ် အာမှမစားနဲ့တဲ့ "

" ဆန်ပြုတ်လေး ခေါက်ဆွဲပြုတ်လေး စားချင်ရင် ရပါတယ် . . . စားမလား . . . ကျွန်မ ပြုတ်ပေးမယ် "

" စားလို့ရရင်တော့ စားချင်ပါတယ်။ ခက်လေးတို့ အလုပ်ပိုနေရင် နေပါစေ . . . "

" အလုပ်မပိုပါဘူး . . . ခေါက်ဆွဲပြုတ်ပေးမယ် . . . "

တတ်နိုင်သရွေ့တော့ လုပ်ပေးပါမယ်။ ဘာဘဲ ပြောပြော ကြီးမေကြီးကို ကျွန်မ သိပ်ချစ်ခဲ့တာပါ။ ဒါပေမယ့် အခွင့်များများ မရလိုက်ဘူးလေ။

ဖွားတင်က ကျွန်မတို့နှင့် အနီးအနားမှာရှိနေလို့ တတ်အားသရွေ့ကြည့်ပေးမယ့်လူရှိသေးတာ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အလှည့်ကြရင်ကော . . .။

တစ်ယောက်တည်း . . .။ တစ်ယောက်တည်းဆိုတဲ့ အတွေးဟာ တစ်ခါတစ်ခါ စိတ်ကို အပ်တစ်ချောင်းနှင့် ဆွနေသလို တစစ်စစ်နာကျင် အားငယ်နေစသလိုပါဘဲ။

မဟုတ်ဘူး

ကျွန်မတစ်ယောက်တည်း မဟုတ်ဘူး

ကြောင်တစ်ကောင်ကို အဖော်လုပ်စရာလဲ မလိုဘူး။ ကျွန်မအဖော်အဖြစ် ပန်းချီကားချပ်တွေများစွာရှိမှာပါ။ ကျွန်မက အဖော်မဲ့မဟုတ်ပါဘူး . . .။

ခေါက်ဆွဲပြုတ်တစ်ခွက် ပြုတ်လိုက်တယ်။ ဟင်းတွေကို ဖွယ်ဖွယ်ရာရာချက်စားတဲ့ အလေ့အထက ကြီးမေကြီး ဆုံးပြီးနောက်မှာ ကျွန်မအတွက် ရှိကို မရှိတော့တာပါ။

" ညောင် . . ."

ဟင်

ကြောင် . . .။

အမယ် သည်ကြောင်က ကျွန်မနောက်ကလိုက်လာ တာလား . . .။ ဖွားတင် နေမကောင်းလို့ သူ့အတွက် အစား အစာမရနိုင် မှန်းသိလို့ ကျွန်မနှင့်လိုက်လာပြီး အစာတောင်း တာလား။

ကျွန်မခြေထောက်တွေကို လာပွတ်သပ်နေတယ်။



ကျွန်မ မနှစ်မြို့စွာ အသာလေးရှောင်ဖယ်ပြီးတော့ သွား သွားလို့ နှင်ထုတ်လိုက်တယ်။ ကြောင် ရောက်လာတာ မကောင်းဘူး။ အညစ်အကြေးတွေ ပေကျံနေရင် ကျွန်မ ရွံတတ်တယ်။ ကြောင်တွေကိုလည်း မချစ်တတ်ဘူး။ ဒါပေမယ့် ရက်ရက်စက်စက် ကန်ထုတ်လိုက်သည်အထိလည်း မလုပ်ချင်ပါ။

" သွားစမ်းပါဟယ် . . . ကြောင်တွေကို ငါမချစ် တတ်ဘူး . . . ဘာလဲ နင့်မှာ စားစရာမရှိဘူးလား စားစရာ မရှိလည်း ဖွားတင်ဆီခေါက်ဆွဲပြုတ် နည်းနည်းတောင်းစား . . "

ခေါက်ဆွဲပြုတ် ပန်းကန်သွားပို့ပေးပြီးတော့ ကြောင် လိုက်မလာခင် အမြန်ပြန်လာခဲ့တယ်။ ဖွားတင်အတွက် ကိစ္စပြီးမှ ကျွန်မစားဖို့ပြင်ဆင် ရဦးမှာပါ။ ငါးသေတ္တာတစ်ဘူး ဖောက်တယ်။ ကြက်ဥတစ်လုံး ကြက်အူချောင်းနဲ့ ပေါင်မုန့်စားဖို့ ပြင်တယ်လေ. . .။

ကြောင် ဝင်မလာနိုင်အောင် တံခါးအားလုံး ပိတ်ထား လိုက်တယ်. . .။ အဲသည့် ကြောင်အရင်က ကျွန်မတို့ အခန်းကို မလာတတ်ပါဘူး။ ခုမှ ဘာကိစ္စလာရတာလည်း။ နော်နော် ပြန်လာရင်တော့ ကြောင်ကို ရိုက်ထုတ်လိုက်ပါလို့ပြောရမယ်။

သော်စိုး ဆုံးသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရေးလက်စ ပန်းချီကား တစ်ချပ်တော့ ကျန်နေရစ်ပါတယ်။ မသန်းအေးမငိုနိုင်တော့ပါဘူး။ ဘဝမှာ သောကအမောတွေ များလွန်းလို့ မျက်ရည်တွေလည်း ခန်းသွားပြီထင်ပါရဲ့ . . .။ ကလေးအတွက်ဘဲ စိတ်မကောင်းပါဘူး . . .။

" သူငယ်ချင်းတစ်ယောက်တော့ ရှေ့ကသွားနှင့်ပြီ . . "

" နင်လည်း ဆက်သောက်နေရင်တော့ အမြန်ဆုံး သော်စိုး နောက်လိုက်ရလိမ့်မယ် . . . "

" နင်မကြိုက်ရင် ငါမသောက်ဘူးလေ "

" အမယ် . . . လုပ်မနေနဲ့ . . . နင့်ဖာသာ သောက်ချင်သောက် မသောက်ချင်နေ . . . ငါကြောင့်လို့ လာမပြောနဲ့ . . . ကိုယ့်အသိစိတ်ဓါတ်နဲ့ ကိုယ်နေ . . . "

" နင်ကလေ နည်းနည်းလေးမှတောင် မကြင်ပါလား "

" ငါ့ချစ်သူဘဲ ငါကြင်နာမှာပေါ့ . . . "

သော်စိုးကို သတိရနေမိပါတယ်။ အရက်သောက်တာကို ပြောမရတာတစ်ခုကလွဲရင် ကျန်တဲ့ အကြောင်းတွေမှာ အင်မတန် စိတ်ရှည်သည်းခံသော သူငယ်ချင်းပါဘဲ။

ကိုကြီးထင်လင်းရဲ့ ပန်းချီဆိုင်ခန်းမှာလည်း သော်စိုးရဲ့ ပန်းချီကား နှစ်ချပ်ဘဲ ကျန်တာမို့ တစ်ချပ်ကို နိုင်လွင်က ဝယ်လိုက်ပြီး တစ်ချပ်ကို ကျွန်မဘဲ ဝယ်ထားလိုက်ပါတယ်။ မသန်းအေးအတွက် အရေးတကြီး သုံးစရာငွေလေးရလည်း



မနည်းဘူးပေါ့။ သော်စိုး လက်ရာလည်း အမှတ်တရ ကျန်ခဲ့တာပေါ့လေ။

" သော်စိုးမသေဘဲ ငါသေရင် နင် ငိုမလား "

" မငိုပါဘူး . . . စိတ်မကောင်းတော့ဖြစ်မယ် . . . သော်စိုးသေသွားတာလဲ ငါစိတ်မကောင်းဖြစ်တာဘဲ "

" ဒါဆို နင်က ငါ့ကိုသော်စိုးနဲ့ တန်းတူဘဲ ခင်တာပေါ့ "

" သူငယ်ချင်းတွေပါဆို . . . "

ပြန်လာတော့မှ မိုးတွေရွာလို့ တော်ပါသေးရဲ့။

ဘာဘဲပြောပြော သော်စိုးရဲ့ နောက်ဆုံးအချိန်လေးမှာ ကြည်ကြည်လင်လင် ရှိနေတာတော်သေးတာပေါ့။ နိုင်လွင်ကို ပန်းချီခန်း ပို့လိုက်ပြီးတော့ . . . အိမ်ပြန်လာခဲ့တယ် . . .။ တယ်လီဖုန်း လာနေပါလား။ ကြည့်ရတာ နော်နော့် အသိတွေလား။ ကျွန်မဆီကိုဆို ဟဲန်ဖုန်းကိုခေါ်မှာပေါ့။ တံခါးဖွင့်ပြီး ဖုန်းအရင် နားထောင်ရတယ်။

" နော်နော် ရှိပါလား "

" နော်နော် . . . နော်နော် ပဲခူးသွားပါတယ် . . . တစ်ရက်နှစ်ရက်ဆိုရင်တော့ ပြန်လာမှာပါ။ ဘယ်သူလို့ ပြောရမလဲဟင် "

" သူ့ သူငယ်ချင်း သက်သက် ဆက်တယ်ပြောပေးပါနော် "

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့ "

တယ်လီဖုန်းချလိုက်ပြီးမှ သတိရတယ်။ သက်သက်ဆိုတာ နေလင်း အစ်မထင်ပါရဲ့။ နေလင်းဆိုတာနှင့် ချိုလွင်သော မျက်နှာလေးတစ်ခုကို အမှတ်ရပါလား။

အခန်းနံရံမှာ ချိတ်ထားသော ပန်းချီကားဆီကျွန်မ မျက်ဝန်းရောက်သွားပါတယ်။

ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းကလေးပေါ်မှာ ကျွန်မဟာ နေသင့်တယ်ဆိုတော့ . . . နှင်းရော အခုဘယ်လို နေသင့်တဲ့ နေရာကိုရောက်သွားပြီလည်း. . .။ သူငယ်ချင်းတွေကိုတော့ အမှတ်ရနေဦးမှာပါ. . .။

ဖွားတင်ကို သွားကြည့်မိတယ်လို့ သတိရစွာ တစ်ဖက်ခန်းကူးခဲ့တယ်။

ဖွားတင်က ထိုင်နေရာက ခက်လေးလာလေတဲ့။

" နေကောင်းသွားပြီလား ဖွားတင်"

" သက်သာသွားပါပြီ ခက်လေးတို့ကို ကျေးဇူးတင်ပါတယ် . . . "

" ဘာလို့ ကျေးဇူးတင်ရမှာလည်း . . . အိမ်နီးနားချင်းတွေဘဲ ဖွားတင်ရယ် . . . ကူညီနိုင်တာ ကူညီရမှာပေါ့ . . . "

" ညောင်. . . "

ခြေထောက်ကို လာပြီးတိုးဝှေ့ပြန်တယ်။



မိတ်ဆွေလာမဖွဲ့နဲ့ ကိုရွှေကြောင်

ကျွန်မက ကြောင်တွေမချစ်တတ်ဘူးလို့ ပြောထားတယ်။ ဖွားတင်လည်း နေကောင်းနေပြီမို့ ပြတင်းတံခါးဖွင့်ထားပါလားလို့ ပြောမိတယ်။

" သားကြီးက တံခါးဖွင့်ရင် ခေါင်မိုးပေါ် ဆင်းဆင်းသွားတယ် ခက်လေးရဲ့ . . . ဟိုဖက်အိမ်မှာက ခွေးတွေရှိတယ်လေ စိတ်မချဘူး . . . ဒါကြောင့် ပြတင်းပေါက်တွေမဖွင့်တာ . . . "

ဖွားတင်က သူ့ကြောင်ထွက်သွားမှာ စိတ်ပူနေတာကိုး။ ဒါဆိုလည်း စိတ်ချမ်းသာသလို သာရှိပါစေတော့. . .။ အခန်းဆီကျွန်မ ပြန်လာခဲ့တယ်။ ဖုန်းလာပြန်ပါပြီ။

" မနော် ရှိပါလား "

" နော်နော် မရှိဘူးလေ ပဲခူးသွားတယ် "

" သိပါတယ် တမင်မေးတာ မမနဲ့တွေချင်တာပါ"

" ဪ နေလင်း "

" မမက ချက်ချင်း သိတာဘဲကိုး "

" ကိစ္စရှိလို့လား "

" မမသက်က မနော်ဆီ ဖုန်းဆက်တာ ပဲခူးသွားတယ် မရှိဘူး သူ့သူငယ်ချင်းနဲ့ဘဲတွေ့တယ်ဆိုတော့ မမကို သတိရတာနဲ့ ဆက်လိုက်တာပါ . . . မမတစ်ယောက်ထဲ နေရမှာပေါ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း ဘာဖြစ်လဲ နေနေကြပါ ... နော်နော် အတူလာမနေခင်ကလဲ ကျွန်မတစ်ယောက်တည်း နေတာဘဲ"

"မမ မကြောက်ဘူးလား"

"ဘာကြောက်စရာရှိလဲ ..."

"သတ္တိကောင်းတာပေါ့ ...ကျွန်တော်လာလည်လို့ ရမလား ..."

"နော်နော် ပြန်လာမှလာပါ ..."

"ခဏတော့ အသံတိတ်သွားတယ်။

ကျွန်မ တစ်ယောက်တည်းဆို နိုင်လွင်လို ငယ်သူငယ်ချင်း အကြောင်းသိတောင်မှ ခဏနေရင် ပြန်ခိုင်းလိုက်တာ။

"ဒါဘဲနော် နေလင်း ..."

ဖုန်းချပစ်လိုက်တယ်။ ဘယ်လို ကောင်လေး တစ်ယောက်ယောက်နှင့်မှ မခင်မင်ချင်တော့ဘူး ...။

မျက်နက်ဝန်းတစ်စုံ အမြိုးချိုချို တစ်ပွင့်ကမေးတယ်။

ဟုတ်ရဲ့လား မမ အဲသည့်ထဲမှာ ကျွန်တော် မပါဘူးနော် တဲ့လား။ သက်ပြင်းတစ်ချက် ရှိုက်ရင်း စားပွဲခုံမှာထိုင်လိုက်တဲ့ အချိန် ခြေဖမိုးကို နူးညံ့သောအတွေ့အထိကြောင့် ကြည့်မိတယ်။

ဟင် ကြောင် ...

ဘယ်တံခါးပေါက်က ဝင်လာလဲ။





အခန်းကလျှောင်လို့ ဝရံတာတံခါးဖွင့်ထားမိတာ. . .၊ ဝရံတာချင်း ကူးတတ်နေပြီလား။ အရင်က ဝရံတာဖွင့်ထားလဲ မလာပါဘူး။ ဖွားတင် ပေါင်ပေါ်မှာထိုင်နေတတ်တာကလွဲပြီး သည်ဖက်ခန်း ကူးလေ့မရှိ။ အခုမှ သည်ဖက်ခန်းကို လာတတ်နေပါရော လား။

"မနက်က ကြော်ထားတဲ့ ငါးကြော်တစ်တောင်ရှိတယ်။ မင်းကိုကျွေးလိုက်မယ် ကြောင်ကလေး ...ပြီးရင် ကိုယ့် အခန်းကိုယ် ပြန်နော် ...ငါသိမ်စိတ်ရှည်တဲ့လူ မဟုတ်ဘူး"

နားလည်သလိုလို မော့ကြည့်မနေပါနဲ့။ ချပေးလိုက်တဲ့ ငါးကြော်ကိုယူပြီး ဝရံတာကနေ ပြန်ထွက်သွားပြီ။ တောင်းတယ် ကိုယ့်အိမ်ကိုယ်ပြန်တော့။

"အခုသက်သာသွားပြီလား"

"သက်သာသွားပြီ ခက်လေးရဲ့ ...ဟယ် သည်ပန်းချီကားလေး ကြိုက်လိုက်တာ ...မိုးသည်းထဲမှာ လှလိုက်တဲ့ နှင်းဆီပွင့်လေး ပွင့်ဖတ်တွေတောင် လှုပ်ခပ်နေ သလိုဘဲ ဩော် ဘယ်သူ့ကားလဲ မှတ်တယ် ကိုသော်နိုင်ကြီး ကားလေးကို ဘာလဲ မိုးတွေကိုကြိုက်လို့ ခက်ဝေဝယ်လိုက် တာလား ..."



www.burmeseclassic.com

www.burmeseclassic.com



နော်နော် ခရီးရောက်မဆိုက် သော်စိုးအကြောင်း မပြောချင်လို့ နှုတ်ဆိတ်နေလိုက်တယ်။ တခြားစကားပြောချင်တာမို့ သက်သက်နှင့် နေလင်း ဖုန်းဆက်တဲ့အကြောင်း ပြောပြလိုက်တယ်လေ။

" သက်သက်ဆက်တာက ထားပါ . . . နေလင်းက ဘာလို့ ဆက်ရတာလဲ . . . "

" နေလင်းကြောင့် ကျွန်မ ကားရှေ့ခန်းပါနေရာ ပျောက်သွားရသေးတယ် "

" ခက်တာဘဲ . . . ခက်ဝေ . . နော့်ကြောင့် နေလင်းတို့နဲ့ သိရပေမယ့် . . . သူတို့နဲ့ နော်တွေ့ချိန်က ကြာခဲ့ပြီ သည်ကြားထဲမှာ သည်ကောင်လေးနဲ့ မတွေ့တာကြာပြီ . . . နော့်ကြောင့် မလိုအပ်ရင် မခင်မင်ပါနဲ့ . . . "

" ဟုတ်ပါပြီ . . . ခက်ဝေမခင်ရအောင်နေပါမယ် . . "

မွှားတင်အကြောင်းပြောပြရင်း ကြောင်ကလေး သည်ဖက်ခန်းလာပြီး ထမင်းဟင်းတောင်း တတ်နေတာပါ ပြောမိတယ်။

" ဒါဆို နော်မရှိခိုက် ခက်ဝေ အဖော်ရနေတာပေါ့ ဟုတ်လား . . . "

" အဖော်မလိုချင်ပါဘူး . . . နော်လာရင် မောင်းထုတ်ခိုင်းမလို့ . . . "





"ကြောင်က အညစ်အကြေးတွေ ဟိုနေရာသွား သည်နေရာသွား ညစ်ပတ်လို့ကတော့ နော်က ရိုက်ထုတ်မှာ "

" ခုထိတော့ ဘာအညစ်အကြေးမှမသွားပါဘူး . . . "

တယ်လီဖုန်းသံကြောင့် ကျွန်မလှမ်းကိုင်လိုက်တယ် နော်နော်ရှိလားတဲ့။ တစ်ခါကြားဘူးပေမယ့် ကျွန်မသိပါတယ်။ နေလင်း အစ်မ သက်သက်အသံပါ။ ဒါကြောင့် ဖုန်းခွက်ကို လက်နှင့်ပိတ်ပြီး သက်သက်လို့ပြောလိုက်တယ်။ နော်နော်က ယူ နားထောင်လိုက် ပါတယ်။

" ဟုတ်တယ် ခုခုဘဲပြန်ရောက်တာ သက်သက် လာမလို့လား . . . လာလေ . . . "

ဖုန်းပြောပြီးတော့ လာလည်မည့်အကြောင်းပြောတာတဲ့။

" သူတို့မှာ မောင်နှမဆယ့်နှစ်ယောက်တောင် ရှိတယ်တဲ့ . . . "

" ဟုတ်တယ် . . နော်နဲ့ တွေ့ချိန်မှာတုံးက အားလုံး ခင်ခင်မင်မင် ရှိပါတယ်။ ဒါက ကြာခဲ့ပြီ ခက်ဝေ . . ခုချိန် အသက်တွေ ကြီးလာပြီ နော်တို့တွေ့ချိန်က . . . တကယ့် ကလေးလေးတွေပါ. . . "

နော်နော်က ကိုမိုး နေမကောင်းတုံးက စိတ်ပူလိုက်ရတာ ဆိုတဲ့ အကြောင်းတွေဆက်ပြောပြပါတယ်။ အသက်အန္တရာယ် မရှိတော့ဘူးဆိုမှ မျက်ရည်သုတ်နိုင်တာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



" သံယောဇဉ်ရဲ့ အပူကို တွေ့ရတော့ . . . အဲသည်သံယောဇဉ် မရှိရင် အဲသည် အပူရှိမှာ မဟုတ်ဘူးလို့ တွေးမိတယ် ခက်ဝေ. . . ခက်ဝေလို သံယောဇဉ်မရှိရင် သိပ်ကောင်းမှာလို့လည်း နော် တွေးမိတယ်။ အခုအချိန်မှာ တိုက်ခန်းတစ်ခန်း အဖွားကြီး တစ်ယောက် ပန်းချီကားတွေနဲ့ ဘဝက အေးချမ်းမယ်လို့ နော်စဉ်းစားမိတယ် . . . ခက်ဝေ နှလုံးသားမလှုပ်ရှားသေးရင် သံယောဇဉ် မရှိစေနဲ့တော့ အပူတွေပါ ခက်ဝေရယ် . . . "

ကျွန်မနှလုံးသားမလှုပ်ရှားသေးရင်တဲ့။

ချိုမြိန်သော အပြုံးတစ်ပွင့်နှင့် မျက်နက်ဝန်းက ကျွန်မကို လာကြည့်နေသလိုပါလား။ သံယောဇဉ်တွေက ပူလောင်သတဲ့။ သံယောဇဉ်မရှိလို့ ပူလောင်ခြင်းကို မသိစေကာမူ . . . တခြားသော ပူလောင်ခြင်းတွေကိုရော ကျွန်မက မမြင်ဘူးဘူး တာမှ မဟုတ်တာ။

" နော်နော့်ကို ပြောရဦးမယ် သော်စိုး ဆုံးသွားပြီ "

" ဟင် ဘယ်သို့ ကိုသော်စိုးကြီးလေ . . . ဟယ် စိတ်မကောင်းလိုက်တာ . . . "

" ဒါကြောင့် သူ့ပန်းချီကား နှစ်ချပ်ကျန်တာ နိုင်လွင်နိုင်ငံ တစ်ယောက်တစ်ကားယူလိုက်တယ် . . . "

သော်စိုးဆီ စိတ်ရောက်သွားကြပြန်ပါပြီ။ မသန်းအေးရဲ့



မငိုနိုင်တော့သော အပူသောကတွေအကြောင်းပေါ့. . .။ ပြိုကွဲပျက်ဆီးသွားသော မိသားစုလေးတစ်စုရဲ့ အကြောင်း။

" အချစ်ဆိုတာ ပူလောင်မှုန်း သိသိနဲ့ ချစ်သူကို ယုံကြည်မှုတစ်ခုကြောင့် မီးတောထဲဝင်တိုးသလိုပါဘဲ ခက်ဝေ"

နော်နော်တစ်ယောက်တော့ သူ့ရဲ့ကိုမိုးကို ဘယ်လောက်များ ပူပန်လာသည်မသိ။ ပူလောင်ခြင်းတွေသာ ညည်းညူနေတော့တာ။

❀ ❀ ❀ ❀ ❀

" သက်သက်က ပိုလှလာတယ် . . . "

" နော်လဲ လှတယ် နဲနဲလဲပိုဝနေသလိုပါဘဲ"

" မနော် . . . မမရော . . . "

" ခက်ဝေလား . . . အိပ်နေတယ် "

" ဟယ် . . . သည်အချိန်ကြီး အိပ်နေတယ် ဟုတ်လား"

" ခက်ဝေအကြောင်းမှ မင်းတို့မသိတာ သူက တစ်ခါတစ်လေ တညလုံး ပန်းချီဆွဲတယ် . . . တနေ့ခင်းလုံး အိပ်တယ်. . . သူပျော်သလိုနေတာ . . . အပူအပင်ကင်းတယ်"

" နော့် သူငယ်ချင်းက ရုံးအလုပ်မလုပ်ဘူးလား . . . "

" မလုပ်ဘူး . . . ခက်ဝေက ချမ်းသာတယ် . . . ပန်းချီဘဲဆွဲတာ သူ့ပန်းချီကားတွေက ရောင်းရတယ်ဆိုလဲ

www.burmeseclassic.com

www.burmeseclassic.com



ရောင်းပြီးရင် လှူပစ်လိုက်တာပါဘဲ . . . သူက တစ်ကောင်ကြွက်လေ . . . မိဘလဲမရှိဘူး ကြီးတော်ကြီးထားခဲ့တဲ့ အမွေပုံကြီးပေါ် ထိုင်စားပြီး ဝါသနာပါတဲ့ ပန်းချီတွေဘဲ ဆွဲနေတာ . . . "

ကျွန်မနားထဲမှာ အသံတွေကြားနေရပြီး လန့်နိုးလာခဲ့တယ်။ ပထမတော့ ဘယ်သူတွေမှန်းမသိ။ နောက်တော့ နားထောင် ကြည့်ရင်းမှ နေလင်းတို့မောင်နှမလို့ သိလိုက်တယ်။ ဒါဆိုရင်တော့ အပြင်မထွက်တာဘဲ ကောင်းပါလိမ့်မယ်။ သူတို့က ကျွန်မ အကြောင်းပြောနေကြတာပါလား။ အိပ်ရေးလည်း မဝတာမို့ ငြိမ်အိပ်နေလိုက်တယ် . . . ဘယ်လို အိပ်ပျော်တော့မှာလည်း . . .။

ဖုန်းသံလေးကြားရတယ်။

ဒါဟာ ကျွန်မ ဟဲန်ဖုန်းရဲ့အသံပါလား။ ဟဲန်ဖုန်းကို အိမ်ရှေ့စားပွဲမှာတင်ထားခဲ့မိတယ်။ နော်နော် ယူနားထောင်ပါလိမ့်မယ်။

" ခက်ဝေလား . . . အိပ်နေတယ် ကိုနိုင်လွင် . . . ဟုတ်လား ကိုသော်စိုးအိမ်သွားဖို့ ပြောထားတယ်လား နိုးလာရင် နော် သတိပေးလိုက်ပါမယ် . . . ကိုသော်စိုးအကြောင်း ကြားရတာ နော် စိတ်မကောင်းလိုက်တာ . . . "

နိုင်လွင့်ဆီက ဖုန်းလာတာပါလား။



ဟုတ်သားဘဲ။

မသန်းအေးဆီကို ပန်းချီကားဘိုးတွေသွားပေးရင် ရှေ့အတွက်ဘာတွေ စီစဥ်ထားလဲ စကားသွားပြောကြမည်လို့ ပြောထားတယ်။ အိပ်ရေးမဝလို့ ခေါင်းမကြည်လင်ပြန်ပါဘူး။ မသန်းအေးဆီက ညနေစောင်းသွားလည်းရပါတယ်။ ပြန်အိပ်ဦးမည်။

" သည် ပန်းချီကားက မမဆွဲတာလား"

" သူ့ သူငယ်ချင်းတွေ ဆွဲတာတွေလဲ ပါတယ်. . . "

" ညည့်ခန်းတစ်ခုလုံးလဲ ပန်းချီကားတွေ ပြည့်နေတာဘဲနော် . . . သက်တို့ကတော့ ပန်းချီလဲဝါသနာမပါတော့ နားမလည်ပါဘူး . . . "

" နော်လည်း ခက်ဝေလိုတော့ အနုပညာ မျက်စေ့လဲ မရှိပါဘူး . . . လှတဲ့ ကားလေးဆို လှတယ် ကြိုက်တယ်လောက်ပါဘဲ . . . "

" မမက ပုံတူမဆွဲဘူးလားဟင် . . . "

" ပုံတူ , . . ဆွဲတော့ဆွဲတတ်မှာပေါ့ . . . ဒါပေမယ့် ဆွဲလိုက်ရင် မှုန်မှိုင်းနေတဲ့ ကားမျိုးတွေများတယ်။ ကြည့်လိုက်တာနဲ့ ထိုင်းမှိုင်းလာတာတွေမျိုး . . . "

ကျွန်မရဲ့ ပန်းချီကားတွေအကြောင်းကနေ သူတို့ မိသားစုတွေ အကြောင်းရောက်သွားပြန်ပါတယ် . . . နောက်ဆုံးမှာတော့။

www.burmeseclassic.com

www.burmeseclassic.com



" လာ မိသက် နင်တို့ မောင်နှမကို အပြင်မှာတစ်ခု[illegible] လိုက်ကျွေးမယ် အိမ်မှာက ငါတို့နှစ်ယောက်ဖြစ်သလို[illegible] စားကြတာ. . . "

ကောင်းပါတယ်။

ဒါမှသူတို့ထွက်သွားကြရင် အိမ်ခန်းထဲက ထွက်လာ[illegible] လို့ရမယ်။

" မမကလည်းအိပ်ပုတ်လိုက်တာ . . . အတူတူ[illegible] မုန့်သွားစားရရင်ကောင်းမှာကို . . . "

" ခက်ဝေက သူ့စိတ်ကူးတည့်သလိုနေတာ . . . "

သူတို့တံခါးပိတ်ပြီး ထွက်သွားကြတော့မှ အိပ်ယာထဲက ထွက်လာခဲ့တယ်လေ. . . ။ ကိုကြီးထင်လင်းရဲ့ ဆိုင်ကို[illegible] ဖုန်းဆက်လိုက်တယ်။ နိုင်လွင်နဲ့ တွေ့ပါတယ်။

" နင် နိုးပြီလား "

" အင်း . . . နိုးပါပြီ ဒါပေမယ့် အိပ်ရေးမဝလို[illegible] ခေါင်းကိုက်နေတယ် . . . ညနေမှသွားပါဟာ ငါလာခေါ်ပါမယ် . . . နင် ကိုကြီးထင်လင်း ဆိုင်မှာဘဲ စောင့်နေ. . . "

" နေမကောင်းရင် ဆေးသောက်ပြီး ပြန်အိပ်နေလေ[illegible] . . . သိပ်နေမကောင်းလဲ နောက်ရက်မှသွားပါလား . . . "

" နေကောင်းပါတယ် ခဏ ပြန်အိပ်လိုက်ရင်[illegible] ကောင်းသွားမှာ "



" ဒါဆိုလဲ အိပ်တော့ . . . "

ပြောမည့်သာပြောရတယ်။

ပြန်မအိပ်တော့လည်း မပျော်တော့ပါဘူး။ နောက်ဆုံး[illegible]တော့ ကော်ဖီခါးခါးတစ်ခွက် ဖျော် အကိုက်အခဲပျောက်ဆေး[illegible]စ်လုံး သောက်တယ်လေ။ ကော်ဖီသောက်နေတုံး တံခါးဖွင့်သံ[illegible]ကြောင့် နော်နော် ပြန်လာမှန်း သိလိုက်တယ်။

" ခက်ဝေ နိုးနေလား "

" အိပ်ရေးမဝလို့ကွာ ခေါင်းတွေကိုက်လို့ ဆေးသောက်[illegible]နေတာ . . . နော်နော် ဘယ်က ပြန်လာလဲ . . . "

" နေလင်းတို့ မိသက်တို့လာလို့ ဆီချက်လိုက်ကျွေးတာပါ[illegible] . . သည်မှာ ခက်ဝေအတွက် ကြေးအိုးဆီချက်ဝယ်လာတယ် "

" ဝယ်လာရင်စားမယ် . . . "

နော်နော်က ကြေးအိုးဆီချက် ပြင်ကျွေးပါတယ်။ [illegible]ပြင်ကျွေးရင်း သက်သက်တို့ မောင်နှမတွေအကြောင်း ပြောပြ[illegible]ပါတယ်။ မိသားစုတွေကများ . . . ပြီးတော့ အိမ်ထောင်ကွဲ[illegible]တွေပါ တစ်အိမ်တည်း နေနေလေတော့ ရှုပ်ပွနေတဲ့ ပြဿနာ[illegible]တွေရှာပေါ့။

" မိသက်အပြောနဲ့တင် စိတ်မောစရာပါဘဲ . . . [illegible]နေလင်းကလည်း သဘော်က ပြန်လာတာ . . . ပြန်မသွား[illegible]တော့ဘူးတဲ့လေ တကယ်ဆို ကိုယ့်အဖေအို အမေအိုလုပ်ကျွေး[illegible]ရှာပေါ့ . . . "

www.burmeseclassic.com

www.burmeseclassic.com



" သူက ဘာလို့မပြန်တာလဲ "

"သူ့အဖေ အမေ စိတ်မချလို့ဆိုလား သူ့အဖေ မခွဲနိုင်လို့ဆိုလား . . . တိကျခိုင်လုံတဲ့ အကြောင်းလည်းမရှိပါ . . . ယောကျ်ားလေးဖြစ်ပြီး . . . အိမ်မှာလဲ ညီ ညီမ ရှိရက်နဲ့ . . . "

" လူဆိုတာ သူ့အကြောင်းနဲ့သူ ရှိကြတာပါဘဲ နော်နေ . . . အကြောင်းအမျိုးမျိုးတွေပေါ့ဟယ် . . . "

" သူတို့ မောင်နှမတွေအများကြီးကို ငယ်ငယ် တွေ့တုံးက စုစုရုံးရုံး စားကြသောက်ကြ ပျော်စရာလိုပါဘဲ . . ခုတော့ စိတ်ညစ်စရာလိုဘဲ . . . "

" လူတွေကကိုယ့်ဘဝကိုယ်တော့ ပျော်လဲနေရ မပျော်လဲ နေရမှာပေါ့ . . . "

" ခက်ဝေရော . . . ခက်ဝေဘဝမှာ ပျော်ရွှင်စ ကောင်းတယ်လို့ တွေးသလား နော်ကတော့ နော့်ဘဝ ပျော်တယ်"

ကျွန်မရယ်မိတယ်။ ပျော်ရွှင်တယ်ရယ်တစ် မရှိခဲ့သလိုပါဘဲ။ ငယ်ငယ်တုံးကလဲ ပျော်ရွှင်လှချည်ရဲ့ မရှိပါဘူး။ ကြီးမေကြီးနဲ့ နေရတုံးကတော့ ပျော်ရွှင်လှချည် မရှိပါဘူး။ ဒါပေမယ့် အေးချမ်းပါတယ်။ အခုရော . . ပူပန်စရာမရှိ အေးချမ်းလှပါတယ်။ ဒါပေမယ့် . . . ပျော် လှချည်ရဲ့ဆိုတာ ဘာလို့မေးရသလိုပါဘဲ။



" ကျွန်မဘဝမှာ ပျော်ရွှင်လှချည်ရဲ့တစ်ခါမှ ရှိဘူး. . . "

" နော်နော် သက်ပြင်းရှိုက်လိုက်တာကို ကျွန်မ ကြားလိုက်ပါတယ်။

❀ ❀ ❀ ❀ ❀

ဘဲလ်မြည်သံကို ကြားနေတယ်။

အိမ်နေရာကလန့်နိုးသွားပြီ။

နိုင်လွင်ဘဲနေမှာ။ နေ့လည်နေ့ခင်းတွေဆို ကျွန်မဆီ လာပါနဲ့လို့ ပြောထားတာ။ တော်ယုံကိစ္စနှင့် ဘယ်တော့မှ လာနှင့် ကျွန်မအိပ်နေရင် အနှောက်အယှက်ဖြစ်ပြီး လန့်မနိုးချင်။ ပြောမရပါလား။ နော်နော် ပြန်လာတာတော့ တုတ်နိုင်။

စိတ်ပျက်ပျက် ခြေလှမ်းတွေနှင့်တံခါးဖွင့်လိုက်တယ်။

" မမ"

" ဟင် "

တကယ်။

အိပ်ချင်တာတွေ ဘယ်ရောက်သွား ပြီမသိ။

နေလင်းကို မြင်လိုက်ရတာမှာ ကျွန်မအံ့ဩသွား ပါတယ်။ ဘယ်လိုမှ မထင်မှတ်ထားတဲ့ ဧည့်သည်တစ်ယောက် တုတ်လား။ ဒါကြောင့် အိမ်ထဲဝင်လို့လည်း မခေါ်မိ။

www.burmeseclassic.com

www.burmeseclassic.com



" မမ . . . ညသည်ကိုတောင် အိမ်ထဲမခေါ်ပါလား
" ကိစ္စရှိလို့လား နေလင်း . . . "
" မနော်မှာထားတဲ့ဆေး လာပို့တာ "
" ဒါဆိုရင် နော်နော့်ဆိုင်မှာ သွားပို့ဖို့ကောင်းတာ . . . ပေးချင်လဲမပေးခဲ့လေ . . . ခုချိန်ကျွန်မက အိပ်နေတာ . . . ပြီးတော့ ကျွန်မညည့်မခံနိုင်လို့ပါ . . . နော်နော် ပြန်လာတဲ့ ညနေမှ လာပါလား . . . "
" မမအိပ်နေတာလား မသိလို့ပါ ဒါဆို သည်မှာ ဆေးပုလင်း . . . ကျွန်တော်သွားမယ် . . . "
ဆေးပုလင်းကို ယူလိုက်တယ်။
သည်အခိုက် ဖုန်းကမြည်လာလို့သွားကိုင်ရပြန်တော့ မျက်ဝန်းတွေတောင် ကျယ်လာပါပြီ။ ဖုန်းကလည်း မသန်းအေးပြောတာဆိုတော့ သေချာနားထောင်လိုက်ရပါတယ်။ သူတို့အိမ်မှာရှိတဲ့ သော်စိုးရဲ့ ပန်းချီကားနှစ်ချပ်ကို ကိုကြီးထင်လင်း တောင်းထားတာကို ကျွန်မ အားရင်လာယူပေးဖို့ပါ။ မနက်ဖြန် ညနေလောက် ကျွန်မ လာယူပါမယ်လို့ ပြောလိုက်တယ်။
ဖုန်းချပြီး ကြည့်လိုက်တယ်။
"ဟင် နေလင်း "
"မမ ဖုန်းဆက်နေလို့ပါ ကျွန်တော် သွားတော့မယ် . . .





ကျွန်မ အိပ်ချင်ပြေနေပါပြီ။
ဒါကြောင့်လည်း။
" ဝင်လေ ကော်ဖီတစ်ခွက်တော့ တိုက်ပါမယ်။ အိပ်လို့လည်းရတော့မှာ မဟုတ်ပါဘူး . . . "
ကျွန်မ ကော်ဖီဖျော်ပြီး ပြန်ထွက်လာတော့ . . . ကျွန်မညက ဆွဲထားတဲ့ ပန်းချီကားရှေ့မှာ သူရပ်နေတယ်၊ မြင့်မားတဲ့ အရပ်ကိုတွေ့ရတဲ့အခါ . . ။ ဟိုးပထမဆုံး နန္ဒကို တွေ့ရစဉ်က . . . ဟင် ယောက်ျားဖြစ်ပြီး အရပ်ကပုလိုက်တာ . . . မကြိုက်လိုက် တာလို့ စိတ်မှာခံစားဖူးတဲ့ဆီ အမှတ်ရ သွားတယ်။ စိတ်နောက်ကျိသွား သလိုပါလား။
" မမ . . . သည်ပန်းချီကားက ပြီးသွားပြီလား"
" နဲနဲဘဲ လိုပါတော့တယ် . . . "
" မမပန်းချီကားကို ကြည့်ပြီး ချမ်းစိမ့်လာသလိုလို . . . များချင်လာတယ် "
"ဩော် တော်တော်ဘဲ ခံစားတတ်ပါလား . . . "
" အမှန်ဝန်ခံရရင် လက်တွေကျကျနေရတဲ့ဘဝမှာဘဲ နေလာရတော့ စိတ်ကူးနဲ့ခံစားရတာတွေကို မခံစားတတ်ပါဘူး"
" ထိုင်လေ . . . "
ကော်ဖီတစ်ခွက်နှင့် မုန့်ပန်းကန်ကို သူထိုင်သည့်ဘက်ရှေ့ ရွှေ့ပေးလိုက်တယ်။

www.burmeseclassic.com



" မမရော မသောက်ဘူးလား "

" ကျွန်မ ထမင်းတောင် မစားရသေးဘူး . . . "

" ခုချိန်ထိ ထမင်းမစားဘဲ အိပ်နေတယ် . . . တော်ကြာ အစာအိမ်ရောဂါဖြစ်လာပါဦးမယ် . . . ပန်းချီးဆွဲတာဘဲ မမရာ . . . နေ့ခင်းဆွဲပါလား . . . အခန်းထဲမှာ မမတစ်ယောက်ဘဲရှိတာ . . . တိတ်ဆိတ်အေးချမ်းပါတယ်။ ညဖက် ပုံမှန်အိပ်ပေါ့ . . . "

" ညဖက်ရဲ့ တိတ်ဆိတ်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ ခံစားမှုတွေကို မင်း နားမလည်လို့ သည်စကားပြောတာပါ . . . ညဖက် ခံစားမှုနဲ့ ဆွဲတဲ့ပန်းချီးကားတစ်ချပ်ကို နေ့ခင်းမှာ မရနိုင်ပါဘူး "

" ကျွန်တော်နားမလည်ပါဘူး မမရာ . . . ကျွန်တော်က မမအိပ်ရေးပျက်လို့ ရောဂါဖြစ်မှာစိုးတာပါဘဲ . . . . "

" မင်းကရော . . . ဘာမှအလုပ်မလုပ်ဘူးလား "

သူက ပြုံးရင်း ကြည့်ပြန်တယ်။

သူ့ရယ်ရင်း သွားညီညီလေးတွေက စီရရီနှင့် တော်တော်နုပျိုလာတယ်။ ညိုပြီး စိုနေတဲ့ အသားအရည်မှာ ပါးပြင်လေးတွေကလည်း ချောမွတ်နေပါလား။

ဘာတွေလဲ

ကျွန်မဟာ ဘာလို့များ ကောင်လေးတစ်ယောက်ကို



ခုလောက် အနုစိတ် စိတ်ဝင်စားစွာ ကြည့်နေမိပါလိမ့်။ မျက်ဝန်းတွေလွှဲ ဖယ်ပစ်လိုက်တယ်။

" အမေပေါ့ မမရာ . . . အဖေနဲ့ အမေရန်ဖြစ်ကြတာ မမကိုပြချင်တယ် . . . ကျွန်တော် သဘောလိုက်နေတာ နေ့တိုင်း ငိုတယ်တဲ့ . . . ပြန်လာရော မသွားရတော့ဘူး တစ်ချက်လွှတ်ဘဲ အဖေကသည်လို မလုပ်ပါနဲ့ ကျွန်တော့် အနာဂတ်ရှိတယ် . . . လွှတ်လိုက်ပါဆိုလဲ ပြောမရဘူး "

" ကျန်တဲ့ အစ်ကိုတွေ ညီတွေရော "

" အမေက ကျွန်တော့်ကို အချစ်ဆုံး . . . "

" ဪ . . . "

" ဘာလို့ပြုံးတာလဲ မမ . . . ကျွန်တော်သိပါတယ်နော် အမေကချစ်တဲ့သားဟာ ချစ်သူအတွက်ကြရင် မချစ်တတ်ဘူး ထင်လို့လား . . . "

" မဟုတ်ပါဘူး . . . "

" ကျွန်တော်က အမေ့လဲချစ်မှာ ချစ်သူလဲချစ်မှာပါ ချစ်သူက မရှိသေးလို့ မချစ်ရသေးဘူးလေ . . . "

" သည်အရွယ်ရောက်မှ . . . "

" အပြီးမပါတဲ့ မျောက်လေ . . . "

ကျွန်မ ရယ်မိတယ်။

ယုံကြည်စရာလား။ မင်းလိုကောင်လေးတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူမရှိဘူးဆိုတော့ . . .။ သည်အချိန်မှာ ကျွန်မ ခြေထောက်ကို လာပွတ်သက်နေတဲ့ ဖွားတင်ရဲ့ ကြောင်ကို တွေ့ရတယ်။

" မမ ကြောင် ချစ်တယ်လား "

" မင်း ရော "

" ကျွန်တော် ကြောင်မချစ်ဘူး "

" ဒါ ဟိုဖက်အိမ်က ကြောင်ပါ . . . သွား သွား ပြန်တော့ . . . "

ကျွန်မရဲ့ နှင်ထုတ်နေကြလေသံကို နားလည်စွာ ကြောင်က ထွက်သွားပါတယ်။

" ကျွန်တော့်ကိုပါ နှင်မထုတ်ခင် ပြန်မှထင်တယ် "

" ဟုတ်တယ် . . . ကျွန်မလဲ ခေါင်းနောက်နေပြီ . . "

" ပြန်မယ် မမ . . . "

ပြုံးရင်း ကျွန်မကို ကြည့်နေတတ်တဲ့ မျက်ဝန်းလေးတွေ။ ကျွန်မ ခေါင်းငြိတ်ပြီး တံခါးဝထိ လိုက်ပို့တယ်လေ . . .။ ကြောင်ကလေးက ဖွားတင်အခန်းဆီ တိုးဝင်သွားတာ တွေ့လိုက်ရပါတယ်။ လှေကားရင်းကနေ သူ မော့ကြည့်ပြီး ပြုံးနေလိုက်တာ။ ကျွန်မစိတ်မှာ ထိတ်ခနဲ တုန်လှုပ်သွားသလိုပါလား။

❀ ❀ ❀ ❀ ❀





" ခက်ဝေ ဟင်းချက်ကောင်းတာဘဲ . . . ကြာဇံ ချက်လေးက ကောင်းလိုက်တာ မွှေးနေတာဘဲ နော်[illegible] အိပ်ကာနီးသောက်မှာ . . . "

ကျွန်မ ကျန်တဲ့ ဟင်းတွေသာ မချက်ချင်နေမှာ။ ကြာဇံချက်ကတော့ ခဏခဏချက်တယ်လေ။ ပြီးတော့ ထမင်းလွတ်သောက်မှာ။ တစ်ခါတစ်လေမှာ ညလယ်တောင်ကြီး ကြာဇံချက်ချက်သောက်ချင်သောက်မှာလေ. . .။

" ဖွားတင်အတွက် တခွက်လောက် သွားပေးပါလား နော်နော် . . . "

" အေး ကောင်းတယ်။ ဒါပေမယ့် သည်အချိန်မှာ ဖွားတင်စားရဲ့ရဲ့လားမသိ . . . သွားမေးလိုက်ဦးမယ်. . . "

နော်နော်ရှိရင်တော့ ကျွန်မက ဖွားတင်အခန်းကို ကူးခဲ့ပါတယ်။ နော်နော်မရှိတုံးက ရောက်ပြီးပြီလေ။ လှောင်ပိတ်ပြီး ကြောင်ရဲ့ အညစ်အကြေးအနံ့တွေနဲ့ ဖွားတင်အခန်းရောက်ရင် ရှိသမျှ တံခါးတွေဖွင့်ပစ်လိုက်ချင်တယ်။

နော်နော်မှ ပြန်မရောက်သေး။

ကျွန်မ ခြေထောက်နားကို ရောက်လာတာ ကြောင် တလေးပါလား။

" ဖွားတင်က ရင်ပြည့်နေလို့ သည်အချိန်မစားရဲတော့ ဘူးတဲ့ လာပါဟာ နော်နဲ့ ခက်ဝေဘဲ စားကြတာပေါ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့စားပွဲမှာ သေချာပြင်ဆင်ပြီး သူငယ်ချင်းနှစ်ယောက် ကြာဇံချက်စားကြတယ်။ စားရင်းနဲ့ နော်နော်က ပြောတယ်လေ အစားကောင်းစားရရင် ချစ်သူကြိုက်တဲ့ အစားအစာကိုစားရရင် . . . ချစ်သူကို သတိရတယ် . . . ကိုမိုးကို သတိရလိုက်တာ ဟယ် တဲ့လေ . . .။

ကျွန်မကရော . . .။

ဖျတ်ခနဲဆို မျက်နှက်ဝန်းလေးနှင့် အပြုံးချိုချိုကို ပြေးမြင်လိုက်သလိုပါဘဲ . . .။

"ခက်ဝေရော . . . ကိုနိုင်လွင်ကြီး သတိမရဘူးလား"

" မရပါဘူး "

" ဒါဆို မချစ်လို့ပေါ့ "

" ချစ်ရင်သတိရ ရောလား "

" ဒါပေါ့ . . . "

သတိရမိတာ ချစ်လို့တဲ့။

ဒါဆို နေလင်းဆိုတဲ့ ကောင်လေးကို ကျွန်မ သတိရနေတာ ချစ်လို့လား။ ဟုတ်နိုင်ပါဘူး။ ချစ်စရာလား။ ငြိမ်သက်တိတ်ဆိတ်လွန်းတဲ့ ကျွန်မနှလုံးသားက နေလင်းလို ကောင်လေးနှင့် လှုပ်ရှားရမည်လို့ဘဲ။ မဖြစ်နိုင်ပါဘူး။ အချစ်ကို ကျွန်မမှ မယုံကြည်တာ . . .။

" သည်နေ့ သက်သက်နဲ့တွေ့တယ် သူတို့ညီမအငယ်လေးတစ်ယောက် ယောကျ်ားနောက်လိုက်လို့တဲ့ကွာ



. . . အစ်ကိုတွေကလဲ ဆူပူနေတာဘဲတဲ့ . . . သူတို့အိမ်မှာ နေလင်းတစ်ယောက်ဘဲ ဘယ်သူ့ကိစ္စထဲမှ ဝင်မပါဘဲ အေးဆေးတယ်ပြောတာ . . . သက်သက်က ခက်အကြောင်း နော့်ကိုမေးနေတယ် . . . သူ့အပြောကြည့်ရတာ နေလင်းက ခုတလော ခက်ဝေအကြောင်း ပြောလွန်းနေလိုလို့ ပြောတာဘဲ . . . နေလင်းနဲ့ ခက်ဝေ ဆုံကြသေးလား "

" ဆေးပုလင်းလာပို့တယ်လို့နော့်ကို ပြောပြတာဘဲ ကျန်တဲ့အခါမဆုံပါဘူး . . . "

" နေလင်းက ခက်ဝေကို စိတ်ဝင်စားနေသလား . . . တကယ့် အချစ်စစ်ဆိုရင်တော့ နော်ဘာမှ မပြောချင်ပါဘူး . . . ဒါပေမယ့် သူတို့က မိသားစုများတော့ ခက်ဝေကို ဝိုင်းမှိုခိုကြမှာ"

" နော် စိတ်ပူတာက မုန့်ဆီကြော်ကဘယ်နေမှန်းမသိ နှုတ်ခမ်းနာနဲ့တည့်ပါ့မလား ဆိုသလိုဖြစ်နေပြီ နေလင်းက ရိုးရိုးသားသား ပုံမှန်ပါဘဲ . . . "

" ပုံမှန်ရင် ကောင်းပါတယ် နော်ကတော့ ခက်ဝေ ပျော်ရွှင် နေတာဘဲ မြင်ချင်တာ . . . "

ခက်ဝေပျော်ရွှင်နေတာတဲ့ ။

ဘယ်တုန်းက ကျွန်မဘဝ ပျော်ရွှင်နေခဲ့လို့လည်း။ အေးချမ်းငြိမ်သက်စွာဘဲ ဖြတ်သန်းလာခဲ့တာဘဲလေ။ စားပြီးလို့ သိပ်မကြာခင်မှာ နော်နော်က အိပ်တော့မှာ၊ ကျွန်မကတော့

www.burmeseclassic.com



အိပ်ချင်စိတ်မရှိတော့ပါဘူး။ တစ်နေ့ခင်းလုံးလည်း အိပ်နေခဲ့ပြီး ပြီလေ။

" ခက်ဝေ ပန်းချီဆွဲတော့မလား "

" မဆွဲသေးပါဘူး . . . စာအုပ်ဖတ်မလားလို့နော် အိပ်တော့မလား "

" ခဏနေမှ အိပ်မှာပါ . . . မိုးရွာနေတာလား . . . ဆူညံနေသလိုဘဲ . . . "

ပြတင်းဖွင့်ကြည့်လိုက်တယ်။

မိုးက မှုံမှုံလေးတွေဘဲ ရွာနေတာပါ။ ဓါတ်တိုင် မီးရောင်မှာ မိုးမှုံဖွဲဖွဲတွေကို မြင်နေရတယ်။

" ခက်ဝေ . . . မိုးလေတွေ တိုက်နေတယ် တံခါး ပြန်ပိတ်ထားလေ . . . "

" ကြည့်စမ်း နော်နော် . . . မိုးရွာနေတာ သိပ်ကြည့် ကောင်းတာဘဲ ခုလိုမျိုးညဖက်မှာမိုးရွာနေရင် ခက်ဝေ ကြိုက်တယ် . . . ကြည့်နေရတာကိုက ခံစားချက်တစ်မျိုးလိုပါဘဲ"

"သည်လောက် မှောင်မဲအေးစိမ့်နေတဲ့ ပါတ်ဝန်းကျင် တွေကို ကြည့်ရတာ စိုစွတ်ပြီး ဖျင်းစရာကြီးပါ . . . နော်ဖြင့် နှစ်သက်စရာလို့ မထင်ပါဘူး . . . "

" ကျွန်မကတော့ သိပ်သဘောကျတာဘဲ . . . ကြည့်စမ်းနော် သွပ်မိုးပေါ် မိုးပေါက်ကျသွားတာကို ညီညီ





ညာညာ မြင်နေရတယ် . . . အဲသည်လိုမြင်တွင်းမျိုးကို ကျွန်မဖြင့် ဘယ်နှစ်နာရီထိုင်ကြည့်ရကြည့်ရ မငြီးငွေ့နိုင်ဘူး . . "

" ခက်ဝေကအံ့ဩစရာဘဲ . . . "

မိုးမှုံတွေကျနေတဲ့ သွပ်မိုးပေါ်မှာ အလင်းရောင် အနည်းငယ်ရှိနေပါတယ်။ ရုတ်တရက်ဆိုသလို လှုပ်ရှားနေတဲ့ အရိပ်ကလေး တစ်ခုကို မြင်ရလို့သေချာကြည့်နေမိတဲ့အခါမှာ။ ကြောင်တစ်ကောင်ပါလား။ သည်ကြောင်နှယ် . . .။ ခုလို မိုးတွင်းကြီးမှာ သခင့်ရဲ့ အိမ်ထဲ နွေးနွေးထွေးထွေးအိပ်နေ ရမှာကို ဘာလို့ အပြင်ထွက်နေတာလည်း . . .။

ခုလိုမျိုး ထိုင်ကြည့်နေရမည်ဆိုလျှင် ကျွန်မ စိတ်ဝင်စားသော အရာတွေကို အများကြီးပါဘဲလေ. . .။ တရွေ့ရွေ့ထွက်သွားတဲ့ ကြောင်ကလေးကို ပျောက်ကွယ်သည် အထိ ကြည့်နေမိဆဲ။

❀ ❀ ❀ ❀ ❀

ကိုကြီးထင်လင်းရဲ့အခန်းလေးရောက်ရင် သော်စိုးကို သတိရမိပါတယ်။ ကျွန်မကို မြင်တယ်ဆိုရင်ဘဲ ကိုကြီး ထင်လင်းက ခက်ဝေလာတာ အတော်ဘဲ ငါအပြင်ထွက် သွားမလို့ နှင်ဆိုင်စောင့်ပေး . . . နိုင်လွင့်ကို ငါမျှော်နေတာ သည်ကောင်ကလည်း သည်နေ့ မျှော်နေတာ မလာဘူး. . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နော်တတော့ ဆိုင်မှာတစ်ယောက်ထဲကျန်ခဲ့တယ်လေ . . .။

" မမ . . . "

" ဟင် . . . "

" မမကို တွေ့လို့ပါ . . . မမထိုင်နေတာကို မှန်ထဲကနေ ကျွန်တော် မြင်လိုက်ရတယ် . . . ဒါကြောင့် ကျွန်တော် ဝင်လာတာပါ . . . မမရဲ့ ဆိုင်လားဟင် . . . "

" မဟုတ်ပါဘူး . . . ဒါပေမယ့် သည်ဆိုင်မှာ ကျွန်မပန်းချီကားတွေ တင်တယ်လေ. . . "

" ဟုတ်လား ပန်းချီကားတွေ ကျွန်တော် ကြည့်ချင်လို့ ရမလားဟင် မမ "

" အနုပညာဆိုင်ခန်းပါဆိုမှ ဘယ်သူ ကြည့်ကြည့် ရပါတယ်. . . "

ကျွန်မက ကောင်တာထိုင်ခုံလေးမှာထိုင်နေတာ။ သူက ပန်းချီကားတွေလျှောက်ကြည့်နေတယ်။ သူ ခံစားတတ်လို့လား၊ နားလည်လို့လား

ဘာမှန်းတော့မသိ လျှောက်ကြည့်နေတာ။ ကျွန်မ ရှေ့မှာသူရှိနေတယ်။ ချော့ကလက်ရောင် စတိုင်ပဲန်နဲ့ အဖြူရောင်ရှပ် လက်ရှည်ကို ခေါက်ဝတ်ထားတယ်။ သူ့အသား ညိုပေမယ့် အခု အပြင်အဆင်နှင့် သပ်ယပ်နေတာပါဘဲ။ သူလှည့်ကြည့်တဲ့အခါ ဖျတ်ခနဲ မျက်ဝန်းတွေကို လွှဲဖယ်ပစ် ရတယ်။





" မမ နိုင်လွင်ဆိုတာ ဘယ်သူလည်း . . . "

" နိုင်လွင် ပန်းချီဆရာပေါ့ "

" မဟုတ်ဘူး နိုင်လွင်ဆိုတဲ့လူနဲ့ မမ ဘယ်လောက် ရင်းနှီးသလဲဟင် "

" သူငယ်ချင်းဘဲ "

" သူငယ်ချင်း သူက မမဆီ ဖုန်းဆက်တယ်လေ . . . "

" သူငယ်ချင်းပါဆို အရမ်းခင်တာဘဲ ဖုန်းဆက်တာ ဘာဖြစ်လည်း . . . "

" မမ . . . "

" ဘာလဲ "

" သည်ဆိုင်မှာ နေ့တိုင်းထိုင်တာလဲ မဟုတ်ဘဲ ဆိုင်ရှင်ဘယ်ရောက်သွားလဲ . . . "

ကျွန်မဘေးနားခုံမှာ ဝင်ထိုင်နေပြန်တယ်။ မွှေးပျံ့သော ရေမွှေးနံ့ သင်းသင်းကိုရတယ်။

" မမ . . . ကော်ဖီခါးခါးတခွက် သောက်ရအောင် . . "

" ကျွန်မမှ မအားတာ ဆိုင်စောင့်ရမှာ "

" ဘယ်အချိန်ထိ စောင့်ရမှာလည်း . . . မမသည်နေ့တော့ မအိပ်ဘူးလား . . . "

" ညဖက်ပန်းချီဆွဲတဲ့နေ့တွေဘဲ နေခင်းအိပ် နေတာပါ. . . နေ့တိုင်းမအိပ်ပါဘူး . . . သည်ဆိုင်ပိုင်ရှင် ကိုကြီးထင်လင်း ပြန်လာရင် ပြန်လို့ရပါပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို ကျွန်တော် စောင့်နေမယ် "

အနားမှာထိုင်နေတယ်လေ။ တကယ်ဆို မင်းပြန်တော့လေလို့ ပြောလိုက်ပါလား။ ဘာလို့များသူ ကျွန်မအနားမှာရှိနေခြင်းဟာ ပြည့်စုံနေသလိုထင်နေရတာလည်း။ ကျွန်မဟာ ဘယ်လို ယောကျ်ားလေးတစ်ယောက်နှင့် ခုလိုမျိုး မခံစားတတ်ခဲ့ပါဘူး. . .။

" မမဝိုကို မမ ပုံတူပြန်မဆွဲဘူးလား "

" ကျွန်မ ပုံက ဘာစိတ်ဝင်စားစရာရှိလို့လဲ ပုံတူဆွဲရမှာလဲ "

" ကျွန်တော် လိုချင်လို့လေ . . . "

" ဘာလုပ်မှာလဲ . . . ဘာမှ စိတ်ဝင်စား စရာမရှိဘူး"

" ကျွန်တော်လိုချင်လို့ပါဆို . . . "

စကားပြတ်သွားအောင် ဆိုင်ခန်းထဲကို လူတစ်ယောက်ဝင်လာလို့ပါ။ မော့ကြည့်လိုက်တဲ့အခါမှာ နိုင်လွင်လို့ ကျွန်မသိလိုက်တယ်။ နိုင်လွင့် မျက်ဝန်းတွေက ကျွန်မနှင့် နီးနီးတပ်ကပ်ထိုင်နေတဲ့ သူ့ဆီကို ရောက်သွားပါတယ်။

" နိုင်လွင်ရေ . . . ကိုကြီးထင်လင်းက ငါ့ကို ဆိုင်စောင့်ခိုင်းထားတယ် . . . ငါလဲ ညည်သည်ရောက်နေလို့ တခုခုလိုက်ကျွေး ရဦးမှာ . . နင် ဆိုင်စောင့်လိုက်ပါဟာ . . "

" နင်က ဘယ်သွားမှာလဲ . . . "





" ငါ့ညည်သည်ကို မုန့်လိုက်ကျွေးမှာ လာ နေလင်း သွားစို့"

နေလင်းနှင့်အတူ ထွက်လာရင်း စဉ်းစားရတယ်။ ကားပေါ်တက်လိုက်ရင် နေလင်းဆိုတဲ့ တောင်လေးက ရှေ့ခန်းမှာဝင်ထိုင်မယ်။ နိုင်လွင်က ဆိုင်ထဲကနေမျက်ခြေပြတ်ကြည့်နေမှာ။ နေလင်း ရှေ့ခန်းမှာထိုင်တာမြင်ရင် . . . မကောင်းဘူး နေလင်းနှင့်က တကယ့်ချစ်သူတွေလဲ မဟုတ်။

" မမ ကားနဲ့မသွားဘူလား"

" ဟင့်အင်း . . . အဝေးကြီးမသွားဘူး သည်နားမှာဘဲ သောက်မယ် . . . ဆိုင်ကို ပြန်ရဦးမယ် . . . "

" မမ . . . ကိုနိုင်လွင်ဆိုတဲ့လူက ချောသားဘဲ "

" အဲဒါ ဘာလုပ်ရမလဲ "

" သူက မမကို ချစ်နေတာလား "

" ဘယ်သိမလဲ "

" မသိဘူး . . . ဟုတ်ရဲ့လား မမရာ . . . သူ့မျက်လုံးတွေထဲမှာ မနာလိုခြင်းတွေမြင်ရတယ် . . . ဒါဆို . . . သူက မမကို ချစ်နေတာပေါ့ . . . "

" တော်တော် သိနေပါလား "

" ဟုတ်လား မမ"

" ဘာလဲနေလင်းရယ် . . . နင်ဟာ အေးနားမှာ ထရိုဂိုနဲ့. . . "

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါဘဲ။

ဘေးနားမှာတတွတ်တွတ်ပြောနေတော့တာ။

ကျွန်မက အိမ်မှာဆိုရင် နော်နော်အနားရှိတာတော စကားတခွန်းပြောချင်မှ ပြောတာ။ ငေးချင်ရာငေး တွေးချ ရာတွေး နေတဲ့သူလေ။ သူကတော့ အနားမှာ စကားတွေ ပြောနေတော့တာ . . .။

" မမ မကြိုက်ရင် မပြောတော့ဘူး . . . နှစ်ယောက်လုံ ထိုင်ပြီး ငေးနေရတာ ဘယ်ကောင်းပါ့မလဲ "

" ဘာလို့ မကောင်းရမှာလည်း . . . နိုင်လွင်နဲ့ ကျွန်မဆို . . . ထိုင်ခုံမှာထိုင်ပြီး ငေးနေတာ . . . အတွေးရရင်လဲ ပန်းချီကား တချပ်ပေါ့ . . . "

" မမ . . . နိုင်လွင်ပါလာပြီ . . . သူက ကျွန်တော့်ကို မနာလိုသလို ကျွန်တော်လည်း သူ့ကိုမနာလိုဖြစ်လာပြီနော် . . . "

" ဘာပြောတယ် "

" မမသည်မှာထိုင်နေပြီး စိတ်က နိုင်လွင်ဆီ မရောက်ရဲ့ လေဗျာ . . . မနာလိုပါဘူး . . . "

တောင်လေးတော့ မဟုတ်တော့ဘူး။ စကားတွေက အစွန်းမလွတ်ပြောတတ်လာပြီ။ သည်အခိုက် ဆိုင်နောက်ဖေး ထွက်လာတဲ့ ကြောင်ကလေးတစ်ကောင်ကိုမြင်ရတယ်။ ကြောင်က အဖြူတော့ အဖြူလေးပါ ဒါပေမယ့် မီးသွေး



ခိုးထဲကများ ထွက်လာသလားမှတ်ရ။ ညစ်ပတ်မဲတူးနေတာဘဲ။

" ဟိုမှာတွေ့လား အဲသည့်ကြောင်လေးလိုဘဲ မင်းစိတ်တွေလဲ ညစ်ပတ်မဲတူးလာပြီ သွားစို့ . . . "

ကျွန်မ ပိုက်ဆံရှင်းပြီး ထွက်လာတော့ သူလိုက်လာပါတယ်။ ကျွန်မ စိတ်ဆိုးတယ်ထင်လို့လား မသိ စကားသိပ်များတော့ပါ။

မိုးသံကြားရင်ကို ကျွန်မစိတ်က မငြိမ်သက်တာလား။ မြတင်းဆီ ချက်ခြင်းရောက်သွားမိပါတယ်။ မိုးရွာပုံ အမျိုးမျိုးကို နှစ်သက်စွာ ကြည့်နေမိမြဲ။ ညဦးယံပေမယ့် မိုးကြောင့် ဝန်းကျင်က ချက်ခြင်းတိတ်ဆိတ် သွားပါတယ်။ လမ်းပေါ်မှာတောင် လူသွား လူလာရှင်းသွားသလိုပါဘဲ။

" ဟာ သည်အချိန်ကြီး ဘယ်သူသည်လဲ "

ဘဲလ်သံကြောင့် နော်နော် သွားဖွင့်ပါတယ်။

" ဟင် ကိုနိုင်လွင် မိုးတွေလဲရွဲလို့ပါလား . . . အရေးကြီးလို့လား "

" မကြီးဘူး နော်နော် . . . သည်ဖက်ရောက်လို့ ဝင်လာတာ . . . "

နိုင်လွင် ဘာလို့များ . . . မလာစဖူး။ ညဖက်ကြီး ပါတယ်။မိန်းကလေးတွေနေတာဆို နိုင်လွင်က ညဖက် လိုက်



www.burmeseclassic.com

www.burmeseclassic.com



သိစ္စာ လာခဲ့တယ် ကိစ္စရှိရင် နိုင်လွင်က ညဖက်အလိုက်သိစ္စာ လာခဲတယ်။ ကိစ္စရှိရင်တောင် ဖုန်းဆက်ပြောတာ၊ မူးများ လာသလား။

" နင် အရက်သောက်လာလား . . . "

" မသောက်ပါဘူးဟာ နင်ကလည်း ငါ့ကိုအရက်သမားများ မှတ်နေလား . . . "

" ဒါဖြင့် ဘာကိစ္စလည်း . . . "

" ငါတန့်နှံ့ ဖြစ်နေတယ် "

နော်နော်က အလိုက်သိစ္စာကော်ဖီသွားဖျော်မယ်ဆို မီးဖိုထဲဝင်သွားတယ်ဆို မီးဖိုထဲဝင်သွားတယ်လေ။ ဘာတွေ ဖြစ်နေတာလည်း နိုင်လွင်ရယ် ဆိုတော့ နင့်ကိုငါသိပ်အံ့သြ တာဘဲ . . . အဲသည့်လိုကောင်လေး တစ်ယောက်ကို နင် ဘာများသဘောကျသွားတာလဲတဲ့။

လက်စသတ်တော့ နေလင်းကြောင့်ပါလား။

" နေလင်းနဲ့ ငါ မောင်နှမတွေလိုနေတာပါ . . . ဘာဖြစ်ရမြန်တာလဲဟာ . . . "

" မောင်နှမ . . . ငါသိတယ် "

" ဘာလဲ မျက်လုံးထဲမှာ အချစ်တွေရှိတယ်။ ဒါမျိုးဘဲ ပြောမှာဘဲမဟုတ်လား . . . "

အဲလိုပြောတော့ ငြိမ်နေပါတယ်။ တစ်ယောက်ကလဲ





နိုင်လွင့် မျက်ဝန်းထဲမှာ အချစ်တွေရှိတယ်တဲ့ . . . တစ်ယောက် တလဲ နေလင်း မျက်ဝန်းထဲမှာ အချစ်တွေရှိတယ်တဲ့။

" ငါ့ဘဝ ငါ့ချစ်သူ ငါ့ဖာသာရွေးမှာပါ နိုင်လွင် . . . ငါ့အကြောင်းကို နင် အသိဆုံးပါ . . . "

" မဟုတ်သေးဘူး ခက်ဝေ . . . နင့်မှာ စည်းစိမ် ဥစ္စာတွေ သိပ်များတယ်။ နင့်ကိုအချစ်စစ်နဲ့ မချစ်ဘဲ ဒါတွေ မက်မောတဲ့ ယောကျ်ားမျိုးနဲ့တွေ့သွားမှာ ငါ စိုးရိမ်တယ် "

" ဒါဖြင့် နင့်ကို ငါ တစ်ခုမေးပါရစေ . . . နင်ရောငါရဲ့ အဲသည့် စည်းစိမ်ဥစ္စာတွေကြောင့် ချစ်နေတာလား လက်ထပ် ချင်နေတာလား "

" ဘာ . . . "

နိုင်လွင်

နိုင်လွင်

ရယ်ရတယ်။ သူ့ကိုအဲလို ပြောတော့ ဒေါသထွက်သွား တယ်။ ချက်ခြင်း မျက်နှာပျက်ပြီး ကျွန်မကို ကြည့်နေလေရဲ့။

" လူဆိုတာ အဲလိုဘဲနိုင်လွင် . . . ကိုယ့်ကိုအဲလို ပြောရင် ကြိုက်လား . . . ဘယ်သူဟာ ငါ့ကို အချစ်စစ်နဲ့ ချစ်တယ် ဘယ်သူက ငါ့ရဲ့စည်းစိမ်ဥစ္စာတွေကို မက်မော တယ်ဆိုတာ ငါသိနိုင်ပါတယ် ငါ့မှာ နှလုံးသားတစ်ခုရှိတာ မဟုတ်ပါဘူး ဦးနှောက်လဲ ရှိပါတယ် . . . နင် မပူပါနဲ့ . . . "

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ပါပြီလေ . . . နင့်ကို ပြောမရဘူးဆို ငါမပြောတော့ဘူး. . . "

" ကိုနိုင်လွင်ကြီး ကော်ဖီ သောက်ပါဦး . . . မုန့်ရောစား"

နော်နော်ထွက်လာတော့ စကားပြတ်သွားတယ်။ နိုင်လွင်အချစ်က ကျွန်မမှာ ဘာပိုက်ဆိုင်မှုမှ မရှိခင်အချိန်ထဲက ချစ်ခဲ့တာ မသိတာမှ မဟုတ်ဘဲ . . .။ ဒါပေမယ့် ငါ့ကိုဘဲ ချစ်ရမယ်ဆိုတဲ့ အတ္တမျိုးတော့ ကျွန်မ မနှစ်သက်ပါဘူး။

" ငါပြန်မယ် ခက်ဝေ . . . နော်နော် ပြန်ပြီ . . . "

ကော်ဖီတစ်ခွက်ကို မသောက်ရင် မကောင်းလို့ သောက်သာသောက်ရတယ် မုန့်မစား။ နှုတ်ဆက်ပြန်သွားပြီ နော်နော်က ဝရံတာကနေ နိုင်လွင့်ကို လိုက်ကြည့်လိုက်သေးရဲ့။ ကျွန်မကတော့ နိုင်လွင်နှင့် စကားပြောတဲ့ နေရာမှာ ထိုင်နေဆဲ။

" ခက်ဝေ "

" ဟင် "

" ကိုနိုင်လွင် ဘာတွေ ဖြစ်လာလဲ "

" နေလင်း အပြောနဲ့ ပြောရရင် မနာလိုလာတာတွေ"

နေလင်းက အမှတ်တမဲ့ ရောက်လာတာ နိုင်လွင် တွေသွားတာ ပြောပြလိုက်တယ်။ နော်နော်ကတော့ သေချာ စဉ်းစား နေပုံရပါတယ်။

" နော်ကတော့ ခက်ဝေရဲ့ အချစ်ရေးထဲ ဝင်မပါရက်ဘူး



. . . နှလုံးသားဆိုတာက ပြောရခက်တယ်။ သင့်တော်ပါတယ် ဆိုတဲ့ လူကိုချစ်ချင်မှချစ်လို့ရတတ်ပြီး မသင့်တော်ပါဘူးဆိုတဲ့ လူကိုမှ သိပ်ချစ်နေတာတွေရှိတာဘဲ . . . ခက်ဝေမှာ ဆုံးဖြတ် နိုင်တဲ့ ဦးနှောက် ရှိမယ်နော်ထင်တယ်လေ . . . နေလင်း အကြောင်းဆိုရင်တော့ နော်စုံစမ်းမယ် . . . နော့်ကြောင့် ခက်ဝေဆီ နေလင်း ရောက်လာတာ မဟုတ်လား ကိုနိုင်လွင်သိရင် နော့်ကို စိတ်ဆိုးမလား . . . "

ဘာဆိုင်လို့လည်း။

အချစ်ရဲ့ ဆန်းပြားထူးဆန်းမှုကို နားမလည်လို့ပါ အချစ်က သည်အချိန်သည်လူနှင့် ချစ်ရမည်ဆိုရင် ရှေ့ကို သည်လူဟာ တနည်းနည်းနှင့်တော့ ရောက်ကိုလာရတာဘဲ မဟုတ်လား။ နေလင်းက နော်နော့်ကြောင့် မဟုတ်လဲ တနည်းနည်းနှင့်တော့ ကျွန်မဆီ ရောက်လာမှာပါ။ အချစ် ဖြစ်ခဲ့မည် ဆိုရင်ပေါ့ . . .။

" ကျွန်မ ဘဝမှာ . . . ကျွန်မကို သေတပန် သက်တဆုံးချစ်ဖို့လဲ မလွယ်ဘူး . . . ကျွန်မရဲ့ စကားတခွန်းနဲ့ ဝေးသွားနိုင်တာ တွေလဲရှိတယ် . . . "

" တစ်ခါတစ်ခါမှာ နော်သိပ်မှားသွားသလား စဉ်းစား မိတယ်။ ခက်ဝေ အရမ်းချမ်းသာတဲ့အကြောင်း နေလင်းတို့ကို မပြောသင့်ဘူး ကိုနိုင်လွင်ပြောသလို . . . အချစ်စစ်လား မစစ်လား မသိနိုင်ဘူးပေါ့ . . . "

www.burmeseclassic.com



" မဆိုင်ပါဘူး . . . ဒါကို စိတ်မပူပါဘူး . . . နော် မသိသေးတဲ့ ကျွန်မ အကြောင်းတွေကို . . .

" ဘာအကြောင်းတွေလည်း "

" နော်သိရင် သိပ်အံ့ဩမယ် စိတ်လဲပျက်မှာဘဲ "

" ဘာတွေမို့လည်း ခက်ဝေရယ် . . . "

ကျွန်မလေ . . . ဘယ်တော့မှ နောက်ကို ပြန်ငဲ့မကြည့်ချင်ပါဘူး။ အတိတ်ဟာ ဆိုးဝါးသော ပုရိပ်တစ်ခုနှယ် ကျွန်မကို ခြောက်လှန့်နေမြဲ။ ဒါပေမယ့် ဖျောက်ဖျက်လို့ မရနိုင်ဘူးလေ။ ကျွန်မရဲ့ ငယ်စဉ် ဘဝက ဘာများလှပခဲ့လို့လည်း။

" ခက်ဝေ မွေးနေ့မှာ မိုးတွေသဲသဲရွာတယ်တဲ့ နော်နော် . . . သိပ်သည်းတဲ့ မိုးထဲမှာ အမေ့ဆေးရုံကို လာတဲ့ အဖေရဲ့ ကားဟာ မိုးကြောင့် တိုက်မိခဲ့တယ် . . . ခက်ဝေ မွေးနေ့ကို အဖေဆုံးတဲ့နေ့အဖြစ် သတ်မှတ်ခဲ့ကြတယ် "

" ဟင် "

" နော်နော်က သူတစ်ခါမှမကြားဘူးတဲ့ အကြောင်းတွေမို့ ကျွန်မကို ငေးကြည့်နေပါတယ်။ သတိမရချင်ပါဘူး။ သတိမရအောင်နေတယ်။ ကျွန်မမှာ ငွေတွေအများကြီးရှိပေမယ့် မွေးနေ့ပွဲ ကျင်းပလေ့မရှိဘူး။ ကျွန်မ မွေးနေ့မှာ အဖေဆုံးတဲ့ နှစ်လည်တွေ အတွက်ဘဲ ဆွမ်းကျွေးလေ့ရှိပါတယ်။

" အမေကလည်း . . . အဖေ့အကြောင်းကိုကြားပြီး မီးတွင်းထဲမှာဘဲ ဆုံးပြန်ရော . . . ကျွန်မဟာ အဖေနဲ့ အမေ့ကို



သေဆုံးစေတဲ့ ဂြိုလ်ကောင်မလေး ဆိုတဲ့စကားတွေသာ တစ်သက်လုံး ကြားခဲ့ရတယ်"

" မဆိုင်ပါဘူး . . . ဒါဟာ သူ့အကြောင်းတွေနဲ့ သူလာတာပါ . . . "

" ကျွန်မရဲ့ ဆွေမျိုး အသိုက်အဝန်းကြားမှာတော့ သိပ်ကိုဆိုင်တယ် . . . "

" ခက်ဝေရဲ့ ကြီးကြီးက အဖေ့အစ်မလား အမေ့ အစ်မလား ဟင် . . . "

" အဖေ့အစ်မပါ . . . အမေ့ဆွေမျိုးတွေက ကျွန်မကို လုံးဝမလိုချင်ဘူးလေ နောက်ဆုံး ကြီးမေကြီးကဘဲ ငါ့တူမလေး ငါပဲမွေးစားမယ် . . . ဆိုပြီး ကျွန်မကို ခေါ်လာတဲ့ နေ့မှာ . . . ကြီးမေကြီး ကားတိုက်ခံရပြီး ခြေထောက်တစ်ချောင်းကျိုး ပြန်ရော"

" ဟယ် ဖြစ်မှဖြစ်ရလေ . . . မြောစရာတွေက အမှုမှုကို ဖြစ်နေတာပါလား . . . တိုက်ဆိုင်မှုတွေက ခက်ဝေဘဝကို စိတ်အနှောက်အယှက်ဖြစ်လောက်အောင် ကြုံစေတာကိုး . . "

" ဟုတ်တယ် . . . ကြီးမေကြီး ပိုင်ဆိုင်သမျှ ခက်ဝေ ရတော့မှာဘဲဆိုပြီး . . . ကျွန်တဲ့ ဖေဖေ့အမျိုးတွေက အမျိုးမျိုး တိုက်ခိုက်ကြတယ် . . . ကျွန်မဘဝက ကြီးမေကြီးကလွဲပြီး မြို့စောင်းမြောင်းပစ်တင်နေတဲ့ စကားတွေ မျက်လုံးတွေကြားမှာ ကြီးပြင်းခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



" ဖြစ်ရလေ ခက်စေရယ် . . . "

ကျွန်မအတွက် အတိတ်ကခါးသီးလွန်းပါတယ်။ ပြန်ပြီးတော့ကို သတိမရချင်လောက်အောင် စိတ်အနှောက်အယှက် တွေချည်းပါ။ ကျွန်မကို သိပ်ချစ်တဲ့ ကြီးမေကြီးကိုတော့ သတိရတတ်ပါတယ်။ လူတစ်ယောက်ကို ပိစိသေးကွေး ဖဝါး လက်နှစ်လုံး ပုခုံးလက်နှစ်သစ်ကနေ နို့ဘူးတိုက်မွေးရတဲ့ ကြီးမေကြီးမေတ္တာကနည်းသလား။ ဘာတွေဘဲ ဖြစ်ဖြစ် ကြီးမေကြီးစကားဆို ဖြူလည်း ညိုတယ်ပြောလတ်ခံခဲ့တာဘဲ မဟုတ်လားတွယ်။

❀ ❀ ❀ ❀ ❀

အပိုင်း (၂)

" ပုလဲ . . . မာမီ သမီးကို ဘာပြောထားလည်း သည်ကောင်မလေးနဲ့ မပေါင်းပါနဲ့ မသွားပါနဲ့ပြောထားတာ မရဘူးလား . . . သည်တစ်ခါနောက်ဆုံးဘဲနော် . . . နောက်တစ်ခါဆို မာမီ ရိုက်မိမယ် . . . သမီးအရွယ်က အပျို ဖြစ်နေပြီ အရိုက်ခံရမှာ . . . သည်ကောင်မလေးနဲ့ မဆက် ဆံပါနဲ့ . . . "

" ကျွန်မ နားထဲကို သည်စကားတွေက ရှင်းလင်း ပြတ်သားစွာ ဝင်ရောက်လာပါတယ်။ ပုလဲနှင့် စာအုပ်အငှားဆိုင်



အတူ သွားတာလည်း မဟုတ်ပါဘူး။ အငှားဆိုင်ရောက်မှ တွေ့ကြတာပါ။ ညီမတဝမ်းကွဲတွေထဲမှာ နီလာတို့သန္တာတို့ ထက်စာရင် ပုလဲက ကျွန်မအပေါ်မှာ ပိုဖော်ရွေပါတယ်။

ဒါကြောင့်လည်း စာအုပ်အငှားဆိုင်က အပြန်လမ်းမှာ . . . ပုလဲနှင့် ကျောင်းအကြောင်းတွေ စာအကြောင်းတွေ ပြောရင်း အတူလျှောက်ခဲ့မိတာပါ။

ကျွန်မ စိတ်မကောင်းပါဘူး။

ကျွန်မအတွက်ကတော့ ဘယ်ညီအစ်မကမှ မခေါ်လဲ မထူးဆန်းတော့ပါဘူး။ ငယ်ထဲက ကစားဖော်မဲ့စွာ ကြီးမေကြီး ပိုင်သည့် တိုက်ခန်းကျယ်ကြီးထဲတစ်ယောက်ထဲ အရုပ်ကလေး တွေနှင့်သာ နေနေခဲ့ရတာဘဲလေ။

ပုလဲနှင့်က ပထမနှစ်မှာ ယူသည့်အဓိက ဘာသာချင်း လဲတူလို့ စတားသွားပြောမိတာပါ။ နောက်ဆိုဆင်ခြင်ပါမယ်။ ကျွန်မ ကြောင့်ဘယ်သူမှ စိတ်အနှောက်အယှက် မဖြစ်စေချင်ပါ ဘူးလေ။

" ခက်လေး . . . စာအုပ်ဆိုင်က ပြန်လာတာလား ခုနက မောင်နိုင်လွင် ဖုန်းဆက်တယ်။ သမီးမှာထားတဲ့ အင်္ဂလိပ်စာ စာရွက်ဆိုလား . . . ရပြီတဲ့ "

" ဟုတ်ကဲ့ကြီးမေ . . . "

ကျောင်းမှာ ခင်မင်ရတဲ့ နိုင်လွင်တို့လို သူငယ်ချင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ခင်မင်စရာကောင်းပါတယ်။ အိမ်မှာကတော့ မလွယ်ပါဘူး။ ကျွန်မ မျက်နှာကလည်း . . . သံပတ်ရှုပ် တစ်ရှုပ်လိုပေါ့။ အိမ်မှာဆို ခပ်တည်တည် ခပ်တင်းတင်း ကျောင်းရောက်မှ ပြုံးပြတတ်တာလေ။

" ခုနက မိခင်နွယ် ဘာတွေအော်နေတာလဲ . . . "

အန်တီနွယ့် အသံကျယ်လား မကျယ်လား ကြီးမေကြီးတောင်မှ ကြားသွားတာပါလား။ ဒါကြောင့်မပြောချင်ပါဘဲ ပုလဲနှင့် ပြန်လာမိလို့ဆူတဲ့ အကြောင်းပြောပြရတယ်။

" သူတို့က ဘာဖြစ်နေတာလည်း . . . သည်လောက်ဖြစ်နေရလား . . . မိခက်ဝေ . . . နောက်ဆိုသည်မှာရှိသမျှ တစ်ယောက်နဲ့မှ မသွားမိစေနဲ့ စကားမပြောမိစေနဲ့ ကြားလား . . . သူတို့ ဖြူရင် ငါတို့လဲ ဖြူမယ် သူတို့မဲမှတော့ ငါတို့လဲ မဲယုံပေါ့ . . . "

ကြီးမေကြီးကတော့ သူ့ညီမတွေကိုလည်း ပြောတာပါဘဲ။ ကြီးမေကြီးပြီးတော့ ဖေဖေ အဲသည့်အောက်မှာ ညီမ သုံးယောက် ရှိသေးတယ် . . . အန်တီနွယ်တို့ အန်တီမိုး အန်တီစီ . . .၊ သုံးယောက်လုံးက ပုံစံတူတွေပါဘဲ။

" သူတို့က မွေးတဲ့ သားသမီးတွေကိုတော့ မချစ်ဘူး . . . မမွေးပေးဘူး ဆိုပြီး မကျေမချမ်းဖြစ်ကြတယ်။ အမွေက အဖေအမေဆုံးထဲက ငါးပုံပုံခွဲပေးခဲ့ပြီးပြီ . . . သမီးက



ကြီးမေရဲ့ဝေစု၊ သမီးအဖေဝေစု နှစ်စုရတာမို့ များနေတာ။ သူတို့က သူတို့မိသားစုတွေ ခွဲဝေ ယူလို့ နဲတာတော့ ဘယ်တတ်နိုင်မလဲ . . . "

"နီလာကပြောတော့ ကြီးမေအပျိုကြီးရဲ့ ဝေစုကို တူတူမတွေ ညီတူ ညီမျှ ပေးသင့်ပါလျက် ကျွန်မတစ်ယောက်ထဲ ပေးတာကို မကျေနပ်ကြတာတဲ့ . . . "

" ဒါကတော့ ခက်လေးရယ် ကြီးမေပိုင်တဲ့ ပစ္စည်းကို ကြီးမေချစ်တဲ့လူ ကြီးမေပေးချင်တဲ့ လူကိုပေးတာဘာဖြစ်လည်း . . . ဒါကိုဘဲလိုက် မနာလိုဖြစ်နေကြတယ်။ အမွေဆိုတာ ရသင့်ရထိုက်မှ ရတာကိုလဲ နားမလည်ဘူး . . . လောဘတွေဘဲ များနေတယ် . . . "

" ကြီးမေထမင်းစားရအောင် "

" စားမယ်လေ ဟင်းချိုနွေးလိုက် ခက်လေး . . . "

မီးဖိုထဲရောက်တော့ ဟင်းအိုးကို လိုက်ကြည့်ရတယ်။ ကြီးမေက ဈေးဝယ်လဲသူ၊ ချက်လဲသူ၊ သူ့လက်သူ့ခြေမှ ကြိုက်တာ၊ ကျွန်မ ကူမယ်ဆိုလဲ မကူနဲ့ မကူနဲ့ စာသာကျက်၊ စာသာကျက်နဲ့ စာဘဲကျက်ခိုင်းတာပါ။ နီလာက ကျပြီး ကျွန်မ ဆယ်တန်းအောင်တုံး ကလည်း ကျေနပ်မဆုံး။

" ဟင်းတွေကကောင်းမှကောင်းဘဲ ကြီးမေရာ . . . "

" သမီး မြိန်မြိန် စားရအောင်ပေါ့ . . . ကြီးမေကတော့ လျှော့မယ် သုံးမယ် . . . ပျော်ပျော်ဘဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



ကြီးမေက ဟင်းချက်လဲကောင်းပါတယ်။ ကြီးမေလက်ရာကိုဆို ကျွန်မ သူငယ်ချင်းတွေက သိပ်ကြိုက်ကြတာ။ ကျွန်မ ထမင်းချိုင့်ထဲက ဟင်းတွေကိုဆို သူတို့နှစ်သက်စွာ စားကြရတယ်။

"ကြီးမေရဲ့ ချဉ်ပေါင်ကြော်ကိုဆို နိုင်လွင်က သိပ်ကြိုက်တာဘဲ . . . နောက်တစ်ခါကြော်ရင် နည်းနည်းပိုထဲ့ပေးနော် ကြီးမေ . . . နိုင်လွင့်အတွက် . . ."

"နိုင်လွင် နိုင်လွင်နဲ့ ငါ့သမီးလေး ရီးသားမှုရောရှိရဲ့လား"

"ဟာ အရမ်းရိုးသားတယ် ကြီးမေစိတ်သာချနေ နိုင်လွင်က သူငယ်ချင်းပါ . . . သမီးကလေကြီးမေကြီးကလွဲပြီး ဘယ်သူ့မှ မချစ်ဘူး . . ."

ကြီးမေကြီးရဲ့ ဝဝဖိုင့်ဖိုင့်ကိုယ်ခန္ဓာကြီးကို ဖက်ပြီးပြောတိုင်း သဘောကျစွာ ရယ်သောရယ်သံကို ကျွန်မ သိပ်နှစ်သက်တာ ပါဘဲ။ ကျွန်မအပေါ် သိပ်ချစ်တဲ့ တစ်ဦးတည်းသောဆွေမျိုးဘဲမဟုတ်လား။

"သမီးကို ကြီးမေက လူတစ်ယောက်နဲ့ သဘောတူတယ် အဲသည်လူကို လက်ထပ်ရမယ်ဆိုရင် သမီးဘယ်လို ဆုံးဖြတ်မလည်း . . ."

ကြီးမေဆီမှ မမျှော်လင့်သော စကားကြောင့် ကျွန်မ အံ့သြစွာနှင့် ကြည့်နေမိဆဲ။ ရုတ်တရက်မဖြေနိုင်သေး။



လက်ထပ်ဖို့ ဆိုတဲ့အကြောင်းကို စဉ်းစားဖို့ နေနေသာသာ ကျွန်မမှာ ချစ်သူလည်းမရှိ။ ချစ်တယ်ဆိုတာကိုလည်းမသိ။

"ကျွန်မကတော့ ကြီးမေသဘောပါဘဲ . . . ကြီးမေ့စိတ်ချမ်းသာရင် ပြီးတာပါဘဲလေ . . ."

"လိမ်မာလိုက်တဲ့ ခက်လေးရယ် . . ."

ကြီးမေအပြုံးကိုမြင်နေရရင် ကျွန်မ တကယ့်ကိုစိတ်ချမ်းသာတာပါဘဲ။ သည့်အတွက် ကြီးမေက လက်ထပ်ဆိုတဲ့လူကို လက်ထပ်လိုက်မှာပါ။ ကျွန်မကတော့ ချစ်သူလည်းရှိမှမရှိတာ။ ဘယ်သူ့ကိုဘဲ လက်ထပ်ရပါစေ ကျွန်မဘက်က ဝတ္တရားတွေကို ကျေပြွန်စေရမှာပါဘဲ။

"သမီးလေးကလိမ်မာတာဘဲ . . . ကြီးမေကြီးမွေးရကျိုးနပ်ပါပြီ . . . သူတို့တွေ ဘာပြောပြော . . . ကြီးမေကတော့ ခက်လေးဟာ ကြီးမေရဲ့ အဖော်ပါဘဲလေ . . . သိပ်ကိုလိမ်မာကောင်းမွန်တဲ့ အဖော်ပါဘဲ . . ."

ကျွန်မဘဝအတွက်ကတော့ ကြီးမေသာ ချစ်စရာအကောင်းဆုံးသော အဖော်ပါလေ။

❀ ❀ ❀ ❀ ❀

နီလာက ကျွန်မကိုမြင်ရင် အနည်းဆုံးတော့ မျက်စောင်းထိုးလိုက်ရမှ။ ကျွန်မကတော့ သူတို့ကို ခပ်လှမ်းလှမ်းက

www.burmeseclassic.com

www.burmeseclassic.com



မြင်ပြီးရင် . . . အနားရောက်တာနှင့် မကြည့်မိအောင်နေတယ်။ မကြည့်မိတာတောင် နားက ပိတ်ထားမရတော့ တခါတလေ စောင်းပြောတဲ့ အသံကိုကြားရသေးတာ။

" သူတို့တွေက နင့်ကို ဘာလို့သည်လောက် မုန်းရတာလဲဟာ . . . "

နှိုင်လွင် နားမလည်စွာ မေးပါတယ်။

" အမိက မုန်းရတာကတော့ ကြီးမေကြီးရဲ့အမွေ အားလုံး ငါရသွားလို့ပါဘဲ"

"ဘာဆိုင်လဲဟာ . . . ဒါကတော့ သူပစ္စည်း သူပေးချင်တဲ့ လူကိုပေးမှာပေါ့ . . . သူတို့လဲ သူတို့မိဘတွေနဲ့ သူတို့ဘဲ . . . "

" ဖေဖေ့ အမွေလဲငါရ ကြီးမေကြီး အမွေလဲငါရ တယ်လေ . . . ဘယ်ကျေနပ်မလဲ . . . "

" ဘာမှမဆိုင်ဘူး "

" ဒါကနင့်စိတ်လေ . . . သူတို့ စိတ်ကသူတို့ စိတ်ဘဲပေါ့"

နှိုင်လွင်နှင့် ခင်ခင်မင်မင်နေနေတာကိုတောင်မှ ရည်းစားထားတယ်ပြောသေးတာ။ ကြီးမေကြီးကိုသွားပြီး နှိုင်လွင်နှင့် ကျွန်မချစ်နေကြပါတယ်။ မထိန်းဘူးလားလို့ အန်တီနွယ်က သွားပြောသေးတာ။ ကြီးမေကြီးကလည်း ထုံးစံအတိုင်း ကျွန်မဖက်ကပါဘဲ . . .။



" သူလည်း တက္ကသိုလ်တောင်ရောက်ပြီး ချစ်သူ ရှာချင်လဲရှာပါစေ . . . ခက်လေးက ငါ့စကားတစ်ခွန်းထဲဘဲ . . . နှိုင်လွင်က သူ့သူငယ်ချင်းပါ ခက်လေးက ငါ့ကိုဘယ်တော့မှ ညာလေ့မရှိဘူး . . . "

ကြီးမေကြီးနှင့် ကျွန်မတို့နှစ်ယောက်ကြား ဘယ်လိုမှ သွေးခွဲလို့မရရင် အန်တီနွယ်တို့ စိတ်ဆိုးကြလိမ့်မည်၊ အန်တီ စီကတော့ ပြတ်တယ်လေ။ ပြတ်တာမှ ကျွန်မတို့ကို စကားကို မပြောတော့တာကြာပါပြီ။ ကြီးမေရဲ့ အမွေတွေကို ကျွန်မကို လွှဲပေးလိုက်ပြီ ဆိုကတည်းက စကားကိုလုံးဝမပြောတော့ပါဘူး။

" နှိုင်လွင် . . . ကြီးမေက ငါ့ကို စကားထူးထူးဆန်းဆန်း တစ်ခွန်းပြောတယ်ဟာ . . . သူကလက်ထပ်ပေးတဲ့လူဆို ယူမလားတဲ့ "

" နင် ဘာပြောလိုက်လဲ "

" ယူမယ်လို့ ပြောလိုက်တယ်။ ကြီးမေစိတ်ချမ်းသာရင် ပြီးရောလို့ ပြောလိုက်တယ် . . . "

နှိုင်လွင် မျက်နှာပျက်သွားတာသိပါတယ်။ နှိုင်လွင်က ကျွန်မကို ချစ်နေတာလဲ ကျွန်မသိတာပါဘဲ။ ဒါပေမယ့် ချစ်တယ်ဆိုတာ ကျွန်မ ဘယ်သူ့ကိုမှ ခံစားလို့မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နိုင်လွင့်အပေါ်လဲ ချစ်ခင်တဲ့သူငယ်ချင်း တစ်ယောက်အဖြစ်ဘဲ ခံစားလို့ရတယ်လေ။

"ကြီးမေလက်ထပ်ပေးတဲ့လူကို နင်မချစ်ဘဲလဲယူမှာ ဘဲလား"

"ယူရမှာပေါ့ . . ."

"အချစ်မပါတဲ့ အိမ်ထောင်ရေးက သာယာပါ့မလားနင် စဉ်းစားသင့်တယ်"

"ငါမသိဘူး ငါသိတာက ငါ့ဘဝမှာ ကြီးမေဟာ အကောင်းဆုံး လူတစ်ယောက် သူ့စိတ်ချမ်းသာဖို့က ငါ့အတွက်နံပါတ်တစ် ပါဘဲ . . ."

"နင့်စိတ်ကြီးကလည်းဟာ . . . ကြီးမေကိုချစ်တာက ချစ်တာပေါ့ . . . ဒါပေမယ့် ကိုယ့်အိမ်ထောင်ရေးကိုတော့ မျက်စေ့ စုံမှိတ်ခေါင်းငြိတ်လိုက် စရာမလိုပါဘူး . . ."

"ကြီးမေစိတ်ဆင်းရဲအောင် ငါမလုပ်ရက်ဘူး . . ."

နိုင်လွင်ကတော့ မျက်နှာလေးပျက်နေတယ်။

သူကတော့ ကျွန်မကို ချစ်နေတာဆိုတော့ ကျွန်မ လက်ထပ်မယ်ဆိုရင် ဘယ်ကြိုက်ပါလိမ့်မလဲ။ ကျွန်မကလည်း နိုင်လွင်အပေါ်ဆို သူငယ်ချင်းတစ်ယောက်ထက် ပိုခင်လို့မှရ၊ တကယ်ဆို နိုင်လွင်နှင့်က ငယ်ငယ်ထဲက သူငယ်ချင်းတွေ၊



ပန်းချီ သင်တန်းတွေတက်တာကအစ အတူတူ၊ ဝါသနာလဲတူပြီး အမြဲလို ခင်မင်ခဲ့ပါလျှက် ချစ်လို့တာတော့မရ၊ သူငယ်ချင်း သံယောဇဉ်က သူငယ်ချင်းသံယောဇဉ်ပါဘဲလေ။

"ငါတို့သူငယ်ချင်းတွေစုပြီး . . . ပန်းချီပြပွဲလေးတစ်ခု လုပ်ချင်တယ်ဟာ . ."

"နိုင်လွင်ရယ် . . . လောလောဆယ်တော့ စာမေးပွဲ အတွက် စာအရင်ကျက်ဦး . . . စာမေးပွဲပြီးမှ. . . ပုံတွေ စုပါဦးဟာ . . ."

"နင်ကသွေးအေးတယ်. . ."

"ဟဲ့ သည်ပညာက တစ်သက်လုံးအတွက် ဝါသနာ ပါတာ . . . ဘာတွေလောနေမှာလဲ ဖြည်းဖြည်းပေါ့။ ခုလို ကျောင်းတက် စာကျက်ရတဲ့အချိန်မှာတော့ ဖြည်းဖြည်းစဉ်းစားရ မှာဘဲ . . . ကျောင်းပြီးရင် ဆွဲပါလေ့ . . . ပန်းချီပြပွဲတွေလဲ လုပ်ပါလေ့ . . ."

နိုင်လွင်ကတော့ ပန်းချီပြပွဲတွေအတွက်ဘဲ စိတ်လော နေတယ်။ စာကျက်ဖို့ဆိုမနည်းပြောရတာ။ အေးအေးဆေးဆေး နေတော့တာပါဘဲ။ ဒါပေမယ့် ဉာဏ်ကောင်းလို့လားမသိပါဘူး ကျတော့မကျပါ။

"တစ်နှစ် တစ်နှစ်နဲ့ ဘွဲ့ရပြီးရင် အလုပ်ခွင်ဝင်ကြမယ် . . . နင်ရော ဘာဝါသနာပါလဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



" ငါလားပန်းချီပွဲဆွဲမှာ"

" နင်ကလည်းလေ . . . "

" ဘာဖြစ်လို့လဲ . . . နင့်ကို ရှာမတွေ့နိုင်မှာစိုးလို့လား စိတ်ချပါ။ ငါတာဝန်ကျေစေရပါမယ် . . . "

" အံမယ် နိုင်လွင်နော် . . . "

ခုတလောနိုင်လွင်က စကားပြောရင် မလွတ်အောင် ပြောတတ်ပါတယ်။ ချစ်လို့တော့ ဖွင့်မပြောသေးဘူးပေါ့၊ အတိအကျ ဖွင့်ပြောလာခဲ့ရင်လည်း ကျွန်မက ငြင်းမှာပါ။ နိုင်လွင်ဟာ အခင်မင်ဆုံးသူငယ်ချင်းပေမယ့် ချစ်သူမှ မဟုတ်တာ၊ ချစ်မရဘူးဆိုတာ ကျွန်မနှလုံးသား ကျွန်မအသိဆုံး ပါဘဲ။

ဒါကြောင့်မို့လည်း နိုင်လွင် ဖွင့်ဟမပြောနိုင်အောင် ရှေ့ကစကားပိတ်ထားခဲ့တယ်။

" နိုင်လွင်ရယ် . . . နင်ဟာ ငါ့ရဲ့အခင်မင်ရဆုံး သူငယ်ချင်းပါ . . . တကယ့်ကို ဖြူစင်စွာ ခင်မင်ခွင့်ရတာ ဝမ်းအသာဆုံးပါဘဲ . . . ငါ့အတွက်တော့ နင်က အကောင်းဆုံးသူငယ်ချင်းပါ . . . တစ်သက်လုံးလည်း အခင်မင်ဆုံး သူငယ်ချင်း အဖြစ်နေပေးပါနော် . . . "

မျက်နှာလေးပျက်ပြီး ပြုံးမနေပါနဲ့ သူငယ်ချင်းရယ်၊ ထာဝရသူငယ်ချင်းတွေအဖြစ် နေကြရအောင်။

❀ ❀ ❀ ❀ ❀



ကြီးမေတစ်ယောက် မိုးမလင်းခင်ထဲက ဘာတွေများ ချက်ပြုတ်ကြော်လှော်နေပါလိမ့်။ ညှော်သည် ထမင်းစား ဖိတ်ထားသတဲ့။ ဝီရိယ ကောင်းစွာ ချက်ပြုတ်ကြော်လှော်နေလိုက်တာ။ ဘယ်လို ညှော်သည်မို့ပါလိမ့်။

" ခက်လေး . . . ကြီးမေကို မကူနဲ့ ရေမိုးချိုးအလှ ပြင်ထား . . . လှလှလေးပြင်နော် . . . အိမ်နေဆိုပြီး ဝါးကွက်ကြီးတွေ ကွက်ပြီးမလှမပြင်နဲ့ . . . ကျောင်းသွားတက်သလို လှလှပပလေးပြင်"

" ကြီးမေကလည်း ကြီးမေသည်လောက် ပင်ပန်းနေတာကို ကူမှာဘဲ ဘာလို့သည်လောက်ပြင်ခိုင်းနေရတာလည်း"

" သမီးလေးပိုလှနေအောင်လို့ပေါ့ . . . ညှော်သည်တွေလာမယ်လေ . . . "

" ညှော်သည်လာရောဘာဖြစ်လဲ . . . "

ကြီးမေကတော့ တစ်အိုးပြီးတစ်အိုး ချက်လည်း ချက်နိုင်ပါပေရဲ့။ ကျွန်မကိုလည်း သင်သင့်သလောက် သင်ပေးပေမယ့် . . . ကြီးနေလက်ရာကိုတော့ မမီနိုင်ပါ။ ကူညီပေးရင်းနှင့် ကြီးမေကိုမေးရတယ်။

" ကြီးမေသူငယ်ချင်းလေ . . . လှလှခင်တို့ . . . သူနဲ့ပြန်တွေ့ရတာမကြာသေးဘူး . . . အဲဒါ စကားပြောချင်

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ထမင်းစား ဖိတ်လိုက်တာ . . . သူတို့သားအမိလာ လိမ့်မယ် ”

“ သားအမိ သူ့သမီးရောပါလာမှာလား”

“ သူ့သမီးမဟုတ်ပါဘူး သူ့သားပါ မောင်နန္ဒသက်အောင်တဲ့ . . . ဘွဲ့ရပြီးကာစလေ . . . လှလှခင်က ပြောတော့ သူ့သားကို နိုင်ငံခြားလွှတ်မလို့ အကုန်စီစဉ်ထားတယ်တဲ့ . . . ဒါကြောင့် သမီး လှလှလေးပြင်ဆင် . . . ကြီးမေသမီးကို သိပ်လှနေတာဘဲ မြင်စေချင်တာ”

ဒါကြောင့်ကိုး။

ကြီးမေက ဒါကြောင့်ကျွန်မကို မီးဖိုထဲမှာ မကူစေချင်ဘဲ အလှပြင်ခိုင်းနေတာကိုး . . .။

“ ကြီးမေလက်ရာကိုတော့ သမီးဘယ်တော့မှ မီအောင် ချက်နိုင်မှာ မဟုတ်ပါဘူး . . .”

“ ထင်လို့ပါ . . . သမီးလဲ ချက်တတ်ပါတယ်။ သွားပါဆိုဟယ် ရေချိုး အလှပြင် . . .”

“ နေပါဦး ကြီးမေရာ . . . အချိုပွဲအတွက်ပြင်ပေးဦးမှာ”

“ သွားဆိုသွားစမ်း သည်ကလေးဟာလေ . . . ကြီးမေစိတ်ဆိုးလာတော့မယ်”

စိတ်ဆိုးတော့မယ်ဆိုရင်တော့ သွားမှဖြစ်တော့မှာ။ အလှပြင်ရမတဲ့။ ဘာတွေကို အလှပြင်ရမှာလဲ။ ကျွန်မက



ဘာလို့အလှပြင် ရမှာလည်း ။ ကြီးမေက အလှပြင်ဆိုလဲ ပြင်ရတော့မှာပေါ့လေ။ ရေချိုးပြီးစိတ်တိုင်းကျ အလှပြင်တာပေါ့။

“ ဟယ် လှလိုက်တာ သမီးလေးရယ် . . . ဒါကြောင့် ပြောတာပေါ့ . . . အလှပြင်ချေပါလို့ လှတယ် ထိုင်နေ ထိုင်နေ”

ကြီးမေက ကျွန်မကိုဆို မခိုင်းရက်ရှာပါဘူး။

ကျွန်မက အလိုက်တသိ အိမ်အလုပ်တွေ ကူကာမှကူ ကူညီပါလို့ တစ်ခါမှမပြော။ ကျွန်မမို့ စာကျက်နေရင် ကျေနပ်နေတာပါဘဲ။ ကြီးမေကို ချစ်ရတာ အဲဒါတွေလဲ ပါပါတယ်။ နီလာတို့ ပုလဲတို့ကိုတောင် အန်တီနွယ်က အိမ်အလုပ်တွေ အရမ်းခိုင်းတာပါ။

“ ဧည့်သည်တွေလာပြီထင်တယ် ကြီးမေ . . . သမီး . . . ထမင်းပွဲပြင်ဖို့ကူမယ် . . . တံခါးသွားမဖွင့်ချင်ဘူး . . .”

ကြီးမေတံခါးသွားဖွင့်နေပြီ။

ဒေါ်လှလှခင်နှင့် သူ့သားနန္ဒသက်အောင်တဲ့ တစ်ခါမှ မမြင်ဘူးတဲ့ ဧည့်သည်တွေပါ။

ကြီးမေရဲ့ တံခါးဖွင့်သံ နှုတ်ဆက်သံတွေနှင့်ခေါ်ပါပြီ သမီးခက်လေး လာပါဦးတဲ့။ ခြေတစ်လှမ်း ကုဋေတစ်သန်း ပုံစံမျိုး မနှစ်သက်ပေမယ့် ပြေးထွက်သွားလို့ကတော့ မဖြစ်။

“ ခက်ဝေသဇင်လေး . . . သည်လောက်တောင်ကြီး လာပြီလား . . . လှလိုက်တာသမီးလေးရယ် . . .”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှလှခင်တဲ့။

ကြီးမေသူငယ်ချင်းသာဆိုတယ်။

သည်တစ်ခါဘဲ တွေ့ဘူးသေးတယ်လေ။ ကျွန်မကို
လှသတဲ့။

" ထိုင်ဦးလေ . . . "

ကြီးမေဘေးနားဝင်ထိုင်လိုက်ပါတယ်။

နန္ဒသက်အောင်ဆိုတဲ့ လူကိုမော့မကြည့်ပါဘူး။ တော်ကြာ
သူ့ကိုသိပ်ကြည့်ချင်တယ် ထင်နေဦးမယ်။

" သားက နန္ဒသက်အောင်တဲ့သမီးရဲ့ . . . သားလေး
ခက်ဝေသဇင်တဲ့ ကိုယ့်ညီမလေးနော်. ချစ်ချစ်ခင်ခင်နေရမယ်"

" ဟုတ်ကဲ့ . . . "

နန္ဒသက်အောင်ဆိုတဲ့ လူကိုထမင်းစားဖို့ စားပွဲဆီ
ဖိတ်တဲ့အခါ ဖျတ်ခနဲလှမ်း ကြည့်မိတယ်။ မနှစ်သက်လိုက်တာ
ယောကျ်ားဖြစ်ပြီးအရပ်ကလဲ ပုတယ်၊ ကျွန်မ အရပ်လောက်ဘဲ
ရှိမှာ။ ပြီးတော့ အသားဖြူတယ်။ ကျွန်မက ယောကျ်ားလေး
တွေရဲ့ အသားညိုညိုလေးတွေမှ ယောကျ်ားပီသတယ် ထင်တာ

နန္ဒသက်အောင်ဆိုတဲ့လူဟာ သဘောကျစရာမရှိပါဘူး
ထမင်းဝိုင်းမှာတော့ ကြီးမေနဲ့ ဒေါ်လှလှခင်ရဲ့ ရွှင်မြူးတက်ကြ
နေသော အသံတွေဘဲကြားနေရပါတယ်။

" ဟဲ့ မိုးမောင်နှမ နင်တို့စကားရော ပြောတတ်ရဲ့လား
ပြောလေ . . . "



" ဘာပြောရမလဲ ကြီးမေ"

နန္ဒဆိုတဲ့လူကလည်း ဘာမှမပြောတော့ . . .
ကျွန်မလည်း ဘယ်လိုစကားတွေပြောရမှာလည်းမသိ။

" နောက်တစ်ပါတ်တော့ မမတို့ ခင်တို့အိမ် တစ်လှည့်
ထမင်းလာစားရမယ်နော် "

" စားရမှာပေါ့ ခင် . . . "

"ဒေါ်လှလှခင်တို့အိမ်မှာ . . . ထမင်းလိုက်စား
ရဦးမည်တဲ့။ နန္ဒဆိုတဲ့လူလည်း စိတ်ကျဉ်းကြပ်နေတာ
ပုံစံကြည့်အသိသာကြီး ပါဘဲလေ. . .။ ဒေါ်လှလှခင်တို့ သား
အမိကို ကားပေါ်ထိလိုက်ပို့ပေးရတယ်။ ပြီးတော့ အမှတ်တမဲ့
အပေါ် မော့ကြည့်မိတယ်။ အပေါ်ထပ်ဝရံတာတွေမှာ . . .
အန်တီနွယ်တို့ အန်တီစီတို့တွေကိုတွေ့လိုက်ရပါတယ်။

ကြီးမေကြီးရဲ့ တိုက်ခန်းက မြေညီထပ်မှာရှိလေတော့
. . . သူတို့တွေကဝရံတာကနေ ကြည့်နေကြဘဲမဟုတ်လား ။

" မိစပ်စုတွေ မိစပ်စုတွေ . . . သူတို့အကြောင်းမသိရင်
ခက်မယ် . . . အားလုံးဝရံတာရောက်နေကြတယ်။ စောင့်ကြည့်
နေကြ ငါ့သမီးကို သိပ်ချမ်းသာတဲ့ လှလှခင်သားနဲ့ ပေးစား
လိုက်ရင် သူတို့သမီးတွေလိုက်မမီတော့ဘူး . . . သည်တော့မှ
သူတို့တွေ အကုန်ကြွေကွဲကုန်မယ် . . "

ဒေါ်လှလှခင်သားနဲ့ ပေးစားလိုက်ရင်တဲ့။

www.burmeseclassic.com



နန္ဒသက်အောင်ကို ယူရမှာလား။
ပြဿနာဘဲ။ ချစ်ချင်စရာလဲမကောင်းပါဘူး။

❀ ❀ ❀ ❀ ❀

ဒေါ်လှလှခင်တို့ အိမ်မှာထမင်းစားသွားရတဲ့နေ့မှာတော့ နန္ဒနှင့်စကားမပြောမဖြစ်ပြောရတော့တာပေါ့။ သူတို့တိုက်နှင့် ခြံက အကျယ်ကြီးပါ ပြီးတော့ ဒေါ်လှလှခင်က ပန်းတွေကြိုက်လို့ဆို ပန်းပင်တွေအများကြီးစိုက်ထားသေးတာ။

" ထမင်းမဆာကြသေးရင် အေးဆေးပေါ့နော် မမ သားရေ . . . ညီမလေးကို ခြံထဲမှာ သူလိုချင်သမျှ ပန်းတွေလိုက် ခူးပေးလိုက်ပါ . . ."

ဒါမျိုးတွေ ရှိုးနေပြီ။

ရှိုးနေပြီ။ သည်လိုနည်းနှင့် ရင်းနှီးသွားအောင် စကားတွေပြောအောင် စီစဉ်နေတော့တာပါဘဲ။

" ဘာပန်းယူမလဲ မခက်ဝေသဇင်"

" ကျွန်မကို ခက်ဝေဘဲခေါ်ပါ . . . ရှင့်ကိုလဲ ကိုနန္ဒဘဲခေါ်မယ် . . . ရတယ် အဆင်ပြေတဲ့ ပန်းဘဲခူးလိုက်ပါ . . ."

သစ်ခွပန်းတွေက အရမ်းစုံလင်ပါတယ်။

အရောင်အမျိုးမျိုးပါဘဲ။

နန္ဒကြည့်ရတာလည်း ပန်းခူးနေကြပုံ မဟုတ်ပါ။ ဘာပန်းရွေးခူးရမည်ပင် မသိပုံ။



"အရောင် နည်းနည်းစုံအောင်ခူးလိုက်ပါ ကိုနန္ဒ . . . ပန်းမခူးပြန်ရင်လည်း ဘာလို့မခူးရသလဲ ပြောနေဦးမယ် . . . ကျွန်မကလည်း နူးနူးညံ့ညံ့ပန်းပန်လေ့သိပ်မရှိလို့ပါ . . ."

အနားမှာကိုနန္ဒရှိနေခြင်းဖြင့် ကျွန်မမှာ ဘယ်လိုခံစားမှုမှမရှိပါဘူး။ သူကတော့ နှုတ်မသွက်သောလူတစ်ယောက်ဆိုတော့ ကျွန်မပြောပေမယ့် ဘာမှပြန်မပြောပါဘူး။ သည်လူကို ယူရရင် နားညည်းတော့သက်သာမှာဘဲဆိုတွေးမိတော့ ရယ်ချင်ချင် ဖြစ်သွားပါတယ်။

" မခက်ဝေ . . . သည်ပန်းရောယူမလား"

" ရှင်ကြိုက်တာ ခူးပါဆိုမှ . . . ကျွန်မက ပန်းတွေ သိပ်မကြိုက်တတ်ပါဘူး . . . ဘာဘဲဖြစ်ဖြစ် ဘုရားတင်လို့ရရင် အလှအိုးထိုးလို့ရရင် ပြီးရောပါဘဲ . . ."

ကိုနန္ဒဆိုတဲ့လူက နှစ်သက်စရာမကောင်းပါဘူး . . .။ ပုံစံကပွင့်လင်းမှု မရှိလိုက်တာ။ အေးစက်စက်လိုလို . . . ယောကျ်ားလေးဘဲ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ပေါ့ . . .။ အခုတော့ နေးတုံ့နေးတုံ့နှင့် ဘယ်လိုမှနှစ်သက်စရာမရှိ။

ဒါပေမယ့် . . . ကြီးမေကြီးလက်ထပ်စေချင်တာကိုး ကျွန်မကတော့ ချစ်သူလည်းမရှိတော့ . . . ကိုနန္ဒက ချစ်စရာကောင်းကောင်း မကောင်းကောင်း အကြောင်းမဟုတ်ပါဘူး . . .။

www.burmeseclassic.com

www.burmeseclassic.com



" ပန်းတွေ သိပ်လှတာဘဲနော် . . . အန်တီလှလှခင်က ကိုယ်တိုင်စိုက်တာလား . . . ဘယ်သူရှိသေးလည်း . . . "

" ကောင်လေးတစ်ယောက်ရှိတယ် ကူညီတာပေါ့ . . "

" ကျွန်မက ပန်းကလေးတွေရဲ့ လှပမှုကို နှစ်သက်ပါတယ်။ ဒါပေမယ့် . . . ပန်းပန်တာတော့ မကြိုက်ဘူး . . . တစ်ချို့ မိန်းကလေးတွေကတော့ . . . ပန်းပန်တာကြိုက်တယ်နော် . . . "

" ကျွန်တော့်သူငယ်ချင်း မိန်းကလေးတစ်ယောက်ကတော့ ပန်းသိပ်ကြိုက်တာဘဲ . . . အမြဲပန်တာပါဘဲ . . . ပန်းပါမှသူ နှစ်သက်တယ်လို့ ပြောတယ် . . . "

" ဟုတ်တယ် . . . တစ်ချို့သိပ်ကြိုက်တာ . . . "

စကားပြောလို့တော့ရပါတယ်။

ဒါပေမယ့် သူ့ရဲ့ အေးစက်စက်ပုံစံက ခင်မင်ချင်စရာမကောင်းပါဘူး။ စကားပြောလို့ရယုံပါဘဲလေ . . .။ ရှေ့လျှောက်သေဆုံးသည်အထိ အတူနေကြရမည့် လူနှစ်ယောက်ဟာ စကားပြောလို့ အဆင်ပြေဖို့တော့ လိုမှာအသေချာပါဘဲ . . .

" ခင်များမှာရော ယောကျ်ားလေးသူငယ်ချင်း မရှိဘူးလားဟင် . . . "

ဘာကိုပြောတာလဲ စကားပြောတာကလည်း မပွင့်မလင်းနဲ့ . . .။



" ဘာပြောတာလည်း . . . ယောကျ်ားလေး သူငယ်ချင်း . . . ရည်းစားကိုပြောတာလား . . . "

" မဟုတ်ပါဘူး "

" ကျွန်မမှာအချစ်ဆုံး ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်ရှိတယ်။ နိုင်လွင်တဲ့ . . . သူငယ်ချင်းအရင်းကြီးဘဲ . . . ရည်စား မဟုတ်ဘူး ဘယ်တော့မှလဲ ရည်းစားမဖြစ်ဘူး . . . အာလုံးဟာ သူငယ်ချင်းတွေဘဲ . . . "

ခုလိုပြောပြန်တော့လည်း ဘာမှထပ်မမေးဘဲ ငြိမ်သက်သွားပါတယ်။ သည်လူဟာ ပွင့်လင်းမှုမရှိဘူး ။ စိတ်ထဲမှာရှိတဲ့အတိုင်းပြောပုံလဲမရဘူး . . .။ ဘာကိုမေးချင်မှန်းလဲ မသိ။

" အထဲ ဝင်ကြရအောင် "

သူခူးပေးတဲ့ပန်းပွင့်တွေကို လှမ်းယူပြီး အိမ်ထဲဝင်လာခဲ့တယ်။

ကြီးမေနှင့်အန်တီ လှလှခင်ကတော့ ဘာတွေများသည်လောက် ပြောလို့ကောင်းနေတယ်မသိ။ ပြောလည်းပြောနိုင်လွန်းပါတယ်။ ကြီးမေအမြဲ့တစ်ခုနဲ့တင် ကျွန်မကအားလုံးကို ကျေနပ်နှစ်သက်နေပါပြီ။ ကြီးမေကြောင့်မို့သာအေးစက်စက်အဆင် မပြေသော ယောကျ်ားတစ်ယောက်နှင့်ယက်ထပ်ရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါပြောရင်လဲ ပြောရမှာမှဟုတ်ဘူး မဟုတ်လား . . . နင် မှားတယ်ခက်ဝေ . . ."

နိုင်လွင်က ကျွန်မ မှားသတဲ့။

ကျွန်မစိတ်မှာ ချစ်ခင်နှစ်သက်ခြင်း လုံးဝမရှိသော လူတစ်ယောက်ကို ဘာလို့လက်ထပ်မှာလည်းတဲ့။ ခေါင်းငြိတ်လိုက်တာ ကျွန်မ မှားသတဲ့။

မှားပါစေ။

ဆယ်ခါပြန်မှားစေတော့။

ပြောခဲ့ပြီကော။

ထပ်ခါတလဲ ပြောရလွန်းလို့လည်း မောနေပါပြီ။ ကြီးမေ စိတ်ချမ်းသာမှုတစ်ကိုသာ ကျွန်မ ကြည့်ရပါလိမ့်မယ်။ ကျန်တာတွေကို လျစ်လျူရှုထားလိုက်ပါမည်။

" နင် စဉ်းစားသင့်သေးတယ် . . . အချိန်ရသေးတယ် ငါကတော့ အချစ်မပါတဲ့ အိမ်ထောင်ရေးကို စိတ်အပျက်ဆုံးပါဘဲ ခက်ဝေ . . . နင်လဲ မယူသင့်ဘူး . . ."

" မုန့်လုံးစက္ကူကပ်နေပြန်ပါပြီ နိုင်လွင်ရယ် . . . ငါပြောရလွန်းလို့လဲ မောပြီ . . ."

နိုင်လွင်ရဲ့ သက်ပြင်းတစ်ရှိုက်ပေါင်းများစွာတို့လည်း . . . မြင်နေရပါပြီ။

နိုင်လွင့် နှလုံးသားကို ကျွန်မဘယ်လိုပင် တွေနေ စေတာမှ . . .။



ခွင့်လွှတ်ပါ နိုင်လွင်။

နင့်ကိုလဲ သူငယ်ချင်းတစ်ယောက်ထက် ပိုမချစ်နိုင်ဘူးလေ။

နင်ဖွင့်ပြောပြန်ရင်လည်း ခေါင်းခါယုံပါဘဲ။

ကျွန်မအတွက် တစ်ခုကံကောင်းသွားတာက ချစ်သူရှိမနေတာဘဲပေါ့ . . .။ ချစ်သူရှိနေခဲ့ရင်လည်း . . . ကျွန်မက ပွင့်ပွင့်လင်းလင်း ဟိုးအစောကြီးထဲက ကြီးမေကိုဖွင့်ပြောပြီး ဖြစ်မှာပါ။

ကျွန်မက ပွင့်လင်းပါတယ်။

ကိုနန္ဒလို မြုံစိစိ အေးစက်စက် မဟုတ်ဘူး . . .။

သူ့ပုံစံက အခုစဉ်းစား အခုနှစ်သက်စရာ မကောင်းလိုက်တာ။

မိုးတွေရွာနေပြီ။

နိုင်လွင်ကတော့ ငူငူငိုင်ငိုင်ကြီးထိုင်လို့ . . .။

" ပြန်ကြရအောင်ဟာ . . ."

" နေပါဦးခက်ဝေ . . . နောက်ဆို နင်နဲ့ငါ ခုလို အေးအေးဆေးဆေး နေလို့မရနိုင်တော့ဘူး . . ."

" နင်ကလည်း နင်ကထာဝရသူငယ်ချင်း ခုလိုမျိုး အေးအေးဆေးဆေး စကားပြောလို့ မရစရာအကြောင်းတစ်ခုမှ မရှိဘူး"

www.burmeseclassic.com



" နင့်လူက မကြိုက်ဘူးဆိုရင် "

" ဘာမှပြောစရာအကြောင်း မရှိဘူး . . . ကိုနန္ဒမှာလဲ မိန်းကလေးသူငယ်ချင်းတွေရှိတယ် ဆိုတာ ငါသိပြီးပြီ သူနဲ့ငါ လက်ထပ်လိုက်တာနဲ့ သူ့သူငယ်ချင်း မိန်းကလေးတွေနဲ့ မခေါ်ရ မပြောရဘူးလို့ ချုပ်ချယ်မှာ မဟုတ်ဘူး သူငယ်ချင်းဆိုတာ ထာဝရ သူငယ်ချင်းတွေပါဘဲ . . . ဘယ်လိုအနှောက်အယှက်မှ မရှိနိုင်ဘူး . . . "

" နင်က ပြောတာဘဲ ငါကတော့ . . . "

သက်ပြင်းရှိုက်ပြန်ပြီ။

နိုင်လွင်ဘယ်လောက် စိတ်ဒုမာနေမည်ဆိုတာ သိပါလျက်။

နိုင်လွင်ရယ်။

နင့်ကို ငါမချစ်ပေမယ့်။

စာနာခံစားပေးတတ်ပါတယ်။

မိုးကပိုသည်းလာတော့ ဆက်ထိုင်နေမိပြန်ရော။ ကြီးမေကတော့ ကျွန်မတို့ ယုံကြည်မှုရှိသူပီပီ ကျောင်းက နောက်ကျမှ ပြန်လာလည်း ဘာမှမပြောတတ်ပါဘူး။

" ငါလေ . . . တစ်ခါမှ နင်အခုလို အိမ်ထောင်ပြုသွားလိမ့်မယ် မတွေးခဲ့ဘူးဘူး . . . "

" အိမ်ထောင်ပြုတာဘာဖြစ်လဲ ဘာတွေထူးဆန်းနေလဲ"





" မဟုတ်သေးဘူးလေ ခက်ဝေရဲ့ . . . နင်ချစ်သူရှိလာမယ် ချစ်သူနဲ့ ပျော်ပျော်ရွှင်ရွှင် တိုင်ပင်ဆွေးနွေး နေဦးမယ် နောက်တော့ အကြာကြီးနေမှ ချစ်သူနဲ့ လက်ထပ်သွားကြမယ်။ ဒါမျိုးဘဲစဉ်းစားထားခဲ့ဘူးတယ် ခုလိုမျိုး ချစ်သူလဲမဟုတ် ရုတ်တရက်ကြီး လက်ထပ်ဖို့ဆိုတာ . . . "

" ငါလဲသည်လိုပါဘဲ . . . တစ်နေ့အိမ်ထောင်ပြုကြတယ်ဆိုတာ စဉ်းစားဖူးပေမယ့် ရုတ်တရက်တော့ ခုလို လက်ထပ်ရလိမ့် မတွေးခဲ့ဘူးဘူး . . . ပြောပြီးပြီလေ . . . ကြီးမေ စိတ်ချမ်းသာဖို့ပါ"

မိုးကသည်ထက်ပို စဲတော့မည်မထင်။

ဒါကြောင့်ပြန်ကြရအောင်ဆိုပြီး ထွက်လာခဲ့ကြတယ်။ နိုင်လွင် စိတ်ထိခိုက်နေမှန်းသိပါလျက် . . . ဘယ်လိုစကားမျိုးနှင့်မှလည်း မဖြောင့်ဖျချင်တော့ပါ။ နိုင်လွင်နှင့် ခုလိုမျိုး တတွဲတွဲရှိနေတတ်ခြင်းကြောင့်လည်း တစ်ချို့က နိုင်လွင်နှင့် ကျွန်မကို ချစ်သူတွေလို့လဲ ထင်တတ်ကြပါတယ်။

" ပုလဲနှင့် တွေ့ပြန်ပြီ . . . "

ပုလဲက ကျွန်မတို့ နှစ်ယောက်ကို ရယ်မောရင်း လက်လမ်းလှမ်းပြပါတယ်။ ပုလဲကတော့လေ . . . ဘယ်သူဆူဆူ ကျွန်မကိုတော့ တွေ့ရင် ခေါ်ပြောနှုတ်ဆက်တာပါဘဲ။

"ပုလဲက ဟိုနေ့က ငါ့ကိုမေးတယ် . . . နင့်ကို မပြောဘူးလားတဲ့ "

www.burmeseclassic.com

www.burmeseclassic.com



" ပုလဲက စိတ်မှန်ပါတယ် . . . "

" ငါလဲပြောတာဘဲ . . . ခက်ဝေက ပြောမရဘူးလို့ဘဲ ပြန်ပြောလိုက်တယ် . . . ကြီးမေကို နင်ချစ်တာ တစ်ဖက်စွန်းကြီး လို့ဘဲ . . . "

တစ်ဖက်စွန်းဘဲ ဖြစ်ဖြစ်

နှစ်ဖက်စွန်းဘဲ ဖြစ်ဖြစ်

ကြီးမေကို ကျွန်မ အချစ်နိုင်ဆုံး ချစ်ရလိမ့်မယ်။ ကြီးမေသာမရှိရင် . . . ကျွန်မကို အဖေနှင့် အမေကိုပင် သေဆုံးစေသူရယ်လို့ မုန်းတီးရွံရှာကြတဲ့ ဆွေမျိုးတွေက ဘယ်ကိုများ ကို့ပစ်မည်မသိနိုင်။

" ငါ့ကြောင့် နင်တို့ ပုလဲတို့တွေ ဝိုင်းပြီးစိတ်မောပေးရတာ စိတ်မကောင်းပါဘူး . . . ငါကလည်း ခေါင်းမာတယ် ပြောပြော . . . ကြီးမေတစ်ယောက်ရဲ့ စိတ်ချမ်းသာမှုကလွဲပြီး ငါ့ကိုယ်ငါတောင် ထည့်မတွက်ဘူးလေ . . . "

**ကားဂိတ်မှာ**နိုင်လွင် ကျန်နေရစ်တယ်။

**တစ်ယောက်**ထဲ လျှောက်လာခဲ့ပြီ။

အိမ်ရှေ့ရောက်တော့ အန်တီလှလှခင်ရဲ့ ကားရပ်ထားပါလား။ သည်လိုမျိုး အလွန်ကောင်းသောကား တစ်စီးလောက် လိုချင်နေသည့် နီလာတို့ အန်တီနွယ်တို့ အကြောင်းသိနေပြီးသားမို့လည်း . . . ကြီးမေက အန်တီ



လှလှခင် သားကို ရွေးချယ်တာ နေမှာလို့ စိတ်မှာ သတိတရ ဖြစ်ရတာပေါ့ . . . ။

" ဟယ် သမီးမိုးတွေရွဲလာပါလား ဖျားဦးမယ် အကျီလဲချေ အကျီလဲချေ ကြီးမေကော်ဖီပူပူဖျော်ပေးမယ် မြူးရင်စိုနေတဲ့ ဆံပင်တွေကို ခြောက်အောင်သုတ်ပေးမယ်"

" ကြီးမေနေပါ အန်တီနဲ့စကားပြောနေတာဘဲနေပါ"

ဘယ်လို ပြောပြောမရ

ကျွန်မအတွက် ကော်ဖီပူပူတစ်ခွက်တော့ ရအောင် ဖျော်ပေးတာပါဘဲ။ ကျွန်မရေချိုးပြီးတော့ အဆင်သင့် သောက်ယုံပါဘဲ။ အန်တီလှလှခင်ကတော့ ကျွန်မကို ကြီးမေသည်းသည်းလှုပ် ချစ်ရန်ကောဆိုတဲ့ အပြုံးမျိုးနဲ့ ပြုံးရင်ကြည့်နေပါတယ်။

" မမဘဝမှာလေ ခက်ဝေကို အချစ်ဆုံးဘဲ ဒါကြောင့်လဲ သူ့အဖေအမွေအားလုံး မမရမယ့် အမွေအားလုံးခက်ဝေကိုဘဲ ပေးလိုက်တာ။ ဒါတွေကြောင့်လဲ နွယ်တို့လို ညီအစ်မတွေနဲ့တောင် စကားများရတယ် "

" ခက်ဝေလေးကို မမချစ်တာသိသာ လွန်းပါတယ် စိတ်ချပါ ခက်ဝေကို မမချစ်သလို ချစ်ပါမယ် "

" သည်စကားကြားရတာ ဝမ်းသာလိုက်တာ မမ လိုချင်တာ အဲဒါပါဘဲ ခက်ဝေအတွက် ယောက္ခမမလိုချင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



အမေဘဲ လိုချင်တာ။ ဒါကြောင့်လဲ မောင်နန္ဒကိုရွေးခဲ့တာပေါ့။

ကြီးမေရဲ့ လေသံမှာ ပျော်ရွှင်ကြည်နူးမှုတွေအပြည့်

*တွေလားနိုင်လွင် ကြီးမေဟာ ကျွန်မကို ချစ်လွန်း*

လို့သာအနာဂါတ်အတွက် ရည်ရွယ်ပြီး လက်ထပ်ပေးတာပါ။ ဒါကြောင့်လဲ ကျွန်မမငြင်းရက်ပါဘူး။ ကြီးမေရှေ့ ကြမ်းပြင်ပေါ် ထိုင်ပေးလိုက်တော့ စိုနေတဲ့ ဆံနွယ်တွေကို မျက်နှာသုတ်ပုဝါနှင့် သေချာသုတ် ပေးပြန်တယ်။ ကြီးမေချစ်သလို ချစ်ပါမယ်လို့ အန်တီလှလှခင်က ပြောတယ်သာဆိုတာ။ ကျွန်မကတော့ မထင်ပါဘူး။

သည်ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ကြီးမေချစ်သော အချစ်ကိုတော့ ဘယ်သူကမှ မီအံ့မထင်ပါ။

❀ ❀ ❀ ❀ ❀

မိုးကလည်းလေ အတန်းလွှတ်လို့ အိမ်ပြန်မည်ဆိုကာမှ ရွာရတယ်လို့ဘဲ။ ဒါပေမယ့် ကျွန်မက မိုးကိုချစ်ပါတယ်။ မိုးသည်းလေပျော်လေဘဲလေ။ ဆင်ဝင်ကြီးအောက် ခဏတော့ ရပ်နေမိတယ်။ မိုးရွာထဲ ထီးကလေးဆောင်းပြီး သွားရတာ . . . သိပ်ပျော်စရာကောင်းတာပါဘဲ။

" ခက်ဝေ . . . "

" ဗြော် ပုလဲ . . . "





ပုလဲကတော့ သူ့အမေ ဘယ်လိုဆူဆူ ကျောင်းမှာ ကျွန်မကိုတွေ့ရင် ခေါ်တာပါဘဲ။ နီလာတို့နှင့် တွေ့လျှင်တော့ ပုလဲ အဆူခံရဦးမှာ။ ဒါကြောင့်မို့ ခုနောက်ပိုင်း ပုလဲလာခေါ်ရင်လည်း ရယ်ပြယုံလောက်ဘဲ ရယ်ပြလိုက်ပါတယ်။

" ခက်ဝေပြန်တော့မလား ပုလဲတို့အတူပြန်ရအောင်လေ . . . စကားပြောချင်လို့ပါ "

" အတူပြန်မယ် . . . တော်ကြာ အန်တီနွယ်တွေ့ရင် ပုလဲကို ဆူလိမ့်မယ်လေ . . . ခက်ဝေကြောင့် ပုလဲခဏခဏ အဆူခံရတာ စိတ်မကောင်းလို့တွေ့ရင်တောင် ပြုံးပြယုံဘဲ နေခဲ့တာ "

" မာမီဆူတာကထားပါ ခက်ဝေကို စိတ်ပူလို့ "

" စိတ်ပူတယ် . . . ဒါဆိုလဲ အချိန်ရတာဘဲ ဒို့နှစ်ယောက် ကန်တင်းမှာ မိုးစောင့်ရင်း တစ်ခုခုစား စကားပြောရအောင်လား . . . "

နှစ်ယောက်အတူ ကန်းတင်းဖက်လျှောက်ခဲ့တယ်။

ဆီချက်တစ်ပွဲ ဆီမှာရင်း စကားထိုင်ပြောနေခဲ့ကြတာပေါ့ ပုလဲနဲ့ ကျွန်မတို့ဟာ တစ်ဝမ်းထဲကွဲတဲ့ ညီအစ်မတွေပါ။ ပုလဲမှ လွဲပြီး ကျန်တဲ့ မောင်နှမတွေကတော့ သူတို့အမေတွေရဲ့ သွေးခွဲမှုမှာ နစ်မျောပြီး ခင်မင်မှုမရှိကြပါဘူး ။

" နန္ဒာသက်အောင်နဲ့ ခက်ဝေကို ကြီးမေက လက်ထပ်ပေးမယ်ပြောနေတယ်။ အဲဒါ ဟုတ်သလား ခက်ဝေ . . . "

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်လေ ဘာလို့လဲ "

" ခက်ဝေကရော . . . နန္ဒသက်အောင်ကို သဘောကျလို့လား . . . "

" ကျွန်မမှာ သဘောကျတာ သဘောမကျတာမရှိဘူး ပုလဲ . . . ကြီးမေဟာ ကျွန်မရဲ့ ကျေးဇူးရှင် ကြီးမေစိတ်ချမ်းသာမယ်ဆို ကျွန်မသေဆိုလဲ သေသုံပါဘဲ "

" ခက်ဝေက ကြီးမေကို သိပ်ချစ်တာကိုး . . . "

" ပုလဲစိတ်ပူတယ်ဆိုတာ ဘာကိုပြောတာလဲ . . . "

" နန္ဒာသက်အောင်ရဲ့ ရည်းစားက ပုလဲသူငယ်ချင်းရဲ့ အစ်မလေ . . . တင်တင်စောတဲ့ . . . သူ့မှာရည်းစားရှိတယ် ခက်ဝေ ရည်းစားရှိတဲ့သူက ခက်ဝေကို မချစ်ဘဲလက်ထပ်ရင် . . . ခက်ဝေတို့ အိမ်ထောင်ရေး သာယာပါ့မလား . . . ပုလဲက စိတ်ပူတာပါ . . . ခက်ဝေတို့ ကိုယ်ရေးကိုယ်တာမှာ ပုလဲဝင်ပါတာ မဟုတ်ပါဘူး "

" ကျွန်မ နားလည်ပါတယ် ပုလဲ ကျွန်မကို စိတ်ပူပန်လို့ ပုလဲ ပြောပြတာကို ကျွန်မသိပါတယ် . . . ဒါပေမယ့် ခုနက ကျွန်မ ပြောသလိုပေါ့ ပုလဲရယ် ကြီးမေသေဆိုသေ ရှင်ဆိုရှင်မယ်လို့ ကျွန်မ ဆုံးဖြတ်ထားတာမှာ ကျွန်မအိမ်ထောင်ရေး သာယာပါ့မလား . . . ပုလဲက စိတ်ပူတာပါ . . . ခက်ဝေတို့ ကိုယ်ရေးကိုယ်တာမှာ ပုလဲဝင်ပါတာ မဟုတ်ပါဘူး"



" ကျွန်မ နားလည်ပါတယ် ပုလဲ ကျွန်မကို စိတ်ပူပန်လို့ ပုလဲ ပြောပြတာကို ကျွန်မသိပါတယ် . . . ဒါပေမယ့် ခုနက ကျွန်မ ပြောသလိုပေါ့ ပုလဲရယ် ကြီးမေသေဆိုသေ ရှင်ဆိုရှင်မယ်လို့ ကျွန်မ ဆုံးဖြတ်ထားတာမှာ ကျွန်မအိမ်ထောင်ရေးဟာ ကျွန်မရဲ့ ကံတရားပါဘဲ . . . သာယာမှု မရှိတဲ့ အိမ်ထောင်ရေး ဖြစ်ခဲ့ရင်လဲ ကျွန်မရဲ့ ကံပေါ့ . . . "

" ခက်ဝေ သည်လို စိတ်ထားနိုင်ရင်တော့ ကောင်းပါတယ် . . . "

မိုးကသည်းနေဆဲ။

နိုင်လွင့်ကို လှမ်းမြင်လိုက်တာမို့ ပုလဲက ပြန်တော့မယ်လို့ ပြောပါတယ်။ နိုင်လွင့်ကို နှုတ်ဆက်ပြီး ပုလဲထွက်သွားပြီ။

" ပုလဲက ဘာတဲ့လဲ . . . အံ့ဩစရာဘဲ နင်နဲ့ခေါ်ရင် သူ့အမေဆူမှန်းသိရက်နဲ့လည်း ခေါ်တာဘဲ နော် အံ့ပါရဲ့ . . . "

" ပုလဲက စိတ်ဓါတ်မှန်ပါတယ် "

" ထူးထူးဆန်းဆန်း နင်တို့ မုန့်အတူစားနေတာ ငါအံ့ဩတယ် . . . နင် ဘယ်ပျောက်သွားလဲ ငါလိုက်ရှာနေတာ . . . အိမ်ပြန်သွားပြီတောင် ထင်နေတာ . . . "

" ငါ အိမ်ပြန်မလို့ . . . ပုလဲက ပြောစရာရှိတယ်ဆိုတာနဲ့ "

" ဘာပြောလဲ . . . "

www.burmeseclassic.com



နိုင်လွင့်ကို ပြောလိုက်ရမလား။

ပြောရင်ကောင်းပါ့မလား။ နိုင်လွင့်စိတ်က ကျွန်မအပေါ်မှာ ချစ်နေတာတွေရှိနေလေတော့ . . . နန္ဒအကြောင်း သိရင် ဘာပြောမလဲ . . .။

" အလကားပါဟာ . . . ကြီးမေပေးစားတိုင်း မယူနဲ့ ကိုယ်ချစ်မှယူပါလား ဒါတွေဘဲပေါ့ . . . ကြီးမေအကြောင်းလဲ သိသားနဲ့ အန်တီနွယ်တို့ကို ငါနဲ့ နန္ဒကို လက်ထပ်ပေးမယ့် အကြောင်း . . . လျှောက်ပြောနေတော့တာ . . . "

"နင်ဘွဲ့ရမှ မဟုတ်လား "

" မဟုတ်ဘူး သီတင်းကျွတ်လောက် ဖြစ်မလားဘဲ "

" ဟင် အဲလောက် မြန်မှာလား "

" ကြီးမေပြောနေတာဘဲ . . . "

စိတ်မကောင်းပါဘူး နိုင်လွင်ရယ်။ နင့်ရင်ထဲက ခံစားချက်ကို မစာနာလို့ မဟုတ်ပါဘူး ။ ဒါပေမယ့် ကျွန်မမှာက အချစ်မှ မရှိတာ . . အချစ်မရှိပေမယ့်လဲ စာနာတတ်ပါတယ်။

" နင် တကယ် မငြင်းတော့ဘူးလားဟင် "

" ပြောပြီးပြီဘဲ နိုင်လွင်ရဲ့ ကြီးမေသဘောတစ်ခုဘဲလို့ . . ဘာလို့ ငြင်းရမှာလဲ ငါငြင်းရင် ကြီးမေစိတ်ဆင်းရဲသွားမှာပေါ့ . . . "

" နင် ချစ်တာလည်း မဟုတ်ဘဲနဲ့ဟာ . . . "



" မချစ်လည်း မတတ်နိုင်ပါဘူး . . . ဖြစ်သမျှဘဲ ကျွန်မ ကျေးဇူးရှင် စိတ်ချမ်းသာရင် ပြီးရောပါ . . . "

နိုင်လွင် ဘယ်လို ပြောပြော ပြောလို့မရဘူးဆိုတာ သူလည်းသိမှာပါ။ ကျွန်မစိတ်က ပြတ်သားခိုင်မြဲပြီးသားပါ။ ကြီးမေ ပျော်ရွှင်နေတာ မြင်နေရတာဘဲ ကြီးမေနှင့် ဒေါ်လှလှခင် တွေ့ရင် ကြီးမေပျော်နေတာ ကျွန်မသိနေမှတော့။

မနက်ဖြန် ဆိုတာ ဘာတွေဖြစ်လာမည် ကျွန်မ ကြိုမသိနိုင်ပေမယ့်လည်း ကြီးမေပျော်ရွှင်မည်ဆိုပြီးရောပေါ့။

❀ ❀ ❀ ❀ ❀

" ခက်လေး . . . ရေမိုးချိုး အလှပြင်ထား . . . တော်ကြာရင် မောင်နန္ဒလာခေါ်လိမ့်မယ် . . . "

" ဟင် ဘယ်ကိုလဲ "

" မပြောတတ်ဘူးလေ . . . ကြီးမေနဲ့ လှလှခင် စဉ်းစားကြည့်တယ် . . . သမီးတို့ချင်း ရင်းနှီးခင်မင်မှု နည်းသလားလို့ . . . ဒါကြောင့် ခင်ခင်မင်မင်ရှိစေချင်လို့ပါ . . . "

ကြီးမေ ပြောရင်ပြောသလိုပါဘဲ ။

ရေမိုးချိုးအလှပြင်ထားလိုက်ပါတယ်။

သိပ်မကြာခင်မှာ ကိုနန္ဒရောက်လာတယ်လေ ဘယ်လို ကြည့်ကြည့် ဘယ်နှစ်ခါတွေ့တွေ့ ဘယ်သို့သော ခံစားမှုမှ

www.burmeseclassic.com



မရှိပါလား . . .။ ကိုနန္ဒရဲ့ကားပေါ်ကို ကျွန်မ ရောက်သွားတဲ့ အချိန်မှာ . . . ဝရံတာတွေဆီ မကြည့်ပေမယ့်လည်း သူတို့ ရှိနေမယ်ဆိုတာ သိပြီးသားပါ။

" မခက်ဝေ ဘယ်သွားချင်လဲ . . . "

" မပြောတတ်ဘူး . . . ကိုနန္ဒကရော . . . "

" ကျွန်တော်လဲ မပြောတတ်ပါဘူးဗျာ . . . မခက်ဝေနဲ့ အပြင်သွားပါဆိုလို့သာ ထွက်လာရတာ . . . "

" တစ်ခုခုစားမလား . . . စားရင်းစကားပြောလေ"

" သွားလေ . . . "

နှစ်ယောက်သား တွေ့ဆုံရတာ နွေးထွေးမှု လုံးဝ မရှိပါဘူး။ အေးစက်စက်နိုင်လွန်းပါတယ်။

သည်လိုပေါ့လေ . . .။

ချစ်သူချင်း တွေ့ကြတာမှ မဟုတ်ဘဲ။

ဘယ်လိုနွေးထွေးနိုင်မှာတဲ့လည်း . . .။

" မခက်ဝေ"

" ရှင် "

" ကျွန်တော့်အမေနဲ့ ခင်ဗျားကြီးကြီး စီစဉ်တာကို ခင်ဗျားငြင်းပေးပါလား "

" ဘယ်လို "

" သူတို့ စီစဉ်တာကို ခင်ဗျားဖက်က ငြင်းပေးပါလား"



အမယ်

အပြောကကောင်း

ကျွန်မငြင်းပေးရမတဲ့။ လူကြီးတွေရဲ့ စိတ်မကောင်း ခြင်းတွေကို ကျွန်မက ခံယူပေါ့ ဟုတ်လား။ နားထောင်နိုင်ပါဘူး။ နားထောင်လိမ့်မယ် အား ကြီး ကြီး။

" ရှင့်ဖာသာ ငြင်းပါလား . . . ဘယ့်နှယ် ကျွန်မဖက် လှည့်ရတယ်လို့ . . . "

ကိုနန္ဒဆိုတဲ့လူအပေါ် ဘယ်လိုခံစားချက်မှ မရှိခဲ့ ပေမယ့် ခုကြတော့ စိတ်ပျက်သွားသလိုပါဘဲလေ။ ဘယ်လို လူလည်း။ ကိုယ့်ဖာသာ ရှင်းရမည့်ကိစ္စမျိုး သူတစ်ပါးလွှဲချ တတ်တဲ့ လူမျိုးလား။ သည်လိုလူမျိုးနှင့် တစ်သက်လုံးပေါင်းရမှာ စိတ်ပျက်စရာတွေ ဖြစ်လာနိုင်တာ အသေအချာပါပဲ။

" ကျွန်တော့်မှာ ချစ်သူရှိတယ် "

" ဟုတ်လား "

ရှင့်မှာချစ်သူရှိတယ်. . . အဲဒါကျွန်မသိပြီးသားဘဲ။ လာပြောနေပြန်ပါပြီ။

" အဲ့ဒါ ကျွန်တော့် ချစ်သူကိုဘဲ လက်ထပ်ချင်တယ်"

" ဒါနဲ့ကျွန်မက ငြင်းပေးရမယ်ဆိုပါတော့ . . . . . ကျွန်တော် အကြိမ်ကြိမ်ငြင်းပြီးပြီ ပြောလို့ကို မရဘာ . . . ဒါကြောင့်မို့ ကျွန်တော်က ခင်ဗျားကို ငြင်းခိုင်းတာ . . . "

" ကျွန်မ မငြင်းနိုင်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဟာဗျာ . . . "

နန္ဒစိတ်ညစ်သွားပြီ။ ဒါကတော့သူ့ပြဿနာလေ၊ သူ့မှာ ချစ်သူရှိတာ သူ့ချစ်သူနဲ့ ပေါင်းချင်ရင် ရင်ဆိုင်ဖြေရှင်းပေါ့။ အခုတော့ကိုယ့်ပြဿနာ သူများ ဖြေရှင်းခိုင်းချင်တယ်။

" ကျွန်မမှာ ချစ်သူမရှိဘူး ဒါကြောင့်မို့ ဘယ်သူ့ယူရ ယူရ ဘာမှပြဿနာ မရှိဘူး . . . ကျွန်မကြီးမေ စိတ်ချမ်းသာဖို့သာ အဓိကဘဲ ကျွန်မငြင်းရင် ကျွန်မ ကြီးမေ စိတ်ဆင်းရဲရတော့မယ် . . . သူ့ စိတ်ဆင်းရဲအောင် ကျွန်မ ဘယ်လိုနည်းနှင့်မှ မလုပ် နိုင်ပါဘူး . . . ဒါကြောင့် ကျွန်မ မငြင်းနိုင်ဘူး . . . "

ကောင်းကောင်း စိတ်ပျက်သွားတဲ့ပုံစံဘဲ၊ ဒါအမှန်အတိုင်းဘဲလေ။ ကြီးမေစိတ်ဆင်းရဲအောင် ကျွန်မလုံးဝမှ မလုပ်နိုင်တာဘဲ။

" ကျွန်တော်က ခင်ဗျားကို အားကိုးနေတာ ခင်ဗျားသာ ငြင်းလိုက်ရင် ဘာမှ မရှင်းရတော့ဘူး . . . "

" ကျွန်မကို အားမကိုးပါနဲ့ . . . ကျွန်မက ကြီးမေရဲ့ ဆန္ဒတစ်ခုနဲ့ အသက်ရှင်နေတာပါ . . . ခုနက ပြောသလိုပေါ့ ချစ်သူလဲ မရှိတော့ ခေါင်းအေးအေးဘဲလေ . . . "

" ခင်ဗျား အလွယ်လေးကို ခက်နေတယ် "

" ရှင်လဲ အလွယ်လေးကို ခက်နေတာပါဘဲ . . . "



" ကျွန်တော်က မလွယ်ဘူး . . . ငြင်းမရလို့ကို ခက်နေတာ . . . "

" ငြင်းမရရင် မငြင်းနဲ့ပေါ့ . . . "

" ဟာ ခင်ဗျားကလဲ ကျွန်တော်မှ ခင်ဗျားကို မယူချင်တာ ကျွန်တော်က ကျွန်တော့် ချစ်သူကိုဘဲ ယူချင်တယ်"

ဖြစ်နေလိုက်တာ။

စိတ်တိုလာပြီ။ ဒါကြောင့်မို့လည်း ။

" ကျွန်မကလည်း ရှင့်ကို မယူချင်ပါဘူး၊ ကြီးမေ စိတ်ချမ်းသာအောင်သာ ယူရမှာ . . . "

" ဒါဆိုလဲ မယူနဲ့ပေါ့ . . . "

စကားပြောတာက တော်တော့်ကို အဆင့်မပြေတော့ပါဘူး။ သည်လိုပုံစံနှင့်ဆို လက်ထပ်ပြီးရင်လည်း ဘယ်လိုမှ အဆင်မပြေနိုင်ပါ။ စိတ်ပျက်စရာအလွန်ကောင်းသော အိမ်ထောင်တစ်ခုကိုသာ ရပါလိမ့်မည်။ အဲသည့် စိတ်ပျက်စရာ အိမ်ထောင်ထဲမှာ ကျွန်မဟာ စိတ်ရှုပ်ထွေး နောက်ကျိရင်း ဘယ်လောက် ဒုက္ခများလိုက်လေမလည်း။

ဒါပေမယ့် ကြီးမေစိတ်ချမ်းသာမှာပါဘဲလေဆိုပြီးတော့ . . . အားလုံးကို ကျေနပ်ပေးလိုက်ရမှာပါ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"သမီး ခက်လေး . . . လှလှခင်က သတို့သမီးဝတ်စုံကို
စကားဝါရောင်လေး ရွေးထားတယ်။ အဲဒါသမီး ကြိုက်ပါ့မလား
ဆိုပြီးတော့ ကြီးမေကို ထည့်ပေးလိုက်တယ်။ သမီး ကြိုက်တဲ့ပုံကို
ကြိုက်တဲ့ဆိုင်မှာ ချုပ်ပါတဲ့. . ."

ဒေါ်လှလှခင်နှင့် ကြီးမေတို့ကတော့ တက်ကြွ
ပျော်ရွှင်စွာနေ့တိုင်း ဈေးဝယ်ကြတယ်။ အစီအစဉ်တွေ
ဆွဲကြတယ်။ ကျွန်မကတော့ ကိုနန္ဒရဲ့ စိတ်ဆန္ဒတွေလဲ သိနေပြီး
တရွေ့ရွေ့နီးကပ်လာပြီး စိတ်ပျက်စရာ အိမ်ထောင်ရေးအတွက်
စိတ်ဝင်စားမှုကို မရှိတော့ပါဘူး။ သတို့သမီးတစ်ယောက်အဖြစ်
လှပစွာလဲရှိမနေချင်တော့ . . . ဘာအရောင်ဘဲ ဝတ်ရဝတ်ရ
လှပချင်စိတ်မှ မရှိတာ။

" ကြည့်ပါဦး ခက်လေးရဲ့"

ကြီးမေက ကြည့်ဆို ကြည့်လိုက်ယုံပေါ့။

ဇာစရဲ့ အရောင်လေးက စကားဝါရောင်လေး လှလဲလှ
တန်ဖိုးလဲရှိမှာပါ။ ဒါပေမယ့် ကျွန်မအတွက် စိတ်ဝင်စားစရာ
မရှိပါဘူး . . . ။

" ကြီးမေနဲ့ လှလှခင် စိတ်ကြိုက်ရွေးကြတာလေ . . .

" ကြီးမေကြိုက်ရင် ကောင်းတာဘဲ "

" သမီးလေးက ကာယကံရှင်လေ သမီး ကြိုက်ဖို့လည်း
လိုသေးတာ သည်ဝတ်စုံကြိုက်ရဲ့လား. . . "



ကျွန်မရင်ထဲမှာတော့ ဝတ်စုံလေးကို ကြိုက်ဖို့မလိုဘူး။
သတို့သားကို ကြိုက်ဖို့က ပိုလိုအပ်တယ်လို့ ထင်ပါတယ်။ ကြီးမေ
စိတ်သည်သို့ မတွေးမိဘူးလားမသိ။ ကြိုက်ပါတယ်ဘဲ
လွယ်လွယ်ဖြေလိုက်ပါတယ်။

" လက်ထပ်ပြီးရင်တော့ လှလှခင်က သူတို့အိမ်
သိပ်ကျယ်လို့ လာနေရမယ်တဲ့ သမီးကို ကြီးမေကလည်း မခွဲ
ချင်ဘူး . . . ဒါကြောင့်မို့ တစ်ခါတစ်လေတော့ သမီးကို
အိမ်ခေါ်ပါရစေလို့ ပြောလိုက်တယ် . . . နောက်တော့ စိတ်ဖြေ
ပါတယ်. . . သမီးဘဝပြည့်စုံကြွယ်ဝ အေးဆေးသွားရင် ပြီးတာ
ပါဘဲ။ ကြီးမေက အသက်ကြီးပြီ သေဖို့သိပ် မလိုတော့ပါဘူး"

" အဲလိုမျိုး မပြောပါနဲ့ ကြီးမေရယ် . . .
ဘာလို့သေရမှာလဲ "

" ခက်လေး ဘဝအခြေကျရင် ကြီးမေ သေပျော်ပါပြီ"

ကြီးမေကျွန်မကို သိပ်ချစ်တာပါ။ မိခင်တစ်ယောက်ရဲ့
မေတ္တာလို ပြည့်စုံစွာကို ချစ်ပါတယ်။ ဒါကြောင့်လည်း
. . . ကြီးမေ စိတ်ချမ်းသာမယ်ဆို . . . ကျွန်မလိုက်လျောရ
မှာပေါ့။

" ငါ့သမီးလေးရဲ့ မင်္ဂလာဆောင်ကို အခမ်းနားဆုံး
အကြီးကျယ်ဆုံးဖြစ်ရမှာမို့ ကြီးမေသိပ် ဝမ်းသာပါတယ် . .
မိနွယ်တို့ မိမိုးတို့တွေထက် သာတဲ့အခြေအနေကို ရတာကိုလည်း
သိပ်ဝမ်းသာတာပါဘဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



ကြီးမေက ကျွန်မ အဒေါ်ကျန်တဲ့ အဒေါ်တွေ မကြည်မဖြူရှိကြတာကို . . . အမြဲလို တိုက်ခိုက်တတ်ပါတယ်။ ကြီးမေက ကျွန်မကို ချစ်သလိုတော့ . . . ကျန်တဲ့အဒေါ်တွေက ဘယ်ချစ်မှာတဲ့လည်း။ သူတို့မှာက သူတို့သားသမီးတွေရှိကြတာကိုး။ ကြီးမေကတော့ ကျွန်မကို မွေးထဲက ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရှာတာလေ။ ချစ်ခင်မှုက ဘယ်တူပါ့မလည်း။

" ကျွန်မကတော့လေ . . . ဘယ်သူ မချစ် ချစ်ချစ် ဝမ်းမနည်းပါဘူး . . . ကြီးမေ ချစ်နေရင် ပြီးရော . . . ကြီးမေ အချစ်က သူတို့အားလုံးချစ်တာထက် ပိုနေတာယ်ဆိုတာ သိပါတယ် . . . "

ကြီးမေပြုံးနေလိုက်တာ ကျွန်မက တကယ်ပြောတာပါ။ ကြီးမေချစ်တယ်ဆို ပြီးရောပေါ့ . . ။ ကြီးမေကြောင့် ကျွန်မ ခုလို အရွယ်ထိကြီးပြင်းလာခဲ့ရတာ . . ကြီးမေသာမရှိရင် အမေ မရှိ အဖေမရှိ ဘယ်လိုနေရာမျိုးများ ရောက်နေမလဲ မသိနိုင်။

" ဖိတ်စာလေးများ လှလိုက်တာ "

" ဟင် ဖိတ်စာတွေ ရိုက်နေပြီလား . . . "

"ရိုက်ပြီပေါ့ . . . ဘယ်လောက်မှ မကျန်တော့ဘူး "

သက်ပြင်းတရှိုက်ရှိုက်မိတယ်။

ကြီးမေတော့ မမြင်စေရပါဘူး။

ကျွန်မ ဘယ်လိုမှ မနှစ်သက်စေကာမူ ကြီးမေက ကျွန်မ အပေါ် ဘယ်တော့မှ မကောင်းဖြစ်စေချင်မှာ မဟုတ်ပါဘူး။



တကယ်တမ်း လက်ထပ်ရမည်ဆိုတော့ စိတ်မှာ မနှစ်သက် သလိုခံစားရပါတယ်။ လက်ထပ်ရမည့် လူကလည်း ကျွန်မလိုပင် ချစ်သူမရှိဘဲ မိဘကြောင့် သဘောကျကျ မကျကျ ခေါင်းငြိတ်လိုက်သည့် လူဆိုတော့်သေး . . ။ အခုတော့ သူ့ရည်းစားမှ လက်ထပ်ချင်နေတဲ့ လူကို တွေ့ရတယ်လို့။ ကျွန်မနှင့် လက်ထပ်ပြီးလျှင်လည်း ဘယ်လို စိတ်ခါတ်ကောင်းကောင်းမွန်မွန်နှင့် ဆက်ဆံမှာတဲ့လည်းလေ။

" ဖိတ်စာကတော်တော်များများ ရိုက်ရမယ် . . . လှလှခင်တို့ အသိုက်အဝန်းက ကြီးပါဘိနဲ့ . . . ကြီးမေ အပေါင်းအသင်း တွေကလဲ ရှိတယ်လေ. . . မင်္ဂလာပွဲကတော့ ဝက်ဝတ်ကွဲ စည်မှာ အသေအချာပါဘဲ . . . "

ကြီးမေကတော့ ကြိုတင်တွေးပြီး ပီတိတွေဖြစ်နေပုံ ရပါတယ်။ ကျွန်မကတော့ကြိုတင်တွေးပြီး ရင်မောရယ်လေ။

" မောင်နိုင်လွင်လေးကြည့်ရတာ သမီးကို နှစ်သက် နေတယ်ထင်ပါရဲ့ ဟိုနေ့က သူ့ရှေ့မှာ သမီး မင်္ဂလာကိစ္စ ပြောတော့ မျက်နှာလေးပျက်လို့ . . . မောင်နိုင်လွင့် အပေါ်မှာ ကြီးမေ အမုန်းမရှိပါဘူး . . . ဒါပေမယ့် သူတို့က ချို့တဲ့ပါတယ်။ ကြီးမေက သမီးဘဝကို ထိပ်ဆုံးရောက်စေချင်တာပါ. . . "

" နိုင်လွင့်ဘက်က ဘယ်လိုစိတ်ဘဲ ရှိရှိ ကျွန်မဘက်က သူငယ်ချင်းပါဘဲ, ကြီးမေရယ် . . . ကြီးမေစိတ်ချမ်းသာဖို့သာ အဓိကပါဘဲ . . . "

www.burmeseclassic.com

www.burmeseclassic.com



" သမီးစကားလေးကြားရတာ ကြီးမေသေပျော်ပါပြီ "

ကြီးမေကလည်းလေ ခွဲခွာခြင်းကို မကြားချင်ပါဘူးဆိုမှ ခုတလော သည်စကားဘဲ ပြောနေတယ်။ ကျွန်မဘဝမှာ အဖေလဲမရှိ အမေလဲမရှိ ကြီးမေရှိဖို့ လိုပါတယ်။ ကျွန်မ မည်မျှ မပျော်ရွှင်ရသော ဘဝသို့ ရောက်စေကာမူ ကြီးမေ အတွက် ဘဲလို့ စိတ်ကိုဖြေပါတယ်။

ဘာမှ မတွေးတော့ဘူး ။

ရင်ဆိုင်ကြယုံပါဘဲ။

ဖြစ်သမျှအကြောင်း အကောင်းလို့ သဘောထားလိုက်ပါမည်။

❀ ❀ ❀ ❀ ❀

" ခက်ဝေ ခက်ဝေ . . . "

လှမ်းခေါ်သံကြောင့် လှည့်ကြည့်မိပါတယ်။ ပုလဲ အပြေးလေး လိုက်လာတာ တွေ့ရလို့ရပ်စောင့်ရတယ်။ ပုလဲကလည်းလေ လမ်းထဲမှာလိုက်ခေါ်ရတယ်လို့ဘဲ။ သူ့အမေတွေ့ရင် မကောင်း

" ဘာလဲ ပုလဲ နင်ကလဲ ကျောင်းကြမှ ခေါ်ပါလား အခုနေ အန်တီနွယ်တို့ အန်တီမိုးတို့ တွေ့ရင်နင့်ကို ဆူမှာ"

" ငါ့ကို ဆူမှာ အရေးမကြီးပါဘူး . . . နင့်ကို အရေးတကြီး ပြောစရာရှိတယ်"



" ဘာလဲ "

" နင်တို့လက်ထပ်တော့မှာလို့သာ ဆိုတယ် အဲသည့် လူက သူ့ရည်းစားနဲ့ တတွဲတွဲတွေ့ နေရတုံး ဟုတ်ရောဟုတ်ရဲ့ လားဟယ် . . . ငါလည်း နင့်အတွက် စိတ်ပူလို့ပြောတာ . . . "

" သူက သူ့အမေကို ကြောက်တာဘဲ . . . ငြင်းတောင် မငြင်းရဲပါဘူး . . . လက်မထပ်ခင် သူချစ်သူ မခွဲနိုင်လို့ တွဲနေရတာ နေမှာပါ . . . "

" လက်မထပ်ခင်တွဲတာ အရေးမကြီးပါဘူး။ လက်ထပ် ပြီးတော့ပါ ဆက်တွဲနေရင် နင့်အတွက် ဘယ်လိုကောင်းပါ့ မလည်း . . . သာယာပျော်ရွှင်တဲ့ အိမ်ထောင်လေး တစ်ခု ကိုလည်း ဘယ်ရနိုင်ပါ့မလည်း . . . နင့်အတွက် ငါက စိတ်ပူတယ်။ ကြီးမေကြီးကလည်း ဆွေမျိုးတွေကြားထဲမှာ နင့်ဘဝ ထိပ်ဆုံးရောက်ပြီဆို ကြွားလုံးတွေအရမ်းများနေတော့ . . . နင်တစ်ခုခု ဖြစ်သွားမှာ ငါအရမ်းစိုးရိမ်တယ်"

" ကျေးဇူးတင်ပါတယ် ပုလဲ ငါပြောခဲ့သလိုပေါ့ ဖြစ်ချင်ရာဖြစ်ပါဘဲ . . . ကြီးမေ စိတ်ချမ်းသာရင်ပြီးတာပါဘဲ။ ငါ စိတ်ဆင်းရဲရင်လည်း စိတ်ဆင်းရဲပါစေတော့ . . . ပုလဲစေတနာကို နားလည်ပါတယ် ပုလဲရယ် . . . ကျွန်မအပေါ် စေတနာထားတာလဲ ပုလဲဘဲရှိတဲ့အတွက် ဝမ်းသာပါတယ် . . . "

" ပုလဲကတော့ ခက်ဝေကို ခင်မင်တယ်လေ . . . "

www.burmeseclassic.com

www.burmeseclassic.com



" သွားတော့နော် ပုလဲ တစ်ယောက်ယောက်မတွေ့ခင် သွားတော့ . . . "

ကျွန်မကြောင့်လည်း ပုလဲကို အဆူမခံစေချင်ပါဘူး။ ဒါကြောင့်မို့ လမ်းခွဲ ထွက်လာခဲ့ပါတယ်။ နိုင်လွင့်ကို ဧ ့မှာ ရပ်စောင့်နေတာ တွေ့ရတာမို့ ဝမ်းသာအားရလှမ်းနှုတ်ခ က် မိပါတယ်။

" နိုင်လွင်ရေ . . . ဘယ် သွားမလို့လဲ "

" နင့်ဆီလာတာ"

" ဒါများ အိမ်လာခဲ့ပြီးရောပေါ့ . . . "

" ငါမလာချင်တော့ဘူးဟာ . . . ငါ . . . စိတ်မကောင်းဖြစ်နေသလိုဘဲ . . . နောက်ပြီးတော့ နင့်လူက ငါနဲ့နင်ခုချိန်ထိ ခင်ခင်မင်မင်နေနေတာ အပေါ်မှာ . . . တလွဲထင်မှာလဲ မကောင်းဘူး"

" ဘာမှမကောင်းတာမရှိဘူး နိုင်လွင် . . . နင်နဲ့ငါဟာ ထာဝရသူငယ်ချင်း . . . အခုလည်း သူငယ်ချင်းနောက်လည်း သူငယ်ချင်း . . . ငါတို့ သေဆုံးသည်အထိ သူငယ်ချင်းတွေပ . . . သူလည်း သူ့ရည်းစားတောင်ရှိတာ ငါက သူငယ်ချင်း ဘဲရှိတာ နားလည်မှုရှိရမှာပေါ့ . . . "

" ဒါပေမယ့် "

" တော်စမ်းပါနိုင်လွင်ရာ. . . ငါကတော့ နင့်ကိုအရင် အတိုင်းဘဲ . . . နိုင်လွင် နင်လာတာနဲ့ အတော်ဘဲ ငါတို့



မုန့်ဟင်းခါး သွားစားရအောင် . . . နင်နဲ့ငါ အရင်တစ်ခါစားတဲ့ ဆိုင်လေးက မုန့်ဟင်းခါးအရမ်းကောင်းတယ်နော် . . . "

" သွားလေ . . . "

ကျွန်မဘဝ ကျွန်မအနာဂါတ်မှာ ကျွန်မဖာသာ ပျော်စရာတွေ ရှာကြံရှာဖွေနေရမှာပါ။ ကျွန်မမချစ်စေကာမူ လက်ထပ်ခဲ့ပြီးရင် . . . ခင်ပွန်းသည်အပေါ် သစ္စာစောင့်သိ ရှိသေမှာပါ။

ဒါပေမယ့် ကျွန်မရဲ့ ပျော်ရွှင်မှုလေးတွေကိုတော့ ကျွန်မဖာသာ ရှာဖွေနေရမှာပေါ့။ ဒါပေမယ့် ကိုယ့် အိမ်ထောင်ပေါ် သစ္စာပျက်ယွင်းခြင်းမျိုးကိုတော့ လုံးဝ မဖြစ်စေရဘူးလေ။

" ဘာအကြော်နဲ့ စားမလည်း . . . "

" နိုင်လွင် . . . တစ်သက်လုံး အတူစားလာတာ ငါစားတဲ့ ငါကြိုက်တဲ့ အကြော်ကို မေ့သွားပြီလား . . . နင်ကဘာလဲ ပုံစံပြောင်းချင်တာလား . . . "

" ငါးဖယ်နဲ့ နှစ်ပွဲ "

နိုင်လွင့်ကို စကားပြောနေပေမယ့် ဆိုင်ထဲကို ဝင်လာတဲ့ လူနှစ်ယောက်ကို ကျွန်မ မြင်လိုက်ရပါတယ်။ အံ့ဩစွာနဲ့ တိုက်ဆိုင်မှုအတွက် ငေးကြည့်နေမိဆဲ။

" ဟင် . . . ခက်ဝေသဇင်"

www.burmeseclassic.com



" ကိုနန္ဒပါလား . . . လာလေ ကျွန်မတို့နဲ့လာထိုင်ပါလား"

" ရပါတယ် နေပါစေ . . ."

" ကျွန်မသူငယ်ချင်းပါ ကိုနိုင်လွင်တဲ့ တစ်တန်းတည်း သူငယ်ချင်း အရမ်းခင်ကြတာ . . . နောက်ဆို နိုင်လွင်နဲ့ ကိုနန္ဒလည်း ခင်ခင်မင်မင်သိကြရမှာလေ . . ."

ကိုနန္ဒမျက်နှာပျက်နေပါတယ်။ ကျွန်မတို့နဲ့ ခပ်လှမ်းလှမ်းခုံမှာ သွားထိုင်တယ်လေ . . .။

" သူ့ရည်းစားလား"

" ဟုတ်မှာပေါ့"

" နင်တို့လက်ထပ်မဲ့ရက် ဘာမှမလိုတော့ဘူး သူတို့ခုလိုတွဲမနေသင့်တော့ဘူး. . ."

" ဒါကတော့စာ . . . နေပါစေ . . ."

" နင်တို့ လက်ထပ်ပြီးတော့ . . . ခုလိုမျိုးဆက်ပြီးတွဲနေရင်ရော . . . နင်ဘယ်လိုလုပ်မလဲ . . ."

" သစ္စာမပျက်သင့်ပါဘူး . . . ကျွန်မကတော့ လက်ထပ်ပြီးရင် သစ္စာပျက်ယွင်းမဲ့ ကိစ္စမျိုးလုံးဝမဖြစ်စေရပါဘူး . . . သူက သစ္စာပျက်ခဲ့ရင် . . . အင်းလေ ဒါကတော့ သူ့စိတ်ပေါ့. . ."

ကျွန်မနှင့် လက်ထပ်ခဲ့ရင်လည်း သူ့ချစ်သူကိုခုလိုပင်



ဆက်တွဲနေဦးမည်လား။ ဘယ်ပြောနိုင်ပါမည်လည်း။ ကျွန်မတတော့ နိုင်လွင့်အပေါ် သူငယ်ချင်းလိုထာဝရ ခင်မင်နေဦးမည်ဆိုပေမယ့် ခုလိုမျိုးနှစ်ယောက်အတူသွားတာ စားတာမျိုးတော့ ဘယ်တော့မှ မဖြစ်စေရတော့ဘူး။ ခင်ခင်မင်မင် တစ်သက်လုံးနေမည်ဆိုလဲ ကိုနန္ဒကိုပါ ခင်မင်စေပြီး . . . ကြီးမေတို့ အန်တီဒေါ်လှလှခင်တို့ ရှေ့မှာ စကားပြောတာမျိုးဘဲရှိစေရမှာပါ။

" နင့် လူက ငါ့ကိုလှမ်းလှမ်းကြည့်တယ်"

" နင့်ကို ငါ့ရည်းစားများမှတ်နေလားမှ မသိတာ . . . သူက သူ့ရည်းစားကို ယူချင်တဲ့လူဆိုတော့ . . . ငါလဲ ငါ့ရည်းစားနဲ့ ယူစေချင်တာမျိုး ရှိမှာ။ ငါက သူ့ကိုအမှန်အတိုင်း ပြောခဲ့ပြီးပြီလေ . . . ငါ့မှာချစ်သူမရှိပါဘူး . . . အဲသည့်အတွက် . . . ကြီးမေ စိတ်ချမ်းသာစေရမယ်လို့ဘဲ ပြောခဲ့တာ"

" သူလည်း သူ့ချစ်သူနဲ့သူ လက်ထပ်ပါစေလားဟာ . . . အချိန်ရှိပါသေးတယ် . . . နင် နဲ့လည်း . . . မဝေးချင့်ဘူး"

ခွင့်လွှတ်ပါ နိုင်လွင် . . .

ခွင့်လွှတ်ပါ။ ကြီးမေစိတ်ဆင်းရဲအောင် ကျွန်မပြောကို မပြောရက်လို့ပါ. . .။ ကျွန်မငြင်းလိုက်ရင် ကြီးမေ ဘယ်လောက်ထိ စိတ်မကောင်းဖြစ်သွားလေမည်လည်း။

" အမလေး နိုင့်လွင်ကလဲ ဘာမှဝေးစရာမရှိဘူး . . . ငါတို့တစ်သက်လုံး သူငယ်ချင်း . . . သူငယ်ချင်းမှာ အမုန်းမရှိဘူး . . ."

www.burmeseclassic.com

www.burmeseclassic.com



နင့်ရင်ထဲက နှလုံးသားခံစားချက်ကို ဘယ်လိုသိတယ် ဆိုဆို ခုချိန်မှာနင်ဖွင့်ပြောခဲ့လည်း . . . သူငယ်ချင်းဆိုတဲ့ ဖြူစင်မှု ကြားမှာ အစိပ်ပွါယ်မဲ့သွားယုံကလွဲပြီး ဘာမှ ထူးခြား မလာနိုင်ပါဘူးလေ။

✿ ✿ ✿ ✿ ✿

လှပသော ဖိတ်စာလေးတွေ။

မောင်နန္ဒသက်အောင်နှင့် မခက်သဇင်ဝေတဲ့

တစ်သက်တာအတွက် ဖူးစာဖက်သတဲ့လား . . .။ ချစ်ခြင်း မေတ္တာမပါရှိသော နွေးထွေးခြင်းကင်းမဲ့သည့် ဖူးစာဖက် တွေတဲ့။ ကြီးမေနှင့် ဒေါ်လှလှခင်တို့နှစ်ယောက် တက်တက် ကြွကြွ ဖိတ်စာတွေဝေဖို့ သွားတာတောင် အလှတွေပြင်လိုက် ရတာ။

" သမီးလေးသူငယ်ချင်းတွေရော ဘယ်နှစ်ယောက် ဖိတ်မလဲ ဖိတ်စာကြိုက်သလောက်ယူနော် . . . "

" ဟုတ်ကဲ့ "

ဟုတ်ကဲ့လို့သာ ကြီးမေစိတ်ချမ်းသာအောင် ပြောခဲ့ တာပါ။ ကျွန်မဘယ်သူ့မှ မဖိတ်ပါဘူး။ နိုင်လွင့်ကိုလည်း နှုတ်နဲ့ ဖိတ်တာဘဲ ရှိပါတယ်။ ဖိတ်စာမပေးရက်ပါဘူး။ နိုင်လွင့်ဖက်က ဘယ်လိုခံစားရမယ်ဆိုတာ စာနာရမယ်လေ။ ကြီးမေတို့



သွားနေခိုက် အိမ်ထဲမှာဘဲ တစ်ယောက်ထဲ စာဖတ်နေခဲ့ပါတယ်။ ကျွန်မမှာက သူငယ်ချင်းဆိုလို့လည်း များများစားစား . . . ရှိတာမှ မဟုတ်တာဘဲလေ၊

စာဖတ်ရတာ ငြီးငွေ့လာတဲ့ အခါမှာတော့ . . . ပန်းချီ ဆွဲဖို့ပြင်ရပြန်တယ်၊ ပန်းချီဆွဲပြန်တော့လည်း . . . ပန်းချီ ကားထဲက မိုးပေါက်တွေကလဲ စိုရွှဲချမ်းစိမ့် လာသလိုလို၊

" ခက်လေး . . . ခက်လေး . . . ဘယ်နှယ် ဆိုဖာပေါ် အိပ်နေရတာလည်း သမီးရယ် . . . အိပ်ယာထဲဝင်အိပ်ရောပေါ့ တော်ကြာ နေမကောင်းဖြစ်နေမှဖြင့် . . . ခုရက်ပိုင်း နေကောင်း အောင်နေပါ . . . တော်ကြာ ဖျားနေတဲ့ သတို့သမီးလေးဆို မလှဘဲနေနေမယ် . . . ကြီးမေကလေ သမီးလေးကို အလှဆုံး အချောဆုံး အပြည့်စုံဆုံး ဖြစ်စေချင်တာ . . . "

" ကြီးမေတို့ ဖိတ်စာတွေ ဝေရတာ ပင်ပန်းလိုက်တာ တစ်နေကုန် မိုးချုပ်ရောဘဲ . . . "

" သည်လောက်တော့ အပင်ပန်းခံရမယ်လေ . . . ငါ့သမီးလေးဘဝကောင်းစား မြင့်မားသွားမယ့်အရေးဘဲ . . . "

" ကြီးမေ . . . . သမီး ထမင်းတော့ ချက်ထားတယ် တင်းကတော့ ဘာချက်ရမှန်းမသိလို့ မချက်ရသေးဘူး . . . "

" ရတယ် . . . ရတယ် . . . မချက်နဲ့ မချက်နဲ့ . . . ကြီးမေချက်မယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



" ကြီးမေပင်ပန်းပါတယ် ချက်မနေပါနဲ့ တော်ကြာကြမှ ကျွန်မ ဟင်းသွားဝယ်မယ်လေ"

" အေး အဲဒါလည်း ကောင်းတာဘဲ သွားဝယ်လိုက် . . . သွားဝယ်လိုက် သမီးကြိုက်တဲ့ ဟင်းသာဝယ်ခဲ့ . . . "

ကြီးမေလဲ သနားပါတယ်။

သတို့သမီးဖြစ်ရမယ့် ကျွန်မက သည်မင်္ဂလာဆောင်ကို စိတ်လည်း မဝင်စားဘူး။ ဘာမှလည်း အပင်ပန်းခံရတာ မရှိပါဘူး။ကြီးမေမှာသာ စိတ်ပင်ပန်း လူပင်ပန်းနဲ့။ ကျွန်မက ဆုံးဖြတ်ထားပြီးသားပါလေ။ ကျွန်မ အနာဂါတ်မှာ ဘယ်သို့သော စိတ်ပျက်စရာတွေဘဲ ကြုံကြုံ . . . ခံနိုင်ရည်ရှိစွာ စိတ်ကို အေးချမ်းနိုင်သမျှ အေးချမ်းအောင် ကြိုးစားမယ်လို့ဘဲ တွေးထားပါတယ်။

ဟင်းဝယ်မည်ဆို ထွက်လာခဲ့ပါတယ်။ အတော် မှောင်ပင်နေပြီဘဲ . . .။ ကြီးမေက စိတ်မချစွာ အပေါက်ဝအထိ တောင်းကောင်းသွားနော် ခက်လေး မြန်မြန်ဝယ် မြန်မြန်ပြန်ခဲ့ တဲ့. . .။ ဘာတွေကို စိတ်ပူပန်နေတာပါလိမ့်။

" ခက်ဝေ . . . ခက်ဝေ "

" ဟယ် ပုလဲ "

တော်ပါသေးရဲ့။

မှောင်နေပြီ။ ရုတ်တရက်တော့ ပုလဲနှင့် ကျွန်မတို့



မမြင်နိုင်ပါဘူး။ အနီးကပ်နှယ်မြင်မှာကို ကျွန်မကသာ စိုးရိမ်နေတာ ပုလဲကတော့ စိုးရိမ်ပုံမရပါဘူး။

" ခက်ဝေ . . . နင့်လူနဲ့ သူ့ကောင်မလေးကို ငါအခု ညနေ အပြန်မှာတွေ့တယ် . . . ပျော်ပျော်ယာယာနဲ့ . . . ဘယ်လာတာလဲတော့ မသိဘူး . . . ပြီးတော့ အငှားတား တစ်စီးပေါ် တက်သွားတယ် . . . နင် ကြည့်လဲပြောဦး တပူးတွဲတွဲ နိုင်လွန်းတယ် . . . "

" တွဲပါစေဟယ် . . . ဖိတ်စာတွေတောင်ဝေပြီးပြီ . . . တနင်္ဂနွေမင်္ဂလာပွဲရှိတာ . . . သုံးလေးရက်ဆိုရင် သူတို့ ဝေးကြရမှာ"

" သူတို့မဝေးဘဲ ဆက်တွဲနေကြရင်ကော နင် ဘယ်လို ခံစားမလဲ . . . "

" ဘယ်တတ်နိုင်မလဲ ပုလဲရယ် . . . ငါအရာအားလုံးကို လျစ်လျူရှုထားဖို့ဘဲ စိတ်ကူးပါတယ် . . . "

ဟုတ်တယ်လေ

ကိုနန္ဒက သစ္စာပျက်ယွင်းပြီး သူ့သူငယ်ချင်းနှင့်ဘဲ ဆက်တွဲနေမည်ဆိုလျှင် . . . ကြီးမေတို့ မသိအောင် မသိ ချင်ယောင် ဆောင်နေလိုက်ယုံပါဘဲ . . .။ ကြီးမေစိတ်ညစ် သွားအောင်တော့ မကြည်မလင်စကားတွေ မဆိုပါဘူးလေ။

ဟင်းဝယ်ပြီး ပြန်လာခဲ့တော့မှ ပုလဲက လမ်းခွဲ ထွက်သွားတာ။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမေကတော့ အိမ်ရှေ့တံခါးပေါက်လေးကနေကို စောင့်နေရှာတာပါ။

"စိတ်မပူပါနဲ့ကြီးမေရဲ့ သမီး လမ်းထိပ်မှာပုလဲနဲ့တောင် တွေ့သေးတယ် ပုလဲကိုတောင် ဟင်းဝယ်တဲ့ဆီ အဖော်ခေါ်သွားတာပါ"

" ပုလဲကို ဘာကိစ္စခေါ်သွားရတာလည်း . . . မိန္ဒယ်တကောင်းတာမဟုတ်ဘူး . . . ကိုယ့်ကို မပေါင်းချင်တဲ့ လူတွေ . . . "

"ပုလဲက ကျွန်မအပေါ် ကောင်းပါတယ် ကြီးမေရယ်"

ကြီးမေနှင့် ထမင်းအတူစားရတယ်။

တစ်သက်လုံးလိုလို ကြီးမေနှင့် အတူနေလာခဲ့တာ နောက်ဆို ကိုနန္ဒတို့အိမ် လိုက်သွားရမှာ။ ကြီးမေခမျာ တစ်ယောက်ထဲ။

" ကြီးမေ . . . သမီးတို့နဲ့ ဟိုအိမ်မှာ လိုက်နေပါလားဟင် . . . ကြီးမေနဲ့ မခွဲချင်ဘူး . . . "

ကြီးမေကို ပြောမိတာမှားတယ်၊ ကြီးမေမျက်ရည်ဝဲသွားတာ မြင်တော့လည်း ကျွန်မစိတ်မကောင်းပါဘူး။ အတူနေခဲ့ကြတာ ကြာမှ တစ်ယောက်တတွဲလည်း မနေချင်။

"တစ်မြို့ထဲ ခုတွေ့ချင်ခုတွေ့လို့ရတာဘဲ သမီးရယ် . . . ဖုန်းဆက်လဲရတာ . . . သမီး အနာဂါတ်က အရေးကြီးတယ်"



ကျွန်မကို အချစ်ဆုံးလူဟာ ကြီးမေတစ်ယောက်ထဲ ရှိပါတယ်။

" ကြီးမေ နေမကောင်းဘူးလား . . . "

ကျွန်မအိပ်ယာက နိုးပြီးတဲ့အချိန်တိုင်း ကြီးမေ မီးဖိုမှာ ချက်ပြုတ်နေတာကိုသာ တွေ့နေကြ အခုတော့အိပ်ယာထဲမှာ ခွေနေပါလား။ ကြီးမေ ကုတင်ပေါ်မှာ ဝင်ထိုင်လိုက်တယ်လေ။

" နေကောင်းပါတယ် . . . ပင်ပန်းလို့လားမသိဘူး ခေါင်းနည်းနည်းမူးသလိုဘဲ "

" သွေးပေါင်များတက်နေသလား မသိ . . . ဆေးခန်းသွားရအောင် ကြီးမေရာ . . . နော် . . . "

" မသွားပါဘူး . . . သွား သွား ကြီးမေ သောက်နေကြ သွေးဆေးလေးသွားယူခဲ့ . . . ရေအေးလေးတစ်ခွက် ယူခဲ့ . . . "

သွေးဆေးယူတိုက်ရတယ်။

ကြီးမေခုရက်ပိုင်းတွေမှာ ပင်ပန်းနေပြီဆိုတာ သိတာပေါ့။ ဖိတ်စာတွေဝေတဲ့ရက်ကဆို မိုးလင်းက မိုးချုပ် ထွက်နေတာ။

" ကဲ ကြီးမေ မှိန်းနေတော့ . . . သမီးလဲ အလုပ်တွေ သွားလုပ်ဦးမယ် "

" ပင်ပန်းတဲ့ အလုပ်တွေ ဘာမှမလုပ်နဲ့ တော်ကြာ သတို့သမီးလေးမျက်နှာတွေ ကျနေရင် မလှဘူး . . . "

www.burmeseclassic.com



ကြီးမေကသာ လှတာတွေ မလှတာတွေ ဂရုစိုက် နေတာ။ ကျွန်မကဖြင့် တနင်္ဂနွေနေ့မှာ ကျွန်မမင်္ဂလာဆောင်ရမယ် ဆိုတာ . . . သတိတောင်မရပါဘူး။ မီးဖိုထဲဝင် ရေခဲသေတ္တာ ဖွင့်ပြီး ဘာဟင်းချက်ရင် ကောင်းမလဲ စဉ်းစားနေမိတယ်။ ကြီးမေ နားနေပါစေ ထမင်းဟင်းတွေချက်ပစ်လိုက်မယ်။

အိမ်ရှေ့ဘဲလ်သံကြောင့် တံခါးထွက်ဖွင့်မယ်လို့ ကြည့်လိုက်တော့ ကြီးမေထွက်သွားတာကို မြင်ရတယ်။ ကြီးမေ ကလည်းလေ ခေါင်းမူးတယ်ဆို ငြိမ်ပြီးနားပါလား။ ခုတော့ ဧည့်သည်လာတာကို . . . ထွက်ကြည့်ရတယ်လို့။

" လှလှခင်ပါလား လာ လာ . . . အတော်ဘဲ မျှော်နေတာ"

ဧည့်သည်က အန်တီလှလှခင်ဆိုတော့ . . . သူတို့ ဖာသာနေပါစေတော့။ ကျွန်မဖာသာ ဟင်းချက်နေမယ်လို့ မီးဖိုထဲပြန်ဝင် နေခဲ့တာ။ ကြက်ဟင်းခါးသီး တစ်လုံးတောင် ကုန်အောင် မလှီးရသေး ။ အိမ်ရှေ့မှ ဆူညံဆူညံဘာတွေဖြစ်လဲ ထွက်လာကြည့်ခဲ့ရတယ်. . ။

ဘုရားရေ . . . ။

ကြီးမေ မျက်ရည်တွေကျလို့ပါလား ဒေါ်လှလှခင် ကလည်း မျက်နှာမကောင်း။ ရန်တွေဖြစ်နေကြတာလား ဘာတွေ ဖြစ်နေကြတာလည်း။



" အခုမှ ဘယ်လိုလုပ်မလဲ ငါ့မျက်နှာကို ဒါးနဲ့လှီးထား သလား လှလှခင်ရဲ့ . . . ငါ့တူမ ငါပိုင်တယ် နင့်သားနင်မနိုင်ရင် ဘာလို့သည်ဇာတ်ကို ကသလည်းဟဲ့. . . "

" ဒါကတော့ ကျွန်မလည်း ဖြစ်မလားလို့ပေါ့ . . . "

" အရှက်တွေကွဲပါပြီ . . . ဖိတ်စာတွေဝေပြီးမှ နင့်သားက သည်လိုလုပ်ရသလား စောစောက လိုက်ပါလား . . . "

ကြီးမေ မတ်တတ်ရပ်လိုက်တာမှာတင် ယိုင်လဲကျသွား တော့တယ်။ ကြီးမေ . . . ကြီးမေဆိုပြီး ပြေးပွေ့ရတယ်။ ဒေါ်လှလှခင်လည်း . . . ကျွန်မနှင့်အတူ ကြီးမေကိုပွေ့ရ တာပေါ့။

" ဆရာဝန်ခေါ်လေ . . . ဆရာဝန်ခေါ်လေ . . . "

ဆူညံဆူညံအသံတွေကြောင့် ကျွန်မဘာတွေဖြစ်နေ သလဲဆိုတဲ့ ခံစားမှု ဆူဆူပူပူကြားမှာ ဘာကိုမှ မဆုံးဖြတ် နိုင်တော့ပါဘူး . . . ။ ကျွန်မကြီးမေကို ပွေ့ထားပြီးမျက်ရည် တွေသာ ကျနေမိပါတယ်။

" ခက်ဝေသည်အတိုင်းပွေ့ထားလို့ မရဘူး . . . ပွေ့ချီပြီး ကုတင်ပေါ်တင်ရအောင်"

အခန်းထဲကို ပုလဲတို့မိသားစုတွေ ဘယ်လိုရောက်လာ သလဲမသိ ကျွန်မမသိလိုက်ပါ။ ဘယ်သူတွေရှိနေလည်း မရှိနေ သည်လဲ ကျွန်မမမြင် ဒေါ်လှလှခင်နှင့် ကြီးမေတို့သာပြန်ပြန်

www.burmeseclassic.com



အလှန်လှန် လက်ညှိုးညွှန်အော်ဟစ်နေကြတဲ့ ပုံတွေ
မျက်ဝန်းမှာ ပုံရိပ်တွေ အထပ်ထပ် ဖြစ်နေသလိုပါဘဲလ
ကျွန်မ လက်ထဲကနေ ကြီးမေတို့ လုယူသွားကြတော့လ
. . . ကျွန်မကတော့ ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့လေးကျန်
ရစ်ဆဲ။

" အမလေး . . . မမ . . . မမ . . . ဘယ်
ပြောလိုက်တယ် ဒေါက်တာ . . . ဆုံးပြီဟုတ်လား . . . မမရ

အန်တီနွယ်ရဲ့ အားပါးတရငိုလိုက်သံကို နားစည်
နောက်ဆုံးကြားလိုက်ရတာပါဘဲ။ ကြီးမေဆုံးပြီဆိုတာ ဘယ်
မဟုတ်နိုင်ဘူး မဟုတ်နိုင်ပါဘူး။ မဟုတ်နိုင်ပါဘူးလို့ နှုတ်ဖျာ
တတွတ်တွတ်ရေရွတ်နေရင်း . . . ကျွန်မရဲ့ အမြင်အား
မှုဝါးပိတ်ဆီးသွားတော့တာပါဘဲ။

" ဟဲ့ ဟဲ့ . . . ခက်ဝေ ခက်ဝေ . . . ခက်ဝေ မေ
သွားပြီ . . . ဩော် တော်တော်ဒုက္ခပေးတဲ့ ဂြိုလ်ကောင်မ
. . . ငါ့အစ်ကိုကို ဒုက္ခပေးခဲ့သလို အခုအစ်မကိုလဲ ဒု
ပေးပြန်ပြီ . . . ဒုက္ခပေးဖို့ မွေးလာတာ . . . သေချာတယ် .

အန်တီနွယ့် စကားတွေလဲ ကျွန်မ မကြားနိုင်
ပါဘူး။

❀ ❀ ❀ ❀ ❀



အပိုင်း(၃)

" ဖြစ်မှဖြစ်ရလေ ခက်ဝေရယ် . . . အဲသည်မှာတင်
ခက်ဝေကြီးမေဆုံးတာပေါ့ ဟုတ်လား "

" ဟုတ်တယ် . . . "

ကျွန်မ ပြန်သတိရမှာ အလွန်ကြောက်သော အတိတ်က
အကြောင်းအရာတွေပါ။ ဒါပေမယ့် အဲသည့်အကြောင်းတွေကို
ကျွန်မဘယ်တော့မှလည်း မေ့သွားနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မကို
သိပ်ချစ်တဲ့ ကြီးမေမရှိတော့တဲ့အခါမှာ . . . တစ်ယောက်တည်း
ကျန်ရစ်နေခဲ့ပါတယ်။

" နန္ဒသက်အောင်ဆိုတဲ့လူကလဲ မိုက်ရိုင်းလွန်းပါတယ်
. . . တကယ်ဆို သူ့ရည်းစားနဲ့ဘဲယူမယ်ဆိုလည်း စောစော
ယူပေါ့။ ခုတော့ ဖိတ်စာတွေဝေပြီးမှဆိုတော့ ခက်ဝေဘဝ
တစ်ခုလုံး အမည်းစက် ထင်ရတာပေါ့ . . . "

လက်ထပ်မင်္ဂလာပွဲ ဖျက်သိမ်းခြင်းတွေမှာ မျိုးစုံသော
စကားတွေကို ကြားရပါတယ်။ ဒါပေမယ့် ကြီးမေကို ဆုံးရှုံး
ရတာလောက် ဘာတိုမှ ကျွန်မ ဝမ်းနည်းမနေတော့ပါဘူး။
ကြီးမေမရှိတော့တဲ့ အခန်းမှာ တစ်ယောက်တည်းအထီးကျန်နေ
ရတာ စိတ်ပျက်စရာပါ။

ကြီးမေရဲ့ အမွေအားလုံးကလည်း . . . ကျွန်မကို ခွဲဝေ
ပေးထားပြီးသားမို့ ဆွေမျိုးတွေအမွေအတွက်တော့ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



စောဒက မတက်ကြပါဘူး . . .။ သူတို့နှုတ်ဖျားတွေမှာ မွေးကတည်းက အမေနှင့် အဖေကိုသေစေခဲ့သလို . . . ကြီးမေကြီးကိုလည်း သတ်ပြန်ပြီလို့သာ စွတ်စွဲပြောဆိုကြပါတယ်။

" အဲသည့်လူကို နော်နော်ဖြင့် မမြင်ဘူးပါဘဲ ကြည့်လို့မရဘူး . . . သူ့အတွက်ဘဲ သူသိတာ "

" ကျွန်မကတော့ ကျွန်မကိုယ် ကျွန်မဘဲ အပစ်တင်မိပါတယ် . . .။ တကယ်ဆို . . .။ နန္ဒနှင့်သူချစ်သူ တတွဲတွဲဖြစ်နေတာ ကြားနေတွေ့နေရပါလျက် ကြီးမေကို ပြောမပြမိသလို . . . အန်တီ လှလှခင်ကိုလဲ ပြောပြသင့်တာပေါ့။ သူတို့ခုလိုမျိုး နှစ်ဦးသဘောတူ လက်ထပ်သွားလိမ့်မည်လို့လည်း မထင်ခဲ့မိဘူးလေ . . .။

ကိုယ့်စိတ်နှင့် နှိုင်းပြီးတွက်ဆမိခဲ့တာ မဟုတ်လား။ ကျွန်မအမှားတွေလို့သာ ထပ်တလဲလဲ အပြစ်ရှာခဲ့မိတာဘဲလေ . . .။ကျွန်မသာ စောစောကကြီးမေကို ဖွင့်ပြောပြခဲ့မိရင် အခြေအနေအားလုံးဟာ တစ်မျိုးဖြစ်လာနိုင်တာဘဲ မဟုတ်လား။

" ကြီးမေဆုံးပြီးတဲ့နောက်မှာ ကျွန်မလေ ငါ့တစ်ယောက်တည်း ငါတစ်ယောက်တည်းဆိုတဲ့ ခံစားမှုကို ထပ်ခါတလဲ ခံစားရတယ် . . . နောက်တော့ ကျွန်မကို မြင်တာနဲ့ အမျိုးမျိုးပြောနေတဲ့ အဲသည့်ဆွေမျိုးဝန်ကျင်မှာ မနေချင်လို့



အခန်းကို ရောင်းလိုက်တယ် . . . အန်တီမိုးက ဝယ်တာပါ . . . နောက်တော့ အားလုံးနဲ့ဝေးအောင် သည်မှာ လာနေတော့တာ . . ."

" ခက်ဝေ ငယ်ဘဝလေးကလဲကွာ . . . ကြေကွဲစရာလေး တကယ်တော့ ကိုနိုင်လွင်ဟာ ခက်ဝေရဲ့ ငယ်ထဲက အဖော်ကောင်းပါလား . . . ခက်ဝေအကြောင်းလဲ အားလုံးသိတယ်ဆိုတော့ . . . ခက်ဝေ ဘဝခရီးဖော်ရွေးရင် ကိုနိုင်လွင်ကိုသာ ရွေးသင့်တယ် . . . "

ဟုတ်ပါတယ်

ဒါဟာ ဦးနှောက်ရဲ့အသိပါဘဲ။

နှလုံးသားရဲ့အသိ မဟုတ်တဲ့အခါ နိုင်လွင်ရဲ့ ချစ်တတ်ခြင်းတွေကို ဘယ်လိုသိသိ နိုင်လွင်နှင့် ပါတ်သက်၍ ရင်ခုန်သံတိတ်ဆိတ်နေခဲ့တာဘဲ မဟုတ်လား။ နှလုံးသားမှာ ထိတ်ခနဲခုန်သွားတတ်တဲ့ အပြုံးလေးတွေ။

" ကျွန်မ ဘယ်သူ့ကိုမှ မချစ်ချင်ပါဘူး နော်နော်ကျွန်မရဲ့ အတိတ်ကအကြောင်းတွေအတွက်လည်း ရှင်းပြမနေချင်ဘူး . . . နိုင်လွင်ဆိုရင်တော့ အားလုံးက အသင့်တော်ဆုံးဆိုပေမယ့် . . . ကျွန်မမှ ချစ်မရတာ. . . ."

ဟန်းဖုန်း မြည်နေသံကို ကြားရတယ်။ အခန်းထဲကိုဝင်လာပြီး နားထောင်မိပြီ။ နိုင်လွင်ဘဲ ဖြစ်နိုင်တယ်လေ။ မနေ့က

www.burmeseclassic.com

www.burmeseclassic.com



သူ့ပြပွဲအတွက် ပန်းချီကားလာပို့မယ် ပြောပြီး ကျွန်မ ပျက်ကွက်ခဲ့တာကိုး ။

" ဆောရီး နိုင်လွင်ရယ် . . . ပန်းချီကားက ပြီးနေပါပြီ . . . ငါလာပို့မလို့ပါ . . . ဒါပေမယ့် . . ."

" မမ . . . မမစိတ်မှာ အချိန်တိုင်း ကိုနိုင်လွင်ဘဲ ရှိသလား ဟင် "

" ဩော် . . ."

ကျွန်မ မှားသွားပြီ။

သူဖြစ်နေလိမ့်မည်လို့ လုံးဝထင်မထားခဲ့မိတာအမှန်ပါ။ ဒါကြောင့် နိုင်လွင်ဆက်နေကြမို့ . . .။

" မမ ဖြေပါဦး တကယ်ဘဲ မမစိတ်မှာ ကိုနိုင်လွင်ဘဲ ရှိသလား"

" နိုင်လွင်က ကျွန်မ သူငယ်ချင်းလေ နှစ်ပေါင်းများစွာ ခင်မင်ခဲ့တဲ့ သူငယ်ချင်းပါ . . . ကျွန်မဆီအမြဲ ဖုန်းဆက် နေကြဆိုတော့ နိုင်လွင်လို့ဘဲ မှတ်သွားတယ်လေ . . ."

" မမ စိတ်မှာ ကျွန်တော် လုံးဝမရှိလို့ပေါ့ "

" မင်းကို ဖုန်းနံပါတ်ပေးမိတာကို တကယ်မေ့နေတယ် ခွင့်လွှတ်ကွာ . . ."

" မမကို အပစ်မြင်တယ်မဟုတ်ပါဘူး စိတ်မကောင်း တာပါ . . ."



" ဟုတ်လား . . . ဒါဆိုတောင်းပန်ပါတယ် နောက် တိထားမယ်လေ . . ."

"မမ . . . ပန်းချီဆိုင်ခန်းကိုလာဦးမလားဟင် . . . တွေ့ချင်လို့ပါ . . ."

တကယ်ဆို . . . မင်းနဲ့ကျွန်မတွေ့စရာ ဘာအကြောင်း မရှိဘူးလို့ပြောပြီး အပြတ်ဖြတ်သင့်တယ်။ ကျွန်မဆီမှာ ဘယ်လို အားနည်းချက်တွေရောက်နေတာပါလိမ့် . . .။ ကျွန်မဟာ ကျွန်မထက် ငယ်တဲ့ ကောင်လေးတစ်ယောက်ရဲ့ အပြုံးမှာ စ်မျော စ ပြုနေတာလား။ မဖြစ်သင့်ဘူးနော်ဆိုတဲ့ ဦးနှောက် တွေကို . . . နှလုံးသားက လျစ်လျူရှုပြီး သူ့ကို ကျွန်မဆီ ရောက်လာစေချင်နေပြီ လားကွယ်။

မိုးသည်းနေတာကျေးဇူးတင်စရာပါဘဲ။

ကျွန်မရဲ့ ကားရှေ့ခန်းမှာ သူထိုင်နေတာကို တစ်ယောက်ယောက် မြင်သွားမလားလို့တော့ ကျွန်မ စိုးထိတ် တတ်ပါတယ်။ ဦးနှောက်အသိတွေက သူ့ကိုအနားမှာမရှိသင့် ဘူးလို့ ထပ်တလဲ သတိပေးနေတဲ့ကြားက . . . သူ့အပြုံးကို ကျွန်မငေးစိုက် ကြည့်ရင်း အားလုံးကို မေ့နေသလိုပါလား။

" မမ ကျွန်တော့်ကို ဘာလို့ ကြည့်တာလဲ "

" မင်းကို ပန်းချီဆွဲမယ်ဆိုရင် . . . ဘယ်လိုနေမလဲ ကြည့်တာပါ "

www.burmeseclassic.com

www.burmeseclassic.com



" သိပါဘူး ချောလို့ကြည့်တာလားလို့ "

" မိုးသဲနေတာဘဲ . . . နဲနဲတော့ ချောချင် ချောနိုင်တယ် ဒါကြောင့် ကားရပ်ထားတာ"

"မမလဲ နောက်တတ်တာပါလား. . . "

သူဟာသိပ်လည်း လှပချောမောသည်မဟုတ်ပါ။

အသားကစိုသည် ပြောပြော ညိုတော့ အတော်ည ပါတယ်။ ကျွန်မ မျက်ဝန်းမှာ ခါတ်ပုံရိုက်ထားသလို သူ့ပုံသဏ္ဍာ က စွဲထင်နေတာပါလား . . . ။ ကျွန်မပုံကို နိုင်လွင် အလွတ်ရေ ထားတာတွေမြင်ရတုံးက ပြုံးဘူးတယ်။ နှလုံးသားမှာ ပုံရိ ထင်နေတယ် ခက်ဝေ။ အချိန်မရွေး ပုံရေးရင်ရတယ်လို့ နိုင်လွ ပြောဘူးတာ အမှတ်ရမိတယ်။

လူဆိုတာကိုယ်တွေ့ကြုံမှ စာနာတတ်သည်လား။

" မမကို ပြောစရာရှိတယ် "

" ဟင့်အင်း မပြောပါနဲ့ . . . ဟိုမှာကြည့်စမ်း . . . မိုးပေါက်တွေ အတော်ကြီးတယ်နော် ခုနေ ကားအပြင်ထွက် လျှောက်ရင် . . . ခြေလှမ်း လေးငါးလှမ်းမှာ ကြွက်စုတ်ေ ရေနှစ်လိုက်သလို ဖြစ်သွားမှာဘဲ . . . ပျော်စ ကောင်းလိုက်မယ့် ဖြစ်ခြင်း တစ်ခါတစ်ခါမှာ ကျွန်မေ အဲလိုမိုးသည်းထဲ လျှောက်သွားတတ်တယ် . . . အဲလိုအခါမျိုး နော်နော်က ဆူတာပေါ့။ ခက်ဝေက စိတ်ကို အလိုလို



သတဲ့လေ. . . ကျွန်မစိတ်ကို အလိုမလိုက်ပါဘူး စိတ်ကို အလိုလိုက်မယ်ဆိုရင် . . . "

ကျွန်မ စိတ်ကို အလိုလိုက်မယ်ဆို မင်းကို ရင်ဖွင့်ခွင့် ပေးလိုက်မှာပေါ့ . . . ။ မင်းရဲ့ မျက်ဝန်းတွေထဲမှာ တွေ့နေတဲ့ အချစ်တွေကို ကျွန်မ နှစ်သက်လိုချင်မိပါလျှက်. . . ။

မမ ချစ်တယ် လို့ဖွင့်ပြောခဲ့ရင် . . . ။

ကျွန်မကလည်း ချစ်နေတာပါဘဲ . . . ။

ဒါပေမယ့် စိတ်ကို အလိုမလိုက်ချင်ဘူး . . . ။ ရင်ဆိုင်ရမှာတွေကိုလဲ ရင်မဆိုင်ချင်တော့ဘူး . . . ။ နေလင်းကို မမ ဘယ်ပို့ပေးရမလဲ . . . "

" နေပါစေတော့ ကျွန်တော် ပြန်မယ် "

ကားတံခါးကိုဖွင့်လိုက်ပြီ။

ပြီးတော့ ကျွန်မကို တစ်ချက်ငဲ့ကြည့်တယ်။

အဲလိုမကြည့်စမ်းပါနဲ့လား။ ကျွန်မ နှလုံးသားက ယိုင်နဲ့ နေပါပြီ မင်း အကြည့်တစ်ချက်ကိုမှ ဒဏ်မခံနိုင်လောက်အောင် ပါဘဲ . . . ။

ထီးကလေးကို ခပ်ငိုက်ငိုက်ဆောင်းပြီး မင်းလျှောက် သွားပြီ . . . ။

" မောင် . . . "

ကျွန်မသည် ကျွန်မ၏ နှလုံးသည်းပွတ်တွင် ချစ်ရသူကို ဤသို့ခေါ်မည်လို့ စိတ်ကူးဖြင့် ရူးခဲ့ဘူးသူပါ . . . ။

www.burmeseclassic.com

www.burmeseclassic.com



အဲလိုမျိုးလှမ်းအော်ခေါ်ချင်ပါသည် မောင် . . .

ဒါပေမယ့်

ကျွန်မ ငေးကြည့်နေမိဆဲပါ။

ကားတံခါးလက်ကိုင် ကိုဖွင့်လိုက်ပြီ။

ထီးဝါကလေးကို တစ်ချက်ဆတ်၍ ဖွင့်လိုက်ပြီးတဲ့နောက်။ ကားပေါ်ကဆင်းလိုက်တယ် . . .။

ချစ်သူနှင့်ဆို အားလုံးကိုရင်ဆိုင်ရမှာပါလို့ ဆုံးဖြတ်ချိန်မှာမှ။

" ဟင် "

မိုးသည်ထဲမှာ။

မမျော်လင့်ဘဲ တွေ့လိုက်သူကို အံ့ဩလွန်းစွာငေးကြည့်မိဆဲ ချက်ခြင်းဆိုသလို ဒေါသမည်သော ခံစားမှုတစ်ခုက ရင်ကိုတိုးဝှေ့တိုက်ခိုက်လာတဲ့အခါ . . .။

" ရှင့်ကိုတွေကို မတွေ့ချင်ဘူး ရှင့်ရက်စက်မှုကြောင့် ကျွန်မ အချစ်ဆုံး ကြီးမေသေရတယ် . . . အခုမှ မခက်ဝေလည်း . . . ရှင်သွားပါတော့ရှင် . . . တောင်းပန်ပါတယ်ဆိုတဲ့ စကားမျိုး လာမပြောနဲ့ ရှင့်ကို သေတာတောင် ခွင့်မလွှတ်ဘူး . . . ကြီးမေကို ဆုံးရှုံးရတာကျွန်မ ဘဝသေဆုံးတာထက် ခံစားရတယ် . . . ရှင်သွားပါတော့ . . . "

ဘာလို့များ သည်လူနှင့် ပြန်ဆုံရသလဲ။



ကမ္ဘာကြီးရယ် ကျယ်ဝန်းတယ်ဆို . . . .။

ခုတော့လည်း ကျဉ်းမြောင်းလွန်းလှပါလား . . .။

တွေ့ချင်သူနှင့်လည်း မတွေ့အောင်ရှောင်ရ

မတွေ့ချင်သူနှင့်လည်း တွေ့နေရတယ် . . .။

စိတ်ပျက်စရာကောင်းလိုက်တာ။

" မခက်ဝေကို တောင်းပန်မလို့ပါ "

" မလိုဘူး . . . ခုမှလာတောင်းပန်မနေနဲ့ . . . ရှင်တောင်းပန်ချင်ရင် ကြီးမေ အသက်ပြန်ရှင်အောင်လုပ်ပေးလေ . . . သွားစမ်းပါ . . . ဘာကိုမှ အစားပြန်ရစရာအကြောင်း တစ်ခုမှ မရှိဘူး . . . "

သူနောက်ကိုလိုက်သွား ခေါ်မည်ဆိုတဲ့ စိတ်လည်း ဘယ်ရောက်သွားပြီမသိ၊ ကားပေါ်ပြန်တက်ပြီးမောင်းထွက်ခဲ့တယ်လေ၊ ဘာလို့များ အခုမှ လာတောင်းပန်နေရသလည်း၊ အစကတည်းက ငါသည်သို့ ပြုမူလျှင် ဘယ်သို့သော အခြေအနေတွေ ဖြစ်နိုင်တယ် ဆိုတဲ့ . . . ဦးနှောက်အသိလေးတော့ ထားသင့်တာပေါ့ . . .။

မိုး ဖွဲကြောင့်လား။ အရာအားလုံးဟာ မပီပိုးတဝါး . . .။ ကားကို လမ်းဘေးမှာရပ်ထားလိုက်ပါတယ် ရှေ့ဆက်မောင်းနေရင်တော့ အန္တရာယ်ဖြစ်တော့မှာ အမှန်ဘဲလေ . . .။

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ် ဆိုတဲ့ စကားလေးလေးလုံးကို ပြောရတာ အလွယ်လေးပါဘဲ။

အဲသည်စကားတွေရဲ့ ရှေ့မှာဘာတွေဖြစ်ခဲ့ပြီလည်း တောင်းပန်ယုံနှင့်ပြီးသွားနိုင်သောအကြောင်းတွေတဲ့လား။

ကျွန်မအတွက်တော့ ပြင်းထန်သောမုန်တိုင်းတွေပါဘဲ။

ကြောင်ကလေးက တညောင်ညောင်အော်နေပြီ အဲဒါ နော်နော် အကျင့်လုပ်တာလဲ ပါပါတယ်. . .။ ဖွားတင်က ဘာမှ သိပ်မကျွေးနိုင်ဘူးဆိုပြီး . . . ထမင်းနဲ့ ပုစွန်ခြောက်တွေ နယ်နယ်ကျွေးတော့ . . . ကြောင်ကလေးက သည်ဖက်အိမ်ကို သိပ်ကြိုက် နေတာပေါ့. . .။

" နားညည်းလိုက်တာ နော်နော်ရယ် . . . နင်က အဲသည့်ကြောင်ကို အကျင့်လုပ်တာကိုး . . . မြန်မြန်ကျွေးပြီး မြန်မြန် ပြန်လွှတ်လိုက်ပါလားဟာ . . . ဟဲ့ ကိုပူစီ . . . နင်စားပြီးရင် မြန်မြန်ပြန် ငါက နားညည်းတာမကြိုက်ဘူး . . . "

ကြောင်ကလည်း နားလည်လွန်နေသလိုပါဘဲ။

ကျွန်မ ပြောနေတာကို နားရွက်ကလေးထောင်ပြီး ကြည့်ပါတယ်။ နောက်ပြီးတော့ နော်နော်ကျွေးတဲ့ ထမင်းကို ခေါင်းမဖော်ဘဲ စားနေတော့တာ။ ပြီးတာနှင့် လှစ်ခနဲ ထွက်ပြေးသွားပြီ။



" တော်တော်လျှင်တဲ့ ကြောင်ဘဲနော် . . . စကား ပြောတာတွေကို နားလည်သလိုဘဲ . . . "

" ဖွားတင်က အမြဲလို လူတစ်ယောက်နဲ့ စကား ပြောသလို သူ့ကိုပြောနေတာကို သူ့နားထဲမှာ လူတွေပြောတဲ့ စကားတွေကို နားယဉ်နေတာ ဖြစ်မှာပေါ့ . . . "

" ဟုတ်မှာဘဲ . . . ပြောလိုက်ရင် နားလည်သလို မော့ကြည့်နေတယ် . . . "

သည်နေ့တော့ နော်နော်ဆိုင်ပိတ်တာမို့ . . . အိမ်မှာ သေချာထမင်းဟင်းချက်စားမယ်လို့ ပြောပါတယ်။ ကျွန်မ ကတော့ ဟင်းချက်ဘယ်လောက် တတ်တယ်ပြောပြော. . . ကြီးမေအလိုလိုက်ခဲ့လို့ အကျင့်က ပျက်နေပါပြီ။ ဟင်းချက် ရမှာဆို မချက်ချင်တော့ဘူး။ ညဖက်တစ်ညလုံးလို ပန်းချီဆွဲ နေ့ခင်းအိပ် ကြိုသလိုဝယ်စားနဲ့။ ထမင်းဟင်းချက်ပြီး ဖွယ်ဖွယ် ရာရာ ချက်ရအောင် ကလည်း. . .။ ဘယ်မှာလည်း ပျော်ရွှင် ကြည်နူးဖွယ်ရာ မိသားစုထမင်းဝိုင်း။ ချက်စားချင်တဲ့ စိတ်လည်းကုန်ပါတယ်။

နော်နော်ကတော့ သူ အားလပ်ရက်ကလေးရရင် ဟင်းတွေဖွယ်ဖွယ်ရာရာချက်ပြီး ကျွန်မနှင့် အတူစားလေ့ ရှိပါတယ်။

" ချစ်သူကရော မလာတာအတော်ကြာပြီ . . . "

www.burmeseclassic.com



" ကိုမိုးလား . . . တွေ့နေရတာဘဲ ခက်ဝေရယ် သူကတော့ ရွှေနှစ်လောက် လက်ထပ်ချင်တယ်လို့ ပြောတယ် . . ."

" ဟုတ်လား ဒါဆို ရွှေနှစ်ကစပြီး ကျွန်မ တစ်ယောက်တည်း ကျန်နေခဲ့ရတော့မယ်ပေါ့ . . ."

" တစ်ယောက်တည်းလို့ မပြောပါနဲ့ . . . ခက်ဝေလည်းတစ်နေ့မှာ ခက်ဝေရဲ့ ဘဝခရီးဖော်ကို ရလာမှာပေါ့"

" ကျွန်မကတော့ မထင်ပါဘူး . . . ကျွန်မဘဝရဲ့ အမည်းစက်တွေ . . ."

" ဘာဆိုင်လဲ . . . အဲသည့်ကိစ္စမှာ ခက်ဝေ အပစ်မှမရှိဘဲ . . ."

" မထင်ပါနဲ့ကွယ် . . . ကျွန်မကတော့ အားလုံးကို စိတ်ဖျက် စိတ်ကုန်နေပါပြီ . . . နောက်ဆုံးမှာတော့ ဖွားတင်ကမှ ကျွန်မထက်စာ ကြောင်တစ်ကောင်ပိုလိမ့်ဦးမယ် သေချာပါတယ် . . ."

ဟဲ့ဖုန်းမြည်နေသံကို ကြားရတယ်။

စိတ်မှာချက်ခြင်း အမှတ်ရသွားရတာပေါ့ . . .။

အရင်ကဆို နိုင်လွင်လို့ ချက်ခြင်းသိတယ်။

ခုတော့ . . .။ နော်နော်က ဖုန်းရှိရာကို သွားနေပြီ





ဟိုးအရင်က . . . နိုင်လွင့်ဆီမှလွဲ၍ ဘယ်သူ့ဆီကမှ ဖုန်းမလာတတ်ပါ။ အခုက . . .။

" ခက်ဝေလား ရှိတယ် ဘယ်သူလည်း နေလင်းလား"

" သက်သက်ရော . . . အားလုံးရော နေကောင်းကြလား . . . ခက်ဝေရေ . . . နေလင်း . . ."

" လာပြီ . . ."

ခက်ဝေက ဟင်းအိုးကြည့်နေပါတယ်။

ဒါပေမယ့် အနားမှာရှိသည့် စားပွဲမှာထိုင်ပြီး ဖုန်းပြောနေသည့် ကျွန်မ အသံကို ကြားရမှာပါဘဲ။

" ပြောလေ ဘာပြောမလို့လဲ "

" မမ ပန်းချီဆွဲနေလား "

" မဆွဲပါဘူး . . . နော်နော် ဟင်းချက်ကျွေးမှာမို့ ထမင်းစားမလို့ . . . စောင့်နေတာပါ . . ."

" ကျွန်တော့်ရော မကျွေးဘူးလား "

" လာစားလေ . . ."

" တကယ်လာစားမှာ . . ."

" လာပါ . . . ကျွေးပါတယ်"

" ဒါဆိုခဏနေရင် လာမယ် . . . မမနဲ့ တွေ့ချင်တယ် . . . မမနဲ့ ထမင်းအတူစားချင်တယ် . . ."

ဖုန်းသွားထားလိုက်ပြီး နော်နော်ရှိရာပြန်ဝင်လာပြီး နေလင်း ထမင်းလာစားမဲ့ အကြောင်းပြောပြမိတယ်။

www.burmeseclassic.com



" ခက်ဝေ . . . နေလင်းက မင်းအပေါ်ရိုးသားရဲ့လား"

" ကျွန်မ ရှောင်နေပါတယ် . . . သူဖွင့်ပြောမယ့် ပုံရှိရင် စကားလွှဲလိုက်တယ် . . ."

" ဘယ်လောက် ကြာကြာရှောင်နိုင်မှာလည်းခက်ဝေ . . . မင်းကရော . . . နေလင်းအပေါ် ဘယ်လိုရှိသလည်း တစ်ခုတော့ စဉ်းစားခက်ဝေ . . . နေလင်းတို့ မိသားစုက ကြီးတယ် . . . ပြီးတော့သူတို့တွေက သိပ်ညီညွတ်ကြတာ . . . တစ်အိမ်ထဲအတူ နေကြပြီး တစ်ယောက်ခက်ခဲရင် တစ်ယောက် ဖြေရှင်းကြတာမျိုး . . . သူ့အမေကလဲ နေလင်းကို သိပ်သည်းတယ်။ အငယ်ကောင်လေး ဆန်းလင်းတို့ ကျော်လင်းတို့ ကိုတောင် နေလင်းလောက်ဦးစားမပေးဘူး . . . မင်း . . . စဉ်းစားပါဦး . . ."

နော်နော်ကတော့ စိတ်ပူနေတဲ့ပုံပါ။

ကျွန်မကရော . . .။

ကျွန်မကတော့. . .။

မမကြီးဆုံးပြီဟုတ်လား ဆိုတဲ့ အသံတစ်ခုရဲ့ နောက်မှာ ကြည်နူးမှု ပျော်ရွှင်မှုတွေ ပျောက်ကွယ်ခဲ့ပြီး ရင်ထဲလစ်ဟာ နေခဲ့တာ . . .။

" နော်နော်ကတော့ ခက်ဝေကို စိတ်ချမ်းသာစေချင်တယ် တကယ့် အချစ်စစ်နဲ့ တွေ့စေချင်တာ



ခက်ဝေပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေဟာ ခက်ဝေအတွက် အချစ်စစ်ကို ရနိုင်ပါ့မလား . . ."

" ကျွန်မ ဘာမှ မစဉ်းစားထားပါဘူး နက်ဖြန်ဆိုတာကိုတောင် ကြောက်နေသလိုပါဘဲ . . ."

ဘဲလ်သံကြားမှ စကားပြတ်သွားပါတယ်။

" ခက်ဝေ နေလင်းလာရင် စကားပြောလို့ရမှာမဟုတ်ဘူး မင်း နော်နော့်ကို ကတိတစ်ခုပေးပါ။ နေလင်းနဲ့ ပါတ်သက်ပြီး ဖြစ်လာတဲ့အခြေအနေ . . . ခက်ဝေခံစားရသမျှ အမှန်အတိုင်းပြောပါလား "

" နဂိုရ်ကရော ကျွန်မ ညာတတ်လို့လား၊ စိတ်ချပါ ပြောပါမယ် . . ."

တံခါးဖွင့်လိုက်တော့ . . . အပြုံးတပွင့်ကို အရင် တွေ့ရပါတယ်။ အဲသည့်အပြုံးက ကျွန်မရင်ကို လှုပ်ရှားစေတယ် ဆိုတာတော့ . . .။ မျက်ဝန်းတွေလွှဲဖယ်ပစ်လိုက်ပြီ။

" ဝင်လေ . . . ဝင်ပါလား နေလင်းရဲ့ . . ."

" မမ . . . ညက အိပ်ပျက်ထားသလား . . ."

" ညကပန်းချီ မဆွဲပါဘူး . . . ဒါကြောင့် နေ့ခင်း မအိပ်တာပေါ့ . . . နော်တောင် ဟင်းကျက်နေပြီ မင်းလာမယ်ဆိုလို့ စောင့်နေတာ . . ."

" မမ . . . မနော်ဘာဟင်းတွေချက်နေလည်း . . ."

www.burmeseclassic.com



" ကြက်သားနဲ့ ဘူးသီးချက်တယ် နေလင်းရေ့ . . . "

" ကျွန်တော် ကြိုက်တယ် မမနော် "

" ကြိုက်ရင် စားကြရအောင် . . . "

ထမင်းဝိုင်းမှာ ကျွန်မကို နေလင်းက ဂရုစိုက်ပါတယ်။ ထမင်းထည့် ဟင်းထည့်နဲ့ . . . ။ ဒါကို နော်နော်လည်း မြင်မှာပါဘဲ။

" ခက်ဝေ . . . နင် အဲသည့်အလုပ်မလုပ်သင့်ဘူး နင်ကရိုးသားတယ် . . . သူတို့တွေက အဲလိုမျိုး အလုပ် အမျိုးမျိုး ရှေ့တန်းတင်ပြ ရှယ်ယာတွေစုပြီး အလုပ်လုပ်ကြတာ ရိုးသားရင်ကောင်းပါရဲ့ . . . မရိုးသားဘူးဆိုရင် မကောင်းဘူး . . . ငါက အလုပ်ကြောင့် နင်အလိမ်ခံရမှာ စိုးလို့ပြောတာ . . "

ဘာတွေပြောနေတာလည်း နော်နော်ရယ် . . .

ဘာအလုပ်တွေလဲ။

ကျွန်မက . . . ပန်းချီဆွဲတဲ့အလုပ်ကလွဲပြီး ဘာမှ စိတ်ဝင်စားတာမဟုတ်။ နော်နော်ပြောနေတာတွေလည်း နားမလည်။ ဒါပေမယ့် နေလင်းရှေ့မှာဘာမှပြန်မမေးချင်ပါဘူး။

" နင်က ခေါင်းမာတယ် . . . နင်လုပ်ချင်တာ လုပ်မနေနဲ့ သူများလိမ်သွားရင် နင့်ရှိသမျှ စည်းစိမ်အကုန် မြုတ်သွားမယ် . . . "

" ငါ့မှာ ငွေလဲသိပ်မရှိတော့ပါဘူး နော်နော် . . .





ငါ့ငွေတွေကို အန်တီနွယ် လိမ်သွားတာတိုက တဝက်မကပါသွားပါပြီ . . . "

ကြီးမေနှင့် အတူနေသော တိုက်ခန်းကို ရောင်းရတဲ့ ငွေတွေလည်း ကျွန်မ မရလိုက်ပါဘူး။ အန်တီနွယ်က ယူသွားတယ်လေ . . . ပြန်တောင်းတော့လည်း . . . နေ့ရွှေ့ ညရွှေ့ . . . ကြာတော့ မတောင်းချင်တော့ဘူး . . . ။ တိုက်ခန်း ရောင်းတဲ့ငွေလေးဟာ ကျွန်မကျန်ခဲ့တဲ့ ငွေတွေထက်စာရင် သိပ်ကို နည်းပါတယ်။ နော်နော်က ကျွန်မရဲ့ စည်းစိမ်တွေက အချစ်စစ်ကို မရနိုင်ဘူးလို့ ဆိုတယ် . . . ။

မောင် . . .

ကျွန်မသည် သို့ ခေါ်ချင်သော နှလုံးသည်းပွတ်လေးရယ်။ မောင်က တကယ်ဘဲ ချစ်တဲ့ အချစ်စစ်ကိုသာ ကျွန်မလိုချင်ပါတယ်။

" မမနဲ့ မနော် ဘာတွေပြောနေလဲ မမကရော ဘာအလုပ်တွေလုပ်နေတာလဲ . . . "

" သည်လိုပေါ့ . . . ကလေးက ကလေးလို နေစမ်း နေလင်း "

" မမနော်ကလဲ ကျွန်တော်ကလေးမှ မဟုတ်တာ . . . မမကို မဖြစ်သင့်တာမဖြစ်ရအောင် ပြောပြတာတဲ့ အရွယ်ပါ . . . "

www.burmeseclassic.com

www.burmeseclassic.com



" စိတ်ချပါ နော်နော် ကျွန်မလုပ်တဲ့အလုပ် ကျွန်မ နိုင်ပါတယ် . . . ဘာမှမပူနဲ့ ကဲပါ ထမင်းစားတုံး အလုပ်အကြောင်းတွေမပြောနဲ့ စားမှာစား . . . "

စကားဖြတ်လိုက်ရတယ်။ နေလင်းလေး ပြန်သွားရင်တော့ နော်နော်နှင့် စကားတေါပြောရမည်ဘဲ။ ထမင်းစားပြီးတော့ နော်နော်က အချိုပွဲဆိုပြီး နာနတ်သီး ခွဲကျွေးပါတယ်။

" အသီးတွေထဲမှာ ကျွန်မက နာနတ်သီး အကြိုက်ဆုံးလေ . . . "

" မမ အကြိုက်တွေ ကျွန်တော် မှတ်ထားပါမယ် . . . "

နော်နော်ပြုံးလိုက်တာ ကျွန်မ မြင်ပါတယ်။

သုံးယောက်အတူထိုင်ရင်း စကားတွေ ရောက်တတ်ရာရာပြောနေမိကြတယ်လေ။

" မမ . . . မနက်ဖြန် . . . ဘုရားသွားရအောင် . . . "

" ကျွန်မက မနက်ဖြန်ဆိုတာ ကြိုပြောလို့ မရဘူးလေ . . . ည ပန်းချီဆွဲချင်စိတ် ပေါ်လာရင် နောက်တစ်နေ့ကြတော့ အိပ်နေတာနဲ့ကြုံဦးမှာပါ . . . "

နော်နော်က ကျွန်မကို လှမ်းကြည့်တယ်။ နှလုံးသားကို မညာတမ်းဝန်ခံရရင် ချစ်ခြင်းနှင့် စိုးရိမ်ခြင်းဟာ တစ်ဖက်စွန်းဆီ ရွေ့လျားနေပါလားကွယ် . . . ။

လှလိုက်တဲ့ည



မိုးရိပ်တစမရှိ။

တိတ်ဆိတ်လှပလွန်းပါတယ်။ ကျွန်မတတော့ ပြတင်းကို ပထမဆုံးဖွင့်ပြီး ကော်ဖီခါးခါးတစ်ခွက်နှင့် ညအလှကို အရသာခံနေမိတာပေါ့ . . . ။ ကျွန်မ ပြောသလိုပါဘဲ။ ညမှာပန်းချီဆွဲဖြစ်ဦးမှာပါ . . . ။

ဟင် . . . ကြောင်တစ်ကောင်ပါလား။

ကြောင်ကခေါင်မိုးအပေါ်ဆုံးမှာ ဖြည်းညင်းစွာ လျှောက်နေတယ်။ အဲဒါ ဖွားတင်ရဲ့ ကြောင်များလား . . . ။ မဟုတ်နိုင်ဘူး။ သည်ကြောင်ကြီးက အများကြီး ထွားကြိုင်းသလိုပါဘဲ။

" ခက်ဝေ . . . ပန်းချီဆွဲမလို့လား . . . "

" နဲနဲဆွဲပြီးပါပြီ . . . အခုမှ ပြတင်းဖွင့်ပြီး ကော်ဖီသောက်တာ . . . ဟိုမှာကြည့်စမ်း နော်နော် . . . အဲဒါ ဖွားတင်ကြောင် ဖြစ်နိုင်သလား . . . "

နော်နော်ပါမနေရ။

ကျွန်မကြည့်ရာလိုက်ကြည့်ရပြီ။

" မဖြစ်နိုင်ဘူး သည်ကြောင်က ကြီးတယ် "

ကျွန်မအတွေးနှင့် ထပ်တူညီပါဘဲ "

" ခက်ဝေ . . . နေလင်းကို ဘယ်လိုခံစားရလဲ "

" တစ်ခါတစ်ခါမှာ ချစ်တယ် ။ တစ်ခါတစ်ခါမှာ မချစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး . . . ကျွန်အမက အချစ် . . . ဆိုတာ ငိုကြွေးခြင်းတွေနဲ့ဘဲ အဆုံးသတ်သလို ခံစားရတယ် . . . ”

“ နေလင်းကို ခက်ဝေချစ်နေပြီဆိုရင် သူတို့မိသားစုတွေက ခက်ဝေကို ဘယ်လိုခံစားမလဲ . . . နော်လေ စိတ်ပူနေသလိုဘဲ ဒါကြောင့် ခက်ဝေအပေါ် နေလင်းက တကယ်ချစ်မချစ်သိချင်လို့ အလုပ်အကြောင်းတွေ စကားစထားတာပါ . . . ကျွန်ခဲ့တဲ့ နှစ်ရက် သုံးရက်လောက်က နော့်ဆိုင်ကို သက်သက်ရောက်လာတယ် . . . ဟိုပြော သည်ပြော ပြောရာကနေ ခက်ဝေအကြောင်း မေးတာဘဲ ဘယ်လောက် အတိုင်းအတာထိ ချမ်းသာသလဲ ဆိုတာလဲ ပါတယ် . . . ပြီးတော့ . . . ခက်ဝေရဲ့ ဆွေမျိုးစန်းကျင် ပေါ့. . . ”

“ နော်နော် ဘာတွေဖြေလိုက်လဲ ”

“ မယုတ်မလွန်ဘဲ ဖြေထားတယ် . . . ငွေကြေးရှိသင့်သလောက်ရှိပါတယ် . . . ဘာမှ လုပ်ကိုင်မစားတတ်တော့ ဆွေမျိုးတွေက နှိပ်စက်တယ်ပေါ့ . . . ပြီးတော့ . . . ကိုနန္ဒနဲ့ ကိစ္စတော့ မပြောလိုက်ပါဘူး . . . ဒါကလဲ နေလင်းနဲ့ ခက်ဝေ တိုက်ရိုက် ပြောသင့်သလားလို့ပါ. . . ”

“ သည်အကြောင်းတွေကို မပြောချင်ဘူး ပြန်ကိုသတိမရချင်ဘူး ဒါကြောင့် အချစ်ဆိုတာလဲ ကျွန်မဆီ





ရောက်မလာစေ ချင်ခဲ့ပါဘူး . . . ဒါပေမယ့် သူ့ကို ကျွန်မ စားမိတယ်။ သူ့ကြောင့် နှလုံးသားတွေ လှိုက်ခုန်နေတာတွေလဲ ရှိတယ် . . . ”

“ နေလင်းက ခက်ဝေကို အချစ်စစ်နဲ့ ချစ်ပါစေလို့ဘဲ နော်ဆုတောင်းရမယ် ”

“ ဆုတောင်းတိုင်းမပြည့်တတ်ဘူး နော်နော် . . . ကျွန်မကတော့ ကြီးမေ သေဆုံးထဲက အဆိုးဆုံးခံစားမှုတွေ အပေါ်မှာ ခံနိုင်ရည်ရှိနေပါပြီ . . . ”

စကားပြောရင်း ငေးနေမိကြတာ။ ကောင်းကင်မှာ အနီရောင်အရိပ်တွေရှိတယ်။ ဒါဟာ မုန်တိုင်းရှိနေကြောင်း အသိပေး တာလား။ ညကတော့လှတဲ့ညပါဘဲ။

“ သူ့ကို ကျွန်မ ချစ်တယ်။ ကျွန်မကို ပြန်ချစ်တာ ချစ်တာက အဓိကမဟုတ်ပါဘူး . . . မနက်ဖြန်တွေဟာ ဆင်သလို မဖြစ်တတ်ဘူးဆိုတာ သိပြီးတဲ့နောက် ဘာကိုဘဲ ဆိုင်ဆိုင်ရ ရင်ဆိုင်ရ အဆိုးဆုံးတွေအတွက် ခံနိုင်ရည်ရှိနေခဲ့ပါပြီ”

“ ခက်ဝေ ဘဝလေးကို အေးချမ်းသာယာပျော်ရွှင်နေတာဘဲ နော်နော် မြင်ချင်တာ . . . ခက်ဝေတစ်ယောက်တည်း တိုက်ခန်းတစ်ခန်းမှာ အထီးကျန်နေတာမျိုးနော် မမြင်ချင်ဘူး . . . ”

“ မမြင်ချင်ဘူးဆိုလဲ မြင်ချင်မြင်ရမှာပါဘဲ . . . ကျွန်မ နေတတ်ဖို့ဘဲလိုပါတယ် . . . ”

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ။

အပြောင်းအလဲက မြန်ဆန်လိုက်တာ ကောင်းကင်တစ်ခုလုံး နီရဲပြီး မိုးသက်လေပြင်းတွေ တိုင်စပြုလာပြီ။ ကြောင်ကလေးတောင်မှ ရာသီဥတုရဲ့ သဘာဝကို နားလည်ပုံရတယ်။ ဖြည်းညှင်းစွာ ထွက်ခွာသွားပါပြီ . . .။

" မိုးရွာဦးမယ် "

" ခုချိန်မိုးရွာလဲ ထွက်ရရင် သိပ်ကောင်းမှာလမ်းပေါ်မှာ လူတစ်ယောက်မှ ရှိမှာမဟုတ်ဘူး . . . "

" နော်ကဖြင့် မိုးရွာရင် စောင်ခြုံထဲကွေးလို့ စာဖတ်နေချင်တာ . . . "

" ကျွန်မက မိုးရေထဲထွက်လျှောက်ချင်တယ်"

လူတစ်ယောက်နှင့် တစ်ယောက်ခံစားမှုတွေ မတူညီကြပါလား။ ခံစားမှုမတူညီသလို ရရှိတဲ့ ဘဝတွေလည်း မတူကြဘူးလေ။

" ကိုနိုင်လွင်ကို ခက်ဝေ တကယ့်ကိုခံစားလို့မရတာလား"

" ဟုတ်တယ် "

" နေလင်းကိုမှ ခံစားလို့ရသွားတာလား "

" မပြောတတ်ဘူး ကျွန်မဘဝမှာ ယောကျ်ားလေး တစ်ယောက်ရဲ့ အပြုံးမှာကြည်နူးလိုက်ခုန်ရင်မောသလို



ခံစားရတာ နေလင်းနဲ့ကြုံမှတဲ့ . . . ကျွန်မရဲ့ ပထမဆုံးခံစားမှုပါ"

အခုတွေးရင် အခုခံစားရသလိုပါဘဲ . . .။

အချစ်လို့ ကျွန်မ ခံစားရတာလား . . .။

မောင် . . . အဲလိုမျိုးကို ခေါ်ချင်တာ။ ဒါက အချစ်ဘဲနေမှာပါ။ မောင့်နှင့်အတူ နေချင်သလားလို့ ကျွန်မကို ကျွန်မ မေးနေမိတယ်။ ကျွန်မဘဝမှာ မောင်ရှိရင် သိပ်ပျော်မှာပါဘဲလို့ . . .။

ဒါက တစ်ဖက်စွန်း ခံစားရမှာပေါ့။

တစ်ဖက်စွန်းခံစားမှုမှာတော့ . . .။

မနက်ဖြန်ရဲ့ ခါးသီးခြင်းတွေကို ကျွန်မထိတ်လန့်နေမိတယ်။

" ကံကောင်းခြင်းတွေကို ကျွန်မ ရနိုင်ပါဦးမလား"

" သည်လိုလဲ မစွဲလန်းပါနဲ့ ခက်ဝေ ရနိုင်တာပေါ့ . . . "

မိုးပေါက်တွေများလာပြီ . . .။

မိုးပေါက်တွေက တည့်တည့်မတ်မတ်ရွာနေတယ်။

လေပြင်းတော့ပါလာဟန်မတူပါ။ ခက်ဝေက ပြတင်းပိတ်လိုက်တယ်။ ကော်ဖီခါးခါးတစ်ခွက်စီနှင့် ထိုင်နေမိကြတာပေါ့ . . .။ ဆွဲလက်စ ပန်းချီကားကို ခက်ဝေက ကြည့်နေတယ်။

" နေလင်းကို ငယ်ထဲက တွေ့ဘူးတယ် . . . နေလင်း ပြုံးတာကို ခက်ဝေကမှ မှတ်မိတာပါလား . . . "

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားထဲမှာ သူပြုံးနေတယ်။

ကျွန်မမြတ်နိုးသော အပြုံးတစ်ပွင့်နဲ့ပေါ့။

" ကျွန်မသိပ်ချစ်တတ်ပါတယ် . . . ဒါပေမယ့် မနက်ဖြန်ကိုမယုံရဲတော့ဘူး။ ကျွန်မဘဝကို ဝုံးဝုံးလဲကျစေပြီး ကြီးမေအသက်ကို နှုတ်ယူသွားခဲ့တဲ့ နန္ဒတို့အချစ်ကရော ဘယ်လောက်တည်မြဲလို့လည်း အခု သူတစ်ယောက်ထဲပါဘဲ . . . ကျွန်မကရော . . . ကျွန်မသေဆုံးသည်ထိ ချစ်သူ့ရင်ခွင်မှာ နားခိုနေချင်ပေမယ့် . . . မနက်ဖြန်က ဘာများရေရာလို့လဲ နော်နော်ရယ် . . . "

မှန်ပြတင်းမှာ ရိုက်ခတ်စီးကျနေတဲ့ မိုးပေါက်တွေက မျက်ရည်စတွေလိုလား။

မငိုချင်ပါဘူး ဘယ်တော့မှ မငိုချင်တော့ပါဘူး . . .။

❀ ❀ ❀ ❀ ❀

ဖယောင်းတိုင်တစ်တိုင် ထွန်းလိုက်

မီးငြိမ်းသွားလိုက်၊ မီးပြန်ညှိလိုက် မီးငြိမ်းသွားလိုက်။ သည်ဖယောင်းတိုင်ကို မီးထွန်းရင် အရင်ဖယောင်းတိုင်က ငြိမ်းတယ်။ ကြာတော့ ကျွန်မရယ်ချင်လာရော။ လေကို အံတုလို့ကိုမရပါလား။ ဒါပေမယ့် ကျွန်မ ပျော်ရွှင်နေမိပါတယ်။

" အမယ် . . . ကျွန်မကို ကူပြီး မီးထွန်းညှိပေးမယ်ယ် စိတ်မကူးဘဲ ထိုင်ကြည့်နေရသလား "



" မမ ပျော်နေတာ မြင်ရလို့ပါ . . . "

" ဩော် . . . "

ကျွန်မရဲ့ပျော်ရွှင်ကြည်နူးမှုက သည်မျှ သိသာနေ ပြီလား။

ဒါကြောင့်မို့ မီးထွန်းညှိနေတာကို ခေတ္တရပ်ပြီး မမှောင့် ဆမှောင် အချိန်က ဘုရားကိုရောက်တာ။ ဘုရားရှစ်ခိုး ဓုတီးစိပ်ပြီးပြီလေ။ မီးပူဇော်ခြင်တာမို့ မှောင်လာအောင် စောင့်နေကြတာ။

" လေတွေတိုက်နေတော့ မီးညှိလို့ကိုမရဘူး . . . "

" မိုးရိပ်တွေရှိတော့ မိုးလေတွေရှိတာကိုး "

" မိုးလေတွေ ရှိတာလဲ တစ်ခုတော့ကောင်းတယ်။ ဆွဲလဲသံလေးတွေကိုကြားရတာပေါ့ . . .။ လေငြိမ်နေရင် ဆွဲလဲသံ မကြားရဘူးလေ . . .။"

မိုးကောင်းကင်ကြီးက မှောင်မဲနေပါတယ်။

ကြယ်ကလေးတွေတစ်လုံးတစ်လေမှ မတွေ့ရ။

ဘုရားမီးတွေကြောင့်တော့ အဝန်းကျင်မှာ လင်းထိန်နေရတာပါဘဲ။ ကျွန်မက ဘုရားမှာ ခုလိုမျိုးဘုရား ရှစ်ခိုးပြီး ထိုင်ကြည်နူးနေရတာကိုလည်း နှစ်သက်တတ်ပါတယ်

" မမ . . . "

" ဟင် "



www.burmeseclassic.com

www.burmeseclassic.com



“ ပြန်မယ်လေ ”

“ ခဏနေပါဦး . . . သည်နေရာလေးမှာထိုင်ပြီး ဘုရားကို မော့ကြည့်နေရတာ ဘယ်လောက် အေးချမ်းသလည်း . . . အိမ်မှာဆို မွန်းပိတ်နေသလိုဘဲ . . . ”

“ မိုးရွာတော့မှာ ”

“ ရွာ ရွာပေါ့ မင်း ပြန်ချင်လို့လားဟင် ပြန်လေ ကျွန်မက နေနေကြပါ ပြန်ရဲတယ် . . . ”

အဲလိုကြတော့လဲ မပြန်ပါဘူး။ ကျွန်မ အနားမှာ ထိုင်နေပါတယ်။ ပြန်ချင်မြန်လို့ပြောသာပြောရတယ်။

မောင်ရယ်

မင်းကို ကျွန်မ အနားမှာထာဝစဉ် ရှိနေစေချင်ပါတယ်။ ဘုရားသွားကျောင်းတက်အတူ ဘဝခရီးဖော်တွေအဖြစ်ကိုလဲ ကျွန်မ လိုချင်ပါတယ်။ ဒါပေမယ့် ရချင်မှရနိုင်တယ်ဆိုတဲ့ မနက်ဖြန်ရဲ့ မရေရာမသေချာခြင်း တွေကြောင့်လဲ ကြည်နူးဖွယ် စိတ်ကူးတွေကို စိတ်မကူးရဲအောင်ပါဘဲလေ။

“ နေလင်းပြန်ပါတော့လဲ ”

“ အတူပြန်မယ်လေ . . . ”

“ ဘာစားဦးမလဲ . . . ”

“ မမရော ဘာစားမလဲ . . . ”



“ အိမ်မှာ နော်နော် ဘာချက်ထားမလဲမသိပါဘူး . . . ”

“ ထမင်းသွားစားမယ်လေ . . . ”

“ ထမင်းတော့မစားပါနဲ့ နော်နော် ဟင်းတွေ ချက်ထားရင် စိတ်ဆိုးနေဦးမယ် . . . ပိတောက်ရိပ်မှာ အအေး သွားသောက်မယ်လေ . . . ”

ပိတောက်ပင်ကြီးတွေရဲ့ အောက်က အအေး ဆိုင်လေးမှာ အတူ အအေးသောက်ဖူးနေပြီဘဲ။ ကျွန်မ နှစ်သက်သော သံပုရာရည်ချဉ်ချဉ် တစ်ခွက်ကို သူကတော့ အချဉ်စူးသတဲ့။

သူကတော့ ဒိန်ချဉ်တစ်ခွက်ကိုဘဲ မှာသောက်တတ်ပါတယ်။

“ မမ . . . မိုးရွာတော့မယ်ထင်တယ် ”

“ ရွာရွာပေါ့ . . . ”

“ မိုးရွာထဲ အအေးထိုင်သောက်ရတယ်လို့ဘဲ . . . ”

“ မိုးရွာထဲ အအေးမသောက်ရဘူးလို့ ဘယ်သူတ ပြောလဲ ကျွန်မကတော့ ကျွန်မလုပ်ချင်ရာကို လုပ်တတ်တယ် ”

“ မမကို ချစ်တယ် ”

“ ဆိုင်းမဆင့်ဗုံမဆင့်ပါလား ”

“ ချစ်တယ် ဆိုတဲ့စကားက ဆိုင်းတွေဗုံတွေလိုလို့လား ”

“ လိုတယ်လေ . . . ပြောစရာရှိလို့ပါ စိတ်မဆိုးပါနဲ့ တို့လိုတာပေါ့ . . . ”

www.burmeseclassic.com

www.burmeseclassic.com



" မမစိတ်ဆိုးသွားပြီလား . . . "

" ချစ်တယ်ဆိုတာ မုန်းတယ်ဆိုတာထက် ကောင်းတဲ့ စကားပါဘဲ ဒါပေမယ့် အဲသည့်ချစ်တယ်ဆိုတဲ့ စကားက နှလုံးသားထဲက အစစ်အမှန် ထွက်လာတဲ့ စကားဖြစ်ခဲ့ရင် ပိုကောင်းတာပေါ့ . . . "

" ကျွန်တော် ချစ်တာ မမ မယုံလို့လား . . . "

" ကျွန်မက မနက်ဖြန်ကိုမယုံတာ ကျွန်မသည်နေ့ဘဲ ယုံတယ် . . . "

" မမက တမျိုးဘဲ "

" သည်နေ့မင်းချစ်တယ်ဆိုတာ ဟုတ်ချင်ဟုတ်မယ် မနက်ဖြန်မှာ သေချာလို့လား . . . "

" ဘာလို့ မသေချာရမှာလဲ သေတပန်သက်တစ်ဆုံး ချစ်မှာ . . . "

" အခုယုံကြည်လိုက်မယ် . . . မနက်ဖြန်ကြရင် . . . "

" ဒါဆိုနေ့တိုင်းပြောနေရတော့မှာလား . . . "

ကျွန်မရယ်နေမိတယ်။

မောင်ကသိပ်ချစ်စရာကောင်းတာပါဘဲ။

ကျွန်မနှလုံးသည်းပွတ်မှ မြတ်နိုးခြင်းကြီးစွာနှင့် ချစ်တာပါ။ ချစ်တာကချစ်တာဘဲပေါ့လေ . . .။ မယုံကြည်ရဲသော မနက်ဖြန်များစွာအတွက် ကြောက်ရွံ့ခြင်းတွေရှိပါတယ်။



" မမကို ချစ်တယ်လို့ နေ့တိုင်းပြောမယ် "

" နေ့တိုင်း နေ့တိုင်း ချစ်နိုင်ပါစေ . . . "

မောင် . . . နေ့တိုင်း . . . ကျွန်မသေဆုံးသည်အထိ စစ်မှန်သောချစ်ခြင်းဖြင့် ချစ်နိုင်ပါစေလို့သာ . . .။

❀ ❀ ❀ ❀ ❀

ပန်းချီကားကို စားပွဲပေါ်တင်လိုက်ပြီး နိုင်လွင် နင်တစ်ယောက်တည်းလားလို့ လှမ်းမေးလိုက်တယ်လေ။ ကိုကြီးထင်လင်းလည်း မရှိဘူးလေ။ ကိုကြီးထင်လင်း အပြင်သွားရင် နိုင်လွင့်ကို ထားခဲ့တတ်တာမို့ မထူးဆန်းပါဘူး ။

" ခက်ဝေ . . . "

" ဘာလဲ . . . ဒါ အခုနင်ဆွဲတဲ့ ပန်းချီကားလား ကောင်းလိုက်တာဟာ . . . နင်တို့လိုမျိုး တောက်ပတဲ့ အရောင်တွေကို ငါမသုံးရဲဘူး . . . နင်တို့ကတော့ တကယ်တော်တာ "

" နောက်ဆို နင်လည်း တော်လာတော့မှာပါ . . . နင့်စိတ်တွေလဲ အမြဲ မှိုင်းအုံ့မနေပါဘူး နေသာလာကာနီးပါပြီ "

" နင့်ဘာပြောတာလဲ . . . "

" နင့် ပန်းချီကားတွေလည်း တောက်ပတဲ့ . . . အရောင်တွေနဲ့ လှပလာတော့မှာပါလို့ ပြောတာ . . . "

www.burmeseclassic.com

www.burmeseclassic.com



" ဘာသဘောလဲ နိုင်လွင် . . . စကားကို ရှင်းရှင်း ပြောစမ်းပါ . . . နင် ယောကျ်ားမဟုတ်ဘူးလား "

" အချစ်က လူတစ်ယောက်ရဲ့ အုံ့မှိုင်းနေတဲ့စိတ်တွေကို တောက်ပစေတဲ့ အလင်းရောင်ဘဲလေ . . . "

" ဒါက ငါ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ငါ့နှလုံးသား ရေးရာကိစ္စပါ . . . "

" ငါဟာ နင့် အခင်မင်ဆုံးသူငယ်ချင်းလို့ အရင်က ထင်ထားခဲ့တယ် . . . အခု ငါဘာမှမသိလိုက်ရဘူး . . . "

" နိုင်လွင် . . . ငါတို့သူငယ်ချင်းတွေကြားမှာ ချစ်သူရှာရင် ပြောရမယ်လို့ ကတိပေးထားတာရှိလို့လား ဒါဟာ ငါ့ကိုယ်ရေး ကိုယ်တာဘဲ . . . ငါ့မှာချစ်သူရှိလာရင်တော့ ဒီ ငါ့ချစ်သူလို့ နင့်ကို မိတ်ဆက်ပေးမှာပါ . . . ခုချိန်ထိ ငါ့မှာ ချစ်သူမရှိသေးပါဘူး . . . "

နိုင်လွင်က ကျွန်မကိုကြည့်နေတယ်။

ကျွန်မနှင့် နေလင်းလေးကို သူတစ်နေရာရာမှာ တွေ့ ဘူးပြီထင်ပါရဲ့။

" ဒါပေမယ့် နင့်ကားရဲ့ ရှေ့ခန်းမှာ ထိုင်ခွင့်တော့ နေပါပြီ "

" ဟုတ်တယ် နိုင်လွင် . . . သူ့ကိုငါ ချစ်သူအဖြ ရည်ရွယ်ထားတာ အမှန်ဘဲ ဒါပေမယ့် ငါက မနက်ဖြန်ဆိုတာ



သိပ်မယုံရဲတဲ့ လူလေ ဒါကြောင့် ငါဘာအဖြေ မပေးရဲအောင် ခံစားရတယ် . . . သူ့ကို ငါချစ်နေတာတော့ အမှန်ဘဲ . . . "

နိုင်လွင် မျက်နှာပျက်နေတာပေါ့။ နားလည်ပါတယ်။ နှစ်ပေါင်းများစွာ ချစ်ခဲ့တဲ့ သူဘဲ။ ကျွန်မကတော့ နိုင်လွင့်အပေါ် တသက်လုံး သူငယ်ချင်းကောင်းတစ်ယောက်လိုကလွဲလို့ ခံစားရလို့မရဘူးလေ။ အချစ်ဆိုတာက ဖန်တီးပြုလုပ်ယူလို့ရတဲ့ အရာမှ မဟုတ်တာ။

" သည်လူက ဘာချစ်စရာကောင်းလဲတော့ ငါမသိပါဘူး စိတ်မကောင်းဖြစ်ရတာတော့ အမှန် . . . နင့်မှာ အချစ်ဆိုတာ ရှိလာမယ် မထင်ခဲ့မိတာက ငါ့အမှားပါ . . . နင် အချစ်စစ်ကို ရပါစေ . . . "

" ငါလဲ အချစ်စစ်ကိုဘဲ လိုချင်ပါတယ် မနက်ဖြန်က ပြောမရနိုင်ဘူးလေ . . . တစ်ယောက်တည်း နေတတ်ခဲ့တဲ့ ဘဝမှာ ဘယ်လိုအဆိုးတွေလာလာ ငါရင်ဆိုင်ရဲနေပါပြီ . . . "

ဖုန်းမြည်သံကြောင့် နားထောင်လိုက်တယ်။

ထင်တဲ့အတိုင်းပါဘဲ။

သူစောင့်နေမယ့် နေရာကို ပြောပါတယ်။

ကျွန်မ မလာနိုင်ဘူးလို့ မပြောရက်ဘူးလေ။

ကျွန်မကိုယ်တိုင်က သူနဲ့ တွေ့ချင်တာကိုး။

" ငါသွားတော့မယ် . . . "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကားမောင်းထွက်လာတော့ နိုင်လွင် ဆိုင်ပေါက်ဝထိ လိုက်ရပ်ကြည့်နေတာ တွေ့ပါတယ်။ တောင်းပန်ပါတယ်နိုင်လွင်။ သင့်တော်တယ်ဆိုတာက ဦးနှောက်ရဲ့အသိပါဘဲလေ။

နှလုံးသားဆိုတာက သင့်တော်ခြင်းအပေါ် အလိုမလိုက်တတ်ပါဘူး။

အချစ်ကအချစ်ပါဘဲ။

မောင့်ထက်စာရင် နင်က ကျွန်မရဲ့ ဘဝခရီးဖော်အဖြစ်ရွေးသင့်တယ်ဆိုတာလည်း မသိမဟုတ်သိတာပါဘဲ။ နင်နဲ့ဆိုကျွန်မရဲ့ အတိတ်ကို အထူးတလည်ရှင်းပြနေစရာလည်းမလိုဘူးပေါ့။

မောင်နှင့်ဆို . . . ။

ကျွန်မကတော့ ချိုမြိန်ခြင်းတလှည့် ခါးသီးခြင်းတဖုံစုံလင်အောင် ခံစားနေရသလိုပါဘဲလား။

" မင်း စောင့်နေတာကြာပြီလား"

" ကြာတာမကြာတာ အဓိကမဟုတ်ပါဘူး မမလာဖို့က အဓိကဘဲ သည်ကနေ့အတွက် နောက်ထပ်တစ်ခါပြောဦးမယ် မမကို သိပ်ချစ်တာဘဲ . . . "

" နေ့တိုင်း ပြောမယ်ဆိုပါတော့ "

" ပြောမှာပေါ့ "



" ကောင်းသားဘဲ နေ့တိုင်း ချစ်တယ် ချစ်တယ် ပြောရင်း ကျွန်မလဲ အဖွားကြီးဖြစ်ရော မင်းလည်း လက်လျော့သွားရောဘဲလေ . . . "

" ဘာလို့လက်လျော့ရမှာလည်း . . . မမ အဖွားကြီးဖြစ်ရင် ကျွန်တော်လဲ အဖိုးလေး ဖြစ်နေတော့ တောင်မလေးတွေလဲ မရနိုင်တော့တဲ့ အတူတူ သည်အဖွားကြီးဘဲ မရအရပိုးရတော့မယ် . . . "

ကျွန်မရယ်ရပါပြီ။

ကျွန်မရဲ့ အနာဂါတ်မှာ ကျွန်မဟာ အခန့်းတခန်းပန်းချီကားများစွာနဲ့ အဖွားကြီးတစ်ယောက်ပါဘဲ၊ အဲလိုမျိုးလိုက်ချစ်နေဦးမည့် ချစ်သူတစ်ယောက်တော့ အဲသည့်အချိန်တိုင်အောင်တော့ ရှိအုံမထင်။

" မမ ဖြေလေ . . . "

" မဖြေနိုင်သေးဘူး နေလင်းလေး . . . မင်း . . . ကျွန်မကို ဘာလို့ချစ်တာလည်း . . . "

" ချစ်တာက ချစ်တာဘဲပေါ့ မမရဲ့ ဘာလို့ဆိုတဲ့ အကြောင်းပြချက်ဘယ်ရှိမလဲ အချစ်က အချစ်သန့်သန့်လေးပါဘဲ . . . "

အချစ်စစ်ဆိုတာ အချစ်သန့်သန့်လေးဆိုတာတော့ ကျွန်မသိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



" ကဲ ဒါဆိုပြောပါဦး . . . ကျွန်မ အကြောင်း မင်းဘယ်လောက်သိလဲ "

" မမက ပန်းချီဆွဲတယ် ဆွေမျိုးတွေနဲ့ အဆင်မပြေဘူးသီးခြားတစ်ယောက်ထဲ နေတယ်။ ဒါ့အပြင် ဘာသိစရာလိုသေးလို့လည်း . . . "

" အင်းလေ . . . ဒါက အပြင်က အခြေအနေတွေပါ . . . မင်း သိသင့်တာတွေ ကျွန်မဘဝမှာ အများကြီးပါဘဲ . . . ရော့ သည်စာအိမ်ကိုယူသွား . . . တစ်ယောက်ထဲ ဖွင့်ကြည့် ဘယ်သူ့မှ မပြင်စေနဲ့ဦး "

" ဟာ အရမ်းဝမ်းသာသွားပြီကွာ "

မောင်

မင်းကိုပြန်ချစ်တယ်လို့ ရေးထားတဲ့စာလို့ ထင်သွားမလားကွယ်။ တကယ်တော့ အဲသည့်စာအိတ်ထဲမှာ ကျွန်မနှင့် နန္ဒသက်အောင်တို့ရဲ့ လက်ထပ်မင်္ဂလာဖိတ်စာရှိပါတယ်။ ကျွန်မကို မင်းဆက်ပြီးချစ်နိုင်ဦးမလားဆိုတာ ကြည့်ကြသေးတာပေါ့နော်။

တကယ်ဆို ကျွန်မရင်မှာ ကြေကွဲထိခိုက်မှုတွေ အပြည့်ရှိပါတယ်၊ မောင်နှင့်တွေမှ အဲသည့်အချိန် အဲသည့်အဖြစ်အပျက်တွေဟာ ပိုပြီးတောင် စိတ်နာကျင်ထိခိုက်စရာတွေဖြစ်ခဲ့ရတယ်။



ကျွန်မဟာ မောင့်အတွက် ဖြူစင်သော ပန်းကလေး ဖြစ်လိုလှပါဘိ။ ပန်းကလေးဟာ ဖြူစင်ခဲ့ပါတယ်သို့ဆိုဆို . . .။ မောင်ဘယ်သို့ နားလည်ပေးနိုင်ပါမည်တဲ့လည်း။

" နော်နော့်ကိုဆိုင်မှာဝင် ကြိုမယ်ပြောထားခဲ့တယ်။ နေလင်းကို ကျွန်မဘယ်ပို့ပေးရမလဲ . . . "

" အိမ်ပြန်တော့မယ် မမရာ . . . ကျွန်တော့်အခန်းလေးထဲမှာသည်စာအိတ်ကလေးကို သွားပြီးခံစားမယ် . . . ရှေ့နားမှာ ရပ်ပေးတော့ . . . "

မင်းပုံစံက ပျော်ရွှင်နေလိုက်တာ။

ချစ်သူကို အဲလိုမျိုးဘဲ ပျော်ရွှင်ကြည်နူးနေစေချင်ပါတယ်လေ။ ဒါပေမယ့် . . . ကျွန်မအဖြစ်မှန်အတိုင်း ရင်ဆိုင်ချင်ပါတယ်။ မြင်မရသော အမှားအယွင်းတစ်ခုကို လိမ်ညာနေဖို့လည်း မဝံ့ရဲပါ . . .။

" ကျွန်မတို့နှစ်ယောက် ဝေးကြဖို့သေချာနေပါပြီ။

နေ့တိုင်း နေ့တိုင်း ချစ်တယ်လို့ ပြောနိုင်သေးရဲ့လားမောင်။

ကျွန်မကရော နှလုံးသည်းပွတ်နှင့်မှ ရင်းပြီး ချစ်သူကိုခေါ်ချင်သော 'မောင်' ဆိုသော ခေါ်သံကို . . . တစ်ခွန်းမျှ ခေါ်ခွင့်ရနိုင်မည်မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



" ခက်ဝေမှန်တယ် ဒါက ဖုံးကွယ်ထားသင့်တဲ့ ကိစ္စမဟုတ်ပါဘူး ... ပြောကိုပြောရမှာဘဲ ခက်ဝေ ပြောရခက်နေရင် ... နော်နော် ပြောပေးမလို့ပါ..."

" ဖိတ်စာကိုပေးလိုက်တာထက် ဘာကပိုသေချာမှာလဲ နော်နော် ... သူလာတော့မှာ မဟုတ်ပါဘူး ..."

ကျွန်မဟန်ဆောင်ပါရစေ။

ရင်ထဲဘယ်သို့ထိခိုက်ကြေကွဲပါစေ ဟန်ဆောင်မာန်တင်းပါရစေလားမောင်။ အချစ်ဆိုတာ ကျွန်မတစ်ယောက်ထဲ ဖက်ကရော ချစ်နေလို့ မရနိုင်လို့လား...။ ကျွန်မတွေးထားခဲ့သလို နောင်တစ်နေ့မှာ ကျွန်မတစ်ယောက်တည်းရှိနေရမှာပါ။

" နေလင်း ဖက်ကဘယ်လို တုံ့ပြန်လာမယ် နော်တို့ကြည့်ကြရအောင် "

" ဘာတွေတုံ့ပြန်စရာလို လို့လဲ နော်နော် ... သူဘယ်တော့မှ လာတော့မှာ မဟုတ်ပါဘူး ..."

" နေလင်းကို ခက်ဝေချစ်တယ်ဆိုရင် ... ဘာလို့ ဖိတ်စာကို ပေးလိုက်ရသလဲ အမှန်အတိုင်း မင်္ဂလာဖွဲ့ ဖျက်သိမ်းလိုက်ရတာ ... ပြောပြလိုက်ပါလား။ ဒါက ခွင့်လွှတ်လို့ရတယ် တကယ်ချစ်လာရင်လက်ထပ်ခဲ့လဲဘာဖြစ်လဲ ခုချိန်လွှတ်လပ်နေဖို့ဘဲ လိုတာပါ..."



" တစ်ယောက်နဲ့တစ်ယောက် စိတ်ခါတ်တွေမတူကြပါဘူး နော်နော် မင်းစိတ်နဲ့သူ့စိတ် မတူနိုင်ပါဘူး ... ကျွန်မအမြဲလို အဆိုးဆုံးအခြေအနေကိုတွက်ဆတယ်။ ဒါဆိုရင်... ခံနိုင်ရည်ပိုရှိပါတယ် ..."

တံခါးခေါက်သံကြောင့် ဖွင့်ကြည့်လိုက်တယ်။

ဖွားတင် ပါလား။

ဖွားတင် ခြေထောက်နားမှာ ကြောင်ကပါ လိုက်လာပြန်ပါပြီ။

" မိုးအရမ်းအေးလို့ နေမကောင်းချင်ဘူး နော်လေးရယ် ဖွားတင် ကော်ဖီသောက်ချင်လို့ ရေနွေးနဲ့ပေးပါ'

" ရတာပေါ့ ... ဖွားတင် ... ထိုင်နေပါ ... နော်တို့ ဖျော်တိုက်ပါမယ် "

ကုလားထိုင်မှာ ငြိမ်ငြိမ်ကုပ်ကုပ်လေး ထိုင်နေပါတယ်။ ကြောင်ကတော့ အငြိမ်မနေ ဖွားတင်ပေါင်ပေါ် ခုန်တက်သွားပြန်တာပေါ့ ...။ ဖွားတင်ကကြောင်ကို ပွတ်သပ်ပြီး ငြိမ်နေခိုင်းပါတယ်...။

" ခက်လေး အိပ်နေတယ်မှတ်လို့ ..."

" ညက ပန်းချီမဆွဲဖြစ်လို့ မအိပ်ပါဘူး ... ဖွားတင် နေကောင်းရဲ့လား "

" သည်နှစ်မိုးများလွန်းတယ် ... မိုးကကျ မကုန်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သလိုပါဘဲ . . . နေမကောင်းချင်ပါဘူး ကလေးရယ် . . . အသက်လဲ ကြီးပြီဘဲလေ . . ."

" ဖွားတင်ဆီ တစ်ခါတစ်ခါလာတတ်တဲ့ မမွေးတို့လဲ မလာတာကြာပြီနော် "

" ဖွားတင်က အရင်လိုမပေးကမ်းနိုင်ဘူးမဟုတ်လား . . . အခုဆို နာဖို့ကြိုတင်စုဆောင်းရတယ်။ အရင်လောက် သူတို့ကို မပေးနိုင်တော့ မလာကြတော့ဘူးလေ . . . တစ်ချို့က မေတ္တာမမက်ကြဘူး ကလေးရဲ့ . . . လိုချင်မှုလောဘဘဲ သိကြတယ် . . . မေတ္တာမစစ်ဘူးလေကွယ် . . . မင်းတို့နဲ့ ဖွားတင်ဆို ဘာမှသွေးသား မတော်စပ်ပါဘူး မေတ္တာ သက်သက်နဲ့ ကူညီနေရှာတာ မဟုတ်လား . . ."

" တစ်ချို့ကမေတ္တာ မမက်ကြဘူး . . . တစ်ချို့က မေတ္တာမမက်ကြဘူး . . ."

" တစ်ချို့က ငွေကိုသာ မက်မောကြတာလေ . . . မေတ္တာဆိုတာ မက်မောရကောင်းမှန်းသိတာမှ မဟုတ်တာ . ."

ဒါတွေကျွန်မလည်း ခံစားခဲ့ဖူးပါတယ်။ ကြီးမေဆီက မေတ္တာရခဲ့ပေမယ့်လည်း မေတ္တာမမက်တဲ့ ဆွေမျိုးတွေလဲ ရှိခဲ့တာပါဘဲ။

" ဖွားတင် မုန့်ပါစားနော် . . . ဘတ်တာကိတ်လေးက နူးညံ့ပါတယ် . . ."



" ကျေးဇူးဘဲ ကလေးတို့ရယ် . . ."

ဖွားတင်က ကိတ်မုန့်တစ်ချပ်ကို ယူပြီးတစ်ဝက်ဖဲ့စားပါတယ်။ ကျန်တဲ့တစ်ဝက်ကို ပေါင်ပေါ်ထိုင်နေတဲ့ ကြောင်ကို ခွံ့ကျွေး လိုက်တယ်လေ။ ကျွန်မပြုံးမိပါတယ်။ ကြောင် တစ်ကောင်ကို ဖွားတင်သည်မျှ ချစ်ခင်တာပါလား။

" စားပါဦးဖွားတင်ရဲ့ ကြောင်ကိုလဲ ကျွေးပါ "

" တော်ပါပြီကွယ် . . . ကြောင်လေးကိုလဲ သံယောဇဉ် ဖြစ်နေလို့ပါ . . . ကိုယ်တစ်ဝက်သူတစ်ဝက်ပေါ့ ကိုယ်စားရ သလောက်တော့ သူစားရမှာပါဘဲ . . . အသက်ကြီးလာတော့ စကားက ပြောချင်လာတယ်။ စကားပြောစရာအဖော် ဆိုလို့ သည်ကြောင်ကလေးဘဲရှိတော့ အဖော်ပါဘဲကွယ် . . ."

အသက်ကြီးလာရင် စကားပြောစရာ အဖော်လိုသတဲ့။

ကျွန်မရဲ့ အဖော်မွန်က မောင် မဖြစ်နိုင်ပါဘူး ကျွန်မ သိနေပါတယ်။

ကျွန်မရဲ့ စကားပြောဖော်တွေက ပန်းချီကားတွေဘဲ ဖြစ်မှာပါ။

" ကျွန်မလဲ ကြောင်တစ်ကောင်တော့ မွေးရတော့မယ် ထင်ပါရဲ့ နော်နော် . . ."

ကျွန်မစကားကို သဘောပေါက်စွာ နော်နော်က မပြုံးရက်သော အပြုံးမျိုးလေးနဲ့ ပြုံးပြပေမယ့် ဖွားတင်ကတော့ သဘောပေါက်ပုံက တစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



" ခက်လေးက ကြောင်ချစ်သလား ချစ်ရင်မွေးထားသင့်တယ် . . . သည်ကောင်ကြီးက စကားလဲနားလည်တယ် လိမ်လဲ လိမ်မာတော့ ဖွားတင်က ချစ်ပေမယ့် ခက်လေးချစ်ရင် ထုမင်းလေး ခေါ်ခေါ်ကျွေးပေါ့ . . . "

" ကျွန်မ ကြောင်ကို ချစ်တတ်အောင် ကြိုးစားကြည့်ရဦးမှာပါ . . . "

လူကိုပွတ်သတ်မှီခွေနေတတ်သော ကြောင်တစ်ကောင်ကို ကျွန်မ ဘယ်တုံးကမှ စိတ်ရှည်စွာ မချစ်တတ်ခဲ့ပါဘူး။ ဒါပေမယ့် ကျွန်မရဲ့ ဝေးလံသော အနာဂါတ်မှာ စကားပြောဖော်အဖြစ် လိုအပ်မည်ဆိုလျှင်တော့ ကြောင်တစ်ကောင်ကို မွေးမြူနိုင်လေမလားဘဲ။

" ညောင် . . . "

ဖွားတင် ပေါင်ပေါ်မှာ ခွေနေရင်းအခြောက်တိုက်အော်နေပါတယ်။

ချစ်စရာမကောင်းဘူးလို့ ကျွန်မကတော့ ထင်တာပါဘဲ။

❀ ❀ ❀ ❀ ❀

ဟဲန်ဖုန်းမြည်သံတိုင်းမှာ ကျွန်မစိတ်တွေလှုပ်ရှားခဲ့တာ ဝန်ခံပါရစေလား မောင်။ ဒါပေမယ့် နားထောင်လိုက်တိုင်း ကြားဖူး နေကြအသံမဟုတ်သော အခါမှာ . . .။ စိတ်ထဲက



နှလုံးသား ကြေကွဲခြင်းကို ကိုယ့်ဖာသာ ဟန်ဆောင်နေရတဲ့ အဖြစ်ဟာ မုန်းစရာပါဘဲလေ။

မောင်ကတော့ ပန်းချီကားထဲကနေ ပြုံးရင်း ကျွန်မကို ကြည့်နေတယ်။

တစ်ပါတ်ဆိုတဲ့ရက်တွေမှာ ကျွန်မဘယ်လောက် ခံစားရမည် ကျွန်မဖာသာအသိဆုံးပါ။ ပန်းချီမဆွဲပါဘဲ ညတွေတစ်ယောက်တည်း အတွေးစတွေထဲ နစ်မျောနေခဲ့မိပါတယ်။

ပြတင်းတံခါးကိုဖွင့်လိုက်တယ်။

တွေနေကြ အိမ်ခေါင်မိုးပေါ်မှာတော့ ဘယ်လိုအရိပ်သဏ္ဍာန်မှ မရှိပါ။

အားလုံးက တိတ်ဆိတ်ငြိမ်သက်နေတာပါဘဲ။

ညစဉ်လို တိုက်ခတ်နေကြ မိုးလေတွေတောင်မှ ငြိမ်သက်နေပါတယ်။

မောင်

ခုချိန် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပါလိမ့်မည်။

မောင့် နှလုံးသားတွင် ကျွန်မ မရှိနိုင်ဘူးဆိုတာ သိမြူလာသလိုပါဘဲ။

နှလုံးသားဆိုတာက မိုက်မဲတာဘဲမောင်ရဲ့

ချစ်သူမှာဘယ်လို အပစ်မျိုးရှိရှိ

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက ခွင့်လွှတ်တတ်ပါတယ်။

ဦးနှောက်ကတော့ သိပ်လိမ်မာတယ်လေ မောင် အပစ်ရှိရင် ရှိသလို ခွင့်မလွှတ်နိုင်ဘူး။

ကျွန်မချစ်မိသော မောင့်မှာနှလုံးသားထက် ဦးနှောက် အသိတွေသာ များနေတာပါလားလို့လည်း နားလည်စပြုတယ်။

" ခက်ဝေ "

" နော်နော် မအိပ်ဘူးလား "

" ခက်ဝေရော . . . "

" ကျွန်မပန်းချီဆွဲမလားလို့ပါ "

" ခက်ဝေကို ပြောစရာရှိတယ် . . . နေ့ခင်းက ဆိုင်ကို နေလင်းရောက်လာတယ်"

ချစ်သူ့နာမည်လေးသည်ပင် ကျွန်မအတွက် ချိုမြိန် လွန်းလှပါဘိ။

" နော်တို့ အအေးသွားသောက်တယ် . . . နေလင်းက ခက်ဝေ အကြောင်းမေးတယ်။ ခက်ဝေနဲ့ ကိုနန္ဒဘယ်လောက် ကြာအောင်ပေါင်းပြီးမှ ကွဲတာလည်း . . . သားသမီးရော မရလိုက်တာလားနဲ့ သူထင်ရာကို မေးတာပေါ့ . . . နော်လည်း ညာမနေချင်ဘူးလေ . . . ပြီးတော့ သူ့ကို ခက်ဝေ သိပ်ချစ်တယ်ဆိုတာ နော်ခံစားလို့ရပါတယ် . . . ဒါကြောင့် ကိုနန္ဒနဲ့ မင်္ဂလာပွဲ ပျက်ရတာ ပြောပြလိုက်တယ် . . . "



" ရှိပါစေတော့ . . . ဘာတွေဘဲပြောပြော . . . သူ့မှာ ဦးနှောက်တွေ အများကြီး ရှိတယ်လို့ ကျွန်မ ခံစားလို့ရသွားပြီ နော်နော် . . . "

" သူ့ဆီမှာခက်ဝေအပေါ် ထားတဲ့ သံသယဇဉ်တော့ ရှိမယ် နော်ထင်တယ် . . . "

" သံသယဇဉ် . . . ဘာတွေက သံသယဇဉ်လဲ နော်ရယ် ကျွန်မလေ . . . နှလုံးသားကသိပ်ချစ်တယ်။ ဦးနှောက် ကလဲ နားလည်တတ်တယ် . . . သူ့ကိုချစ်မိခြင်းက ကျွန်မရဲ့ မိုက်မဲခြင်းပါ . . . "

" အချိန်တွေရှိပါသေးတယ် ခက်ဝေရဲ့ . . . နော်တို့ စောင့်ကြည့်ကြသေးတာပေါ့"

" မရေရာတဲ့ မနက်ဖြန်တွေကို တမ်းတရတာ ကျွန်မ စိတ်ပျက်နေပါပြီ . . . "

ခုနကတိတ်ဆိတ်နေတဲ့ ဝန်းကျင်ကို မိုးစက်တွေ ရောက်ရှိလာခဲ့ပြီ။ အခြေအနေတွေဆိုတာ ချက်ခြင်း ပြောင်းလဲသွား တတ်တာတွေကို ကြိမ်ဖန်များစွာ ကြုံတွေ့ဘူး ပါပြီလေ . . .။ ကျွန်မရဲ့ ဟင်းလင်းပြင် လေဟာနယ်တစ်ခုလို ဖြစ်နေတဲ့ နှလုံးသားဟာ မောင်နှင့်တွေ့မှ ချစ်ခြင်းနှင့်ပြည့်လျှံ လာသည် ဆိုစေကာမူ စိုးရွံ့ထိတ်လန့်ခြင်းတွေကတော့ ရှိနေဆဲပါ . . .။

www.burmeseclassic.com

www.burmeseclassic.com



" နေလင်းကိုကြည့်ရတာကတော့ ခက်ဝေအပေါ်မှာ သံယောဇဉ်ရှိပါတယ် ခက်ဝေ . . . အချစ်ဆိုတာ ဟန်ဆောင်နေလို့ မရဘူးလေ . . . "

" သူက ကျွန်မကို ချစ်သတဲ့လား . . . "

မမကို ချစ်တယ်

ဆိုတဲ့စကားတစ်ခွန်းကို ဘယ်အတိုင်းအတာအထိ ယုံကြည်ရမှာတဲ့လည်း။

" ဟိုမှာကြည့်စမ်း . . . အဲသည့်ကြောင်ဟာ ညှံတဲ့ကြောင်တစ်ကောင်လို့ ပြောရင်ရတယ် နော်နော် မိုးရွာပြီဆိုမှ ဘယ်ကနေ ထွက်ထွက်လာတယ် မသိဘူး . . . "

မိုးရေထဲမှာ တရွေ့ရွေ့လျှောက်သွားနေတဲ့ ကြောင်ကို ကျွန်မ မြင်ဘူးပေါင်းများပါပြီ။ နော်နော်ကတော့ လည်လွန်နေတဲ့ ကြောင်ဖြစ်မှာပေါ့။ ကြောင်က ခေါင်မိုးစွန်းမှာ ပျောက်ကွယ်သွားပါတယ်။

❀ ❀ ❀ ❀ ❀

မုန့်ဟင်းခါးစားမယ်ရယ်လို့ ကားကိုရပ်လိုက်တယ်။

မုန့်ဟင်းခါးစားရင် မောင် ဘဲဥနှင့်ပဲကြော်ဘဲ စားတတ်ပါလားလို့ သတိရသွားပြန်တာပေါ့။ အမှတ်ရခြင်းတွေက ထာဝစဉ် ရှိနေဦးမှာလား။ ကျွန်မအတွက် အချစ်ဆိုတာ



နှလုံးသားထဲရောက်ရှိစေခဲ့သူက ရာသက်ပန်တော့ သတိရစေအောင် ချစ်ခင်နှစ်သက် နေဦးမှာပါဘဲလေ။

ကားပေါ်က ဆင်းမည်ဆိုမှ တစ်ဖက်ကားတံခါးဖွင့်ပြီး ဝင်ထိုင်လာတဲ့အခါ . . . ။

အမြဲလို ရင်ခုန်ခံစားစေပါလား။

" မမ . . . "

" ကျွန်မ မုန့်ဟင်းခါးစားမလို့ . . . "

" ကျွန်တော်ရော စားလို့ရမလား "

" ရပါတယ် . . . "

မုန့်ဟင်းခါး အတူစားကြမိပြန်ပြီ။

ကျွန်မကတော့ ဝေးကွာခြင်းအဆုံးသတ်ကိုသာ အမြဲတွက်ဆသူမို့ တည်ငြိမ်စွာဘဲ ရင်ဆိုင်နိုင်ပြီလေ။

" မမ အခုဘယ်ပြန်မလဲ "

" ကိုကြီးထင်လင်းတို့ ဆိုင်သွားမလို့ "

" ကိုနိုင်လွင် ရှိမလား . . . ကျွန်တော် မနာလိုဘူး "

" မနာလိုရအောင် မင်းနဲ့ကျွန်မ ဘာများသက်ဆိုင်လို့လဲ"

" ကျွန်တော်ကတော့ မမက ကျွန်တော့်ချစ်သူမို့ဘဲ ရင်ထဲမှာ သတ်မှတ်ထားတာလေ . . . "

" ချစ်သူ . . . "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြုံးမိပါပြီ။ ကျွန်မရဲ့ အမည်းစွန်းအတွက် တစ်ပါတ်တိတိပျောက်ကွယ်သွားသူဆီမှာ ချစ်သူဆိုသော ခံယူချက် ရှိနေသတဲ့လား။

“ မမကို ကျွန်တော် ချစ်တယ် ”

“ ကျွန်မလက်ထပ်ခဲ့ဘူးတယ်လေ”

“ မနေ့က အကုန်ပြောပြပြီးပါပြီ . . . မမတို့ မင်္ဂလာပွဲပျက်လို့ မမကြီးတော်ဆုံးတာက အစပေါ့ . . .”

“ ယုံကြည်လို့လား ”

“ ယုံပါတယ် . . . ”

“ မင်း ယုံကြည်ပေမယ့် ကျွန်မ မယုံကြည်တတ်တော့ဘူး . . .”

“မမကလည်း . . . ”

“ မင်းသည်ကိစ္စအတွက် အချိန်ယူစဉ်းစားနေရသေးတယ် မဟုတ်လား အခု အဖြေရပြီလား . . . ”

“ မမကို ကျွန်တော် ပြောဘူးပါတယ် . . . ကျွန်တော်တို့ညီအစ်ကိုတွေထဲမှာ မေမေက ကျွန်တော့်ကို အချစ်ဆုံးဆိုတာလေ . . . အခုလည်း မေမေသိမှာ စိုးတာတစ်ခုပါဘဲ ဒါတစ်ခုဘဲ ကျွန်တော် စဉ်းစားတာပါ . . . ကျွန်တော်ကတော့ မမကို ကျွန်တော် ဘာဘဲဖြစ်ဖြစ် ချစ်တာဘဲလေ . . .”

“ ချစ်တယ် ”



ကျွန်မ၏ နှလုံးသည်းပွတ်မှ ချစ်ခြင်းများစွာဖြင့် ချစ်ရသူက ချစ်တယ်လို့ ပြောနေပါလျှက် . . . ကြည်နူးပျော်ရွှင်စိတ်တွေ နည်းပါးလိုက်တာ။ စိုးရွံ့ထိတ်လန့်ခြင်းဆိုတဲ့ မယုံကြည်နိုင်ခြင်းတွေကြားမှာ ကျွန်မ နှစ်မြုပ်နေပြီထင်ပါရဲ့. ယုံကြည်မှု့ ကင်းမဲ့ခြင်းတွေမှာ ကျွန်မ စုံးစုံးနှစ်မြုပ်နေပါပြီ။

“ တကယ်ချစ်တာပါ . . . မမကို ချစ်လို့လဲ မေမေသဘောမတူရင်လည်း ရင်ဆိုင်မယ်လို့ တွေးထားပါတယ်။ မေမေ့ကိုတော့ ဖျောင့်ဖျရမှာပေါ့ . . . မမမှာ ခုလိုမျိုး ပြည့်စုံခြင်းအပစ်ရှိပေမယ့် . . . မမရဲ့ ပြည့်စုံခြင်းတွေနဲ့ ဖုံးဖေးနိုင်းရမှာပေါ့ . . . မေမေ့ကို တစ တစ နားသွင်းယူမယ် . . . ”

“ မင်းဆိုလိုတာက မင်း အမေသဘောမတူနိုင်ဘူးလို့ ဆိုတာလား”

“ မေမေ့အကြောင်း ကျွန်တော်သိတယ် မေမေတကျွန်တော့်ဘဝကို အဖြူစင်ဆုံးဖြစ်စေချင်တာ . . . ”

“ ကျွန်မက မဖြူစင်ဘူးဆိုပါတော့”

“ မဟုတ်ဘူးလေ မမရဲ့ . . . ဟိုလေ . . . ”

“ ဟုတ်တာဘဲ . . . ကျွန်မမှာ ပြောစရာ အပစ်ရှိတယ် မပြည့်စုံဘူး မဖြူစင်ဘူး ဒါကို ကျွန်မကိုယ်တိုင်လည်း သိတယ် ဒါပေမယ့် ကျွန်မမှာ တစ်ခြားမာနတွေလဲ အများကြီး . . . ”

www.burmeseclassic.com

www.burmeseclassic.com



" မမကို ကျွန်တော်က ချစ်တယ် သည်တော့ နားလည်ပါတယ် . . . ကျန်တဲ့လူတွေ အထူးသဖြင့် မေမေနားမလည်မှာဘဲ စိုးတာ . . . "

ကျွန်မက ပိုလို့တောင် မင်းကိုနားလည်တာပေါ့မောင်။ ကျွန်မကို ချစ်တယ်ဆိုတာ အမှန်ပါဘဲ ဘယ်သို့ဆိုဆို . . . ကျွန်မရဲ့ အမည်းစက်အတွက်တော့ မင်းအမေကို ရင်ဆိုင်ရမှာ မင်းစိုးရွံ့ထိတ်လန့်နေတယ် မဟုတ်လား။ စာနာစာတ် နားလည်တတ်ပေမယ့် ကျွန်မမှာ ကျန်သော မာနတွေကလည်း ရှိနေသေးတယ်လေ . . .။

ကျွန်မကို နားမလည်သော ခွင့်မလွှတ်သော သဘော မတူဘူးဆိုသော . . . အသိုက်အဝိုင်းထဲကိုလည်း မောင့်ကို ချစ်စိတ် တစ်ခုနှင့် မဝင်ချင်ပါ။

နှစ်ယောက်ထဲ ချစ်ကြတာ
နှစ်ယောက်ထဲ ပေါင်းသင်းကြမှာ
ဘယ်သို့ဆိုဆို . . .။

သည်ဆွေမျိုးအသိုက်အဝိုင်းတွေနှင့် မျက်နှာချင်းမဆိုင်လို့မရပါ။ သည်အခါ ကျွန်မရဲ့ မာနတွေကလည်းသူတို့ကို နားလည် ပေးနိုင်မည်မထင်။

" မင်း . . . ကျွန်မကို မချစ်သင့်ဘူး . . . ကျွန်မတို့နှစ်ယောက် မချစ်သင့်ဘူး . . . "



" မမကို ကျွန်တော် ချစ်တယ် မမကလဲ ကျွန်တော့်ကို ပြန်ချစ်ပါ . . . "

" လူတွေမှာ နှလုံးသားလဲရှိတယ် ဦးနှောက်လဲရှိတယ် . . . မျှမျှတတခံစားကြတာ အကောင်းဆုံးပါဘဲ . . . "

" ကျွန်တော့်မှာ နှလုံးသားရှိတော့ နှလုံးသားက ခံစားရတာ မမကိုချစ်တယ် "

" မင်းမှာ ဦးနှောက်လဲရှိပါတယ်။ ဦးနှောက်ကရော ဘယ်လိုပြောလဲ ပြောစမ်းပါဦး "

မောင်ငြိမ်သွားတယ်။

မင်းမှာ တွက်ဆနားလည်မှုများသော ဦးနှောက်တွေ ရှိမယ်ဆိုတာကျွန်မက သိနေတာပါဘဲ။ နှလုံးသားက သိပ်ဖြူစင်တယ် မောင်။ ချစ်သူရဲ့အပစ် အားလုံးကို ခွင့်လွှတ်ပေးနိုင်တယ်။ ဦးနှောက်ကြပြန်တော့ သိပ်တိကျတယ်။ အမှန်က အမှန် အမှားက အမှားလိုဘဲ ဆုံးဖြတ်တယ်။ ဦးနှောက်က မျက်နှာ မလိုက်ဘူး နှလုံးသားက မျက်နှာလိုက်ချင်သေးတယ်လေ။

" သည်ဖြစ်ရပ်ဟာ အမည်းစွန်းတစ်ခု အပစ်တစ်ခု လို့တော့ မောင့်ဦးနှောက်က သိတယ်မဟုတ်လား "

တိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းလေမောင်ရဲ့။

အပစ်လို့ဦးနှောက်ကသိပ်သိတာပေါ့။

" နှလုံးသားက ခွင့်လွှတ်လို့ ရပါတယ် "

www.burmeseclassic.com

www.burmeseclassic.com



“ ဦးနှောက်ကတော့ သိနေတာဘဲ မဟုတ်လား . . .”

“ မမကလည်းလေ . . .”

“ ကျွန်မဘဝမှာ ဆုံးရှုံးမှုတွေများနေပါပြီ . . .”

ကျွန်မနေတတ်နေပြီလို့ဘဲ ပြောရပါမယ်။ ခံစားမှုတွေဘာတွေဘဲရှိရှိ ရင်ထဲမှာက ထုံပူနေတာတွေလိုဘဲ ခံစားနေရတယ်။

“ ကျွန်တော့်ကို မမ မယုံသေးဘူးလား ”

“ ဟုတ်တယ် . . . ကျွန်မ မယုံကြည်တတ်တော့ဘူး”

“ အဲဒါမမ မချစ်တတ်လို့ပေါ့ . . . ကျွန်တော့်ကို မမ မချစ်လို့ပေါ့ . . . အချစ်ဆိုတာ ချစ်သူကို ယုံကြည်မှုအပြည့်အဝ ပေးစမြဲပါဘဲ . . .”

“ ကျွန်မ ချစ်တတ်ပါတယ် . . . အချစ်က တစ်ပိုင်း ယုံကြည်မှုကင်းမဲ့ခြင်းက တစ်ပိုင်းလိုပါ . . .”

“ မမချစ်တတ်တယ်ဆို ဘယ်သူ့ကိုချစ်လဲ ”

“ နိုင်လွင်ကိုလေ ”

“ မမ အဲလိုမနှောက်နဲ့ဗျာ ကျွန်တော်က နဂိုရ်ကမှ ကိုနိုင်လွင့်ကိုဆို မနာလိုဖြစ်နေတာ . . .”

“ နိုင်လွင်ဟာ ကျွန်မ ဘဝကို နားအလည်ဆုံးမို့ အချစ်သင့်ဆုံး လူတစ်ယောက်ပါ . . .”

ကျွန်မရဲ့ အလွန်သိတတ်သော ဦးနှောက်တို့က သည်သို့



အဖြေပေးထားပါလျှက် နှလုံးသားသည် မောင့်တို့သာ ချစ်နေခဲ့တာ ကတော့ . . . ဘယ်သို့တတ်နိုင်ပါမည်လည်းလေး။

“ ညှော်နေလား ခက်ဝေ . . .”

“ ညှော်လည်း ညှော်ပေါ့ နော်နော့်လက်ရာ ငပိကြော် စားရမယ်ဆိုရင် ညှော်ခံရကျိုးနပ်ပါတယ် . . . အမယ် . . . ကြောင်က ငါ့ထက်အနံ့ခံကောင်းပါလား ”

ဖွားတင်ရဲ့ ကြောင်က နော်နော်ကျွေးထားသည့် ထမင်းနှင့် ပုစွန်ခြောက်တွေစားနေပါရောလား။ နော်နော်တို့မှားသည်ကြောင်ကို အလိုလိုက်လွန်းပါဘိ။ ပုစွန်ခြောက်နှင့် နယ်ကျွေးတာတစ်မျိုး။ ဟင်းတွေချက်ကျွေးရတာတစ်မျိုး။

“ ပုစွန်ခြောက်ထောင်းရင်းက ပူစီကို သတိရတာနဲ့ တော်ကြာဖွားတင်သေရင် အမွေရနေဦးမယ် ”

“ ရတော့လဲ ယူထားမှာပေါ့ ”

“ နင့်ကိုမိုးနဲ့ နင်လက်ထပ်မှ ယူသွား ငါကတော့ ကြောင်တစ်ကောင်နဲ့ မနေချင်ဘူး . . .”

“ ဖွားတင်ဆီက အမွေရရင်တော့ ယူသွားရမှာဘဲ . . .”

ခက်ဝေ ငပိကြော်ကြော်နေတဲ့အခန်းမှာဘဲ ညှော်နံ့ ခံရင်းစကားပြောနေလိုက်ပါတယ်။ ခက်ဝေက နေလင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့သေးလားလို့ မေးတယ်လေ။ မနေ့ကတွေ့တဲ့ အကြောင်းနဲ့ ဘာတွေပြောတယ်ဆိုတာ ပြောပြလိုက်ပါတယ်။

" နေလင်းက တကယ်ချစ်တာနေမှာပါ . . . ခက်ဝေကလည်း နေလင်းကို တကယ်ချစ်တယ်ဆိုရင် ခက်ဝေကို စိတ်ချမ်း သာစေချင်တယ် . . . "

" ယုံကြည်လို့ မရဘူးလိုဖြစ်နေတယ် "

" အင်းလေ . . . အနည်းငယ်သော အချိန်တော့ စောင့်ကြည့်ကြသေးတာပေါ့ ခက်ဝေရယ် . . . တစ်ခုတော့ နော်နော် စိတ်ပူတာရှိတယ် . . . ခက်ဝေကို တကယ်ချစ်ရင် ခက်ဝေမှာ ဘာမှမရှိလည်း စိတ်ပျက်မှာ မဟုတ်ဘူး . . . ခဏစောင့်ကြည့်ရင်း အဖြေရှာကြတာပေါ့ . . . "

" ကျွန်မကတော့ မနက်ဖြန်ကို မတွေးရဲဘူး . . . "

" သက်သက်ရဲ့ စကားတစ်ခွန်းကို နော်မနှစ်သက်တာရှိတယ် ခက်ဝေဘယ်လောက် အတိုင်းအတာထိ ချမ်းသာမလဲ တဲ့ . . . ဒါမကောင်းဘူးခက်ဝေ . . . ခက်ဝေရဲ့ချမ်းသာမှုကို မက်မောကြသလားနော် စိတ်ပူတယ်"

" ကျွန်မပြည့်စုံတယ်ဆိုပြီး မေးလာတဲ့သဘောပါ . . . ကျွန်မရဲ့ ချို့ယွင်းချက်အပစ်ကို သူက သူ့မိသားစုကို ဖွင့်မပြောပါဘူးထင်တယ် . . . "

" အင်း . . . နေလင်းကပြောတော့ လက်ထပ်တော့မယ်



ဆိုမှ ရုတ်တရက် ဖွင့်ပြောလိုက်မယ်တဲ့ . . . နော့်ကို သည်လိုဘဲ ပြောတယ် . . . "

" ကျွန်မကတော့ . . . စိတ်ပျက်နေတာလား စိတ်ကုန်နေတာလား စိတ်ပါတ်ကျနေတာလား . . . တစ်ခုခုတော့ တစ်ခုခုဘဲ မျှော်လင့်ချက် ကင်းနေတဲ့ လူတစ်ယောက်လိုဘဲ ခံစားရတယ် . . . "

" ခက်ဝေကို နော်သိပ်ချစ်ပါတယ်။ နော်ကတော့ ခက်ဝေဘဝလေး ပျော်ရွှင်ချမ်းမြေ့နေတာဘဲ မြင်ချင်တဲ့အတွက် နေလင်းဆီမှာ အချစ်စစ်ရှိမရှိ ရအောင်စုံစမ်းရမှာပါဘဲ . . . "

နော်နော်က အားတက်သရော ပြောနေပေမယ့် ကျွန်မကတော့ အဖြေသိတဲ့ ပုစ္ဆာတစ်ပုဒ်ကို ပင်ပန်းခံလဲ တွက်မနေချင် တော့ပါဘူး။ ဝေးကွာရမည့် အဖြေကို ကျွန်မသိနေသလိုဘဲလေ။

" နော်ဆီက တိကျခိုင်မာတဲ့ အဖြေမရမချင်း နေလင်းအပေါ်မှာ ခက်ဝေခေါင်းမငြိတ်လိုက်ပါနဲ့ဦး . . . "

" စိတ်ချပါနော်နော် စိုးရွံ့တတ်တဲ့စိတ်ဟာ ခုန်နေတဲ့ နှလုံးသားတွေကို ထိန်းသိမ်းပေးပါတယ်။ သူ့ကို ကျွန်မ ဘယ်လောက် ချစ်ချစ် . . . ကျွန်မခေါင်းမငြိတ်ပါဘူးနော်နော်"

မောင့်ကို ကျွန်မသိပ်ချစ်သည်ပေါ့။

ချစ်သော မောင့်ရင်ခွင်မှာလည်း မောပန်းလာသမျှ

www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေအနားယူခိုမှီချင်ပါရဲ့။ ဒါပေမယ့် ... ထာဝရ မဟုတ်သော ချစ်ခြင်းမှာ ကျွန်မ မပျော်ရဲတော့ပါဘူး ...။ ကျွန်မအတွက် ကံကောင်းခြင်းတွေကို ရရှိနိုင်ဖို့ လွယ်အုံ့ မထင်ပါ။

"နေလင်းကခက်ဝေကို အချစ်စစ်နဲ့ ချစ်ပါစေလို့နော် ဆုတောင်းပါတယ်။ ဒါမှ ခက်ဝေဘဝမှာ ခက်ဝေချစ်သူနဲ့ သာယာ ပျော်ရွှင်ခြင်းတွေကိုရမယ် ... အဲလိုမျိုးဘဲ နော်မြင်ချင်တယ် ..."

ကျွန်မလည်းဘဲ ကျွန်မဘဝမှာ မောင်နှင့် ပျော်ရွှင် ချမ်းမြေ့နေချင်တော့ပေါ့ ...။ ဖြစ်လာဖို့က တစ်ရာခိုင်နှုန်းဘဲ ရှိတယ်လို့ တိုးတိုးပြောရင်း ကျွန်မရယ်မိတယ်။

"အဲသည့် တစ်ရာခိုင်နှုန်းလေးကနေ ပြည့်စုံသွားတာရော မဖြစ်နိုင်ဘူးလား ခက်ဝေ"

"ဒါဆိုရင်တော့ အတိုင်းတာထက် အလွန်ပါဘဲလေ..."

မောင် အချစ်စစ်နဲ့ ချစ်ပါစေလို့ ...။

မောင့်ကို ကျွန်မချစ်တယ်။

ရယူပိုင်ဆိုင်ရခြင်းဆိုသော ကြည်နူးမှုတွေလဲ ကျွန်မ လိုချင်ပါတယ်။ ဒါပေမယ့် အချစ်စစ်ဆိုတာ ပြုလုပ်ယူ၍ လည်းမရပါ။ မောင့်ရင်ထဲမှာကျွန်မကို ချစ်သော အချစ်စစ်



ရှိမှာသာ အားလုံးဟာသာယာပျော်ရွှင်ခြင်းတွေ ပြည့်စုံတော့မှာပေါ့။

အချစ်စစ်ကိုဘဲ လိုချင်ပါတယ်။

"ငယ်စဉ်တုံးက စိတ်အရဆိုရင်တော့ နေလင်းက မဆိုးပါဘူး။ ဒါပေမယ့် အသက်ကြီးလာတဲ့အခါတော့လည်း ... ပြောလို့ မရဘူးပေါ့လေ... ဘယ်လိုစိတ်တွေဖြစ်လာမယ် မပြောနိုင်ဘူး .."

"သူ့ရင်ထဲကို ဝင်ကြည့်လို့ရတာမှမဟုတ်ဘဲ ... သူ့ရင်ထဲမှာ ကျွန်မဘယ်လို အနေအထားနဲ့ရှိနေမလဲ ..."

"ရင်ထဲမှာရှိရင်ကောင်းတာပေါ့ ဦးနှောက်ထဲမှာဘဲ ရှိနေရင်တော့ မကောင်းဘူး ..."

မောင် ကျွန်မက မောင့်နှလုံးသားထဲမှာလား။

မောင့်ဦးနှောက်ထဲမှာလားသိချင်တယ်။

❀ ❀ ❀ ❀ ❀

မိုးနှောင်းချိန်ရောက်နေပါပြီ။

ဒါပေမယ့် မိုးနှောင်းကောင်းသည်လို့ဆိုရမလား မိုးကအဆုံးမသတ်ဆက်တိုက် ရွာနေဆဲပါဘဲလေ။ အိပ်ယာကနိုးလာတဲ့ အချိန်မှာ နှစ်နာရီခွဲနေပြီ။ နေ့ခင်းဆိုပေမယ့် မိုးကြောင့်ရော မှောင်မိုက်နေသလိုပါဘဲ။

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆာလိုက်တာဆိုပြီး မီးဖိုထဲဝင်ကြည့်မိတယ်။

ဘာမှလဲ မရှိဘူး။

ပေါင်မုန့်တစ်ထုပ်ဘဲတွေ့တယ်။ ငါးသေတ္တာဘူး ဖောက်ပြီး ပေါင်မုန့်နှင့် စားရမလား။ ဘဲလ်သံကြောင့် အိမ်ရှေ့တံခါးဆီ ရောက်လာတဲ့အခါ။

" မမ . . . "

" ကျွန်မ ခုဘဲအိပ်ယာကနိုးလာတာ မင်းကံကောင်းတယ် . . . အတော်ဘဲ အပြင်ထွက် တစ်ခုခုစားရအောင် ကျွန်မ ဗိုက်ဆာနေတယ် "

" သွားလေ . . . "

" မိုးရွာထဲလျှောက်သွားရအောင်နော် ကျွန်မက မိုးရွာထဲသွားရတာလောက် ပျော်တာ မရှိဘူး . . . "

" ကားနဲ့သွားရအောင်ပါ . . . "

" မမ မိုးမိရင် နေမကောင်းဖြစ်မှာ . . . စိုးရိမ်လို့ပါ"

" စိုးရိမ်တယ်ဆိုလို့ ဝမ်းသာပါတယ်။ ကျွန်မက မိုးရေထဲ လမ်းလျှောက်ချင်တာ . . . "

သူဘာမှမပြောတော့ပါဘူး။

ကျွန်မက ထီးတစ်လက်ယူထွက်ခဲ့တော့ လိုက်လာရတာပေါ့။

" ဟဲ့ ဘယ်နှယ်သူများ ထီးကိုလုရတာလဲ မိုးစိုကုန်ပြီ"



" ကျွန်တော်ဆောင်းပေးမလို့ . . . "

ချစ်သူမိုးပေးတဲ့ ထီးရိပ်မှာ ချမ်းမြေ့ကြည်နူးစွာ ခံစားရပါလား။ တကယ့်မိုးမမြင်လေမမြင်ပါမောင်။ ခုလိုသာ ထီးကလေး တစ်ချောင်းနှစ်ယောက်ထဲ ဆောင်းလို့သွားရချည်ဆို ရွှေမှာလမ်းတွေရှိနေသရွေ့ လျှောက်ချင်ပါတယ်။

" ပျော်လားမမ"

" မပျော်ပါဘူး "

" မမ မဟုတ်ဘဲပြောတယ် . . . "

" အမှန်အတိုင်းပြောတာ . . . မိုးရွာထဲသွားရတာ ပျော်ပါတယ် . . . မင်း လိုက်ရှုပ်နေလို့ စိတ်ပျက်တယ် "

" တကယ်လား "

" တကယ်"

" ဒါဆိုရော့ ထီးယူ . . . ကျွန်တော် မိုးရွာထဲသည် အတိုင်းထွက်သွားတော့မှာ မမအတွက် ကျွန်တော်က လူရှုပ်ဖြစ်နေပြီ ဆိုသွားပါမယ် . . . "

ထီးကိုပြန်ကမ်းပေးပေမယ့် ကျွန်မက မယူပါဘူး။ မိုးတဖိုသည်းလာတယ်။ မြေထောက်မှာ သဲမှုန်တွေလာရိုက် နေတာကိုက ကျွန်မအတွက်တော့ နှစ်သက်စရာလိုပါဘဲ . . .

" မမ . . . မမအတွက် ကျွန်တော် တကယ်ပဲတော လားဟင် "

www.burmeseclassic.com

www.burmeseclassic.com



" တကယ်ပေါ့ . . . "

ကျွန်မလည်း ထီးမယူတော့ သူထွက်သွားလို့လဲ မရ။ အသံတိတ်ဆိတ် ငြိမ်သက်နေပါတယ်။ မိုးတွေရွဲစိုလာမှ စားနေကြ မုန့်ဆိုင်ကိုရောက်တာ။ ခုချိန်ဆို ဘာရမလဲ နန်းကြီးသုတ် တစ်ယောက်တစ်ပွဲ မှာလိုက်တယ်။

" မမကို ကျွန်တော် ချစ်သလောက် မမက ကျွန်တော့်ကို မချစ်ဘူး အံ့ဩစရာဘဲ . . . "

" ဘာအံ့ဩစရာရှိလဲ အချစ်ဆိုတာ တစ်ယောက်က ချစ်မယ် တစ်ယောက်က ပြန်ချစ်ချင်မှ ချစ်မယ် ဘာမှ အံ့ဩစရာ မရှိဘူး . . . အသွားအပြန်ရှိမှာပါ"

" မရှိဘူး "

" နေလင်း . . . "

" အင် ကိုလတ် . . . "

" စားပါ . . . စားပါ . . . ငါမြင်လို့ ခေါ်လိုက်တာပါ . . . သွားမယ် . . . "

လာနှုတ်ဆက်ယုံ နှုတ်ဆက်ပြီးထွက်သွားတဲ့အခါမှာတော့ သူ မျက်နှာပျက်နေတာ သိပ်သိသာတာဘဲ။ ဟန်ဆောင်ရယ်နေတဲ့ မျက်နှာကလေးက သိသာလွန်းစွာနှင့် ဘယ်လိုလေးမှန်းတို့ မသိပါ။

" အဲဒါဘယ်သူလဲ "





" ကျွန်တော့် အစ်ကို"

" အစ်ကိုလား . . . "

" ဟုတ်တယ် . . . သူက မေမေ့ကို သေချာပြန်ပြောတော့မှာ . . . သူကမလွယ်ဘူး မိသားစုထဲမှာ စပ်စပ်စုစုနိုင်တယ် . . . မောင်နှမတွေထဲလဲ ဝင်ပါတယ် . . . ကြည့်နေ ကျွန်တော် အိမ်ပြန်မရောက်သေးဘူး . . . မမနဲ့ တွေ့ခဲ့တဲ့ အကြောင်းတရောက်နေမှာ"

" မင်းလဲ ကလေးမှ မဟုတ်တာ မိန်းကလေး မိတ်ဆွေ သူငယ်ချင်းတစ်ယောက် ရှိနေတာ ဘာထူးဆန်းလို့လည်း . . . "

" မမကို မသက်တာလဲ သိနေတယ်"

" သိနေတော့ ဘာဖြစ်လဲ "

" ဘာမှ မဖြစ်ပါဘူး . . . "

" ဘာမှမဖြစ်ဘူးဆိုတယ်။ မျက်နှာက ပျက်နေတာပါဘဲ။ အပြန်လမ်းမှာတော့ စကားတွေ သိပ်မသွက်တာ သိသာလွန်းပါတယ်။ တစ်ခုခုကိုလဲ စဉ်းစားနေပုံရတာပေါ့။ ကျွန်မတို့ တိုက်ခန်းလှေကားမှာဘဲ လမ်းခွဲလိုက်တယ်။

" ကျွန်မ နည်းနည်းလေးချမ်းနေပြီ၊ မင်း ပြန်တော့နော်"

" သူလည်း ခေါင်းငြိတ်ပြန်သွားတာပါဘဲ။

အဝတ်အစားတွေလဲပြီးတော့ အိပ်ယာပေါ် ပြန်ပြီး အိပ်နေမိပါတယ်။ ကျွန်မ မျက်ဝန်းထဲမှာတော့ သူ့ရဲ့ရှပ်ပြည်း

www.burmeseclassic.com



ပြောင်းလဲသွားတဲ့ ပုံစံလေးကို မြင်နေပါတယ်။ ကျွန်မရဲ့ ကုတင်ပေါ်ကို ရိုပ်ခနဲ ခုန်တက်လာတဲ့ ပုံရိပ်ကြောင့် လန့်ဖျတ်ပြီး တွန်းချ လိုက်ပါတယ်။

ကြည့်စမ်း

ဖွားတင်ရဲ့ ကြောင်၊

အတော်ဆိုးပါလား။ ကြောင်ကို ဘယ်တုံးကမှ အလိုလိုက်ပြီး ကုတင်ပေါ်တင်မသိပ်ဝါဘူး။ သွား . . . မလာခဲ့နဲ့လို့ မောင်းထုတ်လိုက်တယ်။ နော်နော်ကိုတော့ ပြောထားရမည်။ သည်ကြောင်ကို သိပ်အလိုမလိုက်နဲ့လို့လေ။

❀ ❀ ❀ ❀ ❀

ကျွန်မ ဖျားနေတယ် နော်နော် "

" ခက်ဝေက မိုးကိုသိပ်ချစ်တာကိုး မိုးရွာရင် ပြတင်းပေါက်ဖွင့်ကြည့်တယ် . . . မိုးထဲမှာ လမ်းထွက်လျှောက်တယ် . . . မိုးကို အဲလောက်ကြိုက်နေမှတော့ ခက်ဝေ မဖျားရင်ဘယ်သူ ဖျားမလည်း . . . "

" ဆေးသောက်ထားပါတယ် . . . "

" အတော်ဘဲ နော် ကြက်သားဝယ်လာတယ် ဆန်ပြုတ်ပြုတ်ပေးမယ် . ✓. "

" နော်နော့်နားထိုင်နေမယ်"



" ဖျားနေရင်လည်း အိပ်နေပါလား ခက်ဝေရယ်"

အိပ်လည်း မအိပ်ချင်တော့ပါဘူး။

အိပ်နေရချိန်တွေ များနေသလိုပါဘဲ၊ ကြာတော့ အိပ်ယာပေါ် လှဲနေရတာတောင် ကျောပူလာသလိုပါ။ ဒါကြောင့် နော်နော် ရှိတဲ့ မီးဖိုထဲက စားပွဲမှာ ထိုင်နေလိုက်ပါတယ်။

" သည်နေ့သက်သက်လာတယ်. . . "

စိတ်ထဲ ထိတ်ခနဲဖြစ်ရတယ်။

မောင့်ကို ချစ်မိမှတော့ မောင့်အစ်မဆိုတာ ကျွန်မရဲ့ သတ်မှတ်ချက်မှာ ပိုပြီးရင်းနှီးလာသလိုပါဘဲ။

" စိတ်မဆိုးပါနဲ့ ခက်ဝေ မင်းရဲ့ စီးပွားရေးအကြောင်း မေးလို့ စကားခံထားတယ်။ စီးပွားရေးတွေ အများကြီး ရှိပေမယ့် ခုတလော တစ်ခုမှအဆင်မပြေဘူး . . . ငွေတွေ ဆုံးရှုံးနေတယ် ပြောထားတယ် . . . သက်သက်မျက်နှာကတော့ ပျက်သွားတာဘဲ . . . နောက်လိုအပ်ရင် စီးပွားရေးတွေပြန် အဆင်ပြေတယ် ပြောလို့လဲရပါတယ် . . . "

" နော်နော် စေတနာသိပါတယ် . . . ကျွန်မထဲ အချစ်စစ်ဘဲလိုချင်ပါတယ် . . . "

သူ့အစ်ကိုနှင့်တွေတာလေးနဲ့ မျက်နှာပျက်သွားတဲ့ မောင့်ပုံစံလေးကိုမြင်ရတော့ သတ်ပြင်းရှိုက်ရပါတယ်။ ကျွန်မကလည်း အမည်းစက်တွေ စွန်းထင်နေတဲ့ ဝန်းတလေး

www.burmeseclassic.com



မဟုတ်လား။ သည်တော့ . . . အင်းလေ . . . ကျွန်မကလည်း အပစ်ရှိတာကိုး ။

" ကျွန်မကလည်း . . . အပစ်ရှိခဲ့တာကိုး . . . "

" မဟုတ်တာ . . . ခက်ဝေရဲ့ အပစ်မဟုတ်ပါဘူး . . . ပြီးတော့ ခက်ဝေဖြစ်ခဲ့တာ ခွင့်လွှတ်လို့ရပါတယ် . . . ခက်ဝေအပစ်ကြောင့် မဟုတ်ဘူး . . . တစ်ဖက်ကမကောင်းခဲ့တာပါ . . . "

" ကျွန်မအပစ်ကို ပြည့်စုံတယ်ဆိုတဲ့ အချက်နဲ့ ကျေနပ်ပေးတာမလိုချင်ဘူး တကယ့်ကို စာနာနားလည် ခွင့်လွှတ်တာဘဲ လိုချင်တာ . . . "

ကျွန်မ ဖြစ်ချင်သလိုဖြစ်ဖို့မလွယ်ပါမလား . . . ။

"တကယ်လို့ နေလင်းက မင်းကိုနားမလည်ဘဲ လမ်းခွဲသွားမှာကို . . . မင်း ခံစားနိုင်ပါမလား ခက်ဝေ . . . "

အတွေးစတစ်ခုသည်ပင် ရင်ကိုနာကျင်ပင်ပန်း တုန်ခိုက်ရပါလားကွယ်။ ဒါပေမယ့် မောင်ရယ် . . . ကျွန်မလိုချင်တာမောင့်ရဲ့ နားလည်ခွင့်လွှတ်တတ်သော နှလုံးသားထဲက စစ်မှန်တဲ့ အချစ်တွေကိုပါဘဲ။ တကယ်လို့ မရခဲ့ဘူးဆိုလျှင်လည်း။

ကြေကွဲစွာလမ်းခွဲကြရတော့မည်ပေါ့။

" ကျွန်မကြေကွဲထိခိုက်ခံစားရမှာပါနော်နေလင်း . . . ဒါပေမယ့် ကျွန်မ ကျေကျေနပ်နပ်ဘဲ လမ်းခွဲပါမယ် . . . "



" ခက်ဝေကို ပျော်ရွှင် စေချင်ပါတယ်ဆိုမှ . . . "

" ဒါတော့ဘယ်တတ်နိုင်ပါ့မလည်း . . . ကျွန်မတော ချစ်စစ်နဲ့ မတွေ့ထိုက်ဘူးဆိုရင်တော့ နော်ဘယ်လို ုပ်ပေးပေး ဘယ်တွေ့ပါ့မလည်း . . . ကျွန်မက ဖွားတင်လို ထီးကျန်ဘဲ ဖြစ်မယ်ထင်ပါရဲ့ . . . "

"တစ်ရာခိုင်နှုန်း ပေါင်းဆုံဖို့ မျော်လင့်ချက်ကလေးပါ ပေးနေပြီထင်ပါရဲ့ . . . ။

ရှိပါစေတော့ မောင်။

ကျွန်မ နေတတ်နေပါပြီ။

"မင်းရဲ့ မီးခုတ်သံကြားရင် သည်ကြောင်ရောက်လာ တော့တာပါလား"

" ဖွားတင် သူသေရင်အဲသည့်ကြောင်ကို စောင့်ရှောက်ဖို့ ာနေတယ် ဖွားတင်လဲ နေကောင်းပုံမရဘူး အရင်လို ဝရံတာမှာ ာင် မမြင်ရဘူး . . . "

" မိုးသည်လောက်ရွာနေတာ ဝရံတာဘယ်ထွက်နိုင် ါမလဲ . . . ဖွားတင်က ကြောင်တစ်ကောင်ဘဲ မွေပေးသလား တခြား ဘာပစ္စည်းမှမပေးဘူးလား "

ကျွန်မတမင်မေးမှန်းသိလို့ နော်နော်ကရယ်ပါတယ်။ းတင်အမွေတွေကို မသေခင်ထဲက ခွဲနေကြတာတွေ ကျွန်မလို့ င်ထားပြီးသားပါ။ ဒေါ်လေးကြည်က မြစ်ပေမယ့် အနည်း ်းဘဲ ရတယ်လို့ ဆိုပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



" ဖွားတင် ကျန်ခဲ့မဲ့အမွေတွေကို ခွဲယူမယ့်သူတွေ
အများကြီးဘဲ . . . ကျွန်မသေရင်တော့ ကျန်ခဲ့မဲ့ အမွေတွေ
ဘယ်သူယူမလဲ . . . ပုလဲတို့တွေရောယူနိုင်လား . . . ကျွန်မ
တဖြည်းဖြည်းတော့ လှူသင့်တာတွေ ခုထက် ပိုလှူမယ် နော်နော်
ရှုတ်တရက်သေရင်တောင်ဘာမှ ပါမှာမဟုတ်ပါဘူး . . . "

" လှူနိုင်ရင်တော့ အကောင်းဆုံးဘဲပေါ့ ခက်ဝေ . . . "

" ကျွန်မ နားလည်ပါတယ် . . . ကြီးမေကြီးတို့သာ
ကြည့် စုဆောင်းခဲ့သမျှ ပိုက်ဆံတွေ ကျွန်မတိုပေးထားခဲ့ပြီး
သူတစ်ပြား တစ်ချပ်မှာယူသွားနိုင်တာ မဟုတ်ဘူး . . .
ကျွန်မသေလဲ သည်လိုဘဲ နေမှာပါ . . . "

" ခက်ဝေနဲ့ နော်တို့ မြန်မာပြည်အနှံ့ ဘုရားဖူး
ထွက်ရအောင် . . . ဘုရားတွေမှာ လျှောက်လှူရရက်လဲ
ပျော်မှာ"

" ကောင်းတယ်နော် . . . "

ဘုရားဖူးထွက်မည်ဆိုတော့လည်း ချစ်သူနှင့်အတူဆို
သိပ်ကောင်းမှာလို့ ကျွန်မကတော့ မောင့်ကိုချက်ခြင်း သတိရ
မိပါတယ်။ မောင်ကတော့ . . . အင်းလေ . . . နှလုံးသားချင်း
ထပ်တူညီရင်တော့ ခံစားမှုတွေလည်း ထပ်တူညီမှာပါနော်မောင်
နှလုံးသားချင်းထပ်တူညီမှု မရှိရင်တော့ ကျွန်မ တစ်ဖက်
တည်းတာဘဲ သတိရနေရတော့မှာပါဘဲ။





" မနက်စောစော ရွှေတိဂုံဘုရားသွားရအောင် နော်နော်"

" ကောင်းသားဘဲ ဒါပေမယ့် ခက်ဝေဖျားနေတယ်သေ"

" သက်သာပါပြီ သွားချင်တယ်"

ကျွန်မကသွားချင်တယ်ဆိုသွားရမှာလေ။ စိတ်ကိုအလို
လိုက်လွန်းသည်ဆိုဆို ကျွန်မကတော့ သွားမယ်ဆိုဖျားနေလဲ
ရအောင် သွားမှာပါဘဲ။

❀ ❀ ❀ ❀ ❀

" မိုးမရွာတာ ကျေးဇူးတင်ရမယ် "

မနက်စောစော ဘုရားဖူးရတာ စိတ်ကြည်နူးဖွယ်ရာ
ကောင်းလိုက်တာ။ ကျွန်မမှာ အဖျားသွေးရှိနေဆဲပေမယ့်
နော်နော်သိရင် မသွားပါနဲ့လို့ တားမှာ စိုးရိမ်လို့ နေကောင်းနေပြီ
လို့ဘဲ ပြောလိုက်တာပါ။ ဂျာကင်ထူထူကလည်း နွေးနေ
စေတာဘဲ မဟုတ်လား။

" သည်ဆောင်းမှာတော့ ကျိုက်ထီးရိုးဘုရား
ရောက်အောင်ဖူးကြရအောင် နော်နော်"

" သွားလေ . . . ခက်ဝေသွားချင်ရင်သွားပေါ့"

" တို့နှစ်ယောက် ဘုရားတွေစုံအောင် ဖူးချင်တယ်
နော်နော်နဲ့ ကိုမိုးလက်ထပ်ရင် ခုလိုမျိုးသွားရဖို့မလွယ်ဘူး
မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



" ဒါတော့ ဟုတ်တယ် . . . "

" ဘုရားရှစ်ခိုး ပုတီးစိတ်ပြီး အေးအေးဆေးဆေး ထိုင်နေမိကြသေးတယ်။

" ဟင် "

နော်နော့်ရဲ့ အံ့ဩသံလေးနှင့် အကြည့်တွေကြောင့် ကျွန်မလိုက်ကြည့်မိပါတယ်။ ရုတ်တရက်မို့ ကျွန်မ နှလုံးသားတွေက ပြင်းစွာလှုပ်ရှား ယိမ်းခါသွားပါလား။

မောင်နှင့် ကောင်မလေးတစ်ယောက်။

ကောင်မလေးက အနီရောင်အပွင့်တွေများသော ထက်အောက်တူညီဝတ်စုံနှင့် ဆံပင်ရှည်တွေကို ပုဝါအနီနှင့် ချည်ထားပါတယ်။ သွယ်နွဲ့၍ မိန်းကလေးဆန်သော အပြင်အဆင်နှင့်ပါ။ မောင့်အနားမှာ ကျွန်မမဟုတ်သော မိန်းမတစ်ယောက်ရှိနေခြင်းဟာ . . . ကျွန်မအတွက် ပူပြင်းတောက်လောင်သော ဝန်တိုခြင်းတွေကို ရရှိစေပါတယ်။

" နေလင်းဘယ်လာလဲ"

" ဟင် မမနော် မမ"

သူကခုမှ ကျွန်မတို့ နှစ်ယောက်ကို မြင်ပြီးမျက်နှာမျက်နေပါတယ်။ ပြီးမှ မေမေတို့လဲ ပါတယ်လို့ နောက်ကိုညွှန်ပြပါတယ်။

" သြော် အန်တီနဲ့ နှင်းနှင်းလဲပါသလား"



တနလ်ာထောင့်မှာ ရေသပ္ပါယ်နေသူတွေကို လှမ်းကြည့်ပြီး နော်နော်ကပြောပါတယ်။

" သွားစို့ နော်နော် "

ကျွန်မကတော့ သူ့ကိုလဲ နှုတ်မဆက်ချင်တော့သို့ နော်နော့်လက်ကို အတင်းဆွဲထွက်လာခဲ့ပါတယ်။

" အဲဒါဘယ်သူလဲ"

" ဘယ်သူဘဲဖြစ်ဖြစ် ကျွန်မမသိချင်ပါဘူး . . . "

နော်နော့်ကိုသာပြောတာ။

ဘယ်သူလဲ ဘယ်သူလဲ ဘယ်လိုအခြေအနေထိ ရှိကြလို့ ဘုရားအတူ လာဖူးရသလည်း . . . အမျိုးမျိုးသော မေးခွန်းတွေက ကျွန်မရင်ထဲမှာ စီစီရီရီနှင့် ရှိနေဆဲပါ။ မှောင်ရိပ်ကျနေသော နေရာတွေမှာ ရစ်ဝဲနေသော မျက်ရည်စတွေကို ပုတ်ခတ်ဖယ်ထုတ် မိတယ်။

" သက်သက်ကို နော် မေးပေးမယ် "

" နေပါစေတော့ နော်နော်ရယ် . . . သူနဲ့ကျွန်မရဲ့ ဆုံစည်းခြင်းဟာ တစ်ရာခိုင်နှုန်းသာ ရှိပါတယ်လို့ အရင်တထင်ခဲ့တာ ခုတော့အနှုတ်လက္ခဏာတောင်ပြရပါပြီ . . . သူလမ်းသူသွားတာက ပိုပြီးလှပမှာပါ . . . ကျွန်မက အပစ်တွေနဲ့လေ"

" ဘာမှမဆိုင်ဘူး ခက်ဝေမှာ ပြည့်စုံခြင်းတွေမှ အများကြီး ဘာမဟုတ်တဲ့ အပစ်လေးတွေကို ဖုံးလို့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မကြောက်တာလဲအဲဒါဘဲ နော်နော် အဲသည့်ပြည့်စုံခြင်းတွေနဲ့ဘဲ ကျွန်မရဲ့ ဖြူစင်တဲ့နှလုံးသားခံစားမှုကို ဖုံးအုပ်သွားမှာ ကြောက်တာ ကျွန်မအခါခါပြောခဲ့ပါရော အချစ်စစ်ဘဲ လိုချင်တယ်"

" နေလင်း စိတ်မကောင်းဖြစ်နေတာတော့ သိသာတယ်"

" စိတ်မကောင်းတာရောဟုတ်ရဲ့လား ... ခိုးလုပ်နေတာတွေ ပေါ်သွားလို့လား ... ကျွန်မ တစ်ယောက်ထဲကိုဘဲချစ်ပါတယ် ဆိုတဲ့လူဘောမှာရှိတဲ့ မိန်းမက ကျွန်မ မဟုတ်ဘူးလေ"

တကယ် နာကျင်တယ် မောင်ရာ။

ကျွန်မကိုသိပ်ချစ်တယ် မမကို သိပ်ချစ်တယ်ဆို။

ပြီးတော့ ကျွန်မက မင်းအနားမှာ မရှိပါဘူး။ ကျွန်မစိတ်ကို အတည်ငြိမ်ဆုံးထားပါတယ်။ သည်လိုအဖြစ်တွေဟာ မှန်းဆ တွက်ဆ ထားပြီးသားအရာတွေဘဲ မဟုတ်လား။ အခန်းပြန်ရောက်တော့ ပိုဖျားလာသလိုပါဘဲ။ အိပ်ယာထဲ ခွေနေမိတယ်။

" နော် အလုပ်မသွားတော့ဘူး ..."

" ဘာလို့လဲ "

" ခက်ဝေနဲ့ နေမယ်လေ "



" မဟုတ်တာ ဆိုင်က အရေးကြီးပါတယ် ကျွန်မဖျားနေလို့ပါ ... မနက်က ဘုရားသွားချင်လို့သာ သွားရတာဖျားနေတုံးဘဲ ... ကျွန်မရဲ့ စိတ်ကို တစ်စုံတစ်ရာကနှိုးဆော်နေသလိုဘဲနော် ဖျားနေတဲ့ကြားက ဘုရားကိုမရောက်ရောက်အောင် သွားချင်မိတယ် ...."

နော်နော့်ကို အတင်းဘဲ ဆိုင်ကိုလွှတ်လိုက်ပါတယ်။ ကျွန်မကြောင့် အလုပ်တွေ ထိခိုက်ရင်ဘယ်ကောင်းပါ့မလည်း။

" ပန်းချီတွေဆွဲမနေနဲ့ဦး ဆေးသောက်ထားတာအိပ်ပျော်အောင်အိပ် ဟဲန်းဖုန်းကိုလဲပိတ်ထားလိုက် ...ကိုနိုင်လွင်ကလျှင်ပါတယ် ခက်ဝေဖုန်းခေါ်မရရင်နော့်ဆီခေါ်မှာပါ ... "

" အင်းပါ "

နိုင်လွင်ဆိုမှ မတွေ့ဖြစ်တာကြာပြီလို့ အမှတ်ရတယ်။

ခုတလော နိုင်လွင်ကလဲ ဖုန်းမဆက်ပါဘူး။ ကျွန်မကိုခင်မင်မှုတွေ လျော့ချထားပြီ ထင်ပါရဲ့။ နိုင်လွင့်အတွက်တော့ကျွန်မက ထာဝရ သူငယ်ချင်းအဆင့်ထက် ပိုနိုင်သည်မှမဟုတ်တာ။

အရမ်းကိုနေမကောင်းတော့ဘူး။

နော်နော်ထွက်သွားပြီး ဆေးသောက်ထားပေမယ့်ကိုယ်ပူရှိန်တွေပိုလာသလို ခံစားရတယ်။ ချွေးတွေလဲ

www.burmeseclassic.com



ဆိုးလာတယ်။ အအေးမိတာအသေအချာပါဘဲ။ ဘယ်လို
အိပ်အိပ်မရနိုင်။ အနီရောင်အရိပ်တစ်ရိပ်က ကျွန်မကို
နှိပ်စက်ညှင်းပန်းနေသလိုပါဘဲ။ အနီရောင်ပုဝါစဟာ
လေပြင်းမှာလွင့်မျောနေသလိုလို . . .။

ရက်စက်တယ် မောင် . . .

အဲဒါ ကျွန်မကို ချစ်တာလား။

ကျွန်မတို့ အချစ်က ဖွင့်ပြောနိုင်ခွင့်မရှိခင် အဆုံးသတ်
ကြရတော့မယ် . . . ထင်ပါရဲ့။

❀ ❀ ❀ ❀ ❀

တစ်ယောက်ထဲ ဝေဒနာနှင့် ချာချာလည် နေတာ
ကြာတော့ သည်းမခံချင်။ ဆေးသောက်လို့မရတဲ့ သည်အဖျား
ကိုဆေးထိုး လိုက်မယ်ကွာဆို အိပ်ယာထဲက လူးလဲထမိတယ်
လူတစ်ကိုယ်လုံးဟာ လေးလံထိုင်းမှိုင်း လွန်းပါလား။ ကားသော့ကို
ဖြုတ်ယူပြီး အိမ်တံခါးသော့ခပ်လိုက်တယ်။ တံခါးကိုမိပြီး
ခေတ္တရပ်နေမိသေးတာ။ နော်နော့်ကိုဖြစ်ဖြစ် နိုင်လွင့်ကိုဖြစ်ဖြစ်
လှမ်းခေါ် လိုက်ရ ကောင်းမလား။

တော်ပါပြီ

တစ်ယောက်ထဲဘဲ ဆေးခန်းကိုရအောင်သွားမယ်။

ဘဝမှာ တစ်သက်လုံးတစ်ယောက်ထဲ အထီးကျန်



နေရမယ့်လူက ဘာ့အတွက် အဖော်တစ်ယောက်ယောက်ကို
တမ်းတခေါ်ငင်နေချင်မိတာ ပါလိမ့်။

လှေကားထစ်တွေအတိုင်း တစ်လှမ်းချင်းဆင်းခဲ့တယ်။

မျက်ဝန်းတွေဟာ အဖျားရှိန်ကြောင့် မှားယွင်း
မြင်ယောင်နေတာလား။

မှားစရာလားကွယ်။

နှလုံးသည်းပွတ်နှင့်အမျှ ချစ်ရသူရဲ့ ပုံစံက မှား
စရာလား။

" လှေကားမှာ ဘာလို့ထိုင်နေတာလဲ"

" မမနဲ့ တွေ့ချင်လို့ပါ"

" ကျွန်မ ဆေးခန်းသွားဖို့သာ ဆင်းမလာခဲ့ရင်တော့"

" မမ ဆေးခန်းသွားမလို့ ဟုတ်လား နေမကောင်းဘူး
လားဟင် "

" ဟုတ်တယ် အရမ်းဖျားနေတယ်"

" ဟာ ဖြစ်ရလေ ဒါဆိုလာလေ ကျွန်တော်လိုက်ပို့မယ်"

မနက်စောစော မြင်ကွင်းတခုသာ ကျွန်မစိတ်မှာ
ရှိမနေခဲ့ဘူးဆို သိပ်ကိုပျော်ရွှင်မည် သေချာပါရဲ့ အခုတော့ . . .
သူ့ရဲ့ အပြုအမူတွေဟာ ဟန်ဆောင်နေသလိုခံစားရပါတယ်။

" မမ . . . ကားရော"

တကယ်ဆို ကားက အောက်ထပ်ကို ကျွန်မဝယ်ထား
လိုက်တာမို့ တိုက်ခန်းထဲမှာရှိပါတယ်။ တမင်ကို မပြောချင်တာမို့

www.burmeseclassic.com



" ကားရောင်းလိုက်ပြီ . . . အငှားကားနဲ့သွားမယ်"

အငှားကားပေါ်အရောက်မှာ မောင်က မေးပါတယ်။

" ကားဘာလို့ရောင်းတာလဲ အသစ်လဲမလို့လား"

" အသစ်လဲမလဲနိုင်ပါဘူး . . . လုပ်ငန်းတစ်ခုမှာပေး စရာငွေလိုလို့ ရောင်းလိုက်တာပါ . . . အလုပ်တွေက များသော အားဖြင့်ခုတလော အဆင်မပြေဘူး . . ."

ကျွန်မဟန်ဆောင်တတ်နေပါရောလား။

လိမ်ညာတတ်နေပြီလို့လည်းဆိုလို့ ရပါတယ်။ အလုပ် တွေအဆင်မပြေဘူး ပြောရအောင် ကျွန်မက ပန်းချီဆွဲတဲ့ အလုပ်တစ်ခုက လွဲပြီး ဘာမှမလုပ်ပါဘဲနဲ့ . . .။

"မမနော်လဲပြောတယ် . . . ခုတလော မမအလုပ်တွေ အရမ်းဆုံးရှုံးတယ်ဆို"

" ဟုတ်တယ် ကုန်သလောက် ဖြစ်နေပြီ"

မောင် ငြိမ်သက်တွေဝေနေသလိုဘဲ။

ဘာတွေစဉ်းစားနေလဲ။

ဆေးခန်းမှာဆေးထိုးရတယ်။ ဆေးတွေယူတာကအစ မောင်အတူလိုက်ကူပေးနေတာ ကျွန်မကြည်နူးမိပါတယ် . . .။ ဒါပေမယ့် စိတ်က သိပ်ပြီးတော့ လွတ်ထွက်မသွားရဲသလို တစ်ခုခုချုပ်ကိုင်ထားတဲ့အတိုင်း ခံစားရတယ်။

" ကျွန်မ မေးစရာရှိတယ် . . . အမှန်ဆုံးဖြေမလား"



" ဖြေမှာပါ"

" မနက်ကတွေ့တာ ဘယ်သူလဲ"

" မြဝတ်ရည်တဲ့ . . . မေမေသဘောကျနေတာ "

" ဟုတ်လား"

" ကျွန်တော် လုံးဝသဘောမကျဘူး"

" ဟုတ်လား"

" ကျွန်တော်ကတော့ မမကိုဘဲချစ်တယ်"

" ဟုတ်လား"

" မမ . . . ကျွန်တော့်ကို ပြန်ချစ်ပါ"

" ချစ်ရမယ်"

" မနောက်ပါနဲ့ မမရယ် . . . မြဝတ်ရည်ကို တကယ် မချစ်ဘူး . . . ကျွန်တော်တို့ လက်ထပ်ကြရအောင်ပါ . . ."

"မင်း အမေကို သိပ်ချစ်တယ်ဆို မင်းအမေ့ရဲ့အချစ်ဆုံး သားဆို . . ."

" ဒါကတစ်မျိုးပေါ့ . . . မမကို ချစ်တာကလဲ တစ်မျိုး"

ကျွန်မ မငံ့ရဲတော့သလိုပါဘဲ။

မျက်စိန်းမှာ သူတို့နှစ်ယောက်ကို ယှဉ်တွဲမြင်လိုက်ရ ခြင်းဟာ ကျွန်မကို ပူလောင်ခြင်းတွေနဲ့အတူ . . .။

" မင်းအမေက ကျွန်မနဲ့ဆို သဘောတူပါ့မလား . . . ကျွန်မက လက်ထပ်ပွဲဖျက်ထားတယ် . . . ပြီးတော့ မင်းရဲ့ မြဝတ်ရည် လောက်မလှပါဘူး . . ."

www.burmeseclassic.com

www.burmeseclassic.com



" မဆိုင်တာတွေဘဲ မမရယ် ...မမမှာ တခြား ပြည့်စုံခြင်းတွေရှိတာဘဲ"

တခြားပြည့်စုံခြင်းတွေ

ဘာတွေလဲ ဘာတွေကို ဆိုလိုသလည်း။

" ကျွန်မမှာ ဘာတွေ ပြည့်စုံလဲ ...အခုနေတဲ့ တိုက်ခန်းတစ်ခန်းကလွဲပြီး ဘာမှမရှိသလောက် ဖြစ်နေပြီ... ဒါကလဲ လုပ်ငန်းတွေအကုန်ရပ်ရင် ကုန်ခြွေမပျက် နေလို့ရယုံ ချန်ထားတာ ..."

ကျွန်မကို စူးစူးရှရှကြည့်နေပါတယ်။

စိတ်အိုက်နေတဲ့ ပုံစံလေးနဲ့လေ။

" ကျွန်တော်က အိမ်ထောင်ဦးစီးဖြစ်မဲ့သူပါ မမမှာ ဘာမှ မရှိရင်တောင် ကျွန်တော် ရှာဖွေကျွေးမှာပေါ့"

" ကျွန်မ ပြုံးရတယ် "

တကယ့်အပြုံးပါမောင်။

ဟန်ဆောင်၍ပြောသော စကားဖြစ်ပါစေ ကျွန်မ နှစ်သက် ကြည်နူးပါတယ်။

" ဒါက မင်းစိတ်လေ မင်းအမေကရော"

ဘာလို့ငြိမ်သွားရတာလဲ။

ကျွန်မပြောတာ မှန်လို့မဟုတ်လား။

" မေမေ့ကိုရအောင် ပြောမှာပေါ့ မမကိုဘဲချစ်တယ်လို့"



" မရရင်ကော"

" ရမှာပါ"

" မရရင်ကော"

" မမကလဲ ..."

" အခြေအနေတစ်ခုကို စဉ်းစားရင် အဆိုးဆုံးကိုစဉ်းစား ထားတာဟာ အကောင်းဆုံးပါဘဲ ဒါမှ တကယ်ဖြစ်လာရင် ရင်ဆိုင်နိုင်ပါတယ်။ ကျွန်မတော့ ပြောမရဘူးဆိုတဲ့ အခြေ အနေဖက်ကဘဲ စဉ်းစားမယ်"

" ရအောင်ပြောမယ် မမရာ ..."

" ကောင်းပြီ မင်းအမေကို ဖွင့်ပြောလိုက်ပါ ... တကယ်ကို သဘောတူပါတယ်။ ကျွန်မကို အားလုံးနှစ်သက်ပြီး မင်းရဲ့ ဘဝခရီးဖော်အဖြစ်လိုလိုလားလား ချစ်ပါမယ်ဆိုရင် ကျွန်မ မင်းကိုခေါင်းငြိတ်ပေးမယ်လေ"

" တကယ်နော် မမ ကတိနော် "

" ကတိပါ ..."

မောင့်အပြုံးလေးတွေဟာ တကယ့်ပီတိပြုံးလေးတွေ ဖြစ်ပါစေလို့ပြီးတော့ ...မောင်ရယ် ... ကျွန်မ ခေါင်းငြိတ်ချင်ပါတယ် ... မောင့်ကိုသိပ်ချစ်လို့ပါမောင်

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"နင်ဖျားနေတယ်လို့ နော်နော်ဖုန်းဆက်ပြောတာနဲ့ လာတာ"

နိုင်လွင်ရောက်လာတဲ့ အချိန်မှာ ကျွန်မအတော် နေကောင်းနေပါပြီ။ ဆေးထိုးလိုက်ပြီး ဆေးသောက်တာ တွေကြောင့် ချွေးတွေ ဘာတွေထွက်လို့ အဖျားငွေ့ငွေ့သာ ကျန်တော့တာကိုး။ ဒါကြောင့် ထိုင်လေ နိုင်လွင်ငါကော်ဖီ ဖျော်ဦးမယ်ဆိုတော့။

"နင်နေပါ ငါဖျော်ပါမယ်"

နိုင်လွင်က ကျွန်မ တို့အိမ်အတွင်း ညွှေ့စိမ်းလဲ မဟုတ် ဘူးလေ။ အရင်လဲ ကော်ဖီဖျော်တာမပြောနဲ့ တစ်ခါတစ်လေ ဟင်းချက်ကျွေးချင် ချက်ကျွေးတတ်ပါတယ်"

"နင့်အသက်မငယ်တော့ဘူး ခက်ဝေ . . . မိုးရွာထဲ ထီးဆောင်း လျှောက်လည်တဲ့အကျင့် မိုးပေါက်တွေကို မြတင်းဖွင့် ငေးတဲ့အကျင့် . . . ဒါတွေ ပြင်သင့်ပြီ . . ."

"အင်းပါဟာ . . . ငါဆင်ခြင်ပါမယ် . . ."

"ပြောရင် ဆင်ခြင်မယ် ဆင်ခြင်မယ်နဲ့ နင့်လူက နင့်ကို ဒါမျိုးတွေကို အလိုလိုက်သလား"

" ငါ့လူ . . . ငါ့မှာလူမရှိသေးပါဘူး။ ကြောင်တစ်ကောင်တော့ ဟိုဖက်အိမ်က လာလာလည် တတ်တယ် . . ."



ပြောနေဆဲ ဖွာတင် ကြောင်က ဝင်လာပါတယ်။ ပုလင်းထဲက ပုစွန်ခြောက်အနည်းငယ်ကို ချကျွေးလိုက်ပြီးတော့ စားပြီးရင် ပြန်နော် ငါက စိတ်တိုရင် ကန်တတ်တယ်လို့ ပြောမိတယ်။

"ကြောင်နဲ့တောင် အဆင်မပြေပါလား"

" အင်း ကြောင်နဲ့လဲ အဆင်မပြေဘူး လူနဲ့ကလဲ အဆင်ပြေမှာမဟုတ်ပါဘူး . . ."

"သေချာရဲ့လား"

"သေချာပါတယ်"

" နင်ဟာ အဆင်မပြေမှန်းသိရင်လဲ တွဲမနေနဲ့လေ . . . သူ့ကို နင်နဲ့တွေ့နေရတာ ငါ့ရင်တွေပူလောင်နေတာပါဟာ"

" ဘာမှလဲ မပူနဲ့ ငါတို့လဲ ဘဝခရီးဖော်ဖြစ်လာစရာ အကြောင်းမရှိဘူး"

" နင့်အချစ်ကို ငါမရပေမယ့် နင့်အချစ်ကိုဘယ်သူမှလဲ မရစေချင်ဘူး . . ."

နိုင်လွင့်အပြောကြောင့် ပြုံးမိတယ်။

အဲဒါဟာ ချစ်ခြင်းရဲ့အတ္တတွေလား။

ချစ်သူကို ကိုယ်ကလွဲပြီး တခြားတစ်ယောက်ကို မပေး နိုင်ဘူးဆိုတာကိုတော့ ကျွန်မလည်း စာနာခံစားတတ်နေပါပြီ။ မောင့်ကို သိပ်ချစ်လို့အဲ ဘယ်သူ့ကိုမှမပေးနိုင်ဘူးလေ။

www.burmeseclassic.com



" ငါ့အချစ်ဟုတ်လား ငါ့မှာအချစ်မှမရှိတော့ဘဲ သူ့ကို ငါချစ်သွားပြီးပြီ"

ဟုတ်တယ်လေ။ ကျွန်မအချစ်အားလုံး မောင့်ကို ပေးလိုက်ပြီ။ မောင့်အချစ်ကို ကျွန်မ တကယ်ရမရဆိုတာ ကတော့ မောင့် စိတ်မောင် ပိုင်တာပါဘဲ။

" သူ့ကိုနင်ချစ်တယ်ဆို ဘာလို့မဆုံဆည်းရမှာလဲ"

" အကြောင်းအမျိုးမျိုးတွေရှိတာပေါ့ နင်မသိပါဘူး . . . သူ့ကိုငါချစ်တယ် ဒါပေမယ့် လက်ထပ်ဖြစ်ဖို့ မဖြစ်နိုင်ဘူး. . . "

" ငါအဲလိုကြတော့လဲ စိတ်မကောင်းဘူးခက်ဝေ သူ့ကို နင်ချစ်တယ်ဆိုရင် နင့်ချစ်သူကိုဘဲ နင်ရစေချင်ပါတယ် . . . နင်ပျော်ရွှင်တာ မြင်ရရင်ဘဲ . . . ငါဝမ်းသာရမှာပါ. . . "

"ငါလည်း သိပ်ကိုဝမ်းသာပျော်ရွှင်ချင်ပါတယ်"

ကျွန်မလည်း ကျွန်မချစ်တဲ့မောင်နှင့် ဝမ်းသာပျော်ရွှင်စွာ တစ်သက်တာ လက်တွဲချင်တာပေါ့လေ. . . ။ ဖြစ်မလာတော့ရော . . . ။ ဖူးစာပါဘဲလို့ ဖူးစာကိုလက်လွှဲလိုက်ရမလား။ ကျွန်မကတော့ ကျွန်မကြောင့်ပါလို့ဘဲ ပြောချင်ပါတယ်။ ဟိုးတစ်ချိန်က အကြောင်းတွေမရှိခဲ့ဘူးဆိုရင် . . . သည်ကိစ္စတွေက တမျိုးဖြစ်ချင်ဖြစ်လာဦးမှာပေါ့။ နောင်တတွေဆော့ မရှိပါဘူး။ ကြီးမေကို စိတ်ချမ်းသာစေချင်ခဲ့တာ ကျွန်မရဲ့



မေတ္တာဘဲ . . . ။ မမျှော်လင့်သော အပြောင်းအလဲတွေ ဖြစ်လာတော့တာ ဘယ်တတ်နိုင်မှာလည်း။

" ဘာဖြစ်လို့လည်း . . . သူနဲ့နင်ဘာလို့ မဆုံနိုင်တာလည်း သူ့မိဘကြောင့်လား ဘာကြောင့်လည်း . . . "

" ငါ့ကိုလိုလိုလားလား ချစ်ခင်တဲ့ အသိုက်အဝန်းကိုဘဲ ငါဝင်ချင်တယ် နိုင်လွင် . . . "

" ဒါတော့ ဟုတ်တာပေါ့ . . . "

" ငါအခု ဝတ္ထုထဲ ရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသမီးဖြစ်သွားပြီ သူ့အဲမေမှာ နှလုံးရောဂါရှိတယ်တဲ့ . . . နင်ရော နင့်အမေရဲ့ နှလုံးရောဂါက သေဆုံးဖွယ်ရာဖြစ်လာရင် ငါ့ကိုယူမှာဘဲလား . . . "

ကျွန်မကို မမြင်ဘူးတဲ့လူတစ်ယောက်လို သေချာစိုက်ကြည့်နေတယ်။

" အင်း . . . သည်အခြေအနေမှာဆိုရင်တော့ အလယ်က လူဟာ ဟိုဖက် သည်ဖက် လွန်ဆွဲမှုကြောင့် စိတ်ဆင်းရဲရမှာပါဘဲ ငါစာနာမိပါတယ် . . . "

" သူက အမေ့ရဲ့သိပ်ချစ်သောသား သူကလဲ အမေ့ကို သိချစ်တဲ့သား . . . သူ ဖြေမယ့်အဖြေနင် နားလည်မှာပါ ဒါကြောင့် ငါတို့ဟာ စုံစည်းစရာမရှိဘူးလို့ နင့်ကိုပြောတာ ဘဲပါဟာ ဒါတွေထားလိုက်ကြပါစို့ . . . "

www.burmeseclassic.com



မိုးသိပ်အေးရင် ကော်ဖီပူပူတစ်ခွက်ကို ကျွန်မ နှစ်သက်စွာသောက်တတ်မြဲ။ နိုင်လွင်ကတော့ လာကာစက လောက် စကားမသွက်တော့သလိုပါဘဲ။ ဘာတွေ ငြိမ်သက်စွာ စဉ်းစားနေတာပါလိမ့်။ ကျွန်မဖြင့် ခုတလော မောင်နှင့် ပါတ်သက်သည့် မျှော်လင့်ခြင်းကတော့ ဟင်းလင်းပြင်ဗလာနယ် တစ်ခုလို ဘာမှ မရှိတော့သလိုပါဘဲလား။

" ငါလေ အရောင်တွေတောက်ပနေတဲ့ပန်းချီကား တစ်ချပ်ရေးချင်တယ် . . . ငါ့ပန်းချီကားကိုကြည့်လိုက်တဲ့ လူရဲ့ စိတ်မှာကို လန်းဆန်းတက်ကြွတာမျိုး ခံစားရတဲ့ ပန်းချီကား တစ်ချပ်ပေါ့ . . . "

" တစ်နေ့နေ့တော့ နင်ဆွဲနိုင်မှာပါဟာ"

" အင်းလေ . . . ငါလည်း ကြိုးစားရေးကြည့်ဦးမယ်။ ငါကိုယ်တိုင်နှစ်သက်တဲ့ နေရာလေး တစ်နေရာရာကို သွားပြီး တော့ ဆွဲရင်လဲ ရချင်ရနိုင်မှာပါလေ. . . "

နိုင်လွင်နှင့် စကားပြောနေခိုက် မိုးပေါက်တွေက မှန်ပြတင်းကို ဝုန်းဝုန်းဒိုင်းဒိုင်း ရိုက်ခတ်လာပါတယ်။

" မိုးရွာလာပြီ သိပ်သဘောကျစွာ အပြင်ထွက်ဖို့ စဉ်းစား မနေနဲ့ဦး . . . "

" အင်းပါဟာ ဘယ်မှမသွားဘူး စိတ်ချပါ ငါ့နှလုံးသားတွေ နာကျင်နေတာ တစ်ပိုင်းပါဘဲ . . . ငါမသေချင်ပါဘူး . . . ငါ့မှာ





ပန်းချီဆွဲချင်စရာတွေ အများကြီးရှိပါသေးတယ် . . . ငါတော စိတ်ဓါတ်ကျဆင်းပြီး သေချင်ခဲ့ရင် ကြီးမေမရှိတဲ့ဘ သေနိုင်ပါတယ် . . . "

ပြတင်းတံခါးကို ပိတ်လိုက်တယ် . . .။

အိမ်ရှေ့ဝရံတာ တံခါးမှလည်း ရှလဖြင်းရိုက်ခတ် မှုကြောင့် . . . ခန်းဆီးတွေ ဖျတ်ဖျတ်လွင့်နေလို့ တံခါးပိတ်မည် ရည်စူးခိုက် . . .။

" သည်ကြောင် . . . လာပြန်ပြီ . . . နော်နော်မရှိဘူး . . . ပြန် . . . ပြန် . . . နင့်ကိုငါက အလိုမရှိပါဘူးဆို . . . "

ကြောင်ကစကားနားမထောင်။

ပြန်ထွက်မသွားပါဘဲ ကျွန်မ ခြေထောက်တွေကိုလာပြီး ပွတ်သက်နေပြန်တယ်။ နိုင်လွင်ကတော့ ကျွန်မကို ပြန်မယ် ဘာလို့ လှမ်းပြောခိုက် ကြောင်ကိုစိတ်မရှည်စွာ ကန်ထုတ်ပစ် လိုက်မိပြီ။ ကြောင်က သူ့ကိုအလိုမရှိမှန်းသိလို့ထင်ရဲ့ ဝရံတာကနေ လှစ်ခနဲ ထွက်ပြေးသွားပါပြီ။

တံခါးမကြီးကိုပိတ်လိုက်တယ်လေ။

" တိရိစ္ဆာန် မချစ်တဲ့လူတွေဟာ အကြင်နာနဲ့သတဲ့ နိုင်လွင် . . . ငါကတော့ . . . အကြင်နာနည်းတယ်လို့ဆို ချစ်လို့မရပါဘူး။ ခုတလော ဖွားတင်ရဲ့ ကြောင်ကသည်ဖက်တို့ ခဏခဏလှစ်ခနဲ ရောက်လာတတ်တယ် . . . ငါတဆဲ

www.burmeseclassic.com

www.burmeseclassic.com



စိတ်နည်းနည်းရှည်ရင် ကြည့်နေမိတယ် စိတ်တိုရင်တော့ ခုအတိုင်းဘဲပေါ့ဟာ . . ."

နိုင်လွင်က ပြုံးနေပါတယ်။

နိုင်လွင်နှင့်အတူ လိုက်သွားချင်လိုက်တာ.

မိုးရွာထဲလျှောက်ချင်လို့လေ။ မိုးတွေရွာရင်ကို ပျော်ပျော်ရွှင်ရွှင် လျှောက်ချင်တာ။ အခုတော့ မိုးရွာရင်ကို ငိုချင်သလိုလိုပါလား။ ခံစားချက်တွေဆိုတာ အပြောင်းအလဲတွေနဲ့ဘဲလေ . . .။

နိုင်လွင်ပြန်သွားတော့ တစ်ယောက်ထဲ ကျန်နေရစ်ခဲ့ပြန်တယ်။ မိုးပေါက်တွေကို အဓိပ္ပါယ်မဲ့သွားကြည့်နေမိပြန်ပါရော. . .။

နော်နော်တို့ မသိအောင် မိုးရေထဲခိုးထွက်ခဲ့မိပြန်တယ်။ နေမကောင်းဖြစ်မှာ မဟုတ်ပါဘူးလို့ . . . စိတ်ကို ဖြေထားတာပေါ့. . .။ မိုးက သိပ်တော့မသည်းပြန်ပါဘူး . . .။ တစ်ယောက်ထဲ လျှောက်သွားပြန်တော့ ထီးရွက်ပေါ်က မိုးစက်ကျသံကလည်း မမကိုချစ်တယ်တဲ့ မိုးသက်လေပြင်းရဲ့ တိုးဝှေ့သံကလည်း မမကိုချစ်တယ်တဲ့လား။

မောင်နှင့်အတူ

မိုးတွေထဲ လျှောက်ဖူးတယ်။

မောင်မိုးပေးတဲ့ ထီးရိပ်မှာ ရင်ခုန်သံစည်းချက်ညီစွာ လျှောက်ခဲ့ဘူးတာပေါ့။



ဒါတွေက တဒင်္ဂခံစားမှုမဟုတ်ပါဘူး။ မောင့်ကို သတိရရင် ကြည်နူးပီတိတွေ အဖြစ်ရင်ထဲကို ပြန်လည်ပျော်ဝင် စီးဆင်းလာမြဲ။

" ခက်ဝေ မဟုတ်လား"

တစ်ချိန်ကကြားဘူးသော အသံလေး။

" ပုလဲ . . ."

" ဟိုတစ်လောက တွေ့တုံးက ခက်ဝေ မခေါ်ချင်ဘူးလားလို့ မခေါ်ရဲခဲ့တာ . . ."

"ပုလဲ ဘယ်မှာနေလဲ"

" အင်းစိန်မှာ . . . ပုလဲ အိမ်ထောင်ကျသွားပြီလေ"

"သီဟာနဲ့ဘဲ မဟုတ်လား "

" ဟုတ်တယ်"

သူများတွေကြတော့ ကံကောင်းတယ်လို့ဘဲ ပြောရမှာပေါ့မောင်။ ချစ်သူရှိတယ် အဲသည့်ချစ်သူနဲ့ဘဲ လက်ထပ်ပြီး ဘဝခရီးကို လျှောက်ကြတယ် . . . နူးညံ့သောလမ်းဖြစ်စေ ကြမ်းတမ်းသော လမ်းဖြစ်စေ . . . ချစ်သူနှင့် လက်တွဲလျှောက်ရမှတော့ ရင်ဆိုင် ရဲဝံ့ပြီပေါ့ . . .။

" ခက်ဝေရော . . . ကိုနိုင်လွင်နဲ့ဘဲလား"

" ကြုံကြုံဖန်ဖန်ပုလဲရယ် . . . နိုင်လွင်နဲ့က ဟိုတုံးက အတိုင်း သူငယ်ချင်းဘဲ ကျွန်မတစ်ယောက်ထဲပါဘဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



" မာမီလည်း အခြေအနေမကောင်းဘူး ခက်ဝေ . . . သွေးတိုးနှလုံးဆီးချိုနဲ့ ဆေးတွေသောက်နေတဲ့ကြားက ဗုံးဗုံးလဲနေတာ နှစ်လလောက်ရှိပြီ နီလာနဲ့ဘဲနေတယ် . . ."

" အန်တီမိုးရော တွေလား"

" သူနဲ့လဲ ပြတ်နေပြီ . . ."

မိုးရွာထဲမှာ ဦးတည်ချက်မဲ့စွာ ပုလဲနှင့် လျှောက်ခဲ့ကြတယ်။ စကားတွေပြောရင်း ပြောရင်း မကုန်နိုင်လောက်အောင်ပါဘဲ။ ဆွေမျိုးတွေနဲ့လည်း ကြီးမေမရှိလို့ တွက်ချာလာထဲက . . . အဆက်အသွယ်ပြတ်ခဲ့ပြီမဟုတ်လား။ မခေါ်နိုင်မပြောနိုင် ငွေကြောင့် အမုန်းတွေပွားနဲ့ . . . သေရင်အဲသည့် ငွေတွေထားခဲ့ရပေလို့ဘဲ ခက်ဝေ . . . မာမီနဲ့ အန်တီမိုးလဲ ဘာမဟုတ်တဲ့ ငွေလေးနှစ်သိန်း သုံးသိန်းကြောင့် ရန်ဖြစ်လိုက်ကြတာ အင်းစိန်ပြောင်းနေကြတဲ့အထိပေါ့ . . . ညီမတွေပြတ်သွားကြတာများပြီ . . . ငွေထက် မေတ္တာတွေကို ကြည့်သင့်တာ"

ပုလဲနှင့်ကျွန်မဟာ တိုက်ဆိုင်စွာ တူညီစိတ်ကလေးတွေ ရှိလို့လည်း ညီမဝမ်းကွဲတွေထဲမှာ ခေါ်ခေါ်ပြောပြောလေး ရှိနေသေးတာပါလား။

" တစ်ယောက်ထဲ နေနေတာဘဲလား ခက်ဝေ"

" တစ်ယောက်ထဲဘဲရှိတာ တစ်ယောက်ထဲဘဲပေါ့ ပုလဲရဲ့ . . ."



" မင်း လက်ထပ်သင့်တယ်"

" လက်ထပ်ရမယ် ဘယ်သူနဲ့လဲ "

" ကိုနိုင်လွင်နဲ့ပေါ့"

ကျွန်မရယ်ရပြန်ပါပြီ။

ကျွန်မ ပါတ်ဝန်းကျင်ကလူတွေက ဟိုငယ်စဉ်ထဲက ကျွန်မကို နိုင်လွင်နှင့် ယှဉ်တွဲမြင်တတ်ကြတာပါလေ။ ပုလဲတို့ဆိုလည်း ကျွန်မနှင့်နိုင်လွင်ကို အတူတွဲပြီး တွေ့ခဲ့တဲ့ နှစ်တွေနည်းမှ မနည်းတော့ဘဲ။

" နိုင်လွင်နဲ့ရိုးသား ဖြူစင်စွာ ခင်တာပါပုလဲ သေချာတာက သူနဲ့ကျွန်မဘယ်တော့မှ ချစ်သူတွေ ဖြစ်လာမှာ မဟုတ်ဘူး . . ."

" ဟုတ်တော့ ဟုတ်ပါတယ် အချစ်မပါတဲ့ အိမ်ထောင်ရေးကိုတော့ ပုလဲအားမပေးပါဘူး . . ."

အချစ်ပါတဲ့ အိမ်ထောင်ရေးကရော ကျွန်မ ဘဝမှာ ရနိုင်မှာမို့လား။ မောင့်ကိုသိပ်ချစ်တာပါဘဲ။ ဒါပေမယ့် မောင်နှင့် အတူလက်တွဲဖို့က မဖြစ်နိုင်ပါဘူး. . . ။

" ပုလဲလိပ်စာယူထားခက်ဝေ . . . ခက်ဝေလိပ်စာရဲ့ ပုလဲယူထားမယ် . . . ပုလဲတို့ညီမ ဟိုတုံးကလိုဘဲ ချစ်ချစ်ခင်ခင် နေရအောင်ပါ . . . နီလာတို့က မချစ်တတ်ကြဘူး . . . သူတို့က ငွေမျက်နှာဘဲ ကြည့်တယ် . . ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဝမ်းသာပါတယ်။ ကျွန်မကို ချစ်ခင်ဖော်ရတဲ့ ပုလဲနှင့်တွေ့ရလို့ပါ. အချစ်ငတ်နေတယ်ဆိုဆို ကျွန်မကို ချစ်တာ ကျွန်မလိုချင်ပါတယ်။ မောင်ကလည်း ကျွန်မကို သိပ်ချစ်စေချင်တာ။ ဒါပေမယ့် တစ်ခါတစ်ခါ အချစ်ဆိုတာ လိုချင်လို့လည်း ရချင်မှရနိုင်တာမျိုး မဟုတ်လား။

မိုးတွေရွာနေပေမယ့် ပုလဲနှင့်နှစ်ယောက် စကားတွေ ပြောရင်း လျှောက်ရတော့ စိတ်ထဲမှာ အနည်းငယ်အေးချမ်း နေသလိုဘဲ ခံစားရပါတယ်လေ။

❁ ❁ ❁ ❁ ❁

ကျွန်မအတွက်တော့ မပြည့်တာကြာပြီဖြစ်သည့် ဖုန်းဖုန်း တစ်လုံးဟာ စိတ်ကိုချောက်ခြား တုန်လှုပ်နေစေတာပါဘဲ။ အဖြေသိပြီးသားဆိုပေမယ့်လည်း စိတ်က ထိန်းချုပ်ရ ခက်ခဲပါတယ်။ မတွေ့ရတဲ့အခါ အလွမ်းစိတ်ဆိုတာ နှိပ်စက် တတ်သားလား။ အိမ်မှာနေရင် သတိရခြင်းတွေပိုနေတာမို့ ကိုကြီးထင်လင်းရဲ့ဆိုင်မှာသွားထိုင်နေလိုက်တယ်။

" ခုတလော ပန်းချီမဆွဲဖြစ်ဘူးလား ခက်ဝေ . . . "

" ဟုတ်တယ် . . . ပုံတစ်လောက တကားပြီး တတည်းက နောက်တကားကို မစဖြစ်သေးတာ . . . "

" နိုင်လွင်လဲသည်လိုပါဘဲ ခုတလောဘာမှကို မရေးဘူး"



အပြင်မှာမိုးတွေ ရွာနေပါတယ်။

ကျွန်မကို အပြင်ထွက်ရင် နွေးနွေးထွေးထွေးဝတ်ရမယ်လို့ နော်နော်မှာထားခဲ့တာကြောင့် ဂျာကင်ထူထူလေး ထပ်ဝတ်လာရတယ်။ မိုးရေထဲမှာ ထီးပိတ်ရင်းဝင်လာတဲ့ အရိပ်ကြောင့် မော့ကြည့်တော့ နိုင်လွင်ဘဲ။ အရိပ်တွေကို ငုံ့ကြည့်တိုင်း မောင်ဖြစ်နေစေချင်တဲ့ ခံစားမှုတွေ ကျွန်မမှာ ရှိနေပါတယ်။

"ဆိုင်ရှေ့မှာကားလဲမတွေ့ပါလား"

" အင်း . . . ကားမပါဘူး "

" ဘာလဲ မိုးရွာတွဲ လမ်းလျှောက်ချင်တာနဲ့ ကားယူမလာတာလား . . . အဖျားပျောက်ကာစနော် ပေါ့မနေနဲ့တော့ ခက်ဝေ အသက်တွေရလာပြီ . . . "

" ငါ အငှားကားနဲ့လာတာဘဲ ကားပျက်နေလို့ပါ"

နိုင်လွင်နှင့်ခက်ဝေရှိတယ်။ ငါခဏ အပြင်သွားမယ်ဆို ကိုကြီးထင်လင်းက ထွက်သွားပြီ။ နိုင်လွင်က မိုးအေးတယ် ကော်ဖီပူပူ ဖျော်သောက်ရအောင်ဆို ရေနွေးတည်နေလေရဲ့၊ ကျွန်မဆီမှာ ပျော်ရွှင်မှုတွေ ပျောက်ဆုံးနေပါပြီ။

" နင် နေကောင်းရဲ့လား"

" ကောင်းပါတယ်"

" စိတ်ရော . . . ကောင်းရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



" မရှူးသေးပါဘူး "

" ငါ အကောင်းမေးတာပါ . . . နှင့်စိတ်ကိုအမြဲပျော်ရွှင်လန်းဆန်းနေစေချင်တယ် "

" အဲလိုမပျော်ခဲ့တာ ကြာပြီနိုင်လွင် . . . နင်သိပါတယ်။ ကြီးမေသေတဲ့အချိန်ကစ ငါ့ကမ္ဘာပျက်နေတာပါ . . . ငါ့စိတ်မှာ မျော်လင့်ချက်ဆိုတာဘာမှ မရှိသလိုအဲ့ . . . "

ပျော်ရွှင်နိုင်ဖွယ် မျော်လင့်ချက်တွေကို မောင်နှင့် တွေ့မှရလေမလား တွေးဆဘူးပါတယ်။ ပိန်းပိတ်အောင်မှောင်နေသော မနက်ဖြန်တွေမှလွဲ၍ ဘယ်လိုရောင်ခြည်လေးမှ မရအောင်ပါဘဲလေ။ အချစ်က အရာအားလုံးကို ဖန်တီးပေးနိုင်တယ်ဆိုပေမယ့် . . . မောင့်ဆီမှာ အချစ်မရှိလို့လား။

" နှင့်လူ . . . "

" လာပြန်ပြီလား နှင့်လူ . . . ငါတို့ဘာမှ မသက်ဆိုင်ပါဘူးလို့ပြောထားတယ်လေ နိုင်လွင် . . . "

" ဟုတ်ပါတယ် . . . သူနဲ့အဆင်မပြေတော့ဘူးဆိုတာသေချာပြီ . . . သူ့ကောင်မလေးက နှင့်တဝက်မလှပါဘူး . . . " ကျွန်မရယ်မိတယ်။ အချစ်ဆိုတာ အလှနဲ့မှ မဆိုင်တာဘဲ။ သူ့ကောင်မလေးတဲ့ နိုင်လွင်ကတော့ . . . မြဝတ်ရည်ကို တွေ့လာပြီထင်ပါရဲ့။ တွေ့လာရအောင် သူတို့အမြဲလို တတွဲတွဲရှိနေပြီလား။



" နင် ဘယ်တုံးကတွေ့တာလဲ"

" အခုမနက်ဘဲ . . . ငါဝယ်စရာရှိလို့ရယ် . . . ဗိုလ်ချုပ်ဈေးသွားတာ တွေ့ခဲ့တယ် . . . "

" သူတို့ကို အိမ်ကသဘောတူထားတာဘဲ"

" သူမှာသဘောတူထားတဲ့ လူရှိရင် နှင့်ကိုဘာလို့ သံယောဇဉ်လာထားရသလဲ . . . ငါသဘောမကျဘူး . . . စိတ်ရှိတိုင်းဆို စကားတစ်ခွန်းမေးလိုက် လက်သီးနဲ့ထိုးလိုက် ထိုးပစ်ချင်တယ် . . . အမေကိုချစ်တာလဲ ချစ်တာပေါ့ဟာ . . "

နိုင်လွင်ပြောနေတုံး အခိုက်မှာမှ ဆိုင်ထဲဝင်လာတဲ့ အရိပ်ဟာ ကျွန်မရင်ခုန်သံကို ပြင်းစွာတုန်လှုပ်စေတာပါလား။

သေခဲဦးမယ်လို့ နိုင်လွင်က မကျေမချမ်းရွတ်နေတယ်။

" မမ . . . နေကောင်းသွားပြီလား "

" အင်း . . . ကောင်းပါတယ် ထိုင်လေ"

" ကော်ဖီသွားသောက်ရအောင် . . . "

ကျွန်မကို နိုင်လွင်ကြည့်တဲ့ အကြည့်က မလိုက်စေချင်ဘူးဆိုတာ သိသိနှင့်လိုက်လာခဲ့တယ်။ မိုးရွာနေရင် ထုံးစံအတိုင်း မောင်က ထီးမိုးပေးနေကြပါဘဲ။ မနက်က ဗိုလ်ချုပ်ဈေးမှာ မြဝတ်ရည်နဲ့ ဘာသွားဝယ်သလဲလို့ မေးမည် ရည်ရွယ်ပေမယ့် မမေးတော့ဘူး။

" မေမေ့ကို ဖွင့်ပြောလိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



" ဘာတဲ့လည်း "

" သဘောမတူဘူးလို့ ပြောတယ် "

ကြိုတင်သိထားပါလျက်ရင်ထဲ တင်းကြပ်သွားသလိုဘဲ။ ကျွန်မမှာ မာနတွေက အများကြီးရှိတာဘဲ။ ကျွန်မကို သဘောမကျသော ဝန်းကျင်မှာမျက်လွှာချ ဒူးထောက်ဝင်ရောက်ဖို့ စိတ်ကူးစိုးစဉ်းမျှမရှိပါ။

" မမနဲ့ကျွန်တော်လဲ ချက်ခြင်းလက်ထပ်ဦးမှာမှ မဟုတ်တာ အချိန်ယူဖြေရှင်းကြတာပေါ့ . . . "

" မြဝတ်ရည်နဲ့တော့ သဘောတူထားတယ် မဟုတ်လား "

" ဒါက . . . ကျွန်တော့် ခံစားချက်မှမဟုတ်ဘဲ "

" မင်းအမေကို သိပ်ချစ်တယ် မဟုတ်လား . . . မင်းအမေ စိတ်ဆင်းရဲအောင် မင်းလုပ်ရက်ပါ့မလား. . . "

" မမလဲသိပါတယ် မေမေ့မှာ နှလုံးရောဂါရှိနေလို့ပါ မမရဲ့ "

ကျွန်မရယ်သံဟာ အနည်းငယ်ကျယ်လောင်သွားတာ ဝန်ခံပါရစေ။ သည်မျှ ကုန္တေမဲ့စွာမရယ်သင့်ပါဘူး။ ဒါပေမယ့် ရယ်မိတယ်။ အမေ့နှလုံးရောဂါကြောင့် ချစ်သူကို စွန့်လွှတ်တယ်ဆိုတာ ဝတ္ထုတို့ရုပ်ရှင်တို့ထဲက ရှိတာလား မှတ်တယ် ကျွန်မကြုံရပြီ ဆိုထဲက ငိုချင်တဲ့ကြားက ရယ်ချင်ခဲ့တာပါ။ အခုကိုနေလင်းနှင့်ကြုံမှ ကျွန်မက ဇာတ်လိုက်မင်းသမီးဖြစ် တည့်တည့်တိုးတာပါလား။



" ဇာတ်သိမ်းကို ကြိုသိနှင့်ပြီးတဲ့ ဇာတ်လမ်းတစ်ခုကို ရှေ့မဆက်တာဘဲ ကောင်းပါတယ် . . . "

" မဟုတ်သေးပါဘူးမမရယ် . . . မေမေ့ကို တဖြည်းဖြည်း ချော့ပြောမှာပေါ့ . . . မမဆီမှာ အဲသည့်အပစ်ကလေးတစ်ခုဘဲ ရှိတာ . . . "

" ကျွန်မမှာ ဘာမှမရှိတော့ပါဘူး . . . ကျွန်မ ဘာမှ မပြည့်စုံဘူး . . . မင်းအမေကလဲ နှစ်သက်မှာ မဟုတ်ဘူး . . . "

" မမဆီမှာသည်လောက်များပြားတဲ့ ပစ္စည်းတွေ ဘယ်ရောက်သွားလဲ . . . "

" ပစ္စည်းသခင်ရလေ ကျွန်မအလုပ်မလုပ်တတ်တော့ အကုန်အလိမ်ခံရတာတွေ ပျက်ဆီးကုန်တာတွေရောပေါ့ . . . "

မောင်ဘာတွေတွေးပြန်သလဲ။

" မေမေက မြဝတ်ရည်တို့ အမေရဲ့ချမ်းသာပြည့်စုံမှုကို နှစ်သက်တာ . . . မမမှာလဲသူတို့လို ပြည့်စုံပါတယ်ဆိုရင် . . . ကျွန်တော် အများကြီးပြောလို့ရမယ် . . . "

ကျွန်မ ပြုံးရပြန်ပေါ့။

အဲသည့်ငွေကြေးဥစ္စာပစ္စည်းတွေဟာ . . . ရင်ထဲက ချစ်ရတဲ့ အချစ်ထက်ဘဲ တန်ဖိုးပိုကြီးနေရောသလား။ မြဝတ်ရည်ထက် ပိုပြည့်စုံမှ ကျွန်မကိုရွေးချယ်မည့် အနေအထားလား။ ရှိပါစေတော့။

www.burmeseclassic.com

www.burmeseclassic.com



မောင်က ကျွန်မကို ချစ်သည့် အချစ်။

သို့မဟုတ်။

မောင်က မြဝတ်ရည်ကို ချစ်သည့်အချစ်။

အချစ်က ဘယ်ရောက်သွားလည်း။

အချစ်ဆိုတာ ပြည့်စုံမှုနှင့်ဘာများ သက်ဆိုင်လို့လည်း အချစ်က သန့်သန့်လေးပါဘဲ။

" မင်းအမေကိုမင်းတို့ မောင်နှမတွေကို ပြဖို့ ကျွန်မ ပိုင်ဆိုင်တဲ့ ငွေကြေးပစ္စည်းစာရင်းအတိအကျလိုသလား ကျွန်မ လိုချင်တာ မေတ္တာပါ . . . ချွေးမလိုမဟုတ်ဘဲ သမီး တစ်ယောက်လို နားလည်ခံစားပေမယ့် မေတ္တာ . . . ဘာနဲ့လဲ မလဲ မေတ္တာကို မေတ္တာနဲ့ဘဲ လဲမှရမှာပါ . . . "

ကျွန်မလိုချင်တာက ဒါပါဘဲ။

မောင့်မိသားစုဟာ ကျွန်မမိသားစုပေါ့။ မောင့် မိသားစုက ကျွန်မကို နွေးထွေးချစ်ခင်သော မေတ္တာဘွဲ့ပေးပါ။ ကျွန်မဖက်က ကျွန်မရဲ့ မေတ္တာပြန်ရရပါစေမယ်။

" ကျွန်တော်ကတော့ အချစ်ကိုအချစ်နဲ့ဘဲ လဲမှာပါ မမရယ် ဒါပေမယ့် . . . "

" တော်ပြီ နေလင်းလေး . . . မင်းနေရတဲ့အနေ အထားကို ကျွန်မနားလည်တယ် . . . ကျွန်မလိုချင်တာ မေတ္တာတစ်ခုဘဲ . . . မင်းမိသားစုက ကျွန်မကို မေတ္တာ မပေးနိုင်ပါဘူး . . . "



" မမကို ကျွန်တော် ချစ်တယ် "

" ဒါဆိုမင်းနဲ့ကျွန်မ အခုဘဲလက်ထပ်ကြမယ်လေ . . "

" အခု . . . မနောက်ပါနဲ့မမရယ် . . . ကျွန်တော်တို့ အချိန်ယူကြရအောင် . . . . "

" ကျွန်မ သိပ်စိတ်ရှည်တဲ့လူမဟုတ်ဘူး နေလင်းလေးရဲ့ . . . သဘောမတူပါဘူးဆိုတဲ့ ယောက္ခမလောင်းကို သဘော တူလာသည်ထိလည်း လိမ်မာမနေတတ်ပါဘူး . . . မင်းရဲ့ မြဝတ်ရည်နဲ့ဘဲ လက်တွဲလိုက်ပါ . . . "

ကျွန်မသိပ်ချစ်သည့် ချစ်သူကို တခြားသော မိန်းမတစ်ယောက်၏ ရင်ခွင်သို့ သွားစေခြင်းဟာ . . . အင်မတန်စိတ်ကို ထိန်းသိမ်းရတာပါလား။ ဒါပေမယ့် . . . ဘာကယ်ပါ . . . ကျွန်မကို မနှစ်သက်သောဝန်းကျင်မှာ ဘယ်လိုခံစားချက်မျိုးနှင့် နေနေ ရမှာပါလိမ့်။ အဲလိုဝန်းကျင်မှာ မောင့်မျက်နှာတစ်ချက်မှတ်တင်ပြီး စိတ်ရှုပ်ထွေးနောက်ကျိစွာ နေမည့်အစား တစ်ယောက်ထဲ အခန်းလေးတစ်ခန်းမှာ မောင့်ကိုသတိရရင် ကြေကွဲနေပါရစေ။

" ခက်ဝေ မှန်တယ် "

နော်နော်ကတော့ ကျွန်မမှန်သတဲ့လေ။

မှန်ပါတယ်လို့ ဦးနှောက်က ဆုံးဖြတ်ပေးတဲ့ အချို့ နှင့်က နှလုံးသားကိုကြတော့ သိပ်ကို နာကျင်ပင်ပန်းစေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို သိပ်ချစ်တယ်။ မောင့်ရင်ခွင်မှာ သေဆုံးသည်တိုင ကျွန်မ နေချင်လိုက်တာ။ ဒါပေမယ့် နေခွင့်မရနိုင်ပါ။

" ကျွန်မမှာ ငွေကြေးပစ္စည်းတွေ အများကြီးရှိပါတယ်။ ကျွန်မနဲ့ သဘောတူပါလို့ပြောရမှာလား အစီပွါယ်မရှိဘူး နော်နော်ရယ်။ ကျွန်မရင်ထဲမှာ သူ့ကိုချစ်တဲ့ အချစ်တွေမှ အများကြီးဘဲ အဲသည့်အချစ်များစွာကမှ သေတပန်သက်တဆုံး ခိုင်မြဲစွာ လက်တွဲမှာကို နားလည်ပေးသင့်တာပေါ့ . . . "

" ဟုတ်တယ်ခက်ဝေ . . . "

ပုလင်းထဲက ပုစွန်ခြောက်တွေကို နော်နော် ယူလိုက်တယ် . . . ပုစွန်ခြောက်ကို သံပုရာသီးလေးနဲ့ သုပ်မယ တဲ့လေ။

" နင်မွေးစားမဲ့ ကြောင်ရော နော်နော် . . . မတွေ့ ပါလား ခုတစ်ခါတော့ ပုစွန်ခြောက်နံ့မရဘူးလား. . . "

" ကြောင်ကလေးမတွေ့တာ နှစ်ရက်သုံးရက်ရှိပြီ နေဦးဖွားတင်အခန်းမှာ သွားကြည့်ဦးမယ် . . . "

နော်နော်တို့များ ပြောလိုက်တာနှင့်

ကြောင်ကိုသတိရသွားပြီ။ ခဏနေတော့ ပြန်ဝင်လာ ပါတယ်။

" ဒေါ်လေးကြည်ရောက်နေတယ် ခက်ဝေ ဖွားတင် တော်တော်နေမကောင်းဘူး ဆေးရုံတင်ရမလားတောင်



ပြောနေတယ် . . . ဖွားတင် အသည်းအသန်ဖြစ်နေတာတဲ့ နော်တို့လည်း လေးငါးရက်လောက် မမေးမိဘူး အားနာစရာ ဖြစ်နေပြီ . . . "

" ဖွားတင် အသည်းအသန်ဖြစ်နေတယ် ဟုတ်လား . . . အခန်းတစ်ခန်းမှာ ကြောင်တစ်ကောင်နဲ့ အဖွားကြီး တစ်ယောက်ကတော့ မီးစာကုန်ဆီခမ်းနေပြီ နောက်အနှစ် လေးဆယ်ငါးဆယ်ဆိုလဲ အဲလိုဘဲနေမှာ အခန်းတစ်ခန်းမှာ ပန်းချီကားချပ်တွေနဲ့ အဖွားကြီးတစ်ယောက်လဲ မီးစာကုန် ဆီခမ်းတဲ့ အခြေအနေတွေ ရောက်လာမှာ "

" ကြောင်တစ်ကောင်နဲ့ အဖွားကြီးတစ်ယောက်မထင်နဲ့ ကြောင်ကတောင် မရှိတော့ဘူး"

ကြောင်တစ်ကောင် မရှိတော့ဘူးတဲ့။

ဘယ်ရောက်သွားလို့လဲ ဘယ်ရောက်သွားလို့လဲ နော်နော်ဆိုတော့ ဖွားတင်အသည်းအသန် ဖြစ်ရော ကြောင်လည်း ပျောက်သွားရောတဲ့လေ။

" ကြောင်ဆိုတဲ့ တိရိစ္ဆာန်က အတ္တများတယ် ခက်ဝေ . . . အနစ်နာမခံတတ်ဘူး . . . သူ့သခင် သေတော့မယ်ဆိုရင် ထွက်ပြေးသွားတတ်ကြတယ် . . . အဲဒါ ခက်ဝေမသိဘူးပေါ့ . . . သခင့်ဒါဏ်ကို မခံတတ်ကြဘူး . . . "

ကြောင်တွေက အတ္တများသတဲ့။ အနစ်နာမခံကြဘူးတဲ့။ သခင်သေဆုံးတော့မည်ဆို ထွက်ပြေးသွားတတ်ကြသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း ကြီးမေပြောပြဘူးလို့ ကြားဘူးပါတယ်။ ပုလဲတို့က ကြောင်တွေအရမ်းချစ်ပြီး အုမျှားကြီးမွေးထားတုံးက ကြီးမေပြောတာပါ။ ကြောင်က ချစ်စရာမကောင်းဘူး အနစ်နာမခံတတ်ကြဘူးတဲ့။

“ ဖွားတင်သနားပါတယ် . . . ခက်ဝေသွားကြည့်လိုက်ပါဦး”

“ အင်းပါ သွားကြည့်ပါမယ် . . . ”

ဖွားတင်ရဲ့ အထီးကျန်မှုကို ကျွန်မ သိပ်စာနာပါတယ်။ တစ်နေ့နေ့မှာကလည်း ဖွားတင်လို နေရမှာပါ။

“ ပန်းချီကားတွေက သစ္စာရှိမှာပါ။ ကြောင်တစ်ကောင်ကတော့ သစ္စာမရှိဘူးနော် . . . ”

ကျွန်မကြောင်တစ်ကောင်နှင့် နေမည့်သူ မဟုတ်ပါ။

ပန်းချီကားတွေနှင့် နေမည့်သူဘဲလေ။

ပန်းချီကားတွေက ကျွန်မရဲ့ နောက်ဆုံးအချိန်မှာ ထွက်ပြေးသွားမည့် အရာတွေမှ မဟုတ်တာဘဲ။ ကျွန်မနှင့် ထာဝရ အတူရှိနေကြမှာပါ . . . ။

“ တကယ်ဆို ခက်ဝေနှင့် အလိုက်ဖက်ဆုံးလူက ကိုနိုင်လွင်ပါဘဲ”

“ ကျွန်မက ချစ်တဲ့လူနဲ့ မပေါင်းဖက်ရရင်လဲနေ တစ်ယောက်ထဲဘဲ နေမယ်နော်နော် မချစ်တဲ့လူနဲ့တဲ့ ဘယ်တော့မှ မနေနိုင်ပါဘူး . . . ”



နိုင်လွင်နှင့် ပါတ်သက်သော ခံစားမှုတွေက အမြဲဖြူစင်သန့်ရှင်းနေတာပါ။ ကျွန်မ စိတ်ကူးယဉ်လွန်းသည်ဆိုဆို ကျွန်မဘဝခရီးဖော်ဟာ အချစ်နှင့်ပြည့်စုံနေသောသူသာ ဖြစ်ရမည်။ သည့်အတွက် နိုင်လွင် ဘယ်လိုမှ မဖြစ်နိုင်။

“ ရင်ထဲမှာ လူတစ်ယောက်ရှိနေပြီ ဘယ်သောအခါမှ အစားထိုး၍လည်း မရနိုင်ဘူးဆို . . . ကျွန်မ တစ်ယောက်တည်းဘဲ နေဖြစ်တော့မှာပါ . . . ကျွန်မ . . . မောင့်ကို ချစ်တယ် . . . ”

နှလုံးသားခံစားမှုဆိုတာက ကျွန်မသေဆုံးသည့်တိုင် တသက်မက်တည်းရှိနေတော့မှာပါ။ မောင့်ကို ချစ်သောအချစ်ကို နှလုံးသားမှာသိမ်းဆည်းထားပြီး ကျွန်မ တစ်ယောက်တည်းနေလို့ရော မရဘူးလား။ အဲသည်လိုနေရတာတမ့် တစ်သက်တာလုံး ချစ်နေမိဦးမည်။

“ ကျွန်မ ကြောင်မချစ်တတ်လို့ တော်ပါသေးရဲ့ . . . ကြောင်တွေက ကျွန်မရဲ့ နောက်ဆုံးအချိန်မှာ ရက်ရက်စက်စက် ထားပစ်ခဲ့တတ်တယ်။ ကြောင်မချစ်တတ်တာ ကောင်းတယ် ”

ကြောင်ကို မချစ်ပေမယ့် . . . မောင့်ကိုတော့ ကျွန်မချစ်ခဲ့တာဘဲ။ အဲသည့်မောင်ကရော ကျွန်မကို ထားရစ်ထွက်ခွာ သွားမှာဘဲ မဟုတ်လား . . . ။

www.burmeseclassic.com

www.burmeseclassic.com



မပြုံးချင်ပါဘဲ ပြုံးမိတဲ့ အပြုံးတွေနှင့် ခုတလော တွေ့ဆုံနေရတယ်။ နော်နော့်ဆိုင်ကို မောင့်အစ်မ သက်သက် ရောက်လာ သတဲ့လေ. . . ။ မြဝတ်ရည်တို့ရဲ့ ပြည့်စုံခြင်းတွေကို မစားရတမ်းအားပါးတရပြောပြသတဲ့။ တကယ်ဆို ကျွန်မမှာရှိတဲ့ ပစ္စည်းဥစ္စာတွေရဲ့ ပြည့်စုံခြင်းကို နော်နော်လည်း သိနေပေမယ့် ကျွန်မတို့က မေတ္တာကို လိုချင်ခဲ့တာမဟုတ်လား ။

" နေလင်း ပြောသလို အချိန်နည်းနည်းစောင့်ရင်ကော ခက်ဝေ . . . နော်နော်က ခက်ဝေရဲ့အချစ်ကို သိနေလေတော့ ချစ်သူနဲ့သာ ပေါင်းရစေချင်တယ် . . . ခဏ စောင့်ကြည့် လိုက်ပါလား"

" ရလာမယ့်အဖြေမှာ . . . ပြည့်စုံမှုကို ဖြည့်စွက်ရလိမ့် မယ်နော် . . . အဲလို အခြေအနေ ကျွန်မလိုချင်ဘူး . . . ကျွန်မက ကျွန်မကို အလိုရှိစေချင်တာ . . . "

" ဆွေမျိုးတွေ ဖြစ်သွားကြရင် . . . အဆင်ပြေချင်လဲ ပြေသွားမှာပါ . . . "

" ဟင့်အင်း . . . ပြည့်စုံခြင်းကို တံတားထိုးပြီးမှ တစ်ဖက်ကမ်းကို ရောက်ရမယ်ဆို အလကားဘဲ ကျွန်မလက်ပစ် ကူးရင် ရေလယ်မှာ နစ်မြုပ်သွားတာကမှ ကောင်းသေးတယ်"

" ဟုတ်ပါတယ် . . . နော်က ခက်ဝေ စိတ်ချမ်းသာစေ ချင်လို့သာပါ . . . တကယ်တော့ နေလင်းတို့ မိသားစုတွေက လူများ စိတ်ဓာတ်အမျိုးမျိုးနဲ့ ခက်ဝေနဲ့ မကိုက်ပါဘူး . . . "



သိလျှက်နှင့်မိုက်မဲရမည့် ဇာတ်အိမ်တစ်ခုထဲ ကျွန်မ ခွတ်တိုးဝင်မသွားချင်တော့ပါ။ မောင့်ကို မချစ်လို့မဟုတ်ဘူး မောင်။ သိပ်ချစ်ပါတယ်။ ဒါပေမယ့် ကျွန်မလိုချင်တာ အချစ် သန့်သန့်ကလေးပါ။ ဘာနှင့်မှ ရောစပ်ခြင်းမပြုသော အချစ် သန့်သန့်လေး တစ်ခု။

" မောင့်ဆီမှာ သူသာ အိမ်ထောင်ဦးစီးဖြစ်ရင် ဇနီးကို ရှာဖွေကျွေးမွေးရမယ်ဆိုတဲ့ စိတ်ရှိပါတယ်။ ဒါက သူ တစ်ယောက်ထဲရဲ့ ခံစားချက်ပါ။ သူ့မိသားစုတွေ ပါပါလာရင်တော့ . . . အခြေအနေက နောက်တစ်မျိုးဖြစ်သွား ရော . . . "

"အဲသည့်မိသားစုတွေကို မပါတ်သက်ချင်လို့ မရဘူး ခက်ဝေ . . . မိသားစုအများကြီးနဲ့ဆိုတော့ . . . ခက်ဝေရင်ဆိုင် ရမှာ အများကြီး . . . တစ်ယောက်တည်းကိုလက်ထပ်ဝေမယ့် အများကြီးကို ရင်ဆိုင်ရလိမ့်မယ် . . . "

" တံခါးခေါက်သံထင်တယ်နော်နော် "

တံခါးသွားဖွင့်ပေးလိုက်တော့ ငိုနေတဲ့ ပေါ်လေးကြည်။

ဖွားတင်ဆုံးပြီတဲ့။

ကျွန်မနဲ့ နော်နော် သွားကြည့်ကြရတယ်။

ဖွားတင်ကတော့ မသိတော့ပါ။

ဖွားတင်ခြေရင်းမှာ အနားမှာခွေနေတတ်တဲ့ ကြောင်ထဲ ဘယ်ရောက်နေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



“ ဖွားတင်မရှိတော့ ဒေါ်လေးကြည်တို့ သည်မှာလာနေမလား . . ”

“ မလာနိုင်ဘူးနော်နော်ရယ် . . . ”

“ ဒါဆိုသည်အခန်းကရော ပိတ်ထားမလား . . ”

“ ရောင်းမယ်ဆိုရင်တော့ ခက်ဝေတို့ကိုပါ ဒေါ်လေးကြည် . . ဘေးခန်းကိုပါ ဝယ်ထားလိုက်ချင်လို့ပါ”

“ ခက်ဝေဝယ်မယ်ဆို သိပ်ကောင်းပါတယ် ရောင်းမယ်ဆို ဒေါ်လေးကြည်ပြောမှာပေါ့ . . . ”

ဖွားတင်ရက်လည်သည်အထိတော့ ဒေါ်လေးကြည်တို့ လာနေပေးမယ်တဲ့။ ပြီးရင် အခန်းတံခါးပိတ်ထားတော့မှာပါ။ အခန်းတစ်ခန်း ကြောင်တစ်ကောင်နှင့် အဖွားကြီးတစ်ယောက်။ ခုတော့ ကြောင်လဲမရှိ အဖွားကြီးလဲမရှိ။ အခန်းကလည်းပျောက်ကွယ်သွားမှာ။ အခန်းကို ပြန်ရောက်တော့ နော်နော်က မေးတယ်။

“ ဖွားတင် အခန်းကိုဘာလို့ဝယ်မှာလဲ ခက်ဝေ . . . ”

“ လူငှားထားမလို့ ”

“လူငှား”

“ ဟုတ်တယ် မင်းတို့လင်မယားကို ကျွန်မငှားမယ်လေ . . . နော်နော်လက်ထပ်ပြီးရင်နေပေါ့ . . . နော်နော်တို့ ဘေးခန်းမှာ ရှိနေတယ်ဆို ကျွန်မအဖော်ရတာပေါ့”



“ ခက်ဝေရယ် . . ”

အဖော် အဖော်ဆိုတာလို အပ်နေသေးလို့လား။

ကျွန်မရှေ့မှာ ဖွားတင်က နမူနာ ပြသွားပြီ။

“ အဖွားကြီးကို ကြောင်ကအရင်ထားခဲ့တယ်။ ပြီးတော့ အဖွားကြီးက အခန်းလေးကို ထားခဲ့တယ် . . . ဘာမှလဲ မပြောခဲ့ဘူး . . . ကျွန်မကြရင်တော့ အဖွားကြီးကအရင် ပန်းချီကားတွေကို ထားခဲ့မှာ . . . ”

ကျွန်မ ရယ်ရင်း ပြောနေမိတယ်။

ရယ်သံမှာ စိုပြေမှုနည်းပါးလိမ့်မည် သေချာပါတယ်။

နော်နော်ကတော့ ကျွန်မကို ကြည့်ရင်းဘာမှ မပြောပါဘူး။

ရင်ထဲကို မြင်နေပုံရပါတယ်။

“ ကျွန်မလေ . . . သူနဲ့အတူ နေရမယ့် ဘဝလေးတစ်ခုကို မျှော်ကြည့်ရင်း ပျော်ရွှင်နေသလိုပါဘဲ။ နှစ်ယောက်ထဲပေါ့ . . မောင့်ရင်ခွင်ကိုမှီပြီး ဘယ်လိုပန်းချီကားတွေဆွဲရမလဲလို့ စဉ်းစားမယ် ဘယ်လောက်ပျော်စရာကောင်းမလဲ လက်တွေ့ကြရင်တော့ အမေချစ်သားကလေးက သူ့အမေတို့ ခေါ်ရင်ခေါ်လာမယ ညမှာပန်းချီဆွဲ မနက်မှာအိပ် စားချင်တဲ့အချိန်စားအိပ်ချင်တဲ့ အချိန် အိပ်နေတဲ့ ချွေးမတို့ ယောက္ခမကြီးတာဘယ်လောက် စိတ်ပျက်လိုက်လေမလည်း . . . ”

www.burmeseclassic.com



တကယ်တော့ ကျွန်မတစ်ယောက်ထဲ နေနေရတာ အဝေမှာနေသားကျနေပါပြီ။ ကျွန်မကို နားလည်ပေးမည့် ဘဝခရီးဖော် တစ်ယောက်ရဖို့ အင်မတန် ခက်ခဲမှာပါ။

"တယောက်ထဲဆိုတာ အပြောဘဲဆိုးတာ နေလို့တော့ အတော်လွတ်လပ်သားလား ... ကျွန်မ နေချင်သလိုနေလို့ ရတယ် ..."

ရှုတ်တရက်မြည်လာတဲ့ ဟဲန်းဖုန်းကို တစ္ဆေတစ်ကောင် အမှတ်နဲ့ လန့်ဖျတ်ကြည့်မိတယ်။

နိုင်လွင်ဖြစ်မှာပါလို့ နှုတ်မှပင်ရွတ်မိလိုက်သေး။

ဒါပေမယ့် မမလားဟင် ဆိုတဲ့ အသံတာ မှားနိုင်မှာလား။ ကျွန်မတို့နှစ်ယောက် ဆုံဆည်းလို့မှ မရနိုင်တော့တာ။ သည်အသံက အမှတ်ရစရာတွေအဖြစ် ကျွန်မကို နောက်ဆို လှောင်ပြောင်နေဦးမလား။

"ပြောပါ ... ခက်ဝေပါ"

"မမ ... တခါဘဲအခွင့်အရေးပေးပါ ... ကျွန်တော် အမေ့ကို ပြဝတ်ရည်နဲ့ မယူနိုင်ဘူးဆိုတာ ပြင်းရမှာ"

"ဘာအကြောင်းပြချက်နဲ့ မင်းပြင်းမလည်း ခက်ဝေကို ချစ်လိုပါလို့ ပြောလို့မရဘူးလား ..."

ငြိမ်နေပြန်ပြီ။

မင်းမပြတ်သားနိုင်ပါဘူး မောင် ...





နှလုံးရောဂါရှိတဲ့ အမေ့အကြိုက်ချွေးမကို ငြင်းပြီး ကျွန်မကို ရွေးဖို့ဆိုတာ ... ခိုင်လုံသော အကြောင်းပြချက်မျိုးစုံ ရှိရပါ လိမ့်မယ်။အဲသည့်အကြောင်းပြချက်က အချစ်နှင့်ဆို မခိုင်လုံဘူးလေ။

"အချစ်ကို ငွေကြေးဥစ္စာပြည့်စုံခြင်းက အပေါ်ထိုးပြီး အမြင့်ရောက်သွားမှာဆိုရင် ကျွန်မ မြေပြင်မှာဘဲ နေပါရစေ နေလင်းလေး မင်းအစ်မက နော်နော့်ကို လာပြောပြီးပါပြီ မင်းတို့ စေ့စပ်တော့မယ်ဆိုတာ ... မင်းရွေးတဲ့လမ်းသွားတော့ မင်းလျှောက်တဲ့လမ်းမှာ မင်းပျော်နိုင်ပါစေ ..."

"မမကိုချစ်တယ်"

"အချစ်ကိုယုံပါတယ် ... ဒါပေမယ့် မင်း ဝန်းကျင်မှာ အချစ်က တန်ဖိုးမဲ့နေပါတယ် ... ကျွန်မကလည်း အချစ်ကို သန့်သန့်လေးဘဲ ထားချင်တာ ဘာနဲ့မှ ရောထွေးမနေစေချင်ဘူး"

"မမဖက်က ... တထစ်ဘဲလျှော့ပါလား ။ ကျွန်တော် ငြင်းဖို့တစ်ခါလောက်ဘဲ အခွင့်အရေးရတော့မှာ ... မေမေ နေမကောင်းဘူး မမ ... ကျွန်တော့်ကြောင့် တစ်ခုခုဖြစ်သွားရင်"

"ကျွန်မနဲ့ မလဲသင့်ဘူး ... ကျွန်မ ဆုံးဖြတ်ထားပြီ နိုင်လွင်ကိုဘဲ လက်ထပ်သင့်တယ် ..."

"မမ ... တကယ်လား"

"တကယ်ပေါ့ ... နိုင်လွင့်လောက် ကျွန်မသာ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးနိုင်တဲ့သူ မရှိဘူး . . . မင်းလည်း မြဝတ်ရည်နဲ့ဘဲ လက်ထပ်လိုက်ပါ . . . ”

မင်းခံစားရသလား။ ကြေကွဲထိခိုက်သလား . . . ဘာကိုမှ တိတိကျကျမသိနိုင်။ ဖုန်းချသွားပြီလေ။ တစ်ခါတစ်ရံမှာ ဝတ္ထု တွေ ရုပ်ရှင်တွေကြည့်ပြီး မနှစ်သက်ပါဘူးဆိုတဲ့ အဖြစ်တွေဟာ အပြင်မှာတိုက်ဆိုင်စွာ ဖြစ်နေကြတာပါဘဲလား။ တစ်ခါသောအခွင့်အရေးတဲ့ . . . ။ ဟင့်အင်း မောင် . . . ကျွန်မက အချစ်စစ်ဘဲ လိုတာပါ . . . ။

❀ ❀ ❀ ❀ ❀

စားပွဲပေါ်မှာ သတင်းစာမရှိ အရင်ဆို သတင်းစာ ရောက်နေပါပြီ။ ကျွန်မ သတင်းစာရှာနေမှန်း သိလျက် နော်နော် မသိချင်ယောင်ဆောင်နေတယ်။ သတင်းစယရော နော်နော် ဆိုတော့ မလာသေးဘူးတဲ့ မဖြစ်နိုင် . . . ဒါပေမယ့် နောက်ထပ် မမေးတော့ပါဘူး။ စိတ်မှာ သိနေသလိုပါဘဲ။ ကျွန်မ မဖတ် စေချင်သော သတင်းရှိနေမယ်သေချာပါရဲ့။

ဒါကြောင့် ကော်ဖီပန်းကန်ကို ကိုင်ရင်း ပြတင်းဆီ သွားတယ်။ ပြတင်းကိုဖွင့်လိုက်တော့ မိုးမှုံတွေကို မြင်ရပြီ။

“ သူတို့နှစ်ယောက် စေ့စပ်တာဟာ မျှော်လင့် ထားပြီးသား အကြောင်းအရာတစ်ခုပါဘဲ နော်နော် . . . ”



“ မျှော်လင့်ထားပေမယ့် . . . မင်း မမြင်စေချင်ဘူး”

“ စိတ်မှာ မြင်ပြီးသားပါ . . . ”

“ နော် စိတ်ဆိုးလို့ သတင်းစာကို ဆွဲဆုတ်ပြီး အမှိုက် ပုံးထဲ ထည့်လိုက်တာ . . . ”

“ မဆိုင်ပါဘူး နော်ရယ် ”

ကျွန်မကျေနပ်ပါတယ်။

နောက်ဆုံးအခွင့်အရေး တစ်ခုပေးခဲ့သားဘဲ။ ကျွန်မက ငြင်းဆန်ခဲ့တာပါ။ မျက်ဝန်းတွေက ခေါင်မိုးသွပ်ပြားတွေပေါ် ရောက်သွားပြီ။ ကြောင်တစ်ကောင်၊ မိုးမှုံလေးတွေမှာ အမြင်တို လျော့ကျွက်လာပါတယ်။

အဲဒါမွှားထင် ကြောင်နဲ့ အတော်တူရဲ့ . . . ။

“ ဟိုမှာ နော်နော် ဖွားတင်ရဲ့ ကြောင် ”

“ ဘယ်မလဲ ”

နော်နော်ကြည့်နေခိုက်၊ ကြောင်က အမိုးစွန်းဆီ ရောက်ကွယ်နေပြီ။ ဟုတ်တယ် ထင်တာဘဲတဲ့။ သခင်ကို စွန့်ခွာ သွားတဲ့ ကြောင်တစ်ကောင်ကို ကျွန်မတို့က အမှတ်ရဆဲလား။

“ မောင်က ကြောင်တစ်ကောင်နဲ့ တူသလားနော်နော်”

“ ဟင် ”

ကြောင်တစ်ကောင်ကို တွယ်တာမျှော်လင့်စွာ အဖော် ပြုခဲ့တယ်။ ဗုန်းဗုန်းလဲကျသွားတဲ့ အချိန်မှာတော့ စွန့်ခွာ ထွက်ပြေးသွား ရက်တယ် . . . ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလေ။

ကျွန်မရဲ့ နှလုံးသားက မောင့်ကို ချစ်ခင်မျော်လင့်လွန်းစွာ တွယ်တာခဲ့တာပါ . . . ။

ဒါပေမယ့် . . . စွန့်ခွာထွက်ပြေးသွားရက်သလို ခံစားရတယ် . . . ။

" အတ္တချင်းတော့ အတူတူပါဘဲ . . . "

သက်ပြင်းတရှိုက် . . . ။

" လူတွေဆိုတာ မိဘအသိုက်အဝန်းပါတ်ဝန်းကျင်နဲ့ နေကြတာကိုး . . . ဦးနှောက်တွေအရဆို ဒါတွေကို ပစ်ပယ်လို့ မရနိုင်ပါဘူး . . . နှလုံးသားအရ မောင်မှားတယ် ဦးနှောက်အရ မောင်မှန်တာပေါ့ . . . "

မိုးတိတ်သွားလို့လား။

ကြောင်က ခေါင်မိုးစွန်းမှာ ပြန်ပေါ်လာပြီ။

စိုစွတ်နေတဲ့ သွပ်ပြားတွေပေါ် လျှောက်နေတယ်။

ကြောင်တစ်ကောင်ကို မွေးမြူဖို့ စိတ်ကူးတော့ ကျွန်မမှာ စိုးစဉ်းမျှ မရှိပါ။ ကျွန်မကို အချိန်မရွေး စွန့်ခွာထွက်ပြေးသွားနိုင်သည်မဟုတ်လား။

ပန်းချီကားတစ်ချပ်ကို ကျွန်မ ရေးဆွဲနေတဲ့အခါမှာ နော်နော်က အနှောက်အယှက်မပေးတော့ပါဘူး . . . ။ ပန်းချီကားက ခုတော့လည်း အရောင်တောက်တောက်တွေရှိနေ



သလိုခံစားရပါတယ် . . . ။ ပန်းချီကားထဲက ကြောင်တစ်ကောင်က ကျွန်မကို စူးစူးစိမ်းစိမ်း စိုက်ကြည့်နေပါတယ်။ အဝါရောင် အမွေးတွေကိုလည်း ပီပီပြင်ပြင် မြင်နေရတယ်။

ကြောင်ရဲ့ မျက်လုံးတွေကလဲ စိမ်းလဲ့နေသလိုပါဘဲ။

ပြတင်းကနေဝင်လာတဲ့ မိုးပေါက်ဖြင်းဖြင်းတွေကြောင့် စုတ်တံကို ခဏချထားပြီး တံခါးသွားပိတ်လိုက်တယ်၊ လှစ်ခနဲဆို ထွက်ပြေးနေတဲ့ ကြောင်ကို အပေါ်စီးကနေ ပီပီပြင်ပြင် မြင်လိုက်ရတာပေါ့လေ . . . ။

နေရာသစ်မှာ ပျော်နေရောပေါ့ . . .

နေရာသစ်မှာ အဆင်ပြေမည်ဆိုကောင်းပါလေရဲ့၊ ပြတင်းကိုပိတ်လိုက်တော့ အခန်းကနွေးထွေးသွားပါတယ်။ ပန်းချီကားဆီ ပြန်ရောက်လာတယ်။

ကြောင်က ပီပီပြင်ပြင် ကြည့်တတ်နေပြီ။

ကျွန်မကို ကြည့်နေတယ်။

ပန်းချီကားနားကနေ ထွက်ခွာပြီး ကုလားထိုင်မှာ ဝင်ထိုင်နေမိပြန်တယ်။

" မမကိုချစ်တယ် "

ဘာလို့ပြန်လည် ကြားယောင်နေမိတာလည်း။ ကျွန်မနဲ့ မောင်ဆုံစည်းဖို့ အချစ်ဘဲလိုတာ မဟုတ်ဘူးလား။

ခြေထောက်ကို တစ်စုံတစ်ရာက ပွတ်သတ်တိုးဝှေ့လာတဲ့ အခါ . . .

www.burmeseclassic.com

ဘုရားရေ . . .
ကြောင်တစ်ကောင်ပါလား။
ကျွန်မစိုက်ကြည့်နေမိတယ်။
ကျွန်မကို ပြင်သာစွာ ပွတ်သက်ရင်း မော့ကြည့်လာတယ်။ တကယ့်ကို အစိမ်းရောင်မျက်လုံးတွေနဲ့ဘဲ . . .။ သူ့ခေါင်းကို ပွတ်သတ်ကြည့်လိုက်တယ်။ ညှောင်လို့ ထူးသံကြားရပြီဘဲ။ သည်ကြောင်တစ်ကောင်ကို ကျွန်မလိုချင်သလား။
တစ်နေ့မှာ စွန့်ခွာထွက်ပြေးသွားမည် သိသိကြီးနှင့် . . . ကြောင်ကို ယုယပွေ့လိုက်တယ်။
"ဟင် ဘယ်ကကြောင်လဲ နင် ကြောင်မချစ်တတ်ဘူးဆို ခက်ဝေ . . ."
ဟုတ်တယ်။
ကျွန်မ ကြောင်မချစ်တတ်ဘူး။
" တစ်နေ့နေ့မှာ စွန့်ခွာထွက်ပြေးသွားမယ်ဆိုတာ သိသိကြီးနဲ့ လူတစ်ယောက်ကို နှလုံးသား တစ်ခုလုံး ပုံအပ်ချစ်တတ်ခဲ့သေးရင် . . . ကြောင်တစ်ကောင်ကိုရော ချစ်လို့မရနိုင်ဘူးလား "
" ကြောင်က ရွှံ့တွေနဲ့ရွှံ့စရာဘယ်က ဝင်လာလဲ မောင်းထုတ်လိုက်ပါ ခက်ဝေ . . ."
နော်မနော်စကားကြောင့် ကြောင်ကို တွန်းဖယ်ထုတ်လိုက်တဲ့အခါ ဖျတ်ခနဲဆို လက်ခုံကို ကုတ်ခြစ် ထွက်ပြေးသွားတယ်. . . ဝရံတာတံခါးကနေ ဝင်လာသည်ဘဲ. . .



ကြောင်ထွက်ပြေးသွားသော လက်ခုံပေါ်မှာ ကျန်ရစ်သော စပ်ဖျဉ်းဖျဉ်းဒဏ်ရာကို . . . ဆေးသည့်လိုက်တယ်။
ရှုပ်ခြည်းတော့ မပျောက်နိုင်။
သည်လို ပြင်ပဒါဏ်ရာလေးတစ်ခုပင်လျှင် ရှုပ်ခြည်း မပျောက်ပျက်နိုင်ပါက
မောင်
နှလုံးသည်းပွတ်နှင့်ရင်း၍ ချစ်ခဲ့ပါသည်။
မောင် ထွက်ခွာသွားသောအခါ ကျန်ရစ်သော နှလုံးသားဒဏ်ရာသည် ဘယ်သို့ ရှုတ်ခြည်းပျောက်မှာတဲ့လည်းကွယ်။
ကျွန်မသေဆုံးသည်ထိ နာကျင်တည်ရှိဆဲ ဖြစ်နေမှာ သေချာပါတယ်။
ဘယ်လိုပင် အချစ်ကို တန်ဖိုးထားပါသည် ဆိုဆို . . .
နှလုံးသားမှ ချစ်ခြင်းများစွာဖြင့် "မောင်" လို့ တခါလေးမှ ခေါ်ခွင့်မရခဲ့ပါ . . .။
ကျွန်မ မော့ကြည့်တဲ့အခါ
ပန်းချီကားထဲမှ မောင်က ပြုံး၍ကြည့်နေပြီး ပန်းချီကားထဲမှ ကြောင်ကတော့ စူးစူးစိမ်းစိမ်းကြည့်နေဆဲ။

❀ ❀ ❀ ❀ ❀

ခိုင်ခေခင်သက်

www.burmeseclassic.com